www.burmeseclassic.com

လွန်းထားထား
ဆေးတက္ကသိုလ်



# မြတ်နိုးမိသည်မှအပ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လွှမ်းထားထား(ဆေးတက္ကသိုလ်)

## မြတ်နိုးမိသည်မှအစ


စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၃၀၅၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၅၈၀၅၀၇

၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ၊

တတိယအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၇/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


BURMESE CLASSIC .com

# လွှမ်းထားထား
## (ဆေးတက္ကသိုလ်)

## မြတ်နိုးမိသည်မှအစ


စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

### ဒို့အရေးအရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## မြတ်နိုးမိသည်မှအပ

ညင်သာဖွဖွ
ယုယနှံ့မင်
မကြင်နာရဲ
စွဲမက်စိတ်ကို
မျိုသိမ်းဆည်းလျက်
မြတ်နိုးမိသည်
ဤမှအပ ...
တောင်းစာမျှော်မော
စောမရှိပါ ...။

ငြိမ်းတဲ့မေတ္တာ
ရင်မှာသို့ဝှက်
နက်နစ်ဆွဲဆောင်
နှောင်ဖွဲ့ခြင်းကို
ငိုချင်တားဆီး
အထီးကျန်လျက်
မြတ်နိုးမိသည်

www.burmeseclassic.com

www.burmeseclassic.com



ဤမှအပ …
မေယမိန်းမူး
မရှုးချင်ပါ …။
ဘယ်သောခါမှ
မမှင့်ဟာပါ
နာကျင်နွတ်ခမ်း
သွေးစိုလျှမ်းထိ
ခေပိတ်ဖိလျက်
မြတ်နိုးမိသည်။
ဤမှအပ …
[illegible]မျှရေးရေး
မတွေးရဲပါ … ။



## အခန်း(၁)

မောင် …။ လှပတဲ့ အိပ်မက်များသာ "တိမ်ဝဋ္ဌာ"အတွက် ဖန်ဆင်းမယ်လို့ ကတိသစ္စာ ပြုထားခဲ့တာဆို။ ဝဋ္ဌာရဲ့ မျက်ရည်တစ်စက်ဟာ မောင့်အနာဂတ်ကို ဟန့်တားမဲ့ အဆိပ်လက်နက်ပြင်းတစ်လက်ဆို။ တွဲထားတဲ့လက်၊ လှမ်းနေတဲ့ ခြေလှမ်းများမှာ ဝဋ္ဌာပါမှ အဓိပ္ပာယ်ရှိ လှပမယ်ဆို။ သက်ဆုံးတိုင် ဟောင်းနွမ်းဆွေးမြည့်မသွားတော့မဲ့ ဘဝပြောင်းထိ လက်တွဲမဖြုတ်စတမ်း၊ ခြေလှမ်းမယိုင်တမ်းဆို။

ခုတော့ မောင်ရယ် …

ဝဋ္ဌာရဲ့ အိပ်မက်များကို အကျည်းတန် ညစ်နွမ်းသွားစေအောင်၊ ဝဋ္ဌာရဲ့ မျက်ရည်ထက် ပူပြင်းတဲ့ အငွေ့တွေဟာ အဆိပ်ခာတ်ငွေ့များလို ပျံ့နှံ့ အဆုံးမသတ်နိုင်တော့အောင် လက်တစ်ဖက်၊ ခြေတံစ်လှမ်း ဖြုတ်ခွာချောခိုင်းသွားခဲ့သူဟာ ဘယ်သူများပါလိမ့်။ ဝဋ္ဌာ့ဘဝတစ်ခုလုံးကို ပြိုကွဲဆိတ်သုဉ်းသွားစေခဲ့သူဟာ မောင် မဟုတ်ပါစေနဲ့။ မောင် မဖြစ်ပါစေနဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲဝံ့ဝံ့ မယုံကြည်နိုင်သေးမီ ဝဠာဆီ အမြန်ဆုံး ပြန်ခဲ့ပါ မောင်။ ဝဠာ စောင့်နေတယ်။ အရမ်း မျှော်လင့်ထားနေတယ်။ သတင်းဆိုတာကို မယုံပါရစေနဲ့။

"သွားခွင့်ပြုပါဦး တိမ်ဝဠာ၊ ကျွန်တော် အများကြီး စိတ်ထိခိုက်ရပါတယ်၊ ဖြစ်ခဲ့တာက ကျွန်တော့်မျက်စိရှေ့မှာမို့လည်း ..."

"ဟင့်အင်း ..."

ငြင်းဆန်တားမြစ်လိုက်သံက ပေါက်ကွဲလွင့်စဉ်လာတာမို့ သက်နိုင် သက်ပြင်းချကာ ရှေ့က တိမ်ဝဠာကို သနားခြင်းကြီးစွာဖြင့် စိုက်ကြည့်နေမိသည်။ ရှုံ့သွပ်သွားဖို့ စိုင်းပြင်းနေသလား။ စိုးရိမ်ရလောက်အောင် ပြူးကြောင်စူးရှနေသော မျက်ဝန်းတစ်စုံ၊ ဝိုင်းကျယ် ဟဖွင့်ထားသော နှုတ်ခမ်း၊ ကိုယ်ခန္ဓာတစ်ခုလုံး ဖုံးအုပ်လွှမ်းခြုံထားသော မည်းနက်ပြောင်လက်သည့် ဆံပင်ရှည်ကြီးများ ဖရိုဖရဲနှင့် သူမပုံစံကလေးက ပဌာမြေလူး သူရူးမလေးတစ်ယောက်နှယ်။

ခုထက်ထိ ဆိုးဆိုးရွားရွား ငိုမချလိုက်သေးပေမဲ့ ငိုချပေါက်ကွဲလိုက်တာထက် အဆပေါင်းများစွာ နင့်သီးလောင်မြိုက်သော ဝေဒနာတွေကို အတွင်းမြို လွယ်ပိုးဖိစီးခံထားရမှန်း သိသာလှစေသော ပုကျွမ်းခြင်းများ လွှမ်းမိုးနေသည်။

"ငိုချလိုက်ပါလား ဝဠာလေးရယ်၊ အဖြစ်အပျက်ကို လက်ခံသွားနိုင်အောင်လေ၊ ငိုလိုက်နော်၊ အားလုံးဖွင့်အန်ချပစ်လိုက်"



ဘေးနားက သူငယ်ချင်းမလေးက အနားကနေ တိုးတိတ်ဖျောင့်ဖျစွာ တိုက်တွန်းနေပေမဲ့ မျက်လုံးပြူး၊ နှုတ်ခမ်းဟလျက် အံတင်းတင်းကြိတ်ထားသော တိမ်ဝဠာက ကြားဟန်မတူ။ သူမ ကြည့်ရတာ ကမ္ဘာမြေပြင်ဘက် မိုင်ပေါင်းများစွာဆီ လွင့်စဉ်ပျောက်ကွယ်သွားသလို။

ဒုတိယအကြိမ်မြောက် သက်ပြင်းကို ထပ်ချလိုက်ရင်း သက်နိုင် ထိုင်ရာက ထလိုက်သည်။ ပြန်ဖို့ကောင်းပြီ။ နို့မို့ဆို သည်ကောင်မလေး မျက်ဝန်းများက ညပေါင်းများစွာ သူ့ကို ခြောက်လှန့်မှာ စိုးသည်။

"ပြန်တော့မယ်နော်၊ လိုအပ်တာရှိရင် ဖုန်းဆက်ခေါ်လိုက်ပေါ့၊ ဖြေသင့်သလောက်လည်းဖြေဖို့ ကျွန်တော် ဝဠာကို တောင်းပန်ပါရစေ၊ အားလုံးဟာ ပြန်မရနိုင်တော့မဲ့ ဆုံးရှုံးခြင်းအဖြစ် ဖြစ်ပြီးသွားခဲ့ပြီ မဟုတ်လား"

"ကျွန်မ မယုံဘူး"

အား ... ရှူးရှူးဝါးဝါး အော်ဟစ်လိုက်သံက အိပ်ခန်းဆိုးကြီး အတွင်းမှာ နစ်မြုပ်ရင်ဆိုင်နေရသူ၏ ပင်ပန်းနာကျင်သံမျိုး။ ပြီးတော့ မကောင်းဆိုးဝါးတစ်ကောင်၏ မာန်ဖီသံနှင့်လည်း ခပ်ဆင်ဆင်တူသည်။ သက်နိုင် အမြန်ကျောခိုင်းလျက် ထွက်ခွာလာခဲ့သည်။ မျက်ဝန်းထဲမှာတော့ သက်နိုင် သိပ်ကြောက်သည့် ကောင်မလေး၏ ကျောက်သားမျက်ဝန်းများက တစိုက်မတ်မတ် ငြိတွယ်ကပ်ပါလာခဲ့လေသည်။

ကျောပြင်တစ်ခုကို ခပ်စိမ်းစိမ်း ကြည့်လိုက်ရင်း တောင့်တင်းခဲသိပ်သော ဝဠာ့ ကိုယ်ကလေးဘေးက ဂျက်စီကာ့

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲ ပျော့ခွေထိုးကျသွားတော့သည်။ ကျောပြင် ... ကျောပြင်တစ်ခု။ မောင် နောက်ဆုံး ထွက်ခွာသွားခဲ့စဉ်ကလည်း အဲသည်လို ကျောပြင်ပေးပြီး ထွက်ခွာသွားခဲ့တာ မဟုတ်လား။ မောင့်ကျောပြင်လေးကိုငေးပြီး ဝဠာက ကျန်ရစ်ခဲ့တာ။ အဲသည်ကျန်ရစ်ခဲ့ခြင်းဆိုတာကို ဝဠာ ကြိုသိမြင်နိုင်စွမ်းခဲ့ရင် အဲသည် မောင့်ကျောပြင်လေးကို ဝဠာ့ဘက် လှည့်ပြန်လာစေအောင် "မောင်"လို့ ခေါ်ငင်တားဆီးပစ်ခဲ့မှာပေါ့ မောင်ရယ်။

"ဝဠာ ... ဝဠာ၊ အမယ်လေး ... လုပ်ကြပါဦး၊ ဝဠာ တက်သွားပြီ"

ဂျက်စီကာ၏ စူးစူးရှရှ အော်ဟစ်လိုက်သံ အဆုံးမှာ အိမ်သားတွေ အားလုံး စိုးရိမ်တကြီး ထွက်လာခဲ့ကြတော့သည်။

"ဘယ်လို ဖြစ်တာလဲ၊ ဝဠာ ဘာဖြစ်သွားတာလဲ"

"ကိုနေမြဲသာနဲ့ အတူပါသွားတယ်ဆိုတဲ့ ကိုသက်နိုင် ပြန်ရောက်လာပြီး သတင်းပေးသွားတယ် မာမီ၊ ကိုနေမြဲသာ ဆိုင်ကယ်မှောက်ပြီး ဆုံးသွားပြီတဲ့"

"အို ..."

တုန်လှုပ်နာကျင်သည့် အာမေဋိတ်သံများက သိပ်သည်းကျယ်လောင်စွာ ထွက်ပေါ်လာကြပြီးနောက် ပြိုင်တူလိုလိုပင် အားလုံး၏ အကြည့်များက ဖြူဖွေးတောင့်တင်းနေသော ဝဠာ့ မျက်နှာကလေးဆီ စိုက်ဆင်းပြိုကျသွားခဲ့တော့သည်။

"ဖြစ်ရလေ ဝဠာလေးရယ်၊ ကောင်မလေးတော့ ဒုက္ခရောက်ပြီ"



မာမီ့ ညည်းညူသံကြောင့် ဂျက်စီကာ ဝဠာ့ ကိုယ်လေးကို ပိုမိုတင်းကျပ်စွာ ဖက်ပွေ့လိုက်မိလေသည်။

အားနိုးတွယ်တာစရာ ဝဠာ့ ကမ္ဘာလေးဟာ ဝဠာ့ရဲ့မောင် တစ်ဦးတည်းသော ရှိခဲ့တာ။ အဲသည်ကမ္ဘာလေး ပျက်သုဉ်း လွင့်စဉ်သွားပြီးတဲ့နောက်မှာ ဝဠာ ဘယ်လိုအင်အားမျိုးနဲ့ လောကကို ရင်ဆိုင်မှာပါလိမ့်။ မျက်ရည်တစ်စက်မကျဘဲ မာကျောဘင်းခံထားသည့် အပြင်ပန်း ဝဠာ့ပုံစံရဖို့ ဝဠာ့ရင်ထဲမှာ ဘယ်လောက်များ အင်အားစိုက်ထုတ် ကုန်ကျစေခဲ့သလဲ။

အဲသည်စွမ်းအင်များဟာ ရှေ့ဆက်ရမဲ့ ဝဠာ့ ခရီးအတွက် လုံလောက်နိုင်မှာမှ ရှိပါရဲ့လား။

အို ... ဝဠာလေး ကံဆိုးလိုက်တာ။

၅

www.burmeseclassic.com

www.burmeseclassic.com



တံခါးခေါက်သံကို ဝဠာ အပြင်းအထန် ကြောက်ရွံ့နေခဲ့သည်။ အဲသည်လိုပဲ တံခါးခေါက်ပြီး လူတစ်ဦး ရောက်လာခဲ့ကာ ...

"ကိုနေမြသာ ဆိုင်ကယ်မှောက်ပြီး ဆုံးသွားခဲ့ပါပြီ"

ဟု သတင်းပို့ခဲ့တာ မဟုတ်လား။ အေးမြသိမ်မွေ့ခြင်းကို သိပ်ခုံမင်မက်မော်လှတဲ့ မောင့်ရဲ့ဘဝ အဆုံးသတ်ဟာ လောင်မြိုက်ကြမ်းတမ်းလှတဲ့ ဆိုင်ကယ် ချောက်ထဲကျ မီးလောင်ပေါက်ကွဲ ဆိုတဲ့ ဆိုးရွားခြင်းနှင့် မောင့်ရုပ်ကြွင်းလေးတောင် ပြန်ဆယ်မယူနိုင်တဲ့အထိ ကြမ်းတမ်း ခက်ထရော်လိမ့်မယ်လို့ မောင် မျှော်လင့်ခဲ့ဖူးမှာ မဟုတ်။

"ဝဠာရေ ... နင့်ညီ့သည်ပဲ၊ နင့်ကို တွေ့ချင်လို့တဲ့"

ဟော ... တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာ ထွက်ပေါ်လာသော ဂျက်စီကာ့ အသံကြောင့် ဝဠာ တုန်ခနဲ ချောက်ချား သွေးလန့်သွားသည်။

"ဘယ်သူလဲဟင်"

ခက်အက်အက် ပြန်မေးရင်း ဧည့်ခန်းထဲဝင်ဖို့ လိုက်ကာစကလေးကို ဆွဲဖယ်လိုက်သည်။



တဒင်္ဂအတွင်း ဝဠာ့ ဝိညာဉ်ကို သိမ်းနုတ်ယူငင်ခံလိုက်ရသလို ခံစားလိုက်စေရသည့် မျက်နှာတစ်ခုက တည်တံ့ခန့်ထည်စွာ ဧည့်ခန်းတစ်နေရာမှာ ရှိနေခဲ့သည်။ တော်ရုံနှင့် တုန်လှုပ်မှု မရှိတတ်သော ဝဠာ့ကို လှုပ်ခါသွားစေနိုင်စွမ်းတာ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

မောင့်နှုတ်ဖျားမှာ အမြဲတမ်း ကိုးကွယ်ချစ်ခင် လေးစားစွာ တည်ရှိနေခဲ့သော မောင် သိပ်ချစ်သည့် မောင့်အစ်ကိုပေါ့။

တစ်နည်းအားဖြင့် ဝဠာ့ကို ကြီးမားပြင်းထန်သည့် ရှုပ်ထွေးချက်များနှင့် မုန်းတီးဥပေက္ခာပြုခဲ့သူ တစ်ဦးပေါ့။

"ထိုင်နိုင်တယ်"

ကြည့်စမ်း ... သူကပဲ အိမ်ရှင်တစ်ဦးလို ပိုင်စိုးနင်းနင်းစွာ အမိန့်ပေးလိုက်ပုံက။ ဝဠာပဲနော် ဘယ်ရမလဲ။ စစချင်း ဆောက်နဲ့ထွင်း ဆိုသလိုကို-မောင့်အစ်ကို့ကို မောင့်လို ပျာပျာသလဲ ရိုကျိုးနာခံချင်စိတ် တဒင်္ဂ ပျောက်ဆုံးကာ လက်ပိုက်လျက် ရပ်နေခဲ့သည်။

"အင်းပေါ့လေ၊ ခင်ပွန်းသည် သေဆုံးသွားတာကိုတောင် မျက်ရည်တစ်စက် မကျခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ ဒီလောက် ခေါင်းမာရင့်သီးမှုတော့ ရှိသင့်တာပေါ့၊ မဆန်းပါဘူး"

တည့်တည့် ရင်ဆိုင်ကြည့်ကာ လုံးဝမျက်ဝန်းလွှဲမသွားသော မာကျောကျော ထုံပေပေ သူငယ်မကို "တည်မြသာ" အကြီးအကျယ် စိတ်ပျက် မုန်းစိတ် ဝင်သွားရတော့သည်။ တည်မြသာရဲ့ မျက်ဝန်းအကြည့်ကို တန်ပြန်ခုခံနိုင်မယ့်သူ ကမ္ဘာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လောကြီးမှာ ရှိနေခဲ့သည်ကို ယခုမှ သိခွင့်ရတာ နောက်ကျလိုက်သည့် ဖြစ်ခြင်း။

"တစ်ဆိတ် ပြေပြေလည်လည် ဆွေးနွေးစေလိုပါတယ်ကို ..."

"တည်မြဲသာပါ၊ နေမြဲသာရဲ့ အစ်ကို"

ဂျက်စီကာ ဝင်မေးသည့် အမေးကို သူမဆီ မျက်ဝန်းပြိုင်ကြည့်နေရာမှ မလွှဲဖယ်ဘဲ တည်မြဲသော ဖြေလိုက်သည်။ နှုတ်ခမ်းတို့သည် မျဉ်းတစ်ပြေးတည်းကျအောင် တင်းတင်းစေ့ကာ လက်ပိုက်ရပ်လျက် မျက်တောင်မခတ် ယှဉ်ပြိုင်အန်တုကြည့်နေသော "တိမ်ဝဋ္ဋာ"အမည်ရသည့် မိန်းမငယ်ကို ဖြစ်နိုင်လျှင် သူမ၏ တံကောက်ခွက်အထိ ရှည်လျားကျနေသော ဆံပင်ရှည်ကြီးများမှ ပတ်ယူဆွဲကာ အဝေးဆုံးသို့ လွှင့်ပစ်ချင်နေမိသည်။ မထီတရီ ပမာမခန့် မျက်ဝန်းများကိုလည်း ပျက်စီးယိုယွင်းသွားအောင် တစ်ခုခု လုပ်ကိုင်ပစ်လိုက်ချင်မိသည်။

"ကျွန်တော် သတင်းသွားပို့တာ မျက်ရည်တစ်စက် မကျဘဲ ကြောက်စရာမျက်လုံးကြီးနဲ့ စိုက်ကြည့်နေတာ အစ်ကို၊ ကျွန်တော် အတော်လေးဖြုံသွားတယ်"

ဟု သက်နိုင် ပြောခဲ့တာ အလွန်မဟုတ်မှန်း ရင်ဆိုင် ကိုယ်တွေ့ဖြစ်ချိန်မှာ လုံးဝလက်မခံနိုင်လောက်အောင် ခံပြင်းစိတ်ဆိုးနေတော့သည်။ သူကပဲ မာရေကျောရေနှင့်။ တကယ်တမ်း ညီကိုသာ အမှန်စင်စစ် မေတ္တာစစ်နဲ့ ချစ်ခင်မြတ်နိုးနေခဲ့သူဆိုရင် သူနှင့် နှစ်ကိုယ့်တစ်စိတ် ချစ်ခင်ဆက်နွှယ်နေသည့် သူ့အစ်ကို့ကို သူမ ကြိုဆိုကျိုးနွံရမည်။



ခုတော့ ပူဆွေးကြေကွဲခြင်းလည်း ရှာမရဘဲ တုန်လှုပ်ပင်ပန်းခြင်းကင်းသည့် ပကတိ ခံစားချက်မဲ့ မျက်နှာက ကိုယ့်ကို ဘက်ပြိုင်အန်တုဖို့သာ ကြိုးစားချောင်းမြောင်းနေသည့်ဟန်။ ဒါလား နေမြဲ သိပ်ချစ်မြတ်နိုး၊ ချစ်မက်လွန်းရသည့် မိန်းကလေး။ တစ်စက်ကလေးမျှ ကြင်နာနက်ရှိုင်းဟန် မရှိသည့် ခံစားချက်မဲ့ မိန်းကလေးမျိုး။ အဲသည် မိန်းကလေးမျိုးဟာ သိပ်ကြောက်စရာကောင်းကြောင်း နေမြဲ မသိခဲ့လေရော့သလား။

"ကဲ ... မင်း မထိုင်ဘူးလား၊ ဒီလို အခြေအနေမျိုးတော့ မင်းနဲ့ ငါ ဆွေးနွေးလို့ ရမှာမဟုတ်ဘူး၊ ငါ ဒီကို လာချင်လို့ လာခဲ့တာ မဟုတ်ဘူးဆိုတာ မင်း နားလည်ထား၊ ငါ့ညီနဲ့ ပတ်သက်ပြီး ဆွေးနွေးလိုလို့ လာခဲ့တာ"

ရုတ်တရက် ကုလားထိုင်မှာ ဝင်ထိုင်လိုက်ပုံက ညီနဲ့ပတ်သက်လို့မို့ အလျှော့ပေးလိုက်ရသည့် မျက်နှာပေးမျိုးနှင့်။ တောက်ခတ်လိုစိတ်ကို ပြင်းပြင်းထိန်းကာ သူမကို လက်ညှိုးညွှန်ပြီး ...

"မင်းနာမည် ..."

ဝဋ္ဋာ နှုတ်ခမ်းကလေး ဆတ်ခနဲ မဲ့ကွေးသွားကာ မောင့်အစ်ကို့ကို တစ်ချက် စိုက်ကြည့်လိုက်သည်။ အဲဒါကတော့ တစ်ဆိတ် အထက်စီးဆန်ရာ ကျမနေဘူးလား ဦးတည်မြဲသာရယ်။ မောင် အမြဲဦးထိပ်ပန်ဆင်ခဲ့တဲ့ ရှင့်ကိုတော့ ကျွန်မ အလွတ်ရနေခဲ့ပါတယ်။ ကျွန်မကို မကြည်ဖြူ မလိုလားခဲ့တာတွေကိုရောပေါ့။

အခုထက်ထိ ကျွန်မ ယုံကြည်လက်ခံဖို့ မရဲသေးတဲ့ မောင် သေဆုံးသွားခြင်းကိစ္စမှာ ရှိသမျှ စွမ်းအင်အားလုံး ပုံအော

www.burmeseclassic.com

www.burmeseclassic.com



မြှုပ်နှံထားခဲ့တာမို့ ရှင့်ကို ကျေအောင် မာပြနိုင်ဖို့အတွက် ကျွန်မမှာ အင်အားလက်ကျန် မရှိသေးဘူး။ ကျွန်မကမ္ဘာထဲက ဆွဲထုတ်သွားခံလိုက်ရတဲ့ မောင့်အတွက် မာနကင်း ပျော့ဆင်းတဲ့ ကြေကွဲပူဆွေးခြင်းသာ ရှိနေတဲ့ ကျွန်မရင်ကို ထပ်မံလှုံမစိုက်ချင်ပါနဲ့ ဦးတည်မြဲသာရယ်။

ပြီးတော့ ... မောင် ကိုးစားချစ်ခင်ရှာတဲ့ ရှင့်ကို ကျွန်မ ရန်သူအဖြစ် မသတ်မှတ်ပါရစေနဲ့။ အစ်ကိုကြီး ဟာ ယောက်လို ချစ်ခင်အားကိုးမှုသာ ပြုပါရစေ။

"ကျွန်မနာမည်ကို မသိဘူးဆိုရင် အပင်ပန်းခံ မေးနေစရာ မလိုဘူး ထင်ပါတယ်၊ ကြိုက်ရာနာမည်တစ်ခု ကောက်တပ်လိုက်ပြီး လိုရင်းကိုသာ ပြောနိုင်ပါတယ်"

"တောက် ... မင်းကွာ၊ စကားဆုံးအောင် နားထောင်စမ်း၊ မင်းနာမည် ထိမ်ဝဠာ လားလို့ သေချာအောင် မေးနေတာကွ"

လက်သီးကျစ်ကျစ်ဆုပ်ကာ အံကြိတ်လျက် အော်လိုက်တာမို့ ဝဠာ ပြန်လည်ငြိမ်သက်သွားသည်။

ဖြစ်နိုင်ရင် ခုအချိန်မှာ ဘယ်သူနဲ့မှ အတွေ့မခံဘဲ မောင့်ကို လွမ်းဆွတ်ခြင်းများနဲ့သာ လိမ်းကျံဖွဲ့စည်းကာ အားလုံးကို ရင်မဆိုင် အရှုံးပေးထားတဲ့ စွမ်းအားမဲ့ မိန်းကလေးပဲ ဖြစ်ချင်တာ။ ပတ်ဝန်းကျင်ကို အန်တုယှဉ်ပြိုင်ဖို့ စွမ်းအားတွေကို မောင့်ကိုလွမ်းတဲ့ ကိုယ်ခန္ဓာမှ ထုတ်ဝေမငှချင်။ မောင့်တစ်ဦးတည်းအတွက်သာ ရှိသမျှစွမ်းအင်တို့ ရင်းနှီးပေးဆပ်ထားချင်တယ် မောင်ရယ်။



ဝဠာ ဘဝပျက်သွားခဲ့ပြီ။ မောင်မရှိတော့တဲ့ ဘဝမျိုးကို စိတ်ကူးနဲ့တောင် ပုံမဖော်ခဲ့ဘူးတာမို့ ဖြုန်းစားကြီး မောင် ထွက်ခွာသွားခဲ့တော့ အံ့သြတုန်လှုပ်ချိန်တောင် မရလိုက်အောင်၊ မျက်ရည်တောင် မကျနိုင်လောက်အောင် ဝဠာ ရူးသွပ်သွားခဲ့တာ။ ဘယ်လိုမှ ယုံကြည်လက်ခံလို့ မရနိုင်ပါဘူး မောင်ရယ်။

မောင် ထွက်ခွာသွားတာက ခြေသံမကြားနိုင်လောက်အောင် တိတ်ဆိတ်လွန်းတယ်။ သံသယဖြစ်ချိန်တောင် မရလိုက်ပါဘူး မောင်ရယ်။ ဝဠာ့ကို တစ်ခုခုတော့ မှာကြားသံသယသွင်းပေးသွားဖို့ ကောင်းတာ။

"မင်း စိတ်ဝင်စားရဲ့လား ထိမ်ဝဠာ၊ ငါပြောတာကို စိတ်ဝင်စားပုံ မပြတဲ့ လူတစ်ယောက်ကို ငါကလည်း အရေးတယူ မရှိတတ်ဘူးဆိုတာ မင်း ခုချိန်ကစပြီး နားလည်ဖို့လိုတယ်၊ နေမြဲ ကိစ္စမို့ ငါ ဒီလောက် သည်းခံပေးနေတာ"

ဂျက်စီကာ ဖျစ်ညှစ်သတိပေးလိုက်သော လက်မှအားတချို့ စီးဝင်လာသည် ထင်ပါရဲ့။ ဝဠာ့နှုတ်မှ ...

"ကျွန်မ စိတ်ဝင်စားပါတယ်"

ဟု ပြေပြစ်လိုက်လျောစွာ ပြောလိုက်နိုင်ခဲ့သည်။ သူ တစ်ချက်သဘောကျသွားသလို ခေါင်းညိတ်လိုက်ကာ ...

"တိုတိုနဲ့ လိုရင်းပဲ ဆွေးနွေးရအောင်၊ နေကလေး၊ အင်း ... ငါ့ညီကို ငါ နေကလေးလို့ ခေါ်တာ၊ နေကလေး မရှိတဲ့နောက်မှာ သူနဲ့ပတ်သက်နေတဲ့၊ တစ်နည်းအားဖြင့် သူ့ရဲ့တရားဝင်ဇနီး ဖြစ်နေတဲ့ မင်းအတွက် ငါ့မှာ တာဝန်ရှိတယ်လို့ ခံယူလို့ လာခဲ့တာပဲ၊ နေကလေး နိဗ္ဗာန်ပြသွား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သလားတော့ မဆိုနိုင်ဘူး၊ သူ ခရီးမထွက်ခင် တစ်နေ့မှာ ငါ့ဆီ လာသွားပြီး သူ မရှိခဲ့ရင် တီမ်ဝဏ္ဏာကို စောင့်ရှောက်ပေးပါလို့ မှာသွားခဲ့တယ်၊ အဲဒီကိစ္စပါပဲ၊ နေကလေးရဲ့ ဆန္ဒကို သူ မရှိတော့တဲ့နောက်မှာ ဖြည့်ဆည်းပေးချင်လို့ ငါ လာခဲ့တာပဲ”

ဝဏ္ဏာ ပခုံးကလေး တစ်ချက်တွန့်ကာ ခန္ဓာကိုယ်လေး ခပ်ယိုင်ယိုင် ဖြစ်သွားသည်။ သည်ပုံစံကလည်း သရော်ဟန်တချို့ ပြွမ်းနေသည်။ သည်းခံ စိတ်ရှည်ခြင်းတစ်စကို ဆွဲထုတ်ကာ တည်မြဲသာ ခပ်မှေးမှေး သူမကိုကြည့်ရင်း သူမထံမှ အပြောင်းအလဲကို စောင့်ဖမ်းယူငင်ဖို့ ကြိုးစားနေလိုက်သည်။

သူမ အံ့သြသွားမလား၊ ပျော်ရွှင်သွားမလား၊ စိတ်လှုပ်ရှားသွားမလား၊ ဟန်မဆောင် မထိန်းသိမ်းနိုင်လောက်အောင် တစ်စုံတစ်ခု သူမ ဖြစ်ပေါ်သွားရမည်။

သူမ လိုချင်ခဲ့တာ ဒါပဲမဟုတ်လား။ ဒါကို လိုလားဦးတည်ပြီး နေကလေးကို ချစ်ခင်ပြခဲ့တာ မဟုတ်လား။ မျှော်လင့်ချက်၊ အနာဂတ် ခိုင်မာမှုမရှိတဲ့ သူမအတွက် ဆွဲကိုင်ဆုပ်ဖမ်းယူစရာဆိုလို့ နေကလေးရဲ့ စည်းစိမ်ချမ်းသာများပဲ မဟုတ်လား။

အခု နေမြဲသာ နေထိုင်ကြီးစိုးခဲ့တဲ့ အိမ်ကြီးဆီ နေမြဲသာရဲ့ သခင်မအဖြစ် ရောက်ရှိရတော့မည်ဆိုလျှင် အိပ်မက်တစ်ခုလားဟု သူမ လှုပ်ရှားဝမ်းမြောက်စွာ သံသယနှင့် မယုံမရဲ ဖြစ်နေတော့မည်။ ဒါ တည်မြဲသာရဲ့ ယုံကြည်မှုပဲလေ။ သူမ သည်လိုကို ဖြစ်ရလိမ့်မည်ဟု တစ်ထစ်ချ တွက်ချက်ကျိန်းသေထားပြီးသား။



သို့သော် ဘာတစ်ခုမှ စိတ်လှုပ်ရှားမှု မရှိသည့်၊ ဘာအရိပ်အယောင်မှ မဖျော်ဝင်သည့် မျက်နှာသေ မျက်ဝန်းသေတွေကို တည်မြဲသာ လက်ဖျားခါလောက်အောင် အံ့သြယူရတော့သည်။ သိပ်ဟန်ဆောင်ခြင်းကြီးတဲ့ မိန်းကလေးပဲ။ ဒါမျိုးမိန်းကလေးကို အလွန်တရာ သတိထားရလိမ့်မည်။ တည်မြဲသာ ကြုံဖူးတဲ့ “ဒန်နီရယ်လ်”ဆိုသော မိန်းကလေးထက် အဆတစ်ရာ ပိုမိုကြောက်ဖွယ်ကောင်းမည်။

“မင်းရဲ့ဆုံးဖြတ်ချက်ကို စောင့်စားနာခံဖို့ ငါ့မှာ အချိန်မရှိဘူး တီမ်ဝဏ္ဏာ၊ သုံးရက်အတွင်း စဉ်းစားထားပါ၊ သုံးရက်ပြည့်ရင် ဖုန်းဆက်လိုက်မယ်၊ မင်း လာမယ်ဆိုရင် ကားလွှတ်လိုက်ခေါ်ခိုင်းလိုက်မယ်၊ ဒါပဲ ... သွားမယ်”

တည်မြဲသာ ထထွက်ဖို့ပြင်စဉ် လက်ဝါးလေးတစ်ဖက် မြှောက်တက်ကာ ကာဆီးလိုက်သော တီမ်ဝဏ္ဏာကြောင့် ပြန်လှည့်ကြည့်ကာ “ဘာလဲ”ဟု မေးဆတ်ပြလိုက်သည်။ နှုတ်ခမ်း၏ တစ်ဖက်တစ်ချက်မှာ အရာကလေးနှစ်ချက် ထင်နေအောင် ဖိကပ်ထားသော ခပ်ဖျော့ဖျော့ ထိုနှုတ်ခမ်းကလေး အမှုန့်ကို စောင့်ကြည့်ရတာကိုက စိတ်မရှည်လှ။ လူကကျတော့ ဘာမှလည်း မဟုတ်။ အရှိန်အဝါတစ်မျိုးကို သူမကိုယ်တိုင် မျက်နှာဖုံးတစ်ခုလို တပ်ဆင် ဖန်တီးယူထားသည့်ပုံ။ လူတစ်ဖက်သား (အထူးသဖြင့် တည်မြဲသာ) ခြင်းမှန်းတီးမိစေအောင် တမင်လုပ်ယူ စီရင်ထားသည့်ပုံ။

“ရှင်ပြောချင်တာ ရှင်လုပ်ချင်တာကို တစ်ဖက်လူရဲ့သဘောထားနဲ့ ညှိမယူဘဲ တစ်ဖက်သတ် ဆုံးဖြတ်သွားလို့ မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကျွန်မဘက်က သဘောထားကိုလည်း တင်ပြခွင့်ရအောင် တစ်ဆိတ် ပြန်ထိုင် နားထောင်စေလိုပါတယ်"

"မင်းပြောသမျှကို ငါ ထိုင်နားထောင်ရအောင် မင်းက ဘာအဆင့်ရှိသလဲ တီမ်ဝဠာ၊ ငါ့ညီ နေကလေးတောင် အမြဲရိုကျိုး နာခံနေတတ်အောင် ငါ ပုံသွင်းထားခဲ့တာ၊ မင်းလို လက်တောက်လောက်ကလေးကို ငါ ဘာမှအရေး မယူပေးစရာ မရှိဘူး"

"ရှင် စကားစခဲ့တုန်းက 'ဆွေးနွေး' ဆိုတဲ့ စကားလုံးသုံးနှုန်းခဲ့တာမို့ ကျွန်မ ဆွေးနွေးခွင့် ရှိတယ်လို့ ယူဆပါတယ်"

"တောက် ... မင်းဟန်ပန်စရိုက်ကို ငါ လုံးဝသဘောမတွေ့ဘူး တီမ်ဝဠာ၊ ငါ့ကို မင်း ပြင်ဆက်ဆံသင့်တယ်၊ မလေးမစား မထီတရီပုံစံ ငါ့ညီ နေကလေးမှာတောင် မရှိစေခဲ့ဘူး"

စကားတစ်ခွန်းမှာ သူ့ညီ နေကလေးဆိုတာ အမြဲပါဝင်လာတတ်သည့် သည်လူ့ကို ဝဠာ တစ်ချက်မော့ကြည့်ရင်း ရင်ထဲက အစိုင်အခဲ တစ်ထစ်ပြေလျော့သွားသည်။ သူ့နှုတ်များမှာ မောင့်ကို အပြုံတပ်ဆင်ထားသရွေ့တော့ မောင့်အရှိန်အဝါဖြင့် သည်လူ့ကို မုန်း၍မဖြစ်တော့မှာ သေချာပါသည်။ ဝဠာ့ကိုတော့ ထာဝစဉ် မုန်းတီးအထင်သေးသည့်လူ။ သည်လူမျိုးကို ဝဠာ ခေလှေ့ထုံးတမ်း အစဉ်အလာအတိုင်း တန်ပြန်အန်တုနိုင်ဖို့ဆိုတာ မောင် မပါဝင်နိုင်မှ ဖြစ်မည်။ ခုတော့ သူနှင့် ဝဠာ့ကြားမှာ မောင်ဟူသော မျဉ်းတစ်ခု၊ ဒါမှမဟုတ် အလွှာပါးတစ်ခု တားဆီးနေသရွေ့တော့ ဝဠာ ဆက်လက်အရှုံးပေးနေရတော့မှာပါပဲ။



အခု အချိန်တိုကလေး အတွင်းမှာတင် ဝဠာ သူ့ကို ရှုံးတာ နှစ်ကြိမ်ရှိပြီ။ သူ့အမိန့်ကို နာခံကာ ထိုင်ခုံမှာ ဝင်ထိုင်လျက် သူ့စကားကို နားထောင်လိုက်ရတာရယ်၊ အခုတစ်ခါ သူနဲ့ပြေလည်ပုံစံကျဖို့ ဝဠာ ကြိုးစားရတော့မှာရယ်က ဝဠာအတွက် တစ်ခါမှ မဖြစ်ခဲ့သေးသည့် အရှုံးတွေပဲပေါ့။ နောင်မှာ မောင်နဲ့ ပတ်သက်ပြီး သူ့ကို ဆက်လက် ကျဆုံးပေးနေရဦးမည် ဆိုလျှင်တော့ ဝဠာ သိပ်ကို နာကျင်ရမှာပါပဲ။ ဝဠာ ဆိုတာ အထီးကျန် အနိမ့်ခံဆိုတဲ့ အခြေအနေဆိုးတွေထဲမှာတောင် ပတ်ဝန်းကျင်ကို ရအောင် အနိုင်ယူခဲ့တဲ့ မာနတို့ ဖွဲ့စည်းလိမ်းကျံထားသော မိန်းကလေးတစ်ဦးပဲ။ အရှုံးဆိုတာ ဘယ်တော့မှ မရှိခဲ့စေရ။

မောင် သေဆုံးသွားပြီဆိုတဲ့ သတင်းနှင့်အတူ ဝဠာ့ဘဝရဲ့ အဆုံးအရှုံးတွေ ဝဠာ့ဆီ ကျရောက်လာခဲ့တော့တာ ထင်ပါရဲ့ မောင်ရယ်။

ဝဠာ အားလုံးကို အရှုံးပေးနေရပြီ။ အထူးသဖြင့် ဝဠာ လုံးဝအနိုင်ရလိုခဲ့တဲ့ မောင့်အစ်ကိုဆီမှာ ဝဠာ တစ်ဆင့်ပြီး တစ်ဆင့် ကျဆုံးနေရပြီ။

ဝဠာ့ ဟန်ပန်မှာ မပါဝင်ခဲ့ဘူးသည့် စတင်စစ်ပြေငြိမ်း ပြေလည်ပြလိုက်ရသည့်အတွက် နာကျင်ခြင်းတစ်ခုက ရင်ဝဆီ တက်ဆောင့်သည်။

မောင်ရယ် ... မောင်သာ ဝဠာ့ဆီကနေ ထွက်ခွာ မသွားခဲ့ဘူးဆိုရင် သည်လို နာကျင်ခြင်းမျိုးကို ရင်နှင့်အမျှ ခံစားရမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆွေးနွေးလိုပါတယ်၊ ကိုနေမြဲရဲ့ဆန္ဒမို့ ကျွန်မ စဉ်းစားဖြစ်တာပါ၊ ကိုနေမြဲသာ ဘာမှ မဖြစ်သွားဘူးဆိုရင် ဦးတည်မြဲနဲ့ ကျွန်မကြားမှာ ဘာမှမရှိနိုင်မှာ သေချာပါတယ်၊ ဒါပေမဲ့ ဦးတည်မြဲ ကိုယ်တိုင်က ကိုနေမြဲရဲ့ အရှိန်အဝါ စည်းစိမ်ဥစ္စာတွေကို မက်မောတပ်မက်လို့ ကျွန်မက ကိုနေမြဲကို ချစ်ခဲ့တာလို့ စွပ်စွဲခဲ့တာမို့ ..."

စကားမဆက်ဘဲ ဝဏ္ဏာ အံတစ်ချက် ကြိတ်လိုက်သည်။ သတ္တိရှိစမ်း ... မျက်ရည်မကျလိုက်နဲ့နော်။ နှုတ်ခမ်းမှ အားတို့ပျော့မသွားစေနဲ့။ အားမငယ်လိုက်မိဖို့ကတော့ အရေးကြီးဆုံးပါပဲ။ ပြီးတော့ မောင့်ကိုလည်း မတမ်းတမိစေနဲ့ဦးနော်၊ လူသူ တိတ်ဆိတ်ကင်းရှင်းတဲ့ နေရာတွေမှသာ မောင်တစ်ဦးတည်း အတွက် သိမ်ငယ်နွမ်းညှိုးလှသော မိန်းမငယ်တစ်ဦးအဖြစ် မျက်ရည် ကျပါစေ။ ဝဏ္ဏာကို အထင်သေးရှုတ်ချ၊ စွပ်စွဲလိုသော မျက်ဝန်းများ ကို တန်ပြန်ကြည့်တဲ့အခါ ပျော့ပျောင်းရိပ် မပါစေရ။ မျက်ရည်ဆို ဝေးနေပါစေနော်။ ဒါမှ ဝဏ္ဏာ မနိုင်ပေမဲ့ အရှုံးလည်း ဖြစ်မှာမ ဟုတ်။ ဝဏ္ဏာ့ထံမှာ ချမ်းသာတာဆိုလို့ မောင့်အချစ်တစ်ခုတည်း လွဲလျှင် မာနဆိုသော အရာတစ်ခုသာ ရှိပါသည်နော်။

"စွပ်စွဲခဲ့တာမို့ မောင် ... အဲ ... ကိုနေမြဲရဲ့ စည်းစိမ်ချမ်း သာတွေ ရှိနေတဲ့ ကိုနေမြဲရဲ့အိမ်ကို ကျွန်မလိုက်ဖို့ ခုက တည်းက ငြင်းလိုက်ပါရစေ"

"မင်းတစ်ယောက်တည်း ရက်ချင်း ဆုံးဖြတ်စရာ မလိုပါ ဘူး ဟိမ်ဝဏ္ဏာ၊ မင်းရဲ့မိတ်ဆွေသင်္ဂဟတွေနဲ့လည်း တိုင်ပင်ပါ၊ မင်းဘက်က ဆွေမျိုးအသိုက်အဝန်းကလည်း မင်းကို



စွန့်လွှတ်ထားတာ ဆိုတော့ မင်းဘဝရဲ့ ရှေ့ရေးအတွက် စဉ်းစားဖို့ ကောင်းတယ်၊ ပြီးတော့ ဒါဟာ နေကလေးရဲ့ နောက်ဆုံးဆန္ဒ ဖြစ်နေတယ်၊ မင်း ငြင်းချင်တယ်ဆိုရင် တောင် နေကလေးကို ငဲ့ပါ၊ ကဲ ... ငါသွားမယ်၊ သုံးရက် ကြာရင် ကားလွှတ်ခေါ်လိုက်မယ်၊ အသင့်ပြင်ထားလိုက်ပါ"

ပြောပြီးတာနှင့် ဆတ်ခနဲ လှည့်ထွက်သွားသဖြင့် ဝဏ္ဏာ ဒေါသထွက်စွာ ကျန်ရစ်ခဲ့လေသည်။ အမိန့်ဆိုတာကို မှန်း တီးစက်ဆုပ်တဲ့ ဟိမ်ဝဏ္ဏာအတွက် ရှင် အမိန့်တွေ မပေးမိစေဖို့ တစ်ဆိတ် ထိန်းသိမ်းဖို့ကောင်းတယ် ဦးတည်မြဲ။ မောင် သိပ်ချစ် ခင် ရိုကျိုးတဲ့ ရှင့်ကို ကျွန်မလည်း ခင်မင်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



“နင် စဉ်းစားနော် ဝဋ္ဌာ၊ အရမ်းတိုက်တွန်းလို့ ငါတို့အိမ်မှာ နင့်ကို မနေစေချင်ဘူးလို့ နင် တွေးလိုက်ဖို့ မကြိုးစားနဲ့၊ ငါတို့မိသားစုရဲ့ စေတနာကို နင် လုံးဝသံသယရှင်းရှင်းထား၊ နင့်အပေါ် သံယောဇဉ်တွေနဲ့ ကောင်းစေချင်လွန်းလို့ ငါတို့မိသားစု ဝိုင်းတိုက်တွန်းနေကြတာပါ။ ဒက်ဒီ၊ မာမီ၊ မမရော ငါပါ အားလုံးရဲ့ ဆန္ဒတွေကတော့ နင့်ကို ကိုတည်မြဲသာ အိမ်မှာ သွားနေစေချင်တယ်၊ အဲဒါ နင့်ဘဝရှေ့ရေးအတွက် လျှောက်လှမ်းရမဲ့ အကောင်းဆုံးလမ်းပဲ၊ ဒီထက်ကောင်းမဲ့ အခွင့်အရေးတစ်ခု၊ လမ်းဖြောင့်တစ်ခု နင် ထပ်ရဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး …

“နင်ဘယ်သူ့ကို တိုင်ပင် တိုင်ပင် အားလုံးပေးကြမဲ့ အကောင်းဆုံး အကြံတွေကတော့ နင် ကိုတည်မြဲသာ အိမ်မှာ လိုက်နေဖို့ပဲ ဖြစ်မှာပဲ၊ နင် စဉ်းစားစေချင်တယ်၊ ခုကိစ္စကို မာနနဲ့ မဆုံးဖြတ်လိုက်နဲ့၊ ဦးနှောက်နဲ့ ဆုံးဖြတ်”

ဂျက်စီကော့ မာမီနှင့် ဒက်ဒီကလည်း မနက်ကော်ဖီဝိုင်းတုန်းက ဝိုင်းဝန်းနားချ တိုက်တွန်းခဲ့ပြီးပြီ။ အခုလည်း



ဂျက်စီကာက ထပ်မံစည်းရုံးနိုးဆော်ပြန်ပြီ။ သူတို့အားလုံးရဲ့တစ်ခုတည်းသော ဦးတည်ချက် စေတနာက ဝဋ္ဌာ့ဘဝကလေး တည်ငြိမ်ကောင်းစားဖို့တဲ့။ ဟင့်အင်း … မောင့်ကို ချစ်ခဲ့ခြင်းမှာ ဝဋ္ဌာ့ဘဝတည်ငြိမ်လှုရာဇင်စေဖို့ဆိုတဲ့ တွက်ချက်ခြင်းနဲ့ စဉ်းလဲခြင်းများမပါဝင် မပတ်သက်ခဲ့ပါ။ ပကတိ အချစ်တစ်ခုတည်းနှင့်သာမောင့်ကို ကိုးကွယ်ခဲ့သူပါပဲ။ မောင်မရှိတော့တဲ့နောက်မှာ ဝဋ္ဌာ့ရဲ့ ရှေ့ခရီးတစ်လျှောက် မှောင်မိုက်ကျိုးပြတ်သွားခဲ့ပြီမို့ ထပ်မံတည်ဆောက်ပြင်ဆင်ဖို့ စွမ်းအင်များစွာ စိုက်ထုတ်ရင်းနှီးရတော့မည်။ ကုန်ဆုံးသွားပြီး ပြန်မရတော့သည့် စွမ်းအင်များကို ပြန်လည်ဖန်တီး ထည့်သွင်းဖို့ကိစ္စမှာ မောင် မပါဘဲ လွယ်ကူနိုင်ပါ့မလားကွယ်။

အခုထက်ထိ မယုံရဲသေးဘူး မောင်။ အိပ်မက် … ဒါမှမဟုတ် ခြောက်လှန့်မှုတစ်ခု ဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဝဋ္ဌာ့ဆီ မောင်ပြန်လာခဲ့မယ်ဆိုရင် သေးငယ်တဲ့ ဝိညာဉ်တစ်ခုအနေနဲ့ပဲဖြစ်ဖြစ် ဝဋ္ဌာ ဆီးကြိုလက်ခံပါရစေ။ ပြန်လာခဲ့ပါ မောင်ရယ်။ ကျဆုံးခြင်းများနဲ့ ဝဋ္ဌာ့ကို မထားရစ်ခဲ့ပါနဲ့။

“ပြီးတော့ နင် သိပ်ချစ်တဲ့ နင့်မောင်ရဲ့ အငွေ့အသက်တွေ အများကြီး အဲဒီအိမ်မှာ နင် ခံစားခွင့်ရှိမယ်၊ သူတို့ညီအစ်ကို နှစ်ယောက်က အရမ်းချစ်ကြတာတဲ့၊ ကိုနေမြဲ နေထိုင်ခဲ့တုန်းကအတိုင်းပဲ ခြေရာလက်ရာမပျက် ရှိစေတာတဲ့၊ ကိုနေမြဲ မရှိတော့ပေမဲ့ ရှိနေသလို ခံစားခွင့်ရနေမဲ့ ဒီအခွင့်အရေးကို နင် လက်မလွှတ်သင့်ဘူး”

www.burmeseclassic.com

www.burmeseclassic.com

ဂျက်စီကာ၏ ဒုတိယမြောက်စကားက ဝဠာ့နှလုံးသားဆီသို့ တည့်မတ်စူးရှစွာ ထိုးခွင်းဝင်ရောက်လာစေခဲ့သည်။ မောင့်အငွေ့အသက်၊ မောင်ရှိနေတဲ့အတိုင်း ခံစားခွင့်တဲ့။ ဒီ… ဘုရားရေ … ဝဠာ့တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများ ဖြာယှက်သွားသည်။ မောင်ရေ … ဝဠာတော့ ထပ်မံကျဆုံးတော့မည် ထင်ပါရဲ့။

"ဝဠာရဲ့ဘဝကို မောင် တည်ဆောက်ပေးရမယ်"

ဟု ကြွေးကြော်ခဲ့သော မောင်၏ ရည်ရွယ်ချက်က သည်လို သည်နည်းနဲ့တဲ့လား မောင်ရယ်။ ဝဠာ့ ဘဝလေး တည်ဆောက်ဖို့စည်းဖို့ မောင်ဘဝလေးကို အုတ်မြစ်ချ မြှုပ်နှံခဲ့တာလား။ ဟင့်အင်း … သည်လိုဆို သည်ဘဝမျိုးကို ဝဠာ မလိုလားဘူး မောင်။ မောင် ပြန်လာဖို့ပဲ ဝဠာ အလိုလားဆုံး ဖြစ်နေတာပါ။ မသေဆုံးသွားပါနဲ့ မောင်ရယ်။ ဝဠာ့ အတွက် ပြန်လည်ရှင်သန်လာခဲ့စမ်းပါ။

"တပြည်းပြည်း နင့်မောင်နဲ့နင် ဝေးကွာသွားမှာထက်စာရင် သူ့အိမ်မှာ သူ့အငွေ့အသက် အမှတ်တရလေးတွေနဲ့ နင် စိတ်ဖြေနိုင်တာပေါ့"

ဂျက်စီကာ့ စကားကြောင့် ဝဠာ ရှုံ့ရှုံ့ဝါးဝါး ငိုကြွေးကျဆင်းသွားရကာ တစ်ခါမှ မကျဆင်းခဲ့ဘူးသော မျက်ရည်တို့ အတားအဆီးမဲ့ ဒလဟော ပြိုလိမ့်စီးဆင်းလာခဲ့တော့သည်။ အံ့သြတုန်လှုပ်နေသော ဂျက်စီကာ၏ မျက်ဝန်းများကို သူစိမ်းမျက်ဝန်းများပမာ စိုက်ကြည့်ရင်း …



"ငါ ရှုံးပြီ ဂျက်ရယ်၊ ငါ သိပ်ရှုံးသွားပြီ၊ မောင့်ကိုချစ်လွန်းလို့ ရှုံးရတဲ့ အရှုံးတွေလေ၊ မောင့်ကိုချစ်တဲ့ ငါ့အချစ်တွေကိုမယုံကြည်တဲ့ သံသယ မျက်ဝန်းတွေအောက်မှာ မောင်ဆိုတဲ့ အရိပ်တစ်ခုကြောင့် ငါ ကျဆုံးရဦးမယ်၊ နင်ပြောသလို မောင်နဲ့ ဝေးကွာမသွားဖို့အတွက် လူတွေကို ငါ အရှုံးပေးရတော့မယ်၊ ဟင်း … ဟင်း"

တစ်စုံတစ်ယောက် ဝင်ပူးခံနေရသလို၊ ကျိန်စာသင့်နေသလို ဖြစ်နေသည့် ဝဠာ့ မျက်ဝန်းများ၏ ချောက်ချားဆန်းကြယ်မှုတွေကို ဂျက်စီကာ သွေးလန့်လာရရင်း မျက်လုံးများစုံမှိတ်ထားလိုက်တော့သည်။ ဝဠာ့ မျက်ဝန်းများက တစ္ဆေတစ်ကောင်ပမာ ဂျက်စီကာ့ကို သွေးပျက်စေလှသည်။

အဲသည်လောက် ခံစားနေရတဲ့ ဝဠာလေးကို ဘာခံစားချက်မှ မရှိဟု စွပ်စွဲနေခဲ့သော ဦးတည်မြဲသာဟာ သူရူးတစ်ယောက်များလား။

❧ ၃ ❧

www.burmeseclassic.com



## အခန်း(၂)

ခြံထဲသို့ ကားစဝင်စဉ်က စလိုက်သော မောင့်ကိုလွမ်းဆွတ်အောက်မေ့ခြင်းများသည် ညှို့ခန်းတစ်ခု၏ ခမ်းနားထည်ဝါမှုအောက်မှာ ခြေစုံရပ်နေမိသည်အထိ စဉ်ဆက်မပြတ် ဝမ္ဘော့ရင်မှာ ငြိတွယ်ကပ်ပါလာသည်။ အပွင့်နုပ်နုပ် သားရေဖုံး ဆိုဖာကြီးများထဲမှ တစ်ခုပေါ်မှာ သက်သာအေးဆေးစွာ ထိုင်လျက် ငြိမ့်ညောင်းနေသောလူတစ်ဦးကို လက်ညှိုးငေါက်ငေါက်ထိုး၍ စွပ်စွဲရှုတ်ချပစ်လိုက်ချင်သည်။ ဒါလား နှစ်ကိုယ့်တစ်စိတ် သိပ်ချစ်ရသည့် ညီတစ်ယောက် ဆုံးရှုံးခံထားရသည့် အစ်ကိုတစ်ယောက်၏ ပူဆွေးခံစားမှု။

လုံးဝ တည်ငြိမ် အေးစက်နေသည်။ ဒါမှမဟုတ် အထက်တန်းလွှာတို့ရဲ့ ခံစားမှုကို လူသိအောင် ဖွင့်လှစ်ထုတ်မပြ တတ်တာလား။

မောင့်အိမ်ကြီးမှာ မောင်ရှိနေသလို ခံစားစေရတာ တော့ အမှန်ပါပဲ။ သို့ပေမဲ့ မောင်သေဆုံးထားပြီးစ အသုဘအိမ်



တစ်အိမ်၏ အဆောင်အယောင် ဘာတစ်ခုမှ ရှိမနေတာလည်း အမှန်ပင် ဖြစ်တော့သည်။ ဂျက်စီကာတို့ အိမ်ကျဉ်းကလေးထဲမှ အခန်းငယ်လေးထဲတွင် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ပူဆွေးလောင်မြိုက်ခြင်းများနှင့်တော့ ဘာမှမဆိုင်။ ပကတိ ငြိမ်တိတ်အေးဆေး လွန်းလှသည်။

"ထိုင်နိုင်တယ် တိမ်ဝဠာ"

ဝဠာ ဆိုဖာတစ်ခုမှာ ဝင်ထိုင်လိုက်ပြီး၊ သူ့ကို စူးရှတောင်ပြောင်စွာ မော့ကြည့်လိုက်သည်။ တစ်စုံတစ်ခု ပြောလိုက်ဖို့ပြင်စဉ် သူက လက်ဝါးကာ တားဆီးလိုက်ပြီး ...

"နေကလေးအတွက် အသုဘအခမ်းအနားတွေ ဘာတွေ မရှိတာကို မင်း အံ့သြချင် အံ့သြနေမယ်၊ ဒါပေမဲ့ ငါ့ခံယူချက်က တစ်မျိုး၊ နေကလေး သေဆုံးခဲ့တဲ့နေရာကို ငါကိုယ်တိုင် လိုက်သွားခဲ့တယ်၊ ငါ့လက်နဲ့ စီမံသဂြိုဟ်ခဲ့တယ်၊ နေကလေး သေသွားပြီလို့ ငါ လက်ခံလိုက်ရတယ်၊ ဒါပဲ၊ နေကလေးကို ရည်စူးပြီး သူ့အတွက် လှူဒါန်းသင့်သလောက် လှူဒါန်းခဲ့တယ် ...

"ငါ လူတွေကို မလိုလားဘူး တိမ်ဝဠာ၊ လူတွေရှေ့မှာ ငါ့ရဲ့ပူဆွေးမှုကို မပြချင်ဘူး၊ ပတ်ဝန်းကျင်က ပရိသတ်တွေ ဝေဖန်ကြမှာ၊ သနားကြမှာ၊ အပြစ်တင်ကြမှာ၊ အတင်းပြောကြမှာတွေကို ငါ့အိမ်ကို ဖိတ်ခေါ်ပြီး မကြားနိုင်ဘူး၊ ငါပြောတာ ရှင်းလား၊ အဲဒါ ငါ့ခံယူချက်ပဲ၊ သေတဲ့သူက သေဆုံးသွားခဲ့ပြီပဲ၊ ငါ ရှုံးမတတ် ခံစားနေရတာ ငါ တစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိစေချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မောင် သေဆုံးတဲ့နေရာကို ကျွန်မ ဖြစ်နိုင်ရင် လိုက်ကြည့်ချင်ပါတယ် ဦးတည်မြဲ၊ မောင် နောက်ဆုံး ဝိညာဉ်ထွက်သွားတဲ့ နေရာကို ကျွန်မကြည့်ပြီး ယုံကြည်လက်ခံနိုင်အောင် ကြိုးစားချင်တယ်"

သူ့မျက်ဝန်းများကို တည့်တည့်စိုက်ကြည့်ပြီး ဝဠာ တောင်းဆိုမိလိုက်ပြီးမှ မှားသွားပြီလားဟု သံသယ ဝင်လာသည်။

ဝဠာကို ပြန်ကြည့်နေသည့် ဦးတည်မြဲရဲ့ မျက်ဝန်းများက "တကယ် စိတ်ရော ကိုယ်ရောပါလို့ တောင်းဆိုတာဇရောဟုတ်ရဲ့လား"ဟူသော မေးခွန်းရိပ်နှင့်။ အို ... သေတော့မှာပဲ၊ ဝဠာကို မယုံကြည်သော ထိုလူထံမှာ တောင်းပန်တိုးလျှိုးမှု၊ တောင်းဆိုမှု တစ်စုံတစ်ရာ ဝဠာ မတောင်းသင့်ဘူး၊ အထူးသဖြင့် သူနှင့် ကင်းရှင်းဖို့ အဓိကပါပဲ၊ သူ့ရှေ့မှာ မောင့်ကို ညည်းပြနေတယ်ဟု သူ့ ထပ်မံသံသယဝင်အောင် ဝဠာ မလုပ်ရဘူး၊ ဒါဟာ ရှုံးနိမ့်ခြင်း တစ်မျိုးပဲနော်။ တကယ်ဆို မောင့်ကို လွမ်းဆွတ်ငိုကြွေးချင်လျှင်တောင်မှ သူ့ မသိမြင်စေဖို့ အရေးကြီးသည်။

သူ့ရှေ့မှာ အဲသည်လို ဖြစ်သွားလို့ကတော့ ဝဠာရဲ့ ပကတိအချစ်များနှင့် ဖြူစင်မှုကို ထိုလူက မာယာတွေအဖြစ် ပြောင်းလဲအမည်တပ်လိုက်ခြင်းဖြင့် ဝဠာကို အနိုင်ယူလိမ့်မည်။ အဲသည်အခါ ဝဠာရဲ့ ကျဆုံးခြင်းက အတားအဆီးမဲ့ နိမ့်ဆင်းသွားလိမ့်မည်။

သူ့ထံမှာ ဝဠာ အနိုင်မရနိုင်ခင် အရှုံးတော့ မလိုချင်ပါ။



မောင်နှင့် ပတ်သက်ပြီး တောင်းဆိုလိုက်မိသော ဆါးစပ်ကို ဖြတ်ရိုက်ချင်စိတ် ပေါက်သွားအောင်ပင် ဝဠာ စိတ်တိုသွားတော့သည်။

"မင်းအတွက် ဒါမျိုးလိုအပ်ရဲ့လား ဝိမ်ဝဠာ၊ မလိုအပ်ဘဲ မင်း၊ အပင်ပန်းမခံပါနဲ့လေ၊ ငါ အစ်ကိုကြီး တစ်ယောက်လုံး ကိုယ်တိုင် လက်တွေ့ သွားသဂြိုဟ် လက်ခံယုံကြည်လာခဲ့ပြီးမှတော့ မင်းလို မိန်းကလေးတစ်ယောက်က လက်မခံချင်လည်း ရှုံးရုံရှိမှာပဲ"

ဝဠာ အံတင်းတင်းကြိတ်ကာ လက်သီးကျစ်ကျစ်ဆုပ်ပြီး ခံပြင်းလာသည်။ ဝဠာကို သိပ်သိမ်နုပ်ညှိဖျင်းသော မိန်းကလေးတစ်ယောက်ပမာ ခံယူသတ်မှတ်ထားပုံရသော လူတစ်ယောက်။ အဲသည်လူနှင့် တစ်အိမ်တည်းနေဖို့ ရေရှည်ဖြစ်နိုင်ပါ့မလားကွယ်။

ခေါင်းကိုအမော့မှာ ညှို့ခန်းထောင့်မှာ ချိတ်ဆွဲထားသော မောင့် ပုံတူကားချပ်ကြီးကို သက်ရှိတစ်ဦးပမာ ဝဠာကို စိုက်ကြည့်နေသလို ခံစားလိုက်ရသဖြင့် ဝဠာအတွက် ဆုံးရှုံးခြင်းတစ်ခု လက်ဆောင်ပမာ ထပ်မံရရှိလိုက်ရတော့သည်။

မောင် ရက်စက်တယ်၊ သက်မဲ့မျက်ဝန်းတစ်စုံနှင့်တင် ဝဠာကို အရာအားလုံးထံမှ စားရှုံးနိမ့်စေတယ်။

✿ ❀ ✿

www.burmeseclassic.com

www.burmeseclassic.com



ဝဠ္ဍာအတွက် ပြင်ဆင်ပေးထားသော အခန်းတစ်ခုက တင် ဂျက်စီကာတို့ အိမ်တစ်လုံးစာ ကျယ်ဝန်းထည်ဝါနေလေသည်။ မောင် သည်လောက် ချမ်းသာကြွယ်ဝ အရှိန်အဝါ ကြီးမားတောက်ပမှန်း ဝဠ္ဍာ မမှန်းဆခဲ့ပါဘူး မောင်ရယ်။ မောင့်ကို ချစ်ခဲ့ခြင်းမှာ ဒါတွေ လုံးဝမပါဝင်ခဲ့တာ မောင် တစ်ဦးတည်းသာ ယုံကြည်လက်ခံသွားခဲ့ပါသည်နော်။

မောင့်အစ်ကိုတစ်ယောက် အဲသည်လို မယုံကြည်နိုင်တောင် ဝဠ္ဍာအတွက် အရာရာမှာ တပ်ဆင်အသုံးပြုသော သံသယနှင့် အထင်သေးခြင်း လက်နက်ပြင်းတစ်ခုကို နှိမ်ချလွှင့်ပစ်လိုက်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ ဒါဟာ အတ္တမဟုတ်ဘူးနော်။ ဆန္ဒတစ်ခုသာ ဖြစ်ပါတယ်။ မောင် သိပ်ကိုးစား လိုက်နာခဲ့သော မောင့်အစ်ကို့ကို ဝဠ္ဍာလည်း လိုက်လံကိုးစားခြင်းဖြင့် မောင့်စိတ်ကို စိတ်ချမ်းသာရာ ရောက်စေချင်လို့ပါ။

မောင့်အစ်ကို့ကို မောင် ဆန့်ကျင်ရင်ဆိုင် ရဲရင့်ခဲ့တာက ဝဠ္ဍာကို ချစ်ခြင်းတစ်ခုသာပဲ ဖြစ်ခဲ့လျက် ဝဠ္ဍာကို ချစ်ခဲ့ခြင်းမှာ မောင် စိတ်မချမ်းမသာ ဖြစ်ခဲ့ရတာက ဝဠ္ဍာကို မောင့်အစ်ကို လက်မခံနိုင် ဖြစ်ခဲ့ခြင်းသာ ရှိခဲ့သည်။ မောင် အတောင့်တ



ခဲ့ ဖြစ်ခဲ့တာက မောင့်အစ်ကိုနှင့် ဝဠ္ဍာကို ပြေလည်ဆက်ဆံလိုခြင်းပါပဲ။ အဲသည်ဆန္ဒကို ပြင်းပြင်းပြပြနှင့် မောင် ဆောင်ရွက်ကြိုးပမ်းခဲ့ဖူးတာမို့ ဝဠ္ဍာ မောင့်ဆန္ဒလေးကို ဖြည့်ဆည်းပေးချင်တာပါ။

ဒါကြောင့် ဝဠ္ဍာ မာနအားလုံးကို ရင်းနှီးအရှုံးခံပြီး ပြေလည်ချင်မိတာပါ ဦးတည်မြဲရယ်။ ကျွန်မကို မလိုလားခြင်းတွေ အနည်းငယ်မျှ ရှင် လျှော့လိုက်စမ်းပါနော်။

အမှန်တော့ သည်အိမ်ကို လိုက်ပါလာရခြင်း အကြောင်းရင်းမှာ အဲသည်အချက်က အဓိကအနေနှင့် ပါဝင်ပါသည်။

မောင် ဖြစ်စေချင်ခဲ့သလို ဝဠ္ဍာကို မောင့်အစ်ကို လက်ခံပြေလည်သွားစေဖို့။ ဒုတိယအနေနှင့်ကတော့ မောင့်ရဲ့အရိပ်အငွေ့ကလေးများကို တမ်းဆွတ်စိတ်ပြေလိုစိတ်နှင့် မောင် နေထိုင်ရှင်သန်ခဲ့ဖူးရာ သည်မဲအိမ်မှာ မောင့်ကို လွမ်းဆွတ်သတိရစွာ တစ်ရံမလပ် မောင့်အငွေ့နှင့် မကွဲမကွာ နေထိုင်လိုခဲ့တာကြောင့်ပါပဲ။

တတိယအချက်ဖြစ်တဲ့ ဆွေမျိုးသားချင်းဆိုလို့ တစ်အိမ်ထောင်တည်းသာရှိတဲ့ ဒေါ်လေးတို့ရဲ့ စွန့်ပယ်ခြင်းကို မမှုဘဲမဲ့ ဂျက်စီကာ့ အိမ်မှာလည်း ကြာရှည်မနေထိုင်လို၊ အထီးကျန်အဝနှင့် ရှေ့ခရီးကို ဆက်တဲ့အခါ အစွယ်ငယ်သောမိန်းမငယ် တစ်ဦးအနေနှင့် လုံးဝမသင့်တော်တာမို့ ကွန်းခိုရာ အရိပ်အာဝါသအဖြစ် မောင့်အစ်ကိုရဲ့ အရိပ်အယောင်ကို ခိုမှီဖို့ ဆုံးဖြတ်လိုက်မိတာကတော့ ရင်နာလွန်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို မိုမိုစွင့်ရဖို့ မောင့်ကို ချစ်ခဲ့တာ မဟုတ်တာကို တမလွန်ကနေ မောင် စွဲမြဲယုံကြည်ထားပေးပါနော်။ သည်အချက်က မရည်ရွယ်ဘဲ ပေါ်ပေါက်လာခဲ့တဲ့ ဖြစ်ရပ်ပါပဲ။

မောင် ရှိစဉ်တုန်းက ရည်ရွယ်ခဲ့တာက မောင်နှင့် ဝဇ္ဇာ လက်တွဲနိုင်မှာလျက် နှစ်ယောက်ကမ္ဘာကလေးတစ်ခု တည်ဆောက်ဖို့ပါနော်။

မောင် လက်တွဲဖြုတ်သွားတော့ ကျန်ရစ်ယိုင်ယဲ့သွားတဲ့ ဝဇ္ဇာ့အတွက် ခွေးချယ်စရာ သည်တစ်လမ်းသာ ရှိလို့ပါမောင့်ရယ်။ မောင်လည်း စိတ်ချနိုင်မယ် ထင်ပါရဲ့။

"မမဝဇ္ဇာ ရေချိုးလို့ ရပြီနော်၊ ကျွန်မ အားလုံး စီစဉ်ပြီးပြီ"

"ရှင်"

အခန်းနှင့် တစ်ဆက်တည်း အခန်းတံခါးတစ်ခုမှ ကောင်မလေးတစ်ယောက် ပေါ်လာတာမို့ ဝဇ္ဇာ ခုတင်အား ကြမ်းပြင်မှ မွေးပွကော်ဇောပေါ်မှာ ထိုင်ချပြီး ခုတင်ကို ပြန်မှီကာ ငြိမ်သက်နေရာမှ ထရပ်လိုက်သည်။

"မမ ဘာတွေ တွေးနေတာလဲဟင်၊ ရေချိုးတော့လေ၊ ရေချိုးပြီးရင် ထမင်းစားခန်းထဲ မဆင်းချင်ရင် ကျွန်မလာပို့ပေးမယ်နော်၊ မမ ခေါင်းလျှော်မလားဟင်၊ ကျွန်မ လျှော်ပေးမယ်၊ မမ ဆံပင်ကြီးတွေက အရှည်ကြီးပဲနော်၊ အရမ်းကောင်းတာပဲ၊ ကျွန်မ ဖြီးပေးပါရစေလားဟင်"

ခင်မင်ရိုကျိုးဟန်ကလေးနှင့် လာရောက်ပတ်သက်နေသော ကောင်မလေးကို တအံ့တဩ ငေးရင်းက ငါ့ကို ဖော်ရွေကြီးဆိုသူ ရှိသေးသားပဲဟု စိတ်ကျေနပ်မှုတစ်ခု ရသွားလေသည်။ ဆုံးထောင့်မှန်ကြီး အရှေ့မှာ ဝဇ္ဇာ ထိုင်လိုက်ရင်း ...



"လာလေ ညီမလေး၊ ခေါင်းဖြီးပေးမယ်ဆိုတဲ့ အတွက် ကျေးဇူးပဲကွာ၊ အရင်ကတော့ မမသူငယ်ချင်း ဖြီးပေးနေကျပါ၊ ခု သူ မရှိတော့ ဒုက္ခတွေ့နေတာ အတော်ပဲ၊ အဲဒီဆံပင်ကြီးရှင်းဖို့ မလွယ်ဘူး၊ ခဏခဏ ဖြီးပေးနေမှ မရှုပ်နိုင်မှာလေ"

"ဟယ် ... မမက အရမ်းချစ်ဖို့ ကောင်းတာပဲနော်၊ စကားပြောတာလေးက မာနမရှိပါဘူး၊ ကိုကိုကြီးက သူ့မိတ်ဆွေတွေနဲ့ပြောတော့ မာနကြီးပြီး သိပ်ကြီးကျယ်တဲ့ ကောင်မလေးတဲ့၊ လူကသာ ဘာမှမဟုတ်၊ အဲ ... ဘုရား၊ မဟုတ်ဘူး"

ထစ်အအ,လေး ဖြစ်သွားသော ကောင်မလေးကို ကြည့်ကာ ဝဇ္ဇာ အသံလေးထွက် ရယ်မောလိုက်မိသည်။ မောင် သေဆုံးသွားပြီဆိုတဲ့သတင်း ကြားပြီးကတည်းက အခုအချိန်အထိ ဒါဟာ ပထမဆုံး ရယ်ပြုံးခြင်းပါပဲ။

"ညီမလေးတို့ ကိုကိုကြီးက မမကို အရမ်းမုန်းနေတာ၊ ကဲ ကဲ ... ဆံပင်ကြီး လုပ်ပေးပါဦး၊ ညီမလေး နာမည်က ဘာတဲ့လဲ"

"အမွှေးလေးပါ၊ ခစ် ခစ်၊ နာမည်ရင်းက မွှေးမွှေးတဲ့၊ ဒေါ်ကြီးမိတို့၊ ရွှေလုံးတို့က အမွှေးလေးလို့ ချစ်စနိုးခေါ်တာ"

အမွှေးလေးက ကြိမ်ခုံကလေးပေါ်မှာ ထိုင်နေတာဆောင် မွှေးပွကော်ဇောပေါ် ပုံအိကျနေသော ဝဇ္ဇာ့ဆံပင်ကြီးများ

www.burmeseclassic.com

www.burmeseclassic.com



ကို စိတ်ရှည်ရှည် စတင်ရှင်းလင်းရင်းက ရယ်ကာမောကာ စကား တွေ စဖောင်ကြဲတော့သည်။

အိမ်ကြီးမှာ လူဘယ်နှယောက်ရှိတာ၊ ဘယ်သူက ဘာအလုပ်တွေ လုပ်ရတာ၊တကယ့်အိမ်ကြီးသခင်ကတော့ ကိုကို ကြီးဆိုသော ဦးတည်မြဲနှင့် ကိုကိုလေးဟူသော မောင်တို့နှစ်ဦးသာ ရှိတာ၊ ကိုကိုလေး ရုတ်တရက် ဆုံးပါးသွားတာကို သူတို့တစ်တွေ အံ့သြတုန်လှုပ်ကာ နားမလည်နိုင် ဖြစ်ကြတာ။ ကိုယ့်အလုပ်ကိုယ် လုပ်ရတာကလွဲလို့ သည်အိမ်ကြီး၏ အိမ်တွင်းရေးများကို ဘာမှ သိရှိစပ်စုခွင့် မရှိတာမို့ တိတ်ဆိတ်စွာပဲ ကိုကိုလေး အတွက် ပူဆွေးကြေကွဲကြရတာ။

ဝဥ္စာ မလာခင် သုံးရက်လောက် အလိုကမှ ကိုကိုကြီး က အိမ်အလုပ်သမားတွေ အားလုံးကို ခေါ်တွေ့ကာ သည်အိမ်ကို ကိုကိုလေး၏ဇနီးအနေဖြင့် တိမ်ဝဥ္စာ ရောက်လာမည့်အကြောင်း နှင့် တိမ်ဝဥ္စာကို ဝိုင်းဝန်း အကဲခတ်ပေးကြဖို့၊ ကောင်းကောင်း မွန်မွန် ဆက်ဆံကြဖို့ ပြောဆို အမိန့်ထုတ်ခဲ့တာတွေ အားလုံးကို တစ်ခွန်းမကျန် ပြန်လည် ပြောပြနေသည်။

အမွှေးလေး ပုံစံက စပ်စပ်စုစုလေးမို့ သူသိသမျှ မှတ်မိသမျှ လိုက်လံစပ်စုထားတာတွေကို ဝဥ္စာ့ရှေ့မှာ လူတတ်ကြီး တစ်ယောက်ပမာ ဖွင့်ချနေတော့သည်။ စပ်စုတတ်တာကလွဲလို့ ခင်မင်စဖွယ် ကောင်းလှတာမို့ ဝဥ္စာ ခင်လိုက်မိသည်။ သည်အိမ် ကြီးမှာ ဝဥ္စာ ရင်းနှီးပေါင်းသင်းရဖို့ဆိုတာက အမွှေးလေးတို့ လောက်ပဲ ရှိတာမဟုတ်လား။ ဦးတည်မြဲနှင့် ပြေလည်ခွင့်ရဖို့တော့ အများကြီး လိုပါသေးသည်။



"ရေချိုးတော့လေ မမဝဥ္စာရဲ့၊ ဆံပင်ကြီးတော့ ရှင်းပြီးသွားပြီ၊ အား ... လက်ညောင်းသွားတာပဲ၊ အမှန်ဆို ဒီအချိန်က ထမင်းစားချိန်၊ ခါတိုင်းဆို ဒီအချိန် မောင်းတီးနေကျ၊ ကိုကိုလေး ဆုံးပြီးကတည်းက ကိုကိုကြီးက မောင်းတီးဖို့ မလိုတော့ဘူးတဲ့၊ သူ စားချင်တဲ့အချိန်မှ စားမယ်ဆိုပြီး စားပွဲပေါ်မှာ အမြဲပြင်ထားရတာ၊ မမ ဆင်းမစားရဲရင် ကျွန်မ လာပို့ပေးထားမယ် သိလား၊ အခု ရေချိုးလိုက်တော့နော်"

ဝဥ္စာ ခေါင်းညိတ်လိုက်ကာ ရေချိုးခန်းထဲ ဝင်လိုက် သည်။ ဆပ်ပြာမှုန့်များဖြင့် ပြင်ဆင်ဖွဲ့စည်းထားသော ရေချိုးကြွေ ဇလုံဖြူတစ်ခု။

ပြီးတော့ ရေပန်းတစ်ခု။

ကြွေထည်များဖြင့် ရှင်းသန့်စင်ကြယ်နေသော ရေ ချိုးခန်းထဲမှာတောင် အမွှေးနံ့သာဘူးပေါင်း မျိုးစုံနှင့် စီရီလျက်။

ရေပန်းကို ဖွင့်ချလိုက်စဉ်မှာ အေးမြသော ရေစက် အတွေ့နှင့်အတူ မွှေးပျံ့သော ရနံ့တစ်ခုပါ ရောယှက်ပူးပေါင်း လျက် ကျဆင်းလာသည်။

'အင်း ... ဝဥ္စာရဲ့ ဘဝသစ်တစ်ခုကတော့ ယုံကြည် ရာမကောင်းလောက်အောင် အဆောင်အယောင်များဖြင့် ဆင်ယင် မွမ်းမံထားခဲ့တာပါပဲလား။

မောင်ရယ် ... ဝဥ္စာ ကျောမလုံလိုက်တာ။ ဝဥ္စာ လိုအပ်တာ သည်လို စည်းစိမ်သာယာမှု မဟုတ်ခဲ့ပါဘူး မောင်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ကို ဝဠ္ဍာ ချစ်သော အချစ်တစ်ခုနှင့် ညီမျှသည့် မောင်၏ တန်ပြန် အချစ်များသာပဲ ဖြစ်ခဲ့ပါတယ်နော်။

ဒါကို သိခဲ့လို့လည်း တွေ့စကတည်းက ဝဠ္ဍာနှင့် တန်းတူဖြစ်စေလောက်မည့် အဆောင်အဝါလောက်သာ မောင့်မှာ ရှိခဲ့တာ။ ဝဠ္ဍာ မရဲဝံ့မှာစိုးလို့ မောင့်ကိုယ်ကို နှိမ့်ချနေခဲ့တာပါပဲ။

ပိုးသားစွယ်ကျယ် အနက်ကလေးနှင့် ဘောင်းဘီ အပြာဖျော့ဖျော့ မောင့်ဟန်ပန်က နောက်မှ မြင်လိုက်ရုံနှင့် မောင်မှန်း သိသာစေခဲ့တာ။

ဖြူနုဖွေးဥသော မောင့်အသားအရေနှင့် လတ်ဆတ်ရှင်းသန့်သော မှုပိုင်ဟန်ကလေးကိုတော့ ဝဠ္ဍာ ဖုံးကွယ်မရ။ သိပ်ကို မက်မောမြတ်နိုးခဲ့ရပါသည် မောင်။

ဝဠ္ဍာတို့ ထိုင်နေကျ လူရှင်းချောင်ကျသည့် စားပွဲကလေးမှာ ဝင်အထိုင် တစ်စုံတစ်ခု ထူးခြားနေပြီဆိုတာ ဝဠ္ဍာ ပထမဆုံး သတိထားမိလေသည်။

ဆိချက်စားသည့် တူချောင်းလေးတွေ ထည့်ထားသော ရှည်မျောမျော မြေခွက်ကလေးအောက်မှာ စာအိတ်အဖြူကလေးတစ်ခု ဖိညှပ်ထားသည်။ ဝဠ္ဍာတို့ အလျင်က ထိုင်သွားတဲ့ လူတွေထဲက ကျန်ရစ်ခဲ့တာမျိုး မဟုတ်။

ဝဠ္ဍာတို့ လာထိုင်မှာကို ကြိုတင်သိသူ တစ်ဦးဦးက ဝဠ္ဍာတို့ မလာခင် အချိန်အနည်းငယ်လေးအတွင်းမှာ လာရောက်ထားရှိလိုက်သည့် ဟန်မျိုး။



ဘောင်းဘီကို ဝဲကြည့်တော့ စပ်လှမ်းလှမ်း စားပွဲတစ်ခုမှာ ဝဠ္ဍာတို့ကို ကျောပေးထိုင်နေသော စွပ်ကျယ်အနက်နှင့် ဘောင်းဘီအပြာ ဖျော့ဖျော့ ဝတ်ဆင်ထားသူ လူတစ်ဦးသာ ရှိသည်။

သူကရော ဝဠ္ဍာတို့ကို ကြိုတင်သိထားနှင့်ပြီး လာထားတာဆို သည်ဘက်လှည့်ကြည့်နေရမည်ပေါ့။ ခုတော့ ကျောခိုင်းလျက်။

ဘယ်သူများ လာထားသွားပါလိမ့်။ စပ်စုသော ဂျက်စီကာ တွေ့သွားတော့ မနေနိုင်ဘဲ ...

"ဖွင့်ကြည့်လိုက်မယ်ဟယ်၊ ဘယ်သူသိတာမှတ်လို့၊ နင်က ဘောင်းဘီကို စောင့်ကြည့်ထား၊ ငါ ဖွင့်လိုက်မယ်၊ ရည်းစားစာဆိုရင် ပြန်ထားပြီး မသိချင်ယောင် ဆောင်နေလိုက်မယ်"

"မလုပ်နဲ့ ဂျက်ရယ်၊ စိတ်မဝင်စားဘူး၊ မကြည့်နဲ့"

"ကြည့်မှာပဲဟယ်၊ ကြည့်ချင်တယ်၊ စပ်စုချင်တယ်"

"အေး ... နင့်ကိုပေးတဲ့ ရည်းစားစာဆို နင်ရှင်း"

"နင့်ကိုပေးတာ ဆိုရင်ကော"

"ဂျက်နော်၊ ငါ ဒေါသထုတ်လိုက်ရမလား"

"အံမယ် ... ခြိမ်းခြောက်ပုံကလည်း ရယ်စရာ ကောင်းလိုက်တာ၊ ဒေါသထွက်လာပြီဆိုလည်း ပြီးတာပဲ၊ ဒေါသကို တမင်ထုတ်ဖို့ ကြံရွယ်ချက်လေးနဲ့၊ ဟဲ ဟဲ ..."

လက်မြန်သော ဂျက်စီကာက ဝဠ္ဍာ့ကို နောက်နေရင်းနှင့်ပင် လက်က စာအိတ်လေးကို ဖွင့်ပြီးသား ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အခါမှာတော့ ဝဠာတို့ ဘယ်လိုမှ ထင်မှတ်မထားသည့် စိတ်ကူးယဉ်မှုတစ်ခုကို တွေ့လိုက်ရသည်။

အလွယ်တကူ စိတ်လှုပ်ရှားမှုကင်းသည့် ဝဠာ့နှတ်မှ လှုပ်လှုပ်ရှားရှား အာမေဋိတ်တစ်ခု လွင့်စဉ်သွားအောင်ပင် ထိုအရာက ဆွဲဆောင်မှု ပြင်းလွန်းလှလေသည်။

ဘေးဘီကိုတောင် ငဲ့မကြည့်နိုင်တော့ဘဲ ဂျက်စီကာ့လက်ထဲမှ စာအိတ်လေးကို အမြန်ဆွဲယူ လုကြည့်လိုက်လေသည်။

စာအိတ်ထဲမှာက တုန်လှုပ်ဖွယ်ကောင်းလှသည့် ပစ္စည်း တစ်စုံတစ်ရာတော့ ရှိမနေခဲ့ပါ။

သို့သော် ဝဠာ၏ နှလုံးသားတစ်စုံကို လှုပ်ရှားခြင်းသို့ ဆွဲယူပို့ဆောင်လိုက်နိုင်သော အရာတစ်ခု ရှိနေခဲ့သည်။

အဲသည်အရာလေးကတော့ ဓာတ်ပုံလေးတစ်ပုံ။ ရုတ်တရက် ကြည့်လိုက်လျှင်တော့ လူတစ်ကိုယ်လုံး ပျောက်နေသလို ဖြစ်ကာ ဒူးကောက်ခွက်အထိ ရှည်လျားဖြာဆင်းကျနေသော ဆံပင်နက်များသာ ဓာတ်ပုံထဲမှာ လွှမ်းမိုးနေခဲ့လေသည်။

အတိအကျ ဆိုရလျှင် ဝဠာ့ ဆံပင်ကြီးများပဲပေါ့။

ဝဠာ့ရဲ့ နောက်ပိုင်းကနေ တိတ်တဆိတ် ရိုက်ယူထားခဲ့သော လူတစ်ယောက်သည် ဝဠာ့ နောက်မှာ အမြဲရှိနေနိုင်သလား။ ဝဠာ့ကို စဉ်းစားမှုတွေ ပေးခဲ့သောလူသည် ဘယ်သူများပါလိမ့်။



ဝဠာ ခေါင်းကလေးလှည့်ကာ ဟိုသည် ရှာဖွေမိသေးသည်။ ဝဠာ့အတွက် သံသယပေးနိုင်မည့်သူ တစ်ဦးတလေမှ ရှိမနေခဲ့။

ဝဠာတို့ကို ကျောခိုင်းထားသော ပိုးသားစွပ်ကျယ်အက်နက်နှင့် ဘောင်းဘီပြာဖျော့ ဝတ်ဆင်ထားသည့် လူတစ်ဦးကသွဲလို့ပေါ့။

"အနောက်မှာ ... အနောက်မှာ ဝဠာလေး"

ဂျက်အသံ တိုးညက်ညက်လေးကြောင့် ဂျက်ကြည့်ရာနေရာကို ဝဠာ အမြန်ဆုံး လှည့်ကြည့်လိုက်သည်။ ဓာတ်ပုံနောက်ကျောဘက်မှာ ...

"မြတ်နိုးနေသည်"

ဆိုသော စာတန်းငယ်လေးက ဝဠာ၏ နှလုံးခုန်ခြင်းများကို ပူနွေးသွားစေခဲ့သည်။

အမှန်ဆို ဘယ်သူမှန်း ဘယ်ဝါမှန်း ဘာမှမသိနိုင်ဘဲ တိတ်ဆိတ်သော ပတ်ဝန်းကျင်မှာ စွပ်ကျယ်နှင့် ဘောင်းဘီဝတ် ကျောခိုင်းနေသူတစ်ဦးနှင့် ဘာမှလဲ မဆိုင်ဘဲ လွယ်ကူစွာကြည့်မွေ့လှုပ်ရှားသွားမိခြင်းကို ဝဠာ နောင်တရသင့်သည်။

ဝဠာ့ဘဝမှာ ဒါမျိုး စိတ်ကူးယဉ်ခွင့်ရဖို့ အခြေအနေအချိန်အခါ မရှိသင့်ဘူးပဲ။ ဝဠာ တစ်ဦးတည်း တည်ဆောက်ရမည့် ဘဝအိမ်ကလေးတစ်ခုအတွက် ဝဠာ ရှန်းကန်လှုပ်ရှားနေရချိန်သာ ဖြစ်ရမည်။

သို့သော် ထိုစဉ်က ဝဠာတို့ကို ကျောခိုင်းလျက် လက်ထဲမှ မှန်ငယ်ကလေးတစ်ချပ်ဖြင့် စောင့်ကြည့်နေခဲ့သော သိပ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်တတ်သူ လူငယ်ကလေးတစ်ဦးသည် နောင်တွင် ဝဠာ့ ဘဝခရီးလမ်းမှာ မြတ်နိုးစရာ အကောင်းဆုံးသော၊ အားကိုးစရာ အကောင်းဆုံးသော "မောင်"အဖြစ် ပါဝင်ရောက်ရှိလာလိမ့်မည်ဟု ဝဠာ မမျှော်လင့်ခဲ့ဘူးပေါ့ မောင်ရယ်။

❧ ၆ ❧



## အခန်း(၃)

ဝဠာ့ရဲ့ ဘဝသစ်တစ်ခုဟာ အဆင်ပြေ ချောမွေ့ခြင်းများဖြင့် ...န်းရုံခံစားလာခဲ့လိမ့်မည်ဟု ဝဠာ မထင်ထားခဲ့ပါ။

မနက် မိုးလင်းတာနဲ့ အမွှေးလေး သယ်ဆောင်လာတဲ့ အစားအသောက်တွေ အဆင်သင့်စား၊ ပြီးရင် ဝဠာ့အတွက် အသက်ရှင်ခြင်းက အလုပ်တာဝန် ကင်းလွတ်စွာ အလျားရှည်။

နေ့လယ်စာ အမွှေးလေး လာပို့တဲ့အခါ စား၊ ဗီဒီယိုအခွေတွေနှင့် ဆက်လက် နပန်းလုံး။ ညနေစာ အမွှေးလေး ယူလာတော့ စား။

သည်လိုနဲ့ တစ်နေ့တာ ကုန်ဆုံးသွားရလျက် သည် အခန်းကျယ်ကြီးရဲ့ အဆောင်အဝါအောက်မှာ အနေကျုံ့လာရသော ဝဠာ သုံးရက်မြောက်လာတဲ့အထိ ဦးတည်မြဲနှင့် မျက်နှာချင်းတောင် မဆိုင်ရသေး။

လိုလေသေးမရှိ ပြီးပြည့်စုံသော မောင့်ဇနီး အမြဲ အားပေးရုံနှင့် ဦးတည်မြဲက တာဝန်ကျေပြီလို့ သတ်မှတ်ထား သလား။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို တစ်အိမ်တည်း ရှင်သန်သွားရမည့် မောင်နှင့် ပတ်သက်ပြီး ကျန့်ရစ်သူ လူသားနှစ်ဦးဟာ အနည်းအကျဉ်းတော့ ရင်းနှီးမှု မရှိသင့်ဘူးလား။

အို ... သေတော့မှာပဲ။ ဦးတည်က ဝဠာ့ကို လိုလားခဲ့သူမှ မဟုတ်ဘဲကွယ်။ ဒါဆိုရင် အိမ်အလုပ်သမားတွေနှင့်လောက်တော့ ရင်းနှီးမှု ရှိသင့်ရမှာပေါ့။

သည်အခန်းထဲမှာ စက်ရုပ်ငယ်တစ်ခုလို အမြဲနေသွားရတော့မှာလား။ သူ မဖိတ်ခေါ်လည်း ဆင်းမယ်ဟု မိုက်ကန်းစွာ တွေးခေါ်လိုက်ကာ လေးရက်မြောက် မနက်ခင်းတစ်ခုမှာ ဝဠာ အောက်ထပ်သို့ ဆင်းလာခဲ့တော့သည်။

ကျယ်ပြန့်ကြီးမားသော အခန်းပေါင်းများစွာ တိတ်ဆိတ်ထည်ဝါသော အဆောင်အယောင်တွေ။ ရိုးသားစွာ ဝန်ခံရလျှင် ဦးတည့် အခန်းမပြောနှင့် ...

ထမင်းစားခန်းသို့ ရောက်အောင်ပင် ဘယ်လိုသွားရမှန်း ဝဠာ မသိပါ။ အင်း ... ဧည့်ခန်းကိုတော့ သွားတတ်ရမည်။ ပထမဆုံးနေ့က ဧည့်ခန်းကနေ ဝဠာ့ အခန်းရှိတဲ့ အပေါ်ထပ်ကို သွားခဲ့ရတာ မဟုတ်လား။

ဝဠာ ခပ်မှန်မှန်ကလေးနှင့် ဧည့်ခန်းထဲ ရောက်သွားရတော့ ရင်ကော့ချင်သလိုတောင် ဖြစ်သွားရသည်။

ဝဠာ ထိုင်ခဲ့ဖူးသည့် နေရာမှာပဲ ကိုယ်လုံးကလေး မြုပ်သွားအောင် ဝင်ထိုင်ရင်း လိုအပ်တာထက် များစွာ ပို၍တိတ်ဆိတ်ခြောက်သွေ့လွန်းတာကို သဘောမကျနိုင် ဖြစ်နေရသည်။



အသံဆိုတာကို လိုက်လံရှာဖွေရမလိုတောင် ဖြစ်နေ တော့တာ။ ခြံထဲဆင်းသွားနိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ယ်ပြန့်သော မိုးကောင်းကင်ကြီးနှင့် ပန်းရနံ့များ၊ ပန်းပွင့်များ ပြင်ပကမ္ဘာနှင့် ဝဠာ့ကို ဆက်စပ်ပေးနိုင်မှာ။

သည်အိမ်ကြီးကတော့ ရှမောင့် အငွေ့အသက်လေးကို းယူခံစားနိုင်တာကလွဲလို့ ဝဠာ့အတွက် လူပီသစေမှု မပေး ။

အို ... ဝဠာ သည်အိမ်ကြီးမှာ နေထိုင်လိုက်တာ ယွင်းနေပြီလား။ လူအများနှင့် ရောယှက်ဆက်နွယ်ပြီး သာမန် သားဟာတစ်ဦးအဖြစ် ဝဠာ ရပ်တည်လှုပ်ရှားချင်ပါသည်။

ဒေါ်လေးတို့အိမ်ကတော့ ဝဠာ ဘယ်တော့မှ စိတ် းတော့သည့် ပြန်လမ်းပဲ ဖြစ်သည်။ သူတို့ကလည်း ခါးခါး သီးကို ငြင်းဆန်လက်မခံရှိတော့မှာ။

သည်အခွင့်အရေးကို သူတို့ ကာဝစဉ် ချောင်းမြောင်း ကွက်ဆင်နေခဲ့တာ မဟုတ်လား။ ဝဠာ သူတို့အိမ်ရိပ်ကနေ ို့ကိုလေ။

ဂျက်တို့အိမ်မှာလည်း ဆက်လက်မမှီခိုချင်တော့။ က် တစ်မျက်နှာကလွဲလို့ ဂျက် မိသားစုက ဝဠာ့ကို ကြာရှည် ယ်တာဝန်ယူနိုင်ပါ့မလဲ။

မကြည်ဖြူမှုဆိုတာကို အသက်နဲ့အမျှ ခံစားလာရ ပြီ့ပြီမို့ မခံစားချင်တော့ပါ။ ဂျက်မိဘတွေ မကြည်ဖြူ မပြစ်ခင် ဝဠာ ထွက်ခွာလိုက်တာကတော့ မှန်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တစ်ဦးတည်း ရပ်တည်ဖို့ မကြိုးစားခဲ့ဘဲ ဘာကြောင့်များ သည်အိမ်ကို လာခဲ့မိပါလိမ့်။ ဒါဟာ မောင့်စွမ်းအင် တစ်ခုတည်းပါပဲ မောင်ရယ်။ တခြား ဘာမျှော်လင့်ချက်မှ မပါဘူးဆိုတာ မောင် ယုံပေးစမ်းပါ။

ဝဠာ့ဘဝကလေးမှာ မောင့်အရိပ်ကလေးတစ်ခု ပါဖို့ ကလွဲလို့ ဝဠာ ဘာမှမမျှော်ကိုးဘူးနော်။

အဲသည်လို ဦးတည် ယုံကြည်ပေးရင် ဘယ်လောက် ကောင်းလိုက်မလဲကွယ်။

"ဩော် ... မင်းက ဒီရောက်နေတာပဲ"

ရုတ်တရက် ထွက်ပေါ်လာသော ဦးတည့် အသံကြောင့် ဝဠာ တုန်ခနဲလေးဖြစ်ကာ အဲသည်လို ပျော့ညံ့သွားရတာကို မကျေမနပ်နှင့် မြုပ်နေရာကနေ တောင့်တောင့်ပြန်ထိုင်လိုက်သည်။

တည်မြဲသော တိမ်ဝဠာ ဆိုသူလေးကို ကြည့်ရင်းမှ ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။ သူမ ဘယ်လိုခံစားနေရမှာပါလိမ့်။

အရာရာကို ထွင်းဖောက်နားလည်တတ်သူဟု ကျော်ကြားသော တည်မြဲအဖို့ သည်ကလေးမနှင့်ကျမှပဲ အံ့သြစရာကောင်းလှအောင် အကဲခတ် မလွယ်ကူ ဖြစ်နေတော့သည်။

သိပ်ဟန်ဆောင်ဖုံးကွယ်တတ်သော မျက်နှာဖုံးတစ်ခုနှင့် မိန်းကလေးလေ။ သူမ၏ ခံစားချက်ကို လူရှေ့မှာ အလွန်ထိန်းသိမ်းတတ်ကျင့် ရနေခဲ့သလိုပဲ။ သူမနှင့် ဆက်ဆံရာမှာ နေကလေးရော ဘယ်လိုခံစား ရင်ဆိုင်ခဲ့ရမှာပါလိမ့်။



သိုးကလေးလို ဖြူစင်မွန်မြတ်ပြီး နူးညံ့ကြင်နာတတ်သူ နေကလေးကတော့ အရာရာကို သူမကိုပဲ အလျှော့ပေးခဲ့မှာ၊ သူမကပဲ ဦးဆောင်ပဲ့ကိုင်သွားမှာ နေမှာပေါ့။

နေကလေး သူမထံမှာ ကျဆုံးခဲ့ပုံက တစ်သက်လုံး ချစ်ခင်ကိုးစား ရိုကျိုးခဲ့သော အစ်ကိုကြီးကိုတောင် ဆန့်ကျင်သွားခဲ့တာ။

သူမနှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိ မခံနိုင်အောင်ကို နေကလေး ရှိနေခဲ့တာ။ အစ်ကို့ကိုတောင် ရင်ဆိုင်ဆွေးနွေးခဲ့တာ။

မိဘနှစ်ပါး ဆုံးပါးကွယ်လွန်ခဲ့ကတည်းက မွေးမြူဆောင့်ရှောက်လာခဲ့သော ကိုယ့်အစ်ကို လက်ပေါ်မှ နေကလေး ခုန်ဆင်းရုန်းခဲ့အောင် သည်ကောင်မလေး ဖမ်းစား ချည်နှောင်ထားနိုင်ခဲ့တာ ဖြစ်သည်မို့ အရည်အချင်းကတော့ သေးမှာတော့မဟုတ်။

အခုလို ရင်ဆိုင်ရချိန်မှာမှ သူမရဲ့ ပထမဆုံး ခြေလှမ်းလောက်ပဲ ရှိသေးသည့် သူမ၏ အစွမ်းအစတွေကို အမြင်စာတ် လက်မခံချင် ရှိသည့်ကြားမှ တည်မြဲကိုယ်တိုင် မြင်တွေ့လက်ခံပေးနေရတော့သည့် အဖြစ်က ရယ်မောပစ်စဖွယ် ကောင်းသလို အောက်ကလိအာလည်း ဖြစ်စေလေသည်။

"မင်း ဒီအိမ်မှာ မင်းစိတ်ကြိုက် လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေနိုင်တယ်နော်၊ ဒါ မင်းခင်ပွန်းရဲ့အိမ်ပဲ၊ မင်း ပိုင်ဆိုင်ခွင့်တောင် ရှိလာရဦးမှာ"

www.burmeseclassic.com

www.burmeseclassic.com



တွေ့လား။ ဝဠ္ဍာရင်ထဲကို အကြိတ်အ အစအ လေးတွေ တစ်စထက်တစ်စ ကြီးမားရင့်သန်လာစေအောင် သူ ဖန်တီးနေတာ။

မောင့်ပစ္စည်းကြွယ်ဝမှုတွေဟာ ဝဠ္ဍာနဲ့ လုံးဝမဆိုင် တာ။ ဝဠ္ဍာ ပိုင်ဆိုင်တာက မောင့်အချစ်တစ်ခုတည်းပဲ ဆိုတာ ရှင် နားမလည်သမျှ ရှင်ဟာ ကျွန်မရန်သူပဲ ဖြစ်လာတော့မှာ ဦးတည်။

ကျွန်မကို အနည်းငယ်မျှသော အထင်ကြီးမှုလေး တောင် ရှင် ပေးဖို့ဝန်လေးနေခဲ့တာ ပြေလည်မှုလမ်းစကို ရှင် တွန် ချေ ပစ်နေတာပေါ့။

"ကျွန်မ တစ်ခုပြောချင်တယ် ဦးတည်၊ ကျွန်မပြော စကားကို ဘာသံသယ ဘာအထင်မြင်မှ မပါစေဘဲ ဖြူဖြူ စင်စင် ကူညီပေးတယ်လို့ သဘောထားပေးပါ၊ ကျွန်မကို အလုပ်တစ်ခု ပေးနိုင်မလား ဦးတည်"

"ဘာ ..."

သိပ်ထူးခြားဖို့ မကောင်းလှပါဘဲ တည်မြဲ အံ့သြသွား ခဲ့သည်။ တည်မြဲဆီမှာ အလုပ်တောင်းတာရယ်၊ ဦးတည်ဆိုတဲ့ အခေါ်ရယ်။ ဘာသဘောထားနှင့် သူမ ပြောလိုက်တာလည်းဆို တာတောင် ဆန်းစစ်မနေတော့ဘဲ မျက်နှာတည်ကလေးကိုလည်း ခံပြင်းမှု သိပ်မပါတော့ဘဲ တည်မြဲ စိတ်ဝင်တစား နားထောင် ပေးဖို့ ဆုံးဖြတ်လိုက်သည်။

"ဆိုစမ်းပါဦး၊ မင်း ဘာအလုပ်လိုချင်တာလဲ"

"ကျွန်မ ကျောင်းတွေ ပိတ်ထားခဲ့ ချင်ပါတယ်၊ ဒီအတိုင်းကြီး ထိုင်မစားချင် ဖြစ်နိုင်ပါ က ကျွန်မ လုပ်အားတစ်ခုခု ပါဝင်ပြီးမှ ထမင်းကို စိတ်သန့်စားဝင်မှာပါ၊ ကျွန်မကို တာဝန်နိမ့်းက ပေးစေချင်ပါတယ်"

တည်မြဲ မျက်ခုံးတွေ တွန့်တက်ကုန်ရလျက် ကိုယ် နှာတောင် စိတ်ဝင်စားမှုဖြင့် တောင့်မတ်သွားခဲ့သည်။

လုံးဝ ထင်မှတ်မထားလိုက်တဲ့ စကားလေးတွေပါ ဲ မယုံမကြည် သံသယသွင်းဖို့တောင် သတိဝင်ချိန် မရလိုက်။

သည်မိန်းကလေး စိတ်ထားအမှန်နှင့် အလေးအနက် ပြောနေတယ်ဆိုတာကို ထွင်းဖောက်မြင်စွမ်းသော တည်မြဲ သည် တစ်ခါမှာတော့ အကဲခတ်နိုင်ခဲ့သည်။

သူမလေး ဟန်ဆောင်မှု မျက်နှာဖုံး မပါဘဲ ဆိုလို က်တာမို့လည်း လွယ်ကူစွာ သိမြင်ယုံကြည်လိုက်မိတာ။ မာယာ ာ အမည်မတပ်ဖြစ်တော့တာကိုလည်း ဂင်တာ မဖြစ်မိတော့။

သည်တစ်ခါတော့ မင်း တစ်မှတ်ရသွားပြီ တိမ်ဝဠ္ဍာ။

"အမှန်အတိုင်း ပြောရရင် မင်းလို မိန်းကလေးနှုတ်က ဒီ စကားမျိုး ပြောလိုက်တာ အံ့သြရမှာပဲ တိမ်ဝဠ္ဍာ၊ မင်း အလွယ်တကူ ရနိုင်မဲ့ စည်းစိမ်ဥစ္စာတွေ ..."

ဝဠ္ဍာ အံကလေးကြိတ်ကာ ဦးတည်ကို စူးနေအောင် ကြည့်ပစ်ရင်း နှုတ်ခမ်းချပ်ကလေး စေ့သွားတော့သည်။

ကုန်ခန်းလုလု ခြောက်သွေ့သွားတဲ့ စိတ်ဓာတ်တွေ က ဘယ်လိုမှလဲ မစိုပြည်နိုင်တော့ပါဘူး ဦးတည်။

www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝဠာ ကို အပြည့်အဝ သံသယတွေ ရှိနေခဲ့တာတွေ မမြင်နိုင်တော့အောင် ရှင့်ကို အဲသည်သံသယသူ ဖန်တီး နေခဲ့တာ။

အေးလေ ... နေကလေးရဲ့ ဖန်းတစ်ယောက် တောင်းဆိုတဲ့ကိစ္စကို ငါ အလေးအနက် စဉ်းစားပေးရမှာပေါ့၊ မင်းလိုချင်တဲ့ အလုပ်ကို ငါ ဖန်တီးပေးရမှာလား၊ ငါပေးတဲ့ အလုပ်ကို မင်းက လုပ်မှာလား"

"ဦးတည်ပေးတဲ့ အလုပ်ကိုပါ"

"အိုကေ ... မင်း ပျော်ပျော်နေနိုင်တယ် တိမ်ဝဠာ၊ နေကလေး ဆုံးထားလို့ မှိုင်တွေနေရမယ်ဆိုတဲ့ သတ်မှတ်ချက်နဲ့ နေစရာ မလိုဘူး၊ ငါ နားလည်တတ်ပါတယ် ဟုတ်လား၊ လိုအပ်တာရှိရင် ငါ့ရုံးခန်းကို ဖုန်းဆက်ပေါ့"

သည်မိန်းကလေး ဒန်နီရယ်လ်လို ဟုတ်နိုင်ပါ့မလား ဆိုသော တွေဝေမှု အလွယ်တကူ ဝင်ရောက်လာရခြင်းကို နားမလည်နိုင်စွာ မနှစ်မမြို့ ရှိသွားရလျက် တည်မြဲသာ မှုန်တည်ကြီး ဖြစ်သွားရတော့သည်။

ဖြူစင်အပြစ်ကင်းတဲ့ မိန်းကလေးဆိုတာ လောကကြီးမှာ လုံးဝမရှိနိုင်ဘူးဟု အသားလွတ် တစ်ယူသန် ယူဆစွဲမှတ်ထားခဲ့တာမှ မဟုတ်ဘဲ။

ကိုယ်တိုင် ကြုံတွေ့ခဲ့တဲ့ မိန်းကလေးတွေထဲမှာ ဒန်နီရယ်လ်က အကြီးမားဆုံးသော သာကေဖြစ်ခဲ့တာမို့ မိန်းမဆိုဘယ်မိန်းမကိုမှ ယုံကြည်လို့ မရနိုင်တော့တာ တည်မြဲ မမှားဘူးထင်သည်။



သည်မိန်းကလေ တိမ်ဝဠာရဲ့ ချဉ်းကပ်နည်းမာယာက ဒန်နီရယ်လ်နှင့် အသွင်ကွဲသွားတာလည်း ဖြစ်နိုင်သည် မဟုတ်လား။

အဲသည်လို ခံယူလိုက်စမ်းပါ။ တိမ်ဝဠာလို မိန်းကလေးကို အလွယ်တကူ ယုံကြည်လို့ မဖြစ်ဘူး။ သူမကို စမ်းသပ်မှုတွေ မြောက်မြားစွာနှင့် ဆန်းစစ်ရဦးမည်။

"ညီ သိပ်ချစ်မြတ်နိုးတဲ့ မိန်းကလေးဟာ သိပ်ဖြူစင်ပါတယ်၊ သူ ညီ့ဆီက ဘာကိုမှ မမျှော်ကိုးတဲ့ အဖြူထည်သက်သက်နဲ့ ချစ်ရှာတာ"

လို့ နေကလေး ပြောသွားခဲ့တာကို ကိုယ်တိုင်ယုံကြည်လက်ခံနိုင်ဖို့ အများကြီး လိုအပ်သေးသည်။

အိမ်ပေါ်ခေါင်းခြင်းရဲ့ အဓိက ရည်ရွယ်ချက်ဟာ အဲဒါပါပဲ။

သည်နေ့ကတော့ တည်မြဲက စတင်၍ မစမ်းသပ်သေးဘဲ သူမက စတင်ဖန်တီးခဲ့ခြင်းသည် သူမအဖို့ အမှတ်ရများတာ မှန်သော်လည်း ဒါဟာ ပကတိဆန္ဒလား၊ မာယာလား သေချာမသိနိုင်။

အလုပ်တောင်းစဉ် အချိန်တိုကလေးအတွင်းမှာ အခင်ထည်ဝါ မာနကြီးပြတတ်နေကျ မျက်နှာဖုံးအလွှာလေး လှလွင့်နေသည်ဟု ယုံကြည်ချင်မိတာကို ယုံကြည်မလွယ်ကူလိုက်ကြိုးစားနေရခြင်းက ပင်ပန်းလှသည်။

သံသယဆိုတာ မီးတစ်မြိုက်ပါပဲ ။ ငါညီချစ်တဲ့မင်းကို မီးနဲ့မြိုက်သလို ဖြစ်ရတာကတော့ စိတ်မကောင်းဘူး

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒါပေမဲ့ ငါကလည်း ငါ့ခံယူချက်နဲ့ငါ၊ ငါ့ခံစားချက်နဲ့ ငါ ပဲပေါ့။

မိန်းကလေး တစ်ယောက်ကို အလွယ်တကူ ယုံကြည် အထင်ကြီးချင်စိတ် မရှိတော့အောင် ဒန်နီရယ်လ်ဆိုသော မိန်းမ တစ်ဦးက အပြည့်အဝ သင်ခန်းစာပေး သက်သေပြသွားခဲ့တာဆို တော့ နာကြည်းစက်ဆုပ်ဖွယ်ကောင်းတဲ့ မိန်းမတစ်ဦးဟာ မိန်းမ တိုင်းကို နားလည်ခက် သံသယထားတတ်သွားအောင် အပြီးသင် ပေးသွားခဲ့တာလေ။

❧ ၉ ❧



သိပ်သွက်လက်လွန်းသော ဒန်နီ့ကို တည်မြဲစွဲလမ်း [illegible]တာကတော့ အမှန်ပါပဲ။

ငယ်စဉ်ကတည်းက ဆုံးပါးသွားခဲ့သော မိဘနှစ်ဦး [illegible] နေရာမှာ ဝင်ရောက်ခဲ့ရသည့်အရှိန်ဖြင့် ညီလေး နေကလေး [illegible] ဦးဆောင်ရှေ့ရှုက် ပြုသွားရင်းမှ တည်မြဲဘဝက လူကြီးဆန် [illegible]ထီးကျန်လာခဲ့ရသည်။

ဘွဲ့ရပြီးတာနှင့် လုပ်ငန်းတွေ အားလုံးကို စီမံအုပ် [illegible] ခန့်ခွဲရခြင်းက တည်မြဲအတွက် ဘဝတစ်ခုလို ဖြစ်ခဲ့ရသည် [illegible] ဘဝဆိုတာကို ရေရေလည်လည် တွေးတောဆန်းစစ်နေချိန် [illegible]အောင် မရနိုင်ဘဲ ဘဝဆိုတာ အဲသည် လုပ်ငန်းတွေနှင့် ညီက [illegible]ားပဲလို့ နားလည်တတ်ခဲ့သူ။

တည်းခိုခန်းတွေ၊ လုပ်ငန်းအစုရှယ်ယာတွေကြားမှာ [illegible]ရာဝင် အုပ်ချုပ်ခဲ့ရချိန်က ငယ်ရွယ် နုပျိုလွန်းပေမဲ့ ရင့်ကျက်မှု [illegible]ပြည့်အဝ သွင်းထားရချိန် ဖြစ်ခဲ့သည်။

တချို့နေရာတွေမှာဆို တမင်တကာတောင် စီးပွား [illegible]းလာဘ်ရှိသူ၊ ထက်မြက် အရေးပါလှသူအဖြစ် ပုံဖော်ခေါ်ဆိုင် [illegible]ခဲ့တာမို့ အသိုက်အဝန်း ပတ်ဝန်းကျင်မှာ နေရာရခဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



အရာရာတွင် ထွင်းဖောက်နားလည် သိမြင်တတ်သူ ဟု ထင်ရှားတာမို့ စီးပွားရေးလောကမှာ ဘယ်သူကမှ တင်စီးကျော မောသွားလို့ မရလောက်အောင် ရှိသေလေးစားခံခဲ့ရသူ။

အဲသည်သူတစ်ယောက်ဟာ မမျှော်လင့်ဘဲ မိန်းမ တစ်ယောက်ရဲ့ လိမ်လှည့်ဖြားခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

ဒန်နီ ဝင်ရောက်လာခဲ့ခြင်းကို ဘာသံသယမှ မမြင် နိုင်ခဲ့အောင်ပင် တည်မြဲ စွဲလမ်းမက်မောခြင်းတို့ ကြီးစိုးခဲ့သည်။

ကိုကိုဟု ချွဲနွဲ့ခေါ်ငင်သော ဒန်နီ့ အသံတွေ၊ ပွတ် သီးပွတ်သပ် မှီနွဲ့တတ်သော ဒန်နီ့ အပြုအမူတွေ၊ ကလေးဆန် သွက်လက်တဲ့ ဒန်နီ့ စကားတွေ၊ ကြွေရုပ်တစ်ရုပ်လို ချောမွေ့သော ဒန်နီ့ ရုပ်ရည်တွေက တည်မြဲကို မြွေတစ်ကောင်လို ရစ်ပတ်နှောင် ချည်နိုင်ခဲ့သည်။

အဲသည် ရစ်ပတ်မှုတွေက ဆင်ခြင်တွေးခေါ်မှုတို့ကို လည်း ပျောက်ဆုံးစေကာ အရူးအမူး ဖြစ်စေခဲ့တော့သည်။

တည်မြဲရဲ့ လုပ်ငန်းဆိုင်ရာ နေရာအားလုံးကို ဒန်နီ တကောက်ကောက် ပါဝင်ပတ်သက်လာခဲ့တော့ တည်မြဲ မိတ်ဆွေ အားလုံးကလည်း ရိပ်မိနေခဲ့ကြသည်။

အလုပ်ချိန် သိပ်တိကျသော တည်မြဲ အတွက် ဒန်နီရဲ့ ဖုန်းခေါ်သံတစ်ချက်က ချိန်းဆိုချက်တွေကို ပယ်ဖျက် လစ်ဟင်းစေတဲ့ အထိ ဒန်နီ စွမ်းဆောင် ချည်နှောင်လာခဲ့လေ သည်။

ဒန်နီနဲ့အတူ လည်ပတ်သွားလာ ပျော်ပါးရတဲ့ အချိန်ကလေးတွေကို ခုံမင်မက်မောတတ်လာသော အရေအတွက်



များလာသောအခါ တည်မြဲ ဒန်နီ့ဆီက လက်ထပ်ခွင့် တောင်းခဲ့ တော့သည်။

ဒန်နီရဲ့ အလွယ်တကူ လိုက်လျောမှုကြောင့် လက် ထပ်ပွဲတစ်ခု လျင်မြန်စွာစီးစွာ ပေါ်ထွက်ခဲ့ရလျက် ဒန်နီ့ဘက် မှာ ခြွေရံသင်းပင်း ရှားပါးကာ မိဘမဲ့ဖြစ်နေခဲ့တာကိုပင် သံသယ အားဖို့ ဝေးလို့ တည်မြဲ အကြင်နာတွေ ပိုကျခဲ့ရလေသည်။

လက်ထပ်ပြီး တစ်လတောင်မကြာ။ ဒန်နီ့ ခြေလှမ်း တွေ ပျက်ခဲ့တော့သည်။ တည်မြဲ စိတ်တိုင်းမကျလောက်အောင် င် အပြစ်မျိုးစုံ ရှာဖွေဖန်တီးကာ အဆိုးရွားဆုံးကတော့ ယောကျ်ား တစ်ယောက်နှင့် လွန်လွန်ကဲကဲ တွဲသွားတွဲလာ ပြုနေခဲ့ခြင်းပါပဲ။ ချစ်လွန်းစိတ်နှင့် ခွင့်လွှတ်ဖို့ ကြိုးစားခဲ့တိုင်း ...

"ကိုကို ခွင်မလွှတ်နဲ့၊ စိတ်တိုင်းကျ ဒန်နီ့ကို စွပ်စွဲ၊ ကိုကို ကြိုက်သလို စီရင်၊ ကွာရှင်းဆိုလည်း ဒန်နီ့ကို ကွာရှင်းသွား"

ဟု လက်တွဲဖြုတ်ဖို့ စကားတွေ တစ်စထက်တစ်စ ဆိုလာတော့မှ သံသယ အနည်းငယ် ဝင်လာခဲ့တော့တာ။ ဒန်နီ ကိုယ့်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားဟု ပြန်ဆန်းစစ် တွေး တောမိချိန်မှာမှ ဒန်နီ့ ခြေလှမ်းများကို မြင်တွေ့လာခဲ့တော့သည်။

ကွာရှင်းဖို့ကို အမြဲတမ်း စောင့်စားနေဟန်နှင့် ဟက် ကော်လိုက်လုံမှု မရှိတော့တဲ့ ဒန်နီ့ အပြုအမူတွေက အပြောင်းအလဲ မြန်ဆန်လွန်းတာမို့ နားမလည်နိုင်သေးခင်မှာပဲ အဆိုးရွားဆုံး ဒန်နီက ဖောက်ခွဲပစ်ခဲ့သည်။

တည်မြဲ ပြန်ချိန်နှင့် အံကိုက် အကွက်ကျကျ အိပ်ခန်း ထဲမှ ထွက်လာသော ဒန်နီနှင့် ယောကျ်ားမိမ်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ ဖရိုဖရဲ မြင်ကွင်းက ဒန်နီ့ စိတ်တိုင်းကျ တည်မြ
မှာ ပေါက်ကွဲစေခဲ့ပါသည်။

အဲသည်နေ့က ဒန်နီနှင့် တည်မြဲ နောက်ဆုံးစကား
များရသောနေ့လည်း ဖြစ်ခဲ့သည်။ စကားများတယ်ဆိုတဲ့ နေ
မှာလည်း အစစအရာရာ ဖြူစင်ကောင်းမွန်ခဲ့သော တည်မြဲဘက်
မခံမရပ်နိုင်အောင် ဒေါသပြင်းထန် နက်နဲစေခဲ့ခြင်းပါပဲ။

အဆုံးစွန် ဒန်နီ့ကို ပါးရိုက်ပစ်လိုက်ဖို့တောင်
ရွယ်ခဲ့မိသည်အထိ နာကြည်းခံပြင်းခဲ့သည်။

"ဒန်နီ့မှာ အပြစ်ရှိတယ်ဆိုရင် ကိုကို ကွာရှင်းလိုက်

သရော်ရယ်မောတဲ့ မခိုးမခန့် မထီတရီလိုလို၊
ဖီလှုပ်ရှားတဲ့ တင်းမာခြင်းလိုလိုနှင့် အရိပ်အစများ ပြန့်ကျဲ
သော ဒန်နီ့ မျက်နှာကို တည်မြဲအတော်လေး ခံရခက် ရင်
ရဖူးသည်။

"ကွာရှင်းမယ်ကွ၊ ငါ နွားတော့ မဟုတ်ဘူး၊ မင်းကို
ပေါင်းနေရလောက်အောင် ငါ နွားကျလိမ့်မယ် မထင်

အလွယ်တကူ တည်ဆောက်ခဲ့သော အိမ်
တစ်ခုက အလွယ်တကူပဲ ပြီးဆုံးပျက်စီးသွားခဲ့ရသည်။

သို့သော် ကွာရှင်းခါနီးမှ ဒန်နီ့ လှည့်ကွက်
ကျကျနန ဝင်ရောက်ခဲ့မိသော ကိုယ့်အဖြစ်ကို ကိုယ်သိရှိရ
သည်။

ကွာရှင်းလိုက်တဲ့အတွက် ဒန်နီ့ဘက်က နစ်နာ
အဖြစ် လျော်ကြေးငွေကို ရှေ့နေရှေ့ရပ်နှင့် တောင်းဆိုလာ
ပါပဲ။



အဲဒီလို လျော်ကြေးပေးမှ ဒန်နီ့ဘက်က ကွာရှင်း
စာချုပ်မှာ လက်မှတ်ရေးထိုးနိုင်မည်ဆိုတဲ့ သတ်မှတ်ချက်ကြောင့်
တည်မြဲ ဒန်နီ့ မာယာကို မြင်တွေ့ရခြင်းနှင့်အတူ ချစ်ခင်မက်
မောမိခဲ့ခြင်းတွေ၊ အရောင်အဆင်း ကင်းရှင်းခဲ့တာတွေအတွက်
ရှက်နာ ခါးသီးမှုတို့ အပြင်းအထန် ဝင်ရောက်လာခဲ့တော့သည်။

ဒန်နီရယ်လ်ရဲ့ ပရိယာယ် လှည့်ဖြားမှုမှာ သိုးငယ်
တစ်ယောက်ပမာ ခံလိုက်ရသည့်အတွက် မခံမရပ်နိုင်အောင်
နောင်တရကာ မှန်းတီးစက်ဆုပ်ခဲ့ရသည်။

မိန်းမတစ်ယောက်က ပေးခဲ့သော သင်ခန်းစာက
တော့ ဘဝမှာ အစူးရှဆုံးနှင့် အပြင်းထန်ဆုံးပါပဲ။

"ကိုကို့လုပ်ငန်း အားလုံးကို ဒန်နီ ကျွမ်းပြီးသားနော်၊
ဒန်နီ တောင်းသလောက်ကို ကိုကို မရှဲ့စတမ်းပေါ့၊ ဒန်နီ
တောင်းတဲ့ ငွေကြေးပမာဏဟာ ကိုကို မွဲမသွားနိုင်ပါဘူး"

မက်မက်မောမော တောင်းဆိုနေသော ဒန်နီရဲ့အငမ်း
မရ တပ်မက်မှုတို့က တည်မြဲအဖို့ တစ်သက်စာ နောင်ကြဉ်သွား
စေခဲ့တာ မနည်းဘူး ထင်သည်။

နောက်ဆုံးတော့ ကိုယ်တိုင်ကလည်း သူမ မျက်နှာ
ကို မြင်တွေ့ချင်စိတ် မရှိနိုင်တော့အောင် သည်းမခံနိုင်တော့ဘဲ
အရှုံးပေး ကိစ္စပြတ်ခဲ့ရသည်။

သူမ တောင်းဆိုသော မြို့ထဲမှ တည်းခိုခန်းတစ်ခန်း
နှင့် ငွေငါးသိန်းတိတိ လျော်ကြေးပေးဆပ်ခဲ့ရသည်။

စီးပွားရေးလောကမှာ နာမည်ကြီး ထက်မြက်လှတဲ့
လူတစ်ယောက် မိန်းမတစ်ယောက်ရဲ့ လှည့်ဖြားမှုအောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



စုံးမြှုပ်နှစ်မွန်းခဲ့ရခြင်းက အံ့ဩစရာလည်း ကောင်း၊ ခံပြင်းစ ဆုပ်ဖွယ်လည်း ကောင်းကာ တည်မြဲဘဝ တစ်ခုက အဲသည့် လှည့်ပြောင်းခဲ့ရခြင်း ဖြစ်သည်။

နောက်ဆုံး သိခွင့်ရတာက ဒန်နီ တွဲနေခဲ့ ယောကျ်ားဟာ တည်မြဲ အလျှင် ဒန်နီ့ တရားဝင်ယောကျ်ား တ ယောက် ဖြစ်ပြီး သူတို့လင်မယား ဖန်တီးခဲ့သည့် ထောင်ချော ထဲသို့ တည်မြဲ သက်ဆင်းခဲ့ခြင်း ဆိုတာပါပဲ။

အဲသည်မှာ တည်မြဲအဖို့ အပြင်းထန်ဆုံးသော ရိုက်ချက်ကို ခံစားခဲ့ရပြီးနောက် အဲသည် ဒဏ်ရာကို နှစ်နှင့်ချီ ခံစားခဲ့ရတာ ဖြစ်သည်။

ဘယ်တော့မှ မေ့လို့မဖြစ်အောင် အရင်းအနှီး ဒဏ်ရာက ကြီးမားများပြားခဲ့ရသည် မဟုတ်လား။

လူတွေကို မယုံကြည်တတ်တော့တဲ့ စိတ္တဇတော စွဲထင်ကျန်ရစ်ခဲ့တာ။ အထူးသဖြင့် မိန်းမတွေကိုပေါ့လေ။

❧ ၆ ❧



## အခန်း(၄)

ဦးတည့် ရုံးခန်းမှာ အလုပ်ဆင်းရကာ နယ်စုံတည်းခိုခန်းတွေမှ ဖုန်းတွေကို လက်ခံတုံ့ပြန်ရခြင်း၊ ဦးတည်ဆီ အစီရင်ပြန်ခံ၊ ဦးတည်ထံမှ အမိန့်အတိုင်း ပြန်လည်ညွှန်ကြား၊ တည်းခိုခန်းတွေ ရဲ့ စာရင်းအင်းတွေကို ချုပ်ကိုင်ရသော ဦးတည်ပေးသည့် လုပ်ငန်း ရာထူးက ဝဠာ့အတွက် ကြီးမားလှသော်လည်း အဲသည်လို တရားဝင်ခြင်းကို ဝဠာ နှစ်သက်ပါသည်။

နာမည်အရ ဆိုလျှင်တော့ ဦးတည်ရဲ့ အတွင်းရေး မှူးပေါ့လေ။

သို့ပေမဲ့ ရင်းနှီးနွေးထွေးဖို့ထက် အကဲခတ် စောင့် ကြည့်ဖို့ကို ပို၍စိတ်ဝင်စားသော ဦးတည်ရဲ့ သံသယမျက်ဝန်း ကတော့ ဝဠာ့အတွက် ဝင့်ဆင်းရဲ တစ်ခုပါပဲ။

ဦးတည်ကို မုန်းဖို့ မကြိုးစားချင်။

မောင် သိပ်ချစ်ကိုးကွယ်သော အစ်ကိုကြီးတစ်ဦး၊ ဖခင်သဖွယ် အားကိုးစရာကောင်းလောက်အောင် ရုပ်အားအပြည့်

www.burmeseclassic.com

www.burmeseclassic.com



ရှိသူ၊ အရာရာမှာ စွမ်းဆောင်ဖြစ်မြောက်နိုင်သူ တစ်ယောက်ကို အားကိုးရာမဲ့ အထီးကျန်ခဲ့သော ဝင္ဇာက လေးလေးစားစား ပြေ လည်ခင်တွယ်ချင်သူပါ။

ဝင္ဇာ ကြုံတွေ့ခဲ့ရသော လူသားတွေနှင့် လုံးဝခြား နားနေခဲ့သော မောင့်ရဲ့မေတ္တာကို အပြည့်အဝ မရနိုင်ခင်မှာ မောင် ကွယ်ပျောက် လွင့်စဉ်သွားခဲ့တာမို့ မောင်နှင့် နှစ်ကိုယ့်တစ် စိတ်မျှ ဆက်နွယ်ချစ်ခင်သော မောင့်အစ်ကို့ကို ယုံကြည်ကိုးစား စွာ၊ မာနမဲ့စွာ ခင်တွယ်ပြေလည်လိုလှစွာနှင့် အစ်ကိုတစ်ယောက် ၏ မေတ္တာမျိုးကို ဝင္ဇာ တောင့်မျှော်လင့်တတ်ခဲ့သူပါ။

တစ်ခါတစ်ရံ အဲသည်လို ဝင္ဇာ့ဘက်က တိတ်တ ဆိတ် အရှုံးပေးထားခဲ့လျက်နှင့် သံသယတွေ များလွန်းသော မယုံမကြည် စွပ်စွဲခြင်းများ ဆိုတတ်သော ဦးတည်ကို ဝင္ဇာ မာန ခံပြင်း မုန်းချင်မိတတ်သည်။

ဝင္ဇာ လူတိုင်းအပေါ် မာနထားတတ်ခဲ့တာနော် မောင်နှင့်ကျမှ၊ ပြီးတော့ မောင်ချစ်သော မောင့်အစ်ကိုကျမှ ဝင္ဇာ မာနလျှော့ဖို့ ကြိုးစားခဲ့တာ။

ဝင္ဇာ ထင်ခဲ့တဲ့အတိုင်း ဝင္ဇာ ကျဆုံးခဲ့တာ အဆင့် ပေါင်းများစွာပါပဲနော်။

"မနက်ဖြန် မင်း အလုပ်မဆင်းနဲ့ တိမ်ဝင္ဇာ"

"ရှင်"

ဝင္ဇာ တအံ့တသြ မော့ကြည့်လိုက်တော့ ပြန်လည် ငုံ့ကြည့်နေသော ဦးတည် မျက်ဝန်းတွေထဲမှာ သည်တစ်ခါတော့ ဘာအရိပ်ယောင်မျှ ရှိမနေ။



"တစ်ပတ်တစ်ခါ မင်း နားမှပေါ့၊ မနက်ဖြန် မင်းနားဖို့ ပြောတာ၊ မင်း စိတ်တိုင်းကျသုံးဖို့ ကားယူနိုင်တယ်"

"ကျွန်မ ကားမမောင်းတတ်ပါဘူး ဦးတည်၊ ပြီးတော့ ယူ စရာအကြောင်းလည်း မရှိပါဘူး၊ ဦးတည်က အလုပ်ဆင်း မှာ မဟုတ်လား၊ ဦးတည် ယူသုံးပါ"

ထုံးစံထက်ပို၍ ပြေပြစ်စွာ ပြောလိုက်တာမို့ ဝင္ဇာ အနည်းငယ် ကျေနပ်သွားရသည်။ ရုံးတက်ရုံးဆင်း အကြိုအပို့ အတွက် ကားစီးဖို့ ပြောခဲ့စဉ်က တစ်ခါ ဦးတည် ပြေပြစ်ခဲ့ဖူး သည် မဟုတ်လား။ အဲသည်တုန်းက ဝင္ဇာက ဘတ်စ်နဲ့ပဲ လာပါ မယ် ဆိုလိုက်စဉ် ...

"ဖြစ်ပါ့မလား၊ မင်းနဲ့ငါ အိမ်က အတူတူထွက်၊ ရုံးကနေ လည်း အတူတူ ပြန်ရမဲ့ကိစ္စမှာ တစ်ယောက်တစ်ကွဲစီ မကောင်းပါဘူး၊ နေကလေး ရှိတုန်းက ဒီကောင်က ကား သိပ်မမက်တာနဲ့ သူ့အတွက်ကားဝယ်မပေးမိဘူး၊ ဒါကြောင့် တစ်စီးပဲရှိတယ်၊ မင်း လိုအပ်တယ်ဆိုရင်တော့ ငါ ဝယ် ပေးရမှာပေါ့၊ ဘယ်လိုလဲ ... မင်း ကားလိုသလား"

ဦးတည် မေးပုံက အကဲစမ်းတာမျိုး၊ ခါတိုင်းလို သံသယရှိတာမျိုး မပါဘဲ ပင်ကိုယ်စိတ်ထားတစ်ခုကြောင့် လွတ် ခနဲ ထွက်သွားခဲ့သည်ဟု ထင်စရာကောင်းနေခဲ့အောင် ရိုးသား တည်တံ့နေခဲ့သည်။

သို့ပေမဲ့ မလွတ်တမ်း ရွှေ့လျား အကဲခတ်နေသော ဦးတည့် မျက်လုံးရဲ့ အဓိပ္ပာယ်ကိုတော့ နောက်ကျမှစွာ ဝင္ဇာ ဖြေအပြီးမှာမှ သိမြင်ခဲ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘာမှ မလိုပါဘူး"

ဟူသော ဝဠာ့အဖြေအဆုံးမှာ အားနာရိပ်သမ်းသွားသော ဦးတည့် မျက်လုံးတွေကို ဝဠာ စောင့်ဖမ်းနိုင်ခဲ့သည်။ ဝဠာ ပကတိ ဖြေလိုက်သည့်အတွက် သူ သံသယထားမိခြင်းကို အားနာသွားတာမျိုး။ အဲသည်နောက် ...

"ကောင်းပြီလေ၊ မင်း ငါ့ကားနဲ့ပဲ လိုက်ပါ၊ တစ်အိမ်တည်း ချင်းတွေပဲ"

ဟု ပြေပြစ်လာခဲ့သည်။ အဲသည်တုန်းက ဝဠာ ကျေးဇူးတင်ခဲ့ဖူးသလို အခုတစ်ခါမှာ ဝဠာ့ကို ဦးတည် နားလည်ပေးလိုက်ရင် သိပ်ကောင်းမှာပဲ။

"မင်း ဈေးဝယ်လေး ဘာလေး ထွက်သင့်တယ် တိမ်ဝဠာ။ မင်း အဝတ်အစားတွေ ခေတ်မမီတော့ဘူး၊ အတွင်းရေးမှူး တစ်ယောက်ဟာ ဆက်ဆံရေးကောင်းရုံနဲ့ မရဘူး၊ အပြင်အဆင်လည်း အရေးကြီးတယ်၊ မင်းအတွက် ငါ လခကြို ထုတ်ပေးရမလား၊ ဒါမှမဟုတ် နေကလေးရဲ့ ဘဏ်စာရင်းကို မင်းကို လွှဲပြောင်းပေးရမလား၊ ကြိုက်တာလုပ်ခွင့်ရှိတယ်နော်၊ မင်း စိတ်တိုင်းကျ"

"ကျွန်မ ခဏခဏ ငြင်းရတာတောင် အားနာလာပြီ ဦးတည်၊ ကျွန်မကို ဦးတည် လက်မခံနိုင်သေးသရွေ့ ဦးတည် မောင့်ပိုင်ဆိုင်မှုတွေ ပေးနေဦးမှာကို ကျွန်မ ကြိုမြင်နေတယ်၊ ကျွန်မ ဘာမှမမက်ဘူးဆိုတာ ဦးတည် မယုံရင်နေပါ၊ ကျွန်မ မောင် ရှင်သန်ခဲ့တဲ့ အိမ်ကြီးမှာ



အရိပ်ခိုခွင့်ရဖို့ရယ်၊ ထမင်းစားခွင့် ရဖို့ရယ်ကလွဲလို့ ကျွန်မအတွက် ဘာမှ မလိုအပ်ပါဘူး ဦးတည်"

ရုတ်တရက် တည်ငြိမ်ပြင် အ,သွားစေအောင် ပါးနပ်ခဲ့ရှိလှသော မိန်းကလေးကို တစ်ချက်တော့ ချီးကျူးမိသွားရသည်။

ကိုယ် စမ်းသပ် အကဲခတ်နေတာတွေကို သူမက အားလုံးသိမြင်နေခဲ့တာပဲကိုး။

သည်မိန်းကလေး မက်မောအလိုရှိမှု ကင်းခဲ့တာတော့ အမှန်ပါပဲ။ သူမ ငြင်းဆိုခဲ့တာတွေက ပကတိ ရိုးသားစင်ကြယ်မှုန်းလည်း လက်မခံလို့ မရနိုင်။ သို့ပေမဲ့ တည်ငြိမ်စမ်းသပ်နေမှန်းသိလို့ ဟန်ဆောင်နေတာမျိုးလည်း ဖြစ်နိုင်သည်။

ဒယ်နီရယ်လ်တုန်းက လက်မထပ်ခင်မှာပင် သူမအတွက် ဘဏ်စာရင်းဖွင့်ပေး၊ ကားတစ်စီး ဝယ်ပေးခဲ့ရသည်။

အဲသည်တုန်းကတော့ ချစ်စိတ်တွေနှင့် သူမ ရောင့်ရဲမှုရှိတတ်တာကို မမြင်မိဘဲ သူမ ပူဆာလိုအပ်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့တာချည်းပါပဲ။ နှစ်ပတ်တစ်ခါ ဈေးဝယ်ထွက်သော စရိတ်ကပင် မသေးလှ။ သို့ပေမဲ့ အဲသည်တုန်းကလည်း သားကနေ ဒယ်နီရယ်လ် ဝယ်သမျှကို အိတ်ကြီးဆွဲကာ လိုက်လံသဘောကျနေတတ်ခဲ့တာမို့ ဘာမှမတွက်ချက်မိ။ ဒါမျိုးက အတွေ့အကြုံလည်း မရှိခဲ့ဘူးသူမို့ ဆန်းသစ်သာယာခဲ့မိခြင်းပါပဲ။

ဒန်နီရယ့်လ်ကို သတိရမိသွားတာကို မနှစ်မြို့သော စိတ်နှင့် တည်ငြိမ် မျက်နှာက အလိုလို တင်းမာမှုန်တည်သွားရတာမို့ ဝဠာလည်း ငြိမ်သက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတည် ကျွန်မကို ဘယ်လိုမှ မယုံကြည်နိုင်ဘူး မဟုတ်လား။ မောင့်အိမ်ကို လိုက်လာခဲ့တဲ့ ကျွန်မရဲ့ရည်ရွယ်ချက်က အဲသည်လောက်ပဲ သေးငယ်နိမ့်ပါးလိမ့်မယ်လို့ သံသယရှိသူ ဦးတည်ကတော့ ဘယ်လက်ခံနိုင်ပါ့မလဲ။ ရှေ့ဆက် ဦးတည် စမ်းသပ်သမျှကို ကျွန်မ ခံယူပြီးတဲ့နောက်မှာ တစ်နေ့မှာတော့ ဦးတည် ကျွန်မကို လက်ခံလာရမှာပေါ့။

ကျွန်မ မောင့်ကို ရည်ရွယ်ချက်မဲ့စွာ ပကတိအချစ်များနဲ့ပဲ ချစ်ခဲ့တယ်ဆိုတာ မောင်နှင့်ကျွန်မပဲ သိခဲ့သလို ဦးတည်သိဖို့လည်း လိုအပ်လာပြီပဲ။ ဒါပေမဲ့ ဦးတည် အလိုလို သိလာနိုင်အောင် ဦးတည်နည်း ဦးတည်ဟန်နဲ့ပဲ ရှာဖွေဖော်ထုတ်ပါ။

❧ ၉ ❧



ခြံထဲက သံခုံဖြူဖြူ ဆက်တီတစ်စုံမှာ အပန်းဖြေနေသော ဦးတည်ကို ညွှန့်ခန်းမှ ချောင်းကြည့်ရင်း ဝဋ္ဌာ စိတ်လှုပ်ရှားလာသည်။

ဝဋ္ဌာ ဆင်းသွားရင် ကောင်းမလား။ လုပ်ငန်းကိစ္စနဲ့ ဆက်နွယ်ပြီး စကားများစွာ ဆိုခဲ့ဖူးပြီမို့ စိမ်းမနေတော့။ သူ့ရှေ့ရောက်သွားလျှင် သံသယစကား တစ်ခွန်းကတော့ အနည်းဆုံး ကြားရမြဲမို့ အရေးထူသလို ဖြစ်လာခဲ့တာကလည်း ဝဋ္ဌာကို နာကျင်စေတော့ပေ။ မောင့်ကို အလွမ်းအမင်း သတိရနေချိန်တွေမှာ မောင့်အစ်ကိုဖြစ်တဲ့ ဦးတည်နှင့် ပြေလည်စွာ စကားဆိုနေချင်တတ်သည်။

အဲဒါ ဝဋ္ဌာ ကျဆုံးခဲ့ခြင်းလည်း ဖြစ်ပါသည်။

အထူးသဖြင့် ညနေတိုင်း ခြံထဲဆင်းထိုင်ကာ ငြိမ်းချမ်းနေချိန်မျိုးမှာ ပြေလည်မှု တစ်စတလေကို ရှာဖွေနိုင်မည်ဆိုတဲ့ အသိနှင့် ဝဋ္ဌာ ဆင်းဖို့ ကြိုးစားခဲ့တာ ယနေ့ထက်ထိတော့ မအောင်မြင်နိုင်သေး။ ဦးတည်က ဘီယာသောက်နေတတ်တာမို့လည်း ဝဋ္ဌာ မသွားဖြစ်တာ များလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်နှင့် ကင်းကင်း မနေဖြစ်တာကိုက ဝဠာ့အတွက် အရှုံးတစ်ခုပါပဲ။

သူ့ညီနဲ့ သဘောမတူနိုင်တဲ့ အစ်ကိုတစ်ယောက် လက်ခံလာအောင် ကြိုးစားတတ်လာတဲ့ မိန်းမငယ်တစ်ဦးမှာ ဘာမာနမှ မပါဝင်တော့တာ ဦးတည် သိနိုင်မလား။

ဝဠာ့ကို မာနကြီးလွန်းတဲ့ မိန်းကလေးဟု ဦးတည် စွပ်စွဲခဲ့ဖူးတာကို ပြန်ရုပ်သိမ်းသွားအောင် ဝဠာ မာနတွေသန့်ခင်ထားတတ်မိတာ ဦးတည်နဲ့ ပြေလည်သွားဖို့ သက်သက်သာရည်ရွယ်ပါတယ် ဦးတည်။

နောက်ဆုံးတော့ ဝဠာ့ ဆုံးဖြတ်ချက် အလိုလိုနိုင်မာသွားရကာ လက်ထဲက ချည်လုံးနှင့် တစ်ချောင်းထိုးအပ်လေးကိုင်လျက် ခြံထဲဆင်းလာခဲ့တော့သည်။

ဦးတည် နားသို့တော့ မသွားဖြစ်ဘဲ ခပ်လှမ်းလှမ်းကဒန်းကလေးမှာ ဝင်ထိုင်လိုက်သည်။ ဦးတည်ဆီ လှမ်းအကြည့်မှာ အကြည့်ချင်း ဆုံသွားလေသည်။

ဦးတည်က မျက်လုံးအလျင်လွှဲကာ အမြည်းတစ်ခုကောက်ဝါးလျက် ပြန်လည်ငြိမ်သက်သွားသည်။

ပန်းရနံ့တချို့ သင်းပျံ့ကာ အေးမြလတ်ဆတ်သောလေပြည်အောက်မှာ လွတ်လပ်မှုကို ဝဠာ ဖွေရှာနိုင်သလို ဦးတည်လည်း ငြိမ်းချမ်းသာယာနိုင်မှာဆိုတော့ ခုအချိန်လေးက ဝဠာတို့နှစ်ယောက်ကြားမှာ အကြိတ်အခဲလေးတွေ ကင်းစင်နေစေမှာအမှန်ပါ။



ကြည်လင်နေသော ဦးတည် မျက်နှာကို မကြာခဏ
းကြည့်မိရင်း မောင့်ကို တမ်းတစိတ်တို့ နက်နက်နဲနဲ စွန်း
င်လာခဲ့သည်။

မောင့်မျက်နှာလေးကလည်း တအားကြည်လင်
တ်ဆတ်တာ။ မောင့်အသားအရေက လှပစိုပြည်ပြီး ဝင်းစင်
တတ်တာမို့ ထာဝဉ် နုပျိုအေးချမ်းနေတတ်တာ။ ဝဠာ မြတ်နိုး
တ်မောခဲ့ရခြင်းမှာ မောင့်အသားအရေလည်း ပါဝင်ခဲ့ပါသည်။

ပြန်တွေးကြည့်လျှင်တော့ မြတ်နိုး တပ်မက်ဖွယ်တွေ
ားကြီးပါပဲ မောင်ရယ်။ ဝဠာ့ အတွက် မောင်ပေးခဲ့တဲ့ အိပ်
်လေးက လှပလွန်းခဲ့တယ် မဟုတ်လား။

ဓာတ်ပုံကလေး ဝဠာ့ လက်ထဲ ရောက်လာခဲ့ပြီးတဲ့
က် ဝဠာနှင့် ဂျက် ပတ်ဝန်းကျင်ကို အသည်းအသန် စူးစမ်း
ွေ လေ့လာခဲ့တော့သည်။

အဲသည်တော့မှ ဝဠာတို့ သတိထားမိစရာ၊ သံသယ
်ရာ လူတစ်ဦးကို မြင်နိုင်ခဲ့သည်။ ရွယ်ကျယ်၊ ဒါမှမဟုတ်
ျပ်လက်ပြတ်၊ ဒါမှမဟုတ်ရင်တော့ အရောင်ဖျော့လွန်းတဲ့
အင်္ကျီအစင်းတို့နှင့် ဘောင်းဘီဝတ် လူသားတစ်ဦးရဲ့ ကြည်မွေ့
င်တဲ့ ရုပ်ရည်ကို ဝဠာတို့ မှတ်သားမိလာခဲ့သည်။

ချက်ချင်းတော့ ဝဠာ မယုံနိုင်ခဲ့သေး။

ဆံပင်ရှည်ကြီးတစ်ခုကလွဲလျှင် သာမန် မျက်နှာထက်
မပိုသော ဝဠာထက် ဂျက်က ပိုချောမောသားနားကာ
ည်လူနဲ့ ပိုလိုက်ဖက်ပုံ ပေါက်နေခဲ့တာမို့ ဓာတ်ပုံရှင်သာ
ည်လူမှ ဟုတ်ရဲ့လားဟု ဝဠာ တွေးတောခဲ့ဖူးသည်။ သည်

www.burmeseclassic.com

www.burmeseclassic.com



လောက် သန့်ပြန့်မက်မောဖွယ်ကောင်းတဲ့ လူတစ်ဦးဟာ ဘာ တစ်ခုမှ မက်မောစရာ သိပ်မရှိလှတဲ့ ကော မလေးကို မြတ်နိုးနေနိုင်ပါ့မလား ဟူသော အတွေးဖြင့် ဘေးဘာ၀န်းကျင်မှာ ရှပ်ရည် အသင့်အတင့်နှင့် သာမန်လူတချို့ကို ရှာဖွေဖြစ်ခဲ့သေးသည်။

မောင့်ကို မမျှော်မှန်းရဲခဲ့တာ အဲသည်လောက်ပါပဲ။

ဒါတောင် မောင့်အရှိန်အဝါတွေ ဘာတွေကို ဝဠာ သိမြင်ခဲ့တာ မဟုတ်။

မောင် ဘယ်သူမှန်း၊ ဘယ်မှာနေမှန်း၊ ဘယ်ကျောင်း တက်မှန်းပင် မသိခဲ့ဘဲ စပ်လည်း မစပ်စုဘူးခဲ့။ မောင် တစ်ဦး တည်းကိုသာ အကြွင်းမဲ့ မြတ်နိုးခဲ့မင်ခဲ့ခြင်း ဖြစ်လေသည်။

မောင်ကတော့ ဝဠာနှင့် ဂျက်ရဲ့ နောက်ကွယ်ကနေ မသိသလို အမူအရာလေးနှင့် အမြဲတကောက်ကောက် လိုက်နေခဲ့မြဲဖြစ်လျက် ဘာစကားမှတော့ လာမပြောခဲ့။

မောင်လုပ်နေပုံက ဝဠာနှင့် ဂျက် နှစ်ယောက်တည်းမှ တစ်ယောက်ကို စိတ်ဝင်စားနေသည်ဟုသာ ထင်စရာရှိလျက် "မြတ်နိုးနေသည်"ဟူသော စာတန်းလေးပါသော ဓာတ်ပုံရှင် ဟုတ်,မဟုတ် သေချာဝေခွဲမှု မပြုနိုင်ခဲ့ပေ။

မောင်နှင့် ဝဠာ စကားစတင်ပြောဖြစ်သော နေ့ကတော့ ဝဠာ ပျော်ရွှင်မှုတွေနှင့် အမှတ်ရနေခဲ့၏။

"ဂျက် ... ပဲန်လေးက နင့်ကိုစိတ်ဝင်စားနေတာ ဆိုရင်ကော"

ဘောင်းဘီအမြဲဝတ်သော မောင့်ကို ဂျက်က "ပဲန်" ဟု အမည်ဝှက် ပေးထားခဲ့တာမို့ ဝဠာ့ထံမှ "မောင်"ဆိုသော အခေါ်အဝေါ် မရောက်နိုင်သေးခင် "ပဲန်လေး"ဟူသော နာမ်



အောင်တွင်ခေါ်သည့် "မောင်"လောက် ရဲဝံ့နှစ်ခြိုက်မှု မပါဝင်ခဲ့တာ တော့ အမှန်ပါပဲ။

သို့သော် ပဲန်ဆိုသော နာမ်ရဲ့သက်တမ်းကလည်း သိပ်တော့ မရှည်ကြာခဲ့ပါ။

"မဖြစ်နိုင်တာ၊ နင့်ကိုပါ ဝဠာရယ်၊ ပိုသေချာတာက နင့်ကို မြတ်နိုးနေသည် ဆိုတဲ့ ဓာတ်ပုံပေးခဲ့တဲ့သူဟာ ပဲန်ပဲ၊ မယုံရင် ဒီနေ့ ငါ သက်သေပြမယ်၊ ဒီနေ့ ကျောင်းဆင်းရင် နင် ငါ့ကားနဲ့ မလိုက်ဘဲ တစ်ယောက်တည်း ဘတ်စ်နဲ့ ပြန်လိုက်၊ နင့်နောက်ကို ပဲန် မပါလာရင် ဆယ်ရက်တိတိ နင် ခိုင်းတာမှန်သမျှ ငါ လုပ်ပေးမယ်၊ ကဲ ..."

ဂျက်ရဲ့ အကြံအစည်နှင့်ပင် ဝဠာ ညနေကျတော့ ကျောင်းရှေ့ကားဂိတ်မှာ တစ်ယောက်တည်း ကျန်ရစ်လေသည်။ ဝဠာ့ဘေးမှာ မောင် ရပ်လျက်ရှိနေခဲ့ပါသည်။ ဝဠာ ကားပေါ်တက်တော့လည်း မောင် ပါလာသည်။ လက်မှတ်ရောင်း ပိုက်ဆံတောင်းသဲ မောင့်ချဉ်းကပ်ပုံ လှပခဲ့တာကို ဝဠာ သိခဲ့ရလေသည်။

"သူ ပေးလိမ့်မယ်"

ဝဠာ့ကို လက်ညှိုးညွှန်ကာ ဆိုလိုက်သော ရယ်ရိပ် သန်းသည့် မောင့်အသံလေးက အင်မတန် မြတ်နိုးဖွယ် ကောင်းနေသည်။

ဝဠာက ...

"ဘာဆိုင်လို့လဲ"

ဟု ခပ်တိုးတိုး ပြန်မေးလိုက်တော့ စည်းနှောင်ထားမှု မရှိဘဲ ဖြာကျနေသော ဆံပင်ကြီးကို လက်ညှိုးထိုးကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်စောင့်ရှောက်ပေးခ"

ခပ်ပြုံးပြုံးဆိုရင်း လူကျပ်သော ဘတ်စ်ကားထဲမှာ ဝဠ္ဍာ့ ဆံပင်ရှည်များ မရှုပ်မငြိရအောင် သူ ကာကွယ်ပေးထားခဲ့သည်။

အိမ်မှာ ဝဠ္ဍာ့ ဆံပင်ရှည်ကြီးများကို ဂရုတစိုက် ရှင်းလင်းယုယပေးမည့်သူ မရှိတာမို့ ဝဠ္ဍာ ကျောင်းလာတိုင်း ဆံပင်ဖရိုဖရဲနှင့်။ ကျောင်းရောက်မှ ဂျက်က ရှင်းလင်းဖြီးသင်ပေးကာ အစည်းအနှောင် မကြိုက်တတ်သော ဂျက်က ဝဠ္ဍာ့ကို ဘယ်လိုမှ မစည်းစေဘဲ အမြဲအစဉ် လွတ်လပ်စွာ ချထားစေတာမို့ တံကောက်ခွက်အထိ ဆံပင်ရှည်ကြီးကဖြာဖြာနှင့် လှုပ်ရှားသွားလာကျင့်ကို ဝဠ္ဍာ ရခဲ့သည်။

ဆံပင်စည်းမိလျှင် ခေါင်းကိုက်လာတတ်သည်အထိ ပါပဲ။

အဲသည်လိုဆိုတော့ ခါတိုင်း ဂျက်ကားနှင့် သွားနေကျမို့ အခက်အခဲ မရှိဘဲ သည်နေ့ ဘတ်စ်ကားစီးတော့မှ ဝဠ္ဍာ့ ဘေးမှာ မောင်မပါလျှင် ရောက်ရမည့်ဒုက္ခတွေကို ဝဠ္ဍာ မြင်နေခဲ့ရသည်။ အဆိုးရွားဆုံးမှာ မိန်းကလေးတန်မဲ့ ဆံပင်မစည်းတတ်ခြင်းပါပဲ။

ရိုးသားစွာ ဝန်ခံရလျှင် ဆံပင်တွေ ရှင်းသွားအောင် မဖြီးတတ်ပေ။ ဆံပင်ကို ကိုင်တွယ်ပြုစုရခြင်းကို ဝဠ္ဍာ ဝါသနာမပါတတ်ဟာ။ ခေါင်းလျှော်မည့်နေ့ဆို ဂျက်နှင့်အတူ ရေချိုးကာ ဂျက်က လျှော်ပေးနေကျ။



အဲသည်လို ရာဇဝင်ချီထားသည့် ဆံပင်တွေကို ကာကွယ်စောင့်ရှောက်ပေးခဆိုပြီး မောင့်အတွက် ကားခကို ဝဠ္ဍာ ပေးလိုက်ရတာ၊ မောင်နှင့် ပထမဆုံး စကားဆိုရင်းနှီးခဲ့သောနေ့အဖြစ် အမှတ်တရ ရှိနေခဲ့သည်။

ဝဠ္ဍာ ကားပေါ်ကဆင်းတော့ မောင်ပါ လိုက်ဆင်းကာ နံဘေးမှ ပါခဲ့သည်။

"ဆံပင် ဘယ်တော့မှ စည်းထားလေ့ မရှိဘူးနော်"

မောင်က စတင်၍ စကားဆိုနေသည်။ မောင့်ကြည့်ရတာ သည်ဆံပင်ကိုပဲ အမြဲ အရိပ်ကြည့်နေခဲ့တယ် တူပါရဲ့။

"အင်း ... သားရေကွင်းနဲ့လည်း ဖြစ်မြောက်အောင်မစည်းတတ်ဘူးလေ၊ ဆံပင်ကြီးက ဟိုးအောက်အထိ ဖြစ်နေတော့ ကွင်းထဲဆွဲထည့်ဖို့ မလွယ်ဘူး၊ အမြဲ ဒုက္ခရောက်ရရော၊ ကလစ်တွေကျတော့လည်း ခေါင်းကိုက်တယ်၊ လက်ကိုင်ပဝါနဲ့ စည်းရင်းလည်း သူငယ်ချင်းက မကြိုက်ဘူးလေ၊ ပြန်ဖြုတ်ပစ်တယ်၊ အဲဒါကြောင့် ..."

"မာန သိပ်ကြီးတယ်ဆို၊ အမှန်ပဲလား"

ရုတ်တရက် မောင့်မေးခွန်းကို ဝဠ္ဍာ အံ့သြသဘောကျသွားခဲ့သည်။

"ဟုတ်မှာပေါ့၊ ဘယ်သူတွေက ပြောလို့လဲ"

"သတင်းတွေ အရမ်းကြားရလို့ပါ၊ လူတိုင်းပြောတယ်"

"လူတိုင်းက ပြောနေမှတော့ မှန်မှာပေါ့၊ အိမ်ရောက်ခါနီးပြီ၊ ပြန်တော့လေ"

"လိုက်လည်း ပို့ရသေးတယ်၊ နှင်ရက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အိမ်ကလူတွေနဲ့ စကားမပြောချင်လို့ သူတို့က အမြဲအပြစ်ရှာ စောင့်ကြည့်နေတတ်တာ"

"ဒါဆို ကောင်းပြီလေ၊ ကျွန်တော် သွားတော့မယ်"

ချက်ချင်း ပြန်လှည့်သွားသော မောင့်ကို ခြေစုံရပ် စောင့်ကြည့်ကျန်ရစ်ကာ ဓာတ်ပုံကိစ္စမေးဖို့ မေ့လျော့ခဲ့တာကို နောင်တရသင့် မရသင့် ချင့်ချိန်ရင်း အံ့သြစရာကောင်းလောက်အောင် ဝဠ္ဍာ ရင်ခုန်ပျော်ရွှင်နေခဲ့သော ပထမဆုံး နေ့ကလေးပါပဲ။

အဲသည်နေ့ဟာ အိပ်မက်ရဲ့အစ ဖြစ်ကြောင်း အမြဲ သတိရတွေးတောနေခဲ့မိသည်။

နောင်မှာ ဆက်လက်ပေးခဲ့သော မောင့်အိပ်မက်တွေက သည်ထက် ပိုမိုလှပသေးတော့သည်။ ပြီးတော့ စကားပြော သိမ်မွေ့လွန်းသော မောင့်ကို "သိုးကလေး"ဟု အသိအမှတ်ပြု တာကလည်း အိပ်မက်ရဲ့ ရာဇဝင်တစ်ခုပဲ မဟုတ်လား။ နောင်မှာ သိုးကလေးဟု ခေါ်လျှင် မောင် သိပ်သဘောကျကာ လှပသေသပ်စွာ ရယ်မောနေတတ်ခဲ့ခြင်းက ဝဠ္ဍာကို အိပ်မက်များစွာ ပေးခဲ့ပါသည်။



## အခန်း(၅)

"ဟင့်အင်း ... ကျွန်မ အဲဒါတွေ မလိုအပ်ဘူး ဦးတည်၊ ကျွန်မ စုတ်ပြတ်နေတယ်ဆိုရင် စာရေးနေရာလောက်ပဲ ခန့်ချင်ခန့်ပါ၊ အဝတ်စားသစ်တွေ၊ အကောင်းစားတွေ ကျွန်မ မဝတ်တတ်ဘူး"

ခါးခါးသီး ငြင်းဆန်လိုက်သော တိမ်ဝဠ္ဍာကို တည်မြဲ စူးစိုက်စွာကြည့်ရင်း တစ်မျိုးပါလားဟု အတွေးရောက်သည်။

သည်မိန်းကလေးကို ဒန်နီရယ်လ်နှင့် ဆတူနှိုင်းချိန်နေလို့ မရနိုင်တော့တာ သေချာသည်။

တိမ်ဝဠ္ဍာက ဒန်နီရယ်လ်လို အဝတ်အစားလည်း မမက်မောပါလား။ ဒါမှမဟုတ် စမ်းသပ်နေတယ် ထင်လို့များ တမင်ငြင်းနေတာလား။ သည်တစ်ခေါက် ဝယ်လာတဲ့ အဝတ်အစားတွေကတော့ သန့်စင်တဲ့ စေတနာအမှန်နှင့် သူမဝတ်ဆင်ဖို့ ဝယ်လာခဲ့တာဆိုတာကို သူမ ဘယ်သိနိုင်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



တည်မြဲ ကိုယ်တိုင် ဒန်နီရယ်လ် ဝယ်ခဲ့ဖူးသမျှထဲက မှတ်မိတဲ့ အသုံးအဆောင် အဝတ်အစားတွေကို အလျင်က ရင်းနှီးခဲ့ တဲ့ ဆိုင်တွေကနေ ဝယ်ယူလာခဲ့တာ သူမ လှလှပပ ဝတ်စေလိုလို့ပါ။

“ငါ ကိုယ်တိုင် ဝယ်လာရတာ အားနာပါဦးကွာ၊ မင်း အလုပ်ဆင်းနေရလို့ လူမြင်တင့်တယ်လှပအောင် ဝယ်လာ ခဲ့တာ၊ စေတနာသန့်သန့်ပါ၊ ဘာမှ ငါ မရည်ရွယ်ပါဘူး မင်း စိတ်သန့်သန့် ယူစေချင်တယ်”

မညင်သာပေမဲ့ ကောင်းမွန်သန့်ပြန့်တဲ့ အပြောလေး။ ဝဏ္ဏာ ခဏကလေး တွေဝေသွားရသည်။ ဦးတည်က ပြေလည်စွာ လားကွယ်။

“ငါ့အတွင်းရေးမှူးလုပ်နေတဲ့သူက စုတ်ပြတ်လိုက်တာဆို တဲ့ အတွေးနဲ့ ဝယ်လာတာထက်စာရင် ညီမတစ်ယောက် ကို လက်ဆောင်ပေးတဲ့ သဘောလေးဆိုရင် ကျွန်မ မငြင်း ဖြစ်ပါဘူး၊ စေတနာသန့်တယ်လို့ ဆိုတာကို ကျွန်မယုံပါ တယ် ဦးတည်”

မိန်းကလေးရဲ့ ဆန္ဒလေးက တည်မြဲကို ဆိတ်ငြိမ် သွားစေတော့သည်။

ညီမတစ်ယောက်ကို လက်ဆောင်ပေးတဲ့သဘော ဆိုပါလား။ သည်မိန်းကလေး တွေ့စက်လောက် မရင့်သီး မကြီး ကျယ် မထည်ဝါတော့တာကတော့ သေချာသည်။ အမြဲတွေ့နေ တတ်တဲ့ မာနမျက်နှာဖုံးတစ်ခု ဆိုတာကို သတိမထားမိအော အောင်ပင် တည်မြဲကို သူမ လိုက်လျောပြေပြစ်စွာ ဆက်ဆံနေ တာ အလုပ်ရှင်နှင့် အလုပ်သမားပုံစံ ဝင်ရောက်သွားလို့များလား



အဲဒီလိုပုံစံနှင့်တော့ သူမကို အနေရ မကျဉ်းကျပ် စေချင်ပေ။ ဒါကြောင့်ပဲ ...

“ထားပါတော့ကွာ၊ အစ်ကိုတစ်ယောက်က ညီမကိုပေးတဲ့ လက်ဆောင်မျိုးပါ”

ဟု အလွယ်တကူ ဆိုလိုက်ကာ ပစ္စည်းတွေ လှမ်းပေး လိုက်တော့ ဆံပင်ရှည်ကြီးတွေကြားမှ မျက်နှာလေးက ကလေး တစ်ယောက်လို ဝင်းပနေခဲ့တာကို သတိပြုမိသွားရတော့လေ သည်။

သည်မိန်းကလေး ဖြူစင်နေတာ အမှန်ပဲလား။ ဒန်နီရယ်လ်လို စရိုက်မျိုး ရှိနိုင်ပါ့မလား။ သံသယတွေတင်ထားမိ တာကို အားနာလိုစိတ် ဝင်လာတာမို့ တည်မြဲ ခေါင်းခါယမ်းကာ လှည့်ထွက်လာခဲ့တော့သည်။

ဝဏ္ဏာ ဦးတည့် ပုံစံကို နားမလည်နိုင်ဘဲ ပစ္စည်းတွေ ထည့်ထားသည့် အိတ်ကြီးကို မ,ကာ အပေါ်ထပ် တက်ခဲ့တော့ ဘယ်အချိန်က စောင့်ကြည့်နေသည် မသိသော အမွှေးလေးက လှစ်ခနဲနေအောင် ကပ်ပါလာလေသည်။

“ဟော့ ဟော့ ... မမဝဏ္ဏာလေး အရမ်းလှလာတော့မှာပဲ၊ ကျွန်မ ပြင်ပေးချင်နေတာ ကြာပြီ မမဝဏ္ဏာရဲ့၊ မမဝဏ္ဏာက လူကြီးလေးလို ရိုးရိုးလေး ဝတ်ထားရင် အရမ်း အသည်း ယားတာ၊ ကိုကိုကြီးကျတော့ အရမ်းသားနားနေတာ မဟုတ် လား”

“ဘာဆိုင်လို့လဲ အမွှေးလေးရဲ့၊ သူက သူဌေးပဲ၊ အထက် တန်းလွှာ မိတ်ဆွေတွေနဲ့ ပေါင်းသင်းနေတဲ့သူပဲ၊ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှာပေါ့။ မမက ဘာမို့လို့လဲ၊ ကိုယ်ရှိတာ ကိုယ်ဝတ်ရမှာပေါ့ မဟုတ်ဘူးလား”

ဝဠာက အထုပ်ကြီးကို ခုတင်ပေါ် ပစ်တင်လိုက်ပြီး ယူလိုက်မိတာ မှားသလား မှန်သလား ခုထိ ဝေခွဲမရ ရှိနေရလေသည်။

လက်ခံလိုက်တာဟာ ကျွန်မရဲ့ ဝတ်စားဆင်ယင်မှုကြောင့် ဦးတည် သိက္ခာကျမှာရယ်၊ အနှောင့်အယှက် ဖြစ်မှာရယ်ကို မလိုလားတာကြောင့်ပါပဲ ဦးတည်၊ ဦးတည်ရဲ့ အတွင်းရေးမှူးဆိုတဲ့ ရာထူးကို ဦးတည်က ရက်ရက်ရောရော ပေးအပ်ထားခဲ့တာ မဟုတ်ဘူး။

ဂျက် ဟိုတစ်နေ့က ဖုန်းဆက် ်နီးက ...

“ဟော့ ... Secretary ဆိုတာ ကြော့နေအောင် နေရတာနော်၊ ဆက်ဆံရေးလည်း ကောင်းရ ချိုသာရမှာ၊ နင်... ဖြစ်ပါ့မလား၊ ပြီးတော့ ဆံပင်ကြီး ဖြန့်ချထားတုန်းလား”

ဟု ပွပွပင်ဝင် မေးခဲ့စဉ်ကတည်းက ဝဠာ ... လက်ခံတ်နေဖို့ မသင့်ကြောင်း သဘောပေါက်ထားခဲ့တာ။ ဦးတည် သင်ကြားပြသ သမျှ လုပ်ငန်းဆိုင်ရာ ကိစ္စတွေကို စိတ်ဝင်တစား တာဝန်ကျေကျေ ဆောင်ရွက်ရုံနှင့် မပြီးဘူးဆိုတာ ဝဠာ သဘောပေါက်ထားခဲ့သည်။

ကျောင်းတက်စဉ်ကတည်းက ဝတ်လေ့ရှိတဲ့ မီး... အင်္ကျီခါးတိုလက်ပြတ်နှင့် ဖြောင်ထဘီတိုတိုဟာ ဦးတည့် ရုံးခန်း... အဆင်ပြေမှာမဟုတ်ဟု ကြိုတွေးဖြစ်ခဲ့တာမို့ သည်ကနေ့ ဦး...



ပေးတဲ့ အဝတ်အစားတွေကို စေတနာသန့်တယ်ဆိုတဲ့ အချက်နှင့်တင် ဝဠာ လက်ခံဖြစ်ခဲ့တာပါ။ အထူးခြားဆုံး အချက်ကတော့ ဦးတည် ပြောသွားခဲ့တဲ့ ...

“အစ်ကို တစ်ယောက်က ညီမကိုပေးတဲ့ လက်ဆောင်မျိုးပါ”

ဆိုတဲ့ စကားမှာ သာယာရောင့်ရဲ နှစ်သိမ့်သွားမိကာ နောင်တ မရတော့ဘဲ ယူဆောင်ခဲ့မိခြင်းပဲ ဖြစ်သည်။

အမွှေးလေးက ဝဠာ့ကိုတော့ ရင်းနှီးချစ်ခင်စိတ်နှင့် ကြောက်ရွံ့မနေတတ်တာမို့ အထုပ်တွေ ဖြေကြည့်ကာ လှပသော အင်္ကျီလေးတွေကို သဘောကျ နှစ်ခြိုက်ပြနေတော့သည်။ ပါးစပ်မှလည်း ...

“မမဝဠာနဲ့ သိပ်လိုက်မှာ၊ အရမ်းလှမှာပဲ”

ဆိုတာတွေကို မချ။ ဝဠာ အင်္ကျီကလေးတွေကို ငေးကြည့်ရင်း ပြောင်ရောင်ဆန်းသစ်လာမည့် ကိုယ့်ပုံစံကို မှန်းဆမြင်ယောင်ရရင်း ကြည်နူးဖို့ထက် နောက်ကျောမလုံသော ခံစားချက်တို့ ရောက်ရှိလာခဲ့သည်။

မောင် ... ဝဠာ မျှော်မှန်းထားတဲ့ မောင်နဲ့ ပတ်သက်တဲ့ ဘဝကလေးက သည်လောက် မသေသပ် မလှပပါဘူး မောင်ရယ်၊ ဝဠာ လိုအပ်တာ အဲသည် အဆောင်အယောင်တွေလည်း မဟုတ်ဘူး။

မောင် တစ်ဦးတည်းကိုပါ။

ဝဠာ့ဘဝကလေး ကောင်းစားချောမွေ့ ... အတွက် မောင် သေဆုံးပေးလိုက်ခြင်းလား မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင့်အိမ်ကလေးက မောင် နေထိုင်လှုပ်ရှားနေ သလို အငွေ့အသက်ကလေးတွေ ပျံ့လွင့်နေတာမို့ အချိန်တိုင်း မောင့်ကို သတိရ တမ်းတနေမိတတ်တယ်။

ဦးတည်နဲ့ ပြေလည်သွားရင် မောင့်အခန်းလေးထဲ ဝင်ကြည့်ခွင့်ရဖို့၊ မောင့် ရင်ငွေ့ကလေးတွေကို ခိုလှုံဖို့ ဝဠာ ကြိုးစားတဲ့အခါ မောင်က အခန်းထဲက ခြင်ထောင်ဖျားမှာဖြစ်စေ၊ ဒါမှမဟုတ် စာကြည့်စားပွဲပေါ်မှာဖြစ်စေ၊ ဒါမှမဟုတ် တံခါး အကွယ်မှာဖြစ်စေ ခိုတွယ်နေရာကနေ ဝဠာ့ ဆံပင်ဖျားတို့ကို နမ်းရှိုက်နှုတ်ဆက်နေ...။

မောင့်ကို သည်ဘဝကနေ ကျွတ်လွတ်သွားစေလို... ဆန္ဒ ရှိပေမဲ့ ဝိညာဉ်တစ်ရပ်အဖြစ် ဝဠာ့ အပေါ်မှာ အမြဲတည်ရှိနေ မယ်ဆိုရင် ဝဠာ စိတ်အဆာပြေမှာပါ။

မောင် ခြောက်လှန့်ရင်တောင် ဝဠာ ခံယူကျေနပ်... မှာပါ၊ အဲဒါ ဝဠာ အယူသီး ရူးသွပ်နေတာမျိုးတော့ မဟုတ်ဘူး... မသိစိတ်က အမြဲတောင့်တနေတဲ့ ဆန္ဒမျှော်လင့်ချက် ဆိုပါတော့ မောင်ရယ်။

အဆိုးရွားဆုံးကတော့ မောင့် ကိုယ်ရနံ့မျိုး ဦးတည် ဆီကနေ အမြဲရရှိနေတတ်ခြင်းပါပဲ။

ပြီးတော့ ညေ့်ခန်း၊ ထမင်းစားခန်း၊ ဝဠာ အခန်း ထပ်တက်တဲ့ လှေကားတစ်လျှောက် မောင်သုံးစွဲတဲ့ အမွှေးရနံ့ ဖျော့ လတ်ဆတ်စွာ သင်းပျံ့နေတတ်ခဲ့တယ်။ အဲဒါတွေ... မောင်ရှိနေတဲ့ အမှတ်အသားမျိုးပါပဲ။ မောင် ရှိနေသလိုကို ခံစား နေရတာလေ။



ဝဠာ သိပ်မနှစ်သက်တတ်သော ဝဠာ့ အခန်းလေး ...တော့ ကံမကောင်းလှစွာ မောင့်ရနံ့ မွှေးပျံ့မနေခဲ့ပါ။ အဲဒါလည်း ...ခြားချက်ပဲ ဖြစ်ပါတယ်။ မောင်က ဝဠာ့ အခန်းထဲ ဝင်မလာ ...လား။ ဝဠာ မောင့်အိမ်ကြီးမှာ လာရောက်နေထိုင်တယ်ဆို ...ာ မောင် မသိသေးလို့လား။

အဲသည်လို ညမျိုးမှာတော့ မောင့်ကို အိပ်မက်မြင် ...က်နေကျ ဖြစ်ခဲ့သည်။

အိပ်မက်ထဲမှာ မောင်က ပကတိအတိုင်း ရှင်သန် ...ပ်ရှားနေကာ "ဝဠာလေးကို ကောင်းစားစေချင်တယ်"ဟု သိုး ...လေးလို စကားဆိုနေတတ်မြဲပါပဲ။ ပြီးတော့ အိပ်မက်မြင်ကွင်း ...လည်း သည်အိမ်ကြီး အဆင်အပြင်မျိုး မဟုတ်ဘဲ ဝဠာ မမြင် ...ူးသော ရှုခင်းသစ်များ ဖြစ်နေတတ်သည်။

မောင် ဘယ်လိုအခြေအနေ၊ ဘယ်လိုဘဝမျိုး ရောက် ...နေပါလိမ့်ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ကစပြီး စာတိုက်ပုံးကို မင်းပဲ ဖောက်ပြီး လိုအပ်သလို စာရင်းလုပ်တော့ တိမ်ဝဏ္ဏ၊ နားမလည်တာရှိရင်တော့ လာမေးပေါ့၊ ဒါပေမဲ့ အထူးသတိထားရမှာက နိုင်ငံခြားစာအိတ်ဆို မင်း လုံးဝမဖောက်မိစေနဲ့၊ ငါ့ကိုလာပေးပါ၊ ဟုတ်လား”

မှာကြားနေရင်းမှ စားပွဲရှေ့မှာ ထိုင်နေသော တိမ်ဝဏ္ဏရဲ့ ထူးခြားမှုကို မျက်ခုံးပင့်ကာ စူးစိုက်ကြည့်မိသည်။

ပိုးသားပျော့ပျော့ကလေးမှာ ပန်းပွင့်ပန်းခက် ထိုးယှက်ထားသော ခါးတိုပွပွလက်ရှည် ဆင်စွယ်နှစ်ရောင်အင်္ကျီနှင့် ထဘီအံဝါလွင်လွင်။ ချက်ချင်းကြီး တောက်ကြွားလှပသွားသော မိန်းကလေး၊ ဆံပင်ကြီးများကလည်း ခါတိုင်းတွေ့မြင်နေကျထုံးဖြန့်ချမထားဘဲ ကြီးမားတုတ်ခိုင်သည့် ကျစ်ဆံမြီးတစ်ချောင်းနှင့် မမြင်ဘူးစွာ။ မှုပိုင်ဟန် ဖြစ်နေကျ အင်္ကျီလက်ပြတ်၊ ဆံပင်ဖားလျား မဟုတ်တော့ အနုပုံက ထူးခြားသပ်ရပ်နေတာပေါ့။

တည်မြဲ ကျေနပ်နှစ်ခြိုက်သွားရလျက် နှုတ်ခမ်းတဖက်တောင် ကော့တက်သွားရတော့ အပြုံးရိပ်လိုလို ထင်ကားနှုးညွှဲညင်သာသွားတော့သည်။



ဦးတည် မျက်နှာလေး ချိုသွားတာမို့ ဝဏ္ဏပင်ဘာအံ့တသြ ဖြစ်သွားရကာ စိတ်လက်ပေါ့ပါးသွားရသည်။

ဦးတည်က သည်လိုဆိုတော့လည်း မဆိုးဘူးပဲ။ အကောင်းမြင်တတ်၊ စာနာသဘောကောင်းတတ်မည့် ဥပမိရုပ်လေးက ဟန်မူရာ ရင့်ကျက်သလောက် နုပျိုလတ်ဆတ်သည့် သူ့မျက်နှာမှာ ပေါ်လွင်လာရတာကို ဝဏ္ဏ ထုံးစံထက် ပိုကြာမြင့်စွာအကဲခတ် သတိပြုမိလေသည်။

ယဉ်ကျေးမှု သိပ်ရှိသလောက် ခေတ်အမြင်နှင့်မီအောင် နေထိုင်တတ်တဲ့၊ ကြင်နာတတ်ပုံရတဲ့ လူတစ်ဦးဟာ သူချစ်သော ညီငယ်ရဲ့မိန်းကလေးကို ဘာကြောင့်များ သံသယများစွာနဲ့ သဘောမတူ မကြည်ဖြူနိုင် ဖြစ်ခဲ့တာပါလိမ့်ကွယ်။

“မင်း ဘာမေးစရာ ရှိသေးလဲ တိမ်ဝဏ္ဏ”

“ဟုတ်ကဲ့ ဦးတည်၊ ခုနက လားရှိုးတည်းခိုခန်းက ဖုန်းဝင်လာတယ်၊ နှစ်ယောက်အိပ်ခန်း တစ်ခန်း ဧည့်သည်တည်းရင်းနဲ့ မီးလောင်မှု ဖြစ်ပွားတယ်တဲ့၊ မွေ့ရာနဲ့ အခန်းထဲက ပစ္စည်းတချို့ မီးစွဲပျက်စီးသွားတယ်တဲ့၊ အခန်းတော့ မီးမကူးပါဘူး၊ ဒါပေမဲ့ အခန်းထဲက ပစ္စည်းပစ္စယတွေ လောင်ကျွမ်းကုန်တာမို့ သူတို့ အဲဒီအခန်း ခဏပိတ်လိုက်တယ်တဲ့၊ ဦးတည် ညွှန်ကြားချက်ကို စောင့်နေတယ်”

“ဟာ … ပိတ်ထားလို့ ဘယ်ဖြစ်မလဲ၊ ပြန်ပြင်ဆင်ရမှာပေါ့၊ မဟုတ်တာဘဲ၊ ညွှန်ကြားချက်ကိုပဲ စောင့်နေရသေးတယ်၊ လားရှိုးက မန်နေဂျာက ဘယ်သူ”

“ဦးလှတင်ပါ”

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဦးလှတင်ကို ချက်ချင်း ပြန်အကြောင်းကြားလိုက်ပါ၊ ပျက်စီးဆုံးရှုံးသွားသမျှကို စာရင်းဇယား အတိအကျထားပြီး ပြန်ပြင်ဆင်ပါလို့၊ လ,ကုန်ရင် ဦးလှတင် ရန်ကုန်လာမယ် မဟုတ်လား"

"ဟုတ်ကဲ့"

"လချုပ်စာရင်းတွေ မင်းမလုပ်နိုင်ရင် ငါ အကူတစ်ယောက် ခန့်ပေးရဦးမလား၊ လကုန်ခါနီးဆို မင်းအလုပ်များမယ်၊ အလုပ်ဝင်တာ မကြာသေးတော့ မင်း မကျွမ်းကျင်သေးဘူး မဟုတ်လား"

အမှန်က ဘည်မြို သူမကို အလုပ်ပေးဖို့ မရည်ရွယ်။

တည်မြိုပဲ ဦးစီးလုပ်ကိုင်ခဲ့တာ။ မနိုင်နင်းရင် လုပ်နေကျ ကျွမ်းကျင်တဲ့ လူတစ်ယောက်ကို ကိုယ်ရေးအတွင်းရေးမှူးသဘောမျိုး ခန့်ဖို့ပါပဲ။ မမျှော်လင့်ဘဲ တိမ်ဝဥ္စာက အလုပ်တောင်းလာခဲ့တော့ လုပ်ငန်းသဘောကို ဘာမှနားမလည် စိမ်းသက်နေသော တိမ်ဝဥ္စာအတွက် သည်အလုပ်ကိုပေးဖို့ စိတ်မကူးမိသေးပေမဲ့ သူမရဲ့ စိတ်နေသဘောထားနှင့် စရိုက်ပေလေ့လေးတွေကို အနီးကပ် လေ့လာဆန်းစစ်ဖို့အတွက် သည်နေရာက သူမအတွက် အသင့်တော်ဆုံးပဲဟု ဆုံးဖြတ်မိခြင်းကြောင့် အစကနေ လေ့ကျင့်ပေးကာ ခန့်ခဲ့တာပါပဲ။

ထင်မှတ်မထားဘဲ သူမရဲ့ ဂရုတစိုက် အလေးအနက်ရှိမှုနှင့် နားလည်တတ်မြောက်မှု၊ ဖျတ်လတ်ပါးနပ် ထက်မြက်မှု



ကြောင့် လုပ်ငန်းမှာ တာဝန်ကျေ စိတ်ချထားနိုင်ခဲ့တာ။ ပြည့်အဝ မဟုတ်တာတောင်မှ တည်မြို အတွက် အတော်လေး ထောက်အပံ့ရတာတော့ မငြင်းနိုင်ပေ။

တည်မြို့ရဲ့ တာဝန်ဝတ္တရားတွေရဲ့ တစ်ဝက်မကျ ကျကို သူမ မျှဝေကူညီပေးနိုင်ခဲ့တာ။

"ကျွန်မ တာဝန်ကျေအောင် လုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ် ဦးတည်၊ ဦးတည်လည်း ရှေ့ဆောင်ပြီး လုပ်ပေးနေတာပဲ၊ ရပါတယ်"

ဖုန်းအဆက်အသွယ်၊ စာအဆက်အသွယ်၊ စာရင်း အားလောက်ပဲ ဝဥ္စာက တာဝန်ယူရတာ။

ဦးတည်ကမှ ညွှန်ကြားချက်တွေ၊ ဆုံးဖြတ်ချက်တွေ၊ ချက်တွေ၊ ဆက်ဆံရေးပိုင်းတွေ၊ အုပ်ချုပ်မှုပိုင်းတွေ အားလုံး တစ်ဦးတည်း လုပ်ကိုင်လှုပ်ရှားနေရတာဆိုတော့ ဦးတည်သာ န်းရမှာ။

သည်အလုပ် ဝင်လိုက်ခြင်းဖြင့် ဦးတည်ကို စာနာ သည်တတ်လာသော ခံစားမှု ဝဥ္စာ ရရှိခဲ့တာမို့ ပြေလည်လို တွေလည်း ပိုမိုခဲ့ရတာ။

ဦးတည် နားမလည်နိုင်သေးသရွေ့ ဝဥ္စာ စိတ်ရှည် ခံစွာ မာနနှင့် ခံပြင်းမှုတို့ကို ကင်းရှင်းဖယ်ရှားထားဖို့လည်း ဖြတ်ထားခဲ့တာမို့ အလျင်က ဝဥ္စာ့ပုံစံနှင့် အခု အသက်ရှင်ရှင် နေတဲ့ ဝဥ္စာ အတော်ကလေး ခြားနားပြောင်းလဲသွားမှာ သာအချာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မောင်နှင့်တုန်းက မာနလျှော့ဖို့ မောင် ဆုံးမသွန်သင်တိုင်း "ဝင္ဇာ့ဆီမှာ ချမ်းသာတာ ဒီမာနတစ်ခုတည်းပဲ ရှိတာမောင်ရဲ့၊ မောင့်ကိုတော့ ဝင္ဇာ မာနမကြီးပါဘူး၊ ယုံပါ"ဟု မောင့်ကို ပြန်နှစ်သိမ့်ရင်း ပတ်ဝန်းကျင်နှင့် ဘယ်တော့မှ ပြေလည်မှု မရှိတတ်ခဲ့တာ။

ဒေါ်လေးတို့ အိမ်သားတွေနဲ့ ထာဝရ ဆတ်ဆတ်ထိမခံ မာနထားခဲ့တဝ်တာတွေ။

ဒါကြောင့်ပဲ ဒေါ်လေးတို့နှင့် ပဋိပက္ခတွေကြား ဝင္ဇာ့ကို မောင် ဆွဲငင်ခေါ်ယူဖို့ ကြိုးစားခဲ့ရှာတာလေ။

အခုတော့ လက်တွဲခေါ်ငင်ခဲ့သူ မောင်က ဆုံး... ချန်ရစ်ပြီး ဝင္ဇာကသာ ရှေ့သို့လှမ်းလျှောက်လျက် အပြောင်းအလဲကြီး ပြောင်းလဲနေတာ မောင်မြင်ရင် အံ့သြနေမလား။

"မင်း သွားလို့ရပြီး တိမ်ဝင္ဇာ"

ဦးတည်ရဲ့ အမိန့်စကားကို ဝင္ဇာ ခံပြင်းမှုမထား... တတ်တော့တာလည်း ဆန်းကြယ်တာပဲ။ ဝင္ဇာ ထိုင်နေရာမှထ... ကိုယ့်စားပွဲကိုယ် ပြန်ဖို့အလှည့် ...

"ဪ ... တိမ်ဝင္ဇာ၊ မချုပ်ရသေးတဲ့ ဖိုက်ကာ... ပါတိတ်နှစ်စနဲ့ ဂျပန်ဘရိုကိတ်အစတွေ မနက်ဖြန် ... ယူလာခဲ့၊ ဗိုလ်ချုပ်ဈေး ဝင်အပ်လို့ရအောင်"

ဝင္ဇာ တအားအံ့သြသွားသည်။

သည်လို အသေးစိတ်ကအစ ဦးတည်က အော... သက်ကျေကျေ နားလည်တတ်သူပါပဲလား။ ဂရုတစိုက် ထား... လေးလည်းပေါ်တာ။ ဒါဟာ ပြေလည်ခြင်း အစပဲပေါ့။ ပြီးတော...



...န်းကလေး အသုံးအဆောင် အဆင်အယင် အမျိုးအစားတွေကို ...မ်းကျင် အလွတ်ရနေသော ဦးတည်ကို ပို၍အံ့သြရသည်။

ဦးတည်ရဲ့ ပင်ကိုယ်စိတ်နေ သဘောထားလေး ...န်မြတ် မြင့်မားပါတယ်။ ခက်တာက ဝင္ဇာ့ကို နားမလည် ...ထင်မကြီး ပေးနိုင်တာ တစ်ခုပါပဲ။ သံသယနှင့် ပထမတစ်ထပ် ...မြဲဆန်း စစ်နေတတ်ခြင်းက အလွှာတစ်ခုလို ဦးတည်ရဲ့ ...ြင်နာသဘောကောင်း စိတ်ရှည်မှုတွေအပေါ်မှာ ဖုံးအုပ်ကာကွယ် ...ခဲ့တာပဲ ဖြစ်သည်။

ဝင္ဇာ့အပေါ် မောင့်လို အမြင်ရှင်းရှင်းနှင့် နားအလည် ...း၊ ယုံကြည်စိတ်ချဆုံး၊ တန်ဖိုးအထားဆုံးတွေ မရှိချင်တောင်မှ ...ပြေလည်နွေးထွေးမှုလောက်တော့ ကျွန်မ မျှော်လင့်ပါရစေ ဦးတည်။ ...စောင်းမြောင်းမှုတွေ ရှိတဲ့ ဒေါ်လေးတို့အိမ်ထက်စာရင် သံသယ ...စ်ခုကလွဲလို့ ပျော်မွေ့စရာကောင်းတဲ့ ဦးတည်ရဲ့အိမ်မှာ ကျွန်မ ...ပျော်ပါတယ်။ ကျွန်မ လိုအပ်တာ ပြေလည်မှုကလေး တစ်ခု ...ည်းပါ။

❀ ၆ ❀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"I don't want your Lonely mansion
With a tear in every room.
All I want is the love you promised
Beneath the halowed moon ... "

မတိုးမကျယ် လွင့်ပျံ့လာသော သီချင်းသံကို နား
စိုက်ထားမိရင်း သူမ အမြဲဖွင့်နေကျ သည်သီချင်းကို တည်မြဲပင်
အလွတ်ရလုရှိနေပြီမို့ ခပ်တိုးတိုး လိုက်လေချွန်နေမိသည်။

သည်သီချင်းကို သူမ အတော်လေး မက်မောစွဲမင်
နစ်မြောက်ဟန်ပါပဲ။ တစ္ဆွဲတလမ်းကို နားထောင်တတ်တာ။ တစ်
ခွေလုံးကို အဲသည် တစ်ပုဒ်တည်း သွင်းထားကာ အကြော်ကြော်
အဖန်ဖန် အဲသည်တစ်ပုဒ်တည်း သူမ နားထောင်နေတတ်ပြီ။
သီချင်းအဓိပ္ပာယ်ကလည်း အတော်လေး ထိရှငြိတွယ်စေတတ်တာ
မို့ တည်မြဲတောင် နှစ်သက်သလို ရှိလာရသည်။

ဘာသီချင်းပါလိမ့်ဟု သီချင်းလာတာကြောင့် ခြံထဲ
မှာ ပေါင်းသင် ရေလောင်းနေသော အလုပ်သမား ဦးစော
ခဏလှမ်းခေါ်လိုက်ကာ ...



"တိမ်ဝဠာ ဧည့်ခန်းထဲမှာ ရှိနေလိမ့်မယ်၊ ကျွန်တော် ခေါ်
နေတယ်လို့ ပြောပေးစမ်းပါ၊ သီချင်းကို မပိတ်ဘဲ ဆင်း
လာခဲ့ပါလို့ ပြော"

ဟု ခိုင်းလိုက်ပြီး ဘာမှမကြာ တိမ်ဝဠာ ဆင်းလာ
သည်။

တည်မြဲ ရှေ့ကခုံကို မေးထိုးပြရင်း ထိုင်ခိုင်းလိုက်
တော့ အေးဆေးစွာပင် ထိုင်သည်။ သည်မိန်းကလေး အလျှင်ကနဲ့
တော့တော့အောင် ပြောင်းလဲနူးညံ့လာသားပဲ။ သို့ပေမဲ့ တစ်ခါတစ်ရံ
တည်မြဲကို ယှဉ်ပြိုင်ဖို့ကိုလည်း ဝန်မလေး။ လုပ်ငန်းခွင်မှာ နှစ်လ
နီးပါးကြာအောင် ဆက်ဆံရင်းနီးသလို ဖြစ်လာရလျက် သူမရဲ့
စရိုက်၊ စိတ်ထားတချို့ကိုလည်း တည်မြဲ အကဲခတ်မိပြီ။

ပကတိ ရိုးသားဖြူစင်တယ်ဟု မယူဆသေးပေမဲ့
ရိုးမသားစိတ် မမွေးတတ်၊ မကောက်ကျစ် မစဉ်းလဲတတ်တာကို
တော့ တည်မြဲ လက်ခံရသည်။

နေကလေးရဲ့ စည်းစိမ်တွေကို သူမ တကယ် မမက်
မောဘူးဟု တစ်ထစ်ချ အမှတ်မပေးဖြစ်သေးပေမဲ့ နောင်မှာ
အဲသည်လို ဖြစ်လာနိုင်မှာလားဟု တွေးဆတတ်လာပြီ။

တည်မြဲ စမ်းသပ်သလောက်တော့ သူမ အမှတ်ရ
သွားတတ်တာချည်းပါပဲ။ သို့သော် နှစ်လဆိုတဲ့ အချိန်ကာလက
တိုတောင်းသေးတာမို့ အလွယ်တကူ လက်မခံချင်သေးတဲ့ စိတ်
နှင့် တည်မြဲ ဆက်လက် သံသယထား အထင်မကြီးနိုင်သေးတာ
တလည်း အမှန်။

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီရယ်လ် သင်ခန်းစာသာ မကြုံတွေ့ခဲ့ရင် သူ... လေးရဲ့ အခုလက်ရှိ ရမှတ်နဲ့တင် နေကလေးနှင့် ကောင်းကောင်း... ကြီး သဘောတူ ကြည်ဖြူမိမှာပဲ။

"ပြောစရာရှိသလား ဦးတည်"

တိမ်ဝဋ္ဌာ အသံငြိမ်ငြိမ်လေးက တည်မြဲ အတွေးတွေ... ကို ဖြတ်တောက်ပစ်လိုက်တာမို့ တည်မြဲ လှုပ်ရှားလိုက်ကာ ...

"ဆိုပါတော့ကွာ၊ မင်း အခုဖွင့်နေတဲ့ သီချင်းက ဘာလဲ"

ကြည်လင်တဲ့ စကားသံနှင့် အာလာပသလ္လာပ... တောင် ဦးတည်က ဆိုနေပြီဆိုတော့ ပြေလည်တဲ့သဘောပေါ့မော... ဝဋ္ဌာ နှစ်သိမ့်ရောင့်ရဲသွားရလျက် ...

"Silver Thread And Golden Needle တဲ့၊ ဘာဖြစ်လို့... ဟင်၊ ကျွန်မကြိုက်လို့ ခဏခဏဖွင့်တာ ဦးတည်... အနှောင့်အယှက် ဖြစ်စေလား မသိဘူး"

"ဘယ်ဖြစ်မလဲ၊ မဖြစ်ပါဘူး၊ ခု ဦးစောကို မှာတဲ့အ... မှာ သီချင်းကို မပိတ်ဘဲ ဆင်းလာလို့ ပါသားပဲ၊ ... သတိမထားမိဘူးလား၊ ငါ ကြိုက်ပါတယ်"

ဝဋ္ဌာ ပြုံးကာ ထိုင်ခုံပေါ်ကနေ မြက်ခင်းထဲ ပုံ... နေသော ဆံပင်ကြီးတွေကို မ,ယူလျက် ပေါင်ပေါ် စုပုံတင်ထား... လိုက်သည်။

"မင်း နေကလေးကို သတိရနေသလား တိမ်ဝဋ္ဌာ"

စိတ်ကောင်းဝင်ကာ မောင့်အကြောင်း အစဖော်... မေးလိုက်သော ဦးတည်ကို ဝဋ္ဌာ မော့ကြည့်ကာ ...



"ဘာအဆင်တန်ဆာမှ မပါဘဲ အမှန်အတိုင်း ဝန်ခံရရင် အရမ်းသတိရနေပါတယ် ဦးတည်၊ နေ့ညမပြတ် ကျွန်မ မောင့်ကို သတိရတမ်းတမိပါတယ်၊ ဦးတည် မယုံချင်ရင် တော် မလှောင်ချင်ပါနဲ့"

"မလှောင်ပါလား တိမ်ဝဋ္ဌာ၊ ဒီတစ်ချက် ငါ ယုံလိုက်ပါ့မယ်၊ မင်း နေကလေးကို သိပ်ချစ်လား"

ဝဋ္ဌာ နှုတ်ခမ်းကလေးကိုက်ကာ မျက်ရည်ဝိုင်းလာရသည်။ မောင့်ကို အရမ်းလွမ်းဆွတ်လာရပြီကွယ်။ ဦးတည် ဘာသဘောနှင့် မေးတာပါလိမ့်။

"ဦးတည် ဘာသဘောနဲ့ မေးတာလဲ။ စမ်းသပ်နေတာလား ဟင်"

"ရော... မင်း ငါ့ကို အထင်မှားနေတယ်၊ ငါလည်း နေကလေးကို သတိရနေတယ်၊ နေကလေးကို ငါ သိပ်ချစ်တာလေ၊ ငါနဲ့ နှိုင်းယှဉ်စာနာပြီး မင်းကို မေးဖြစ်သွားတာပါ"

"မေးပြီး ဦးတည်က ယုံကော ယုံမှာမို့လား"

"ငါ ယုံသင့်တာကို ချင့်ချိန်ယုံပေးတတ်သားပဲ၊ ဒါပေမဲ့ ငါ့မှာ လူမယုံတဲ့ရောဂါ စွဲကပ်နေတာတော့ အမှန်ပဲ၊ အဲဒါ ငါ့ချွတ်ယွင်းချက်ပဲ ဆိုပါတော့၊ မင်း ငါ့ကိုနားလည်တတ်ရင် ကောင်းမယ်"

"ကျွန်မ မောင့်ကို သိပ်ချစ်တယ်၊ ဦးတည် ယုံလား"

"အမှန်အတိုင်း ဖြေရရင် မယုံတစ်ဝက် ယုံတစ်ဝက် အခြေအနေမှာ ရှိနေတယ်၊ အဲဒီအဖြေကို မင်း ကျေနပ်နိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



“ကျေနပ်ပါတယ် ဦးတည်၊ ယုံတစ်ဝက်ဆိုတဲ့ အခြေအနေ တောင် ရောက်လာပြီဆိုတော့ တိုးတက်တဲ့ လက္ခဏာပါပဲ”

တည်မြဲ ပြုံးလိုက်မိကာ တိမ်ဝဥ္စာရဲ့ ထက်မြက်တဲ့ အရည်အသွေးနှင့် ယဉ်ကျေးမှုကလေးကို လက်ခံလိုက်ရပြန်သည်။

ကိုယ့်ကို မယုံတစ်ဝက်လို့ ဆိုလိုက်တဲ့ စကား မကျေမနပ် ခံပြင်းမှုမပါဘဲ ယုံတစ်ဝက်ဆိုတဲ့ ကောင်းတဲ့ဘက် လှည့်မြင်ကြည့်ကာ တင်းတိမ်ကျေနပ်လိုက်ဟန်ကလေးက သူမ ရဲ့ ယဉ်ကျေးမှုကလေးပေါ့

လုပ်ငန်းပိုင်းမှာလည်း အမှတ်လျော့စရာမရှိ။

တစ်ခါတစ်ရံ မာနကို မသိမ်းတတ်တာမို့ တည်မြဲ နှင့် ကတောက်ကဆ ဖြစ်ရတာကလွဲလို့ သူမ အစဉ်သဖြင့် အလျှော့ပေး ယဉ်ကျေးပြတတ်တာ၊ ပင်ကိုယ်စရိုက် စိတ်ထား လေးတွေလည်း ညစ်နွမ်းမှု မရှိတတ်တာကို မြင်တွေ့လက်ခံ ရတာမို့ တည်မြဲ သူမကို လက်ခံပေးစ ပြုလာကာ ယုံတစ်ဝက် အပိုင်းကို ရောက်လာရတာ မမှားတော့ဘူး ထင်သည်။

တည်မြဲရဲ့ နဂိုစိတ်သဘောထားကိုက နားလည် လွယ်၊ အကောင်းမြင်တတ်ခဲ့တာမို့ သည်မိန်းကလေးကို သံသယ ဘယ်လိုမှ ထားလို့မရအောင် အားနာတတ်မှုတွေ ပါဝင်လာ အလွယ်တကူ အမှတ်တွေ ပေးနေမိတာလည်း ပါသည်ပေါ့။

ဒန်နီရယ့်လ် အစွဲနှင့် မယုံရဲ့ အယုံမလွယ်ရှိနေ ကလွဲလို့ သူမလေးကို တည်မြဲသဘောကျစ ပြုနေပြီ။

တည်တံ့ဣန္ဒြေရှိတဲ့ လက္ခဏာ၊ မာနနဲ့ ထက်မြ တောက်ပတဲ့ အရည်အသွေး၊ မဟုတ်မခံနဲ့ တိကျပြတ်သားမှု



တန်ဖိုးရှိတဲ့ စရိုက်ဓလေ့များကို အေးဆေးငြိမ်းချမ်းစွာ လှုပ်ရှား တတ်တဲ့ ဟန်ပန်အမူအရာ၊ မပျော့ပျောင်းလွန်းပေမဲ့ ခွန်အားပါ ချိုသာတဲ့ အပြောအဆို၊ လိမ္မာယဉ်ကျေးတဲ့ အလေ့အထလေးတွေ သူမထံမှ တည်မြဲ မြင်တွေ့ခဲ့သည်။ နေကလေး သဘောကျ တပ်မက်သော အရည်အသွေးများပေါ့။

... You Can't buy my love with money ...

... Cause I never was that kind ...

... Silver threads and golden needles ...

... Cannot mend this heart of mine ...

သီချင်းသံလေးက အတွေးကိုယ်စီနှင့် ငြိမ်သက်နေ သူ နှစ်ဦးကြားမှာ ထိုးဖောက် ပျံ့နှံ့နေသည်။

ဝဥ္စာ ငြိမ်သက်နေရာမှ လှုပ်ရှားလိုက်ကာ ...

“ကျွန်မ တစ်ခု တောင်းဆိုချင်တယ်၊ ရမလား ဦးတည်”

“ရတယ် ... တောင်း”

တည်မြဲကိုသာ သူမက အမြဲဖြည့်ဆည်း ကူညီပေး တာ ဘာတောင်းဆိုမှုမှ မရှိတတ်ခဲ့သော တိမ်ဝဥ္စာအတွက် တည်မြဲ သိလိုလားလားပင် ပေးချင်တာမို့ အလွယ်တကူပင် ခေါင်းညိတ် ထိုက်မိသည်။

ပြီးမှ ရင်ထဲက သံသယက လူးလွန့်လှုပ်ရှားလာ နေကလေးရဲ့ဓနိုးအနေဖြင့် တောင်းဆိုမှုများလားဟု တွေးဆ သည်။ သည်လောက်ထိ အမှတ်ရလာပြီးမှ သူမ စိတ်မခိုင်လို့ တင် ဖောက်ဖျက်ရင်လည်း ဘယ်တတ်နိုင်ပါ့မလဲ။ သူ့ထိုက် နှင့် သူမ ကံပေါ့ ဟူသော အတွေးတွေ မဆုံးခင်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ … ကျွန်မ မောင့်အခန်းထဲ ဝင်ခွင့်ရချင်ပါတယ်။ မောင် နေထိုင်ရှင်သန်ခဲ့တဲ့ အခန်းလေးကို ကျွန်မ ကြည့်ပါရစေ"

တိုးတိတ်ညင်သာသော တောင်းဆိုသံ တစ်ခုက တည်မြဲရဲ့ နှလုံးသားကို ဆိုးဆိုးရွားရွား ဖိညှစ်ဆုပ်ခြေ ချပစ်လိုက်တော့ တည်မြဲ မျက်နှာတစ်ခုလုံး ပူပြင်းသွားလောက်အောင်ပင် ကောင်မလေးကို အားနာကြင်နာသွားမိသည်။

သည်အခွင့်အရေးကိုတောင်မှ တောင်းဆိုချက်တစ်ခုအဖြစ် တလေးတနက် တောင်းခံရှာတဲ့ မိန်းကလေးဟာ ဘဝတစ်ခုလုံးအတွက် ရရှိမဲ့ စည်းစိမ်ဥစ္စာ ခံစားခွင့်တွေကို အလွယ်တကူ တောင်းခံနိုင်ပါ့မလား ဟူသော အတွေးက ထူးခြားနက်ရှိုင်းစွာပင် ထိုးခွဲဝင်ရောက်လာတော့သည်။

နေကလေးနဲ့ ပတ်သက်ပြီး သူမ တနင့်တပိုး ခံစားရရှာမှာပဲဟု စာနာကရုဏာ သက်ဝင်လာမိကာ ဒန်နီရယ်လ်နှင့် မယှဉ်ရက်လောက်အောင်ပင် သူမရဲ့ မေတ္တာတရားကို မြင်တွေ့လာရသည်။ သူမကလေး တကယ်ပဲ ရိုးသားဖြူစင်ခဲ့သည်လား ဘာလိုလားချက်မှ မရှိဘဲ အချစ်တစ်ခုတည်းနဲ့ လှည့်စားမှုမဲ့ မြတ်နိုး အနစ်နာခံသည်တဲ့လား။

"မင်း တောင်းဆိုချက်ကို ငါ လိုက်လျောရမှာပေါ့ တိမ်တွေ အဲဒီအချက်က ခွင့်မပြုရလောက်အောင် ငါ့အတွက် ခက်ခဲတာမှ မဟုတ်ဘဲ၊ စိတ်တိုင်းကျ မင်း အမြဲတမ်း ဝင်ထွက်နိုင်ပါတယ်၊ အမွေးလေးဆီမှာ သော့တောင်းယူပါ"

"ကျေးဇူးပါပဲ ဦးတည်"



တကယ် လှိုက်လှဲပျော်ရွှင်သွားဟန်ကလေးက သူမ မျက်နှာလေးမှာ ဖုံးကွယ်တားဆီးမရ။

ဆံပင်ရှည်ကြီးတွေက ပိုးသားနက်ပြောင်ပြောင်တွေလို သန့်စွမ်းထူဖြာလွန်းလို့ မနိုင်မနင်း ဖြစ်နေတတ်ပုံလေးကိုက သူမရဲ့ မူပိုင်ဟန်ကလေး ဖြစ်နေတတ်တော့တာ။ နှစ်လအတွင်း ဆယ့်လာခဲ့သမျှ သူမ နှစ်နှစ်ခြိုက်ခြိုက် ခံစားကျေနပ်သွားတတ်တဲ့ အခါမျိုးတွေမှာ အဲသည် ဆံပင်ရှည်ကြီးတွေကို ဆုပ်ကိုင်မွှေ့ပိုက်ထိုက်ပုံလေးက စွဲမက်ချင်စရာကောင်းသော သူမ၏ အကျင့်မလေ့အလေးပဲ ဖြစ်နေသည်။

သူမ အဲသည်လို လုပ်ကိုင်လိုက်ပုံလေးတွေကလည်း များပါး မြင်တွေ့ခဲ့ရပေမဲ့ တည်မြဲ မှတ်မှတ်သားသား ရှိနေမိတာက အံ့ဩတတ်ရင်တော့ အံ့ဩစရာပါပဲ။

နေကလေးနှင့် နှစ်ဦးသား ချစ်ကြည်ပူးယှက်စွာ နေထိုင်တတ်ခဲ့သူမို့ ညီလေး မရှိတော့တဲ့အခါ အထီးကျန်ကွက်လပ် ရသွားတော့ အဲသည် ကွက်လပ်ကပဲ သူမနှင့် ရင်းနှီးစေဖို့ ဆနိုင်းနှိုးဆော်ခဲ့သလား မသိ။

တစ်ဦးတည်း ခြောက်သွေ့တိတ်ဆိတ်စွာ ညီကလေးဆီ အောက်မေ့တသ ဖြစ်နေရခြင်းကို ဖြည့်ဆည်း ကုသပေးနိုင်တာကတော့ သူမနှင့် စကားဆိုရင်း သူမ စိတ်သဘောထားလေးတွေကို အကဲခတ် စောင့်ကြည့်နေမိခြင်းပဲ ဖြစ်ခဲ့သည်။

ဒါကြောင့်မို့လည်း နှစ်လဆိုသော အချိန်ကလေးအတွင်းမှာ သူမကို အတော်အတန် သဘောပေါက်စ ပြုလာခဲ့တာဆို။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သွားခွင့်ရှိပြီလား ဦးတည်"

အနိမ့်အတက် မရှိသော ခပ်တောင့်တောင့် အသံက လေးနှင့် ခွင့်တောင်းလိုက်ပုံကလေးက နိမ့်ချခြင်းလည်း ပေါ်လွင်စေကာ နှိမ့်ချလိုက်ရခြင်းကိုလည်း အောင့်သက်သက်လေး ဖြစ်နေသော မာနတရားလေးကလည်း ခေါင်းပြူနေတော့သည်။

သည်မိန်းကလေးဟာ ခံစားချက်မှန်သမျှကို ဖုံးကွယ်သိမ်းဆည်းနိုင်စွမ်း ရှိသလို အပြင်ခံစားချက်နှင့် အတွင်းခံစားချက်က ထာဝစဉ် ဆန့်ကျင်နေတတ်တာမို့ သူမကို နားလည်နိုင်ဖို့ဆိုရင် အပြင်မျက်နှာပန်းကလေးကို ကြည့်ပြီး အဲသည်မျက်နှာသွင်ပြင်နှင့် ပြောင်းပြန်သာ လှန်ယူလိုက်။ သူမ၏ အတွင်းခံစားချက်ကလေးကို ရနိုင် နားလည်နိုင်မည် ဖြစ်သည်။

အဲသည်လိုနဲ့ပဲ သူမကို တည်မြဲ တစ်စထက်တစ် နားလည်လာရပါပြီလေ။

နှုတ်ခမ်းကလေး ပြုံးနေပြီး ရင်တွင်းမှာ တင်းထန်ပြင်းနေတတ်မည်။ ရင်ထဲက တကယ် မပါဘဲနဲ့လည်း မ ဖြစ်သော မာနစကားတို့ ဆိုတတ်မည် ဆိုတာကို သိလာရ အခါ တွေ့စက တည်မြဲကို ဘက်ပြိုင်အံတုကာ ကျားနာမ တစ်ကောင်လို မာန်ဖီရန်ထောင်ပြခြင်းကို ပြန်လည်ဆန် သံသယဝင်လာရခြင်းက တည်မြဲရဲ့ အတွေးထဲမှာ မှိုမှိုင်နေရာယူတတ်ခဲ့တော့သည်။

တည်မြဲ တွေးလိုက်သမျှ အရာတိုင်းမှာ ထိုမိန်း လေးအကြောင်း အစဉ်သဖြင့် ပါဝင်ရောယှက် ပါလာတတ် ကိုလည်း နားမလည်၍ မရချင်တော့။ နှစ်လ ဆိုသော ကာလ



ကာတိ သံယောဇဉ်ကြိုးတစ်စကို စတင်နှောင်ဖွဲ့ ရစ်သိုင်းလာနိုင်သည် ဆိုရင်တော့ တည်မြဲ တိမ်ဝဏ္ဏာလေးကို သံယောဇဉ် တည်မှုပြီ။

"ကောင်းပြီ တိမ်ဝဏ္ဏာ"

တည်မြဲ ခွင့်ပြုလိုက်တော့ ထိုင်ရာမှထကာ တည်မြဲ ကျောခိုင်းလျက် ရှည်နက်သန်စွမ်းသော ဆံပင်ကြီးများ ဖြာဖြာလွင့်ကာ ထွက်ခွာသွားတော့သည်။ တည်မြဲကို ငဲ့၍ပင် ကြည့်တော့။

အကယ်၍ ဦးတည်ကို ငဲ့၍ကြည့်လိုက်မိလျှင် ဝဏ္ဏာ လုံးအိမ်မှ မျက်ရည်ကြည်စက်တချို့ရယ်၊ တုန်လှုပ်သော ခမ်းမှ အပြုံးတစ်စရယ်ကို ဦးတည် မြင်သွားမည်။

မောင် ... မောင့်အခန်းကလေးထဲ ဝင်ကြည့်ခွင့်က ရတာအတွက် ဝဏ္ဏာ သည်လောက် လှုပ်ရှားတုန်ယင်နေခြင်း ဦးတည် မြင်ရင် မာယာလို့ အမည်တပ်ဦးမှာလား ဦးတည်။

အဲသည်လို ဦးတည်တွေးလိုက်မှာကို ကျွန်မ အစိုးရိမ်ပါ။ ဒါကြောင့်ပဲ ဦးတည်ရဲ့ မျက်ဝန်းနက်ပြောင်ပြောင်တွေ ကမှာ ကျွန်မရဲ့ ခံစားမှုကို ကျွန်မ သိမ်းကွယ်ထားမိတတ် ဦးတည် နားလည်နော်။

*** ၆ ***

www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးသော့တွေကို စအဖွင့်မှာ မောင် လှမ်းနှုတ်ဆက်လိုက်သလား သံသယဝင်သွားရလောက်အောင်ပင် လိုက်မောနှးရီခဲ့ရသည့် မောင့်ထံမှ ရခဲ့နေကျ ရနံ့သင်းကလေး ဝေ့ခနဲမွှေးပျံ့လာခဲ့သဖြင့် ၁၉၉၂ ကြက်သီးမွှေးညင်းပင် ထသွားရလေသည်။

မောင့်အခန်းကလေးက ညှိခန်းကပ်လျက်မှ တစ်ခန်းဖြစ်သည်။ တစ်ခန်းလုံး မွှေးမြကာ ကြည်လင်နေခဲ့တော့ မောင် ဆုံးပါးကွယ်ပျောက်နေတယ် ဆိုတာကိုတောင် ယုံချင်စရာမရှိ။ မောင်ဟာ ပြန်ရောက်လာနိုင်မဲ့ ခရီးရှည်တစ်ခုကို ထွက်သွားနေသလိုပါပဲကွယ်။

မောင် ပြန်လာလိမ့်မည်ဟု ရူးရူးမိုက်မိုက် ဝဠာတွေးတော ယုံကြည်တတ်နေရင် ဘယ်လောက် ကောင်းလိုက်မလဲနော်။

မောင့်အဝတ်တချို့ ချိတ်ငင်ထားသော စတီးအဝတ်စင်ကလေး၊ မောင် အိပ်စက် အိပ်မက်ခဲ့သော မွေ့ရာထူထူအိအိ ဖွေးလွလွ၊ မောင် အပန်းဖြေ ကြည့်ရှုခဲ့သည့် တီဗီနှင့် ဒက်ဒ် တင်ထားသည့် စတီးလ်စင်ကလေး။



မောင် စာရေးစာဖတ် လုပ်ခဲ့သော စာကြည့်စားပွဲလှလှကလေးနှင့် ဆိုဖာခုံကလေး၊ အမွှေးလေး တစ်နေ့တစ်ကြိမ်သာရောက်ရှင်းလင်းသည် ထင်ပါရဲ့။ မောင် နေထိုင်ရှင်သန်နေသလိုကို မောင့်အခန်းလေးက အသက်ဝင် လှုပ်ရှားနေတာနော်။

အဲသည်အချက်က ဝဠာ့ရင်ကို အကိုင် အလှုပ်နိုင်ဆုံးပါပဲ မောင်ရယ်။ မောင် ရှိနေပါစေလို့ ဝဠာ ဆုတောင်းချင်နေတယ်လေ။

နံရံစိမ်းနုနုကလေးမှာ မောင်နှစ်သက်သော နိုင်ငံခြား ပိုစတာတချို့တောင် ကပ်ငြိလို့ အသက်ဝင်နေတာ။ ပြီးတော့မောင့်ပုံတူ ပန်းချီကား။

မောင့်မျက်လုံးတွေလို အလိုလို ပြုံးညိုသိမ်မွေ့နေခြင်းကတော့ အံ့သြစရာပါပဲ။ ပန်းချီကားတစ်ချပ်လုံးကို မောင့်မျက်လုံးနှင့် နှုတ်ခမ်းကလေးက သယ်သွားခဲ့တာပါဆိုရင် မမှားဘူးပေါ့။ တစ်ဖက်သားဆို သိပ်ကို အကောင်းမြင် လိုက်လျောနည်းတတ်၊ စိတ်ရှည် စိတ်ထားဖြူစင်တတ်ပုံ ဟန်ကလေးတွေကမောင့်မျက်လုံးထဲက အရည်ကြည်လေးတွေထံ။ လေးကိုင်းစပ်စပ်နှုတ်ခမ်းတွန့်တွန့်ကလေးထံမှာ ခိုအောင်းငြိတွယ်နေခဲ့သည်နော်။

ဝဠာ့ကို ညှို့ယူဖမ်းစားနိုင်တာကလည်း အဲသည်မောင့်ရဲ့ ပိုင်ဆိုင်မှုကလေးတွေပေါ့။

ဘတ်စ်ကားပေါ်မှာ ဆံပင်စောင့်ရှောက်ပေးခဆိုပြီးထိုက်လံပို့ဆောင်ပေးခဲ့တဲ့ မောင်က ဝဠာ့ရဲ့ ဂျက်နှင့်အတူ ဂျစ်ကားနှင့် လိုက်လံစီးနေရခြင်းကို နည်းနည်းကလေးမှ မပိုလားခြင်းကို ပိုမိုခိုင်မာစေအောင် သင်ကြားခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင် အသွားအလာ ဒုက္ခရောက်မှာပဲ၊ ငါ အသွားအပြန် လာကြိုမှာပဲ၊ အဲဒါတော့ နင် မငြင်းနဲ့၊ ငြင်းရင် သေခန်းပြတ်"

ဆိုပြီး ခြိမ်းခြောက်ကာ အတင်းကြီး ကြိုပို့လုပ်ခဲ့သော ဂျက်ကို ...

"ငါ့ကို ပဲန်လေး လိုက်ပို့ကြိုတာ မသိမသာလေး ခံယူချင်လို့ပါဟယ်"

ဆိုသော တစ်ချက်နှင့်တင် သူ့ကား ကပ်စီးနေရ၍ ကျဉ်းကျပ်ခြင်းမှ ခုန်ထွက်လိုက်နိုင်ခဲ့သည်။

"မိန်းမ ... ပညာတွေ သိပ်တတ်နေပါလား၊ ဒီတစ်ခါ အခန်းဝမှာ လာရပ်ကြည့်ရင် ပြောလိုက်ရမလား ဟောဗျာ"

ဟု ဂျက်က နောက်ပြောင်ရင်းနှင့် ဝဠာ ဘတ်စ်စီးခြင်းကို ခွင့်ပြုလိုက်တော့သည်။

အဲသည်တော့ ဝဠာ ကိုယ်ပိုင်ဖွမ်းအင်ကို အသုံးချ ခွင့်ရကာ ဝဠာ ပေါ့ပါးသွက်လက်လာခဲ့သည်။ မောင်နှင့် ဝဠာ၏ ရင်းနှီးမှုကလည်း အဲသည်ကနေ စခဲ့သည်နော်။ ကလေးလေး တစ်ယောက်၏ မြူးစင်အပြစ်ကင်းပုံမျိုးလေးဖြင့် မောင် လိုက်လာ တတ်ခဲ့ခြင်းကို ဝဠာ တိတ်ဆိတ်စွာ ငြိမ်သက်ကျေနပ်တတ်ခဲ့ပါ သည်။

"ကျွန်တော့် နာမည်ကော သိရဲ့လား"

"ဘယ်သိနိုင်ပါ့မလဲ"



"ဟာ ... နည်းနည်းလေး ညံ့သွားပြီ၊ ကိုယ့်ကို လိုက်ပို့ ဆောင် စောင့်ရှောက်နေတဲ့ လူတစ်ယောက်အကြောင်းကို အနည်းအကျဉ်းတော့ သိထားသင့်တာပေါ့ကွ၊ ကျွန်တော် ဆို ဝဠာ့ အကြောင်းတွေ အလွတ်တောင်ရနေပြီ၊ ရွတ်ပြ ရမလား"

"အံမယ် ... မရွတ်ပြပါနဲ့၊ ကိုယ့်အကြောင်းပဲ ကိုယ်လည်း အလွတ်ရတာပဲပေါ့၊ အဆန်းလား"

"ကိုယ်ဆိုတာ ဘယ်သူ့ကို ပြောတာပါလိမ့်"

နှုတ်ခမ်းကလေး ပြုံးကော့ကော့နှင့် ဘေးဘီဝဲယာ ဆိုက်လံရှာဖွေနေပုံလေးကို ဝဠာ အလစ်မှာ ငေးရင်း မြတ်နိုးတကြီး သွားခဲ့သည်။ အမှန်ဆို ဝဠာ့ ချစ်ခြင်းများက အဲသည်နေ့လောက် ကတည်းက စတင်အမြစ်တွယ် ကုပ်ထားနှင့်ခဲ့သည် ထင်ပါရဲ့။

"ကျွန်မပေါ့၊ မသိချင်ယောင် ဆောင်နေတယ်"

အဲသည်တော့ မောင်က နှုတ်ခမ်းလေး တဟဟနှင့် ယ်မောကာ ဘေးခွဲဆံပင်လေးတွေကို လက်နှင့် သပ်တင်နေ ရက် ...

"ကိုယ့်နာမည်ကို ထည့်ပြောတတ်တဲ့ မိန်းကလေးမျိုးဆို ကျွန်တော် အရမ်းသဘောကျတာ၊ ဝဠာလည်း ပြောပေးပါ လား"

"ဘာဆိုင်လဲ ... ဘာမှမဆိုင်ဘူး"

အဲသည်နေရာမှာ မောင်က တဟင်းဟင်းလေး ယ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မောင် ရယ်နေခြင်းက သာမန်ဟု ထင်စရာရှိသော် လည်း နောင် သိပ်မကြာခင်ကာလမှာ ဝဠာ ကိုယ့်ကိုယ်ကိုယ် "ဝဠာ"ဟု ထည့်ပြောနေမိခြင်းကို ကိုယ်တိုင် မသိလိုက်ခင်မှာ မောင်က သတိထားမိကာ အဲသည်လို တဟင်းဟင်း ထပ်ရယ် လျက် ဝဠာ့ကို စိုက်ကြည့်နေခဲ့တော့မှ ဝဠာ သဘောပေါက်ကာ အနည်းငယ် ရှက်သွားခဲ့ရဖူးပါသည်။

အဲသည် ရယ်သံကလေးနှင့် မောင်က ဝဠာ့ကို လိုရာစေခိုင်းခဲ့တာလေ။ ပြုစားခဲ့တာမျိုးပေါ့။ တကယ်တော့လည်း ဝဠာ မသိနိုင်တဲ့ မသိစိတ်တွေနှင့်ပင် မောင့်အပေါ် ချစ်ခင်လိုး လျောလိုစိတ်တို့ ပြည့်ဝ မို့မောက်နေခဲ့သည်နော်။

"ကျွန်တော့်နာမည် ဝဠာ သိနေမှာပါ၊ ဒါပေမဲ့ သေချာ အောင် ပြောပြထားပေးမယ် ဟုတ်လား၊ မှတ်ထားနော် နေမြဲသာတဲ့၊ ကျွန်တော်ဘွဲ့ရပြီး အလုပ်လက်မဲ့ ဖြစ်နေ တာနဲ့ တိမ်ဝဠာဆိုတဲ့ မာနခဲလေးကို လိုက်ပို့ကြို ပေး ရှောက်နေတဲ့ အလုပ်ပဲ ဝင်လုပ်နေတယ်"

"ရယ်စရာ မကောင်းပါဘူး၊ ဟာသ လာပြောမနေနဲ့"

"ရယ်ဖို့ ပြောတာမှ မဟုတ်ဘဲ၊ တိမ်ဝဠာ ရယ်ချင် ဘယ်ရမှာလဲနော်၊ ပေး ... လွယ်အိတ်၊ ကိုင်ပေးချင်တာ"

ပြောရင်း ဆိုရင်း ဝဠာ့ ကချင်လွယ်အိတ်ဖြူလေး ဖြုတ်ယူကာ ရွှပ်ကျယ် အစိမ်းဖန့်ကလေး ဝတ်ထားသော ပခုံးမှာ သိုင်းလွယ်ထားလိုက်သည်။ အဲသည်အချိန်ဆိုတာ လိုက်ပို့ကြိုတဲ့ အချိန်ကာလသက်တမ်း အတော်လေး ရှိနေ ဝဠာ မငြင်းခဲ့ပါ။



မနက်ဆို ဝဠာ အိမ်မှထွက်ကာ စီးနေကျ ဘတ်စ် ကားဂိတ်မှာ မောင် ရှိနေမည်ဆိုတဲ့ အသိနှင့် စိတ်လက်ကြင်လင် ကြည်သန့်လျက်။

မောင့်ကို ချစ်စဖွယ်ကောင်းအောင် ဝဠာ ကြိုးစားပြုံး ပြတတ်နေပြီ မဟုတ်လား။ တစ်ခါတစ်ရံ ဒေါ်လေးတို့နှင့် အဆင် မပြေ စကားများလာရ၍ တင်းမာနောက်ကျိနေတဲ့ စိတ်ဆိုတာက မောင့်ရှေ့ရောက်လျှင် နူးညံ့ ဖြူစင်သွားတတ်တာကိုလည်း ဝဠာ သိအမှတ် မပြုလို့ မရဘူး မဟုတ်လား။ မောင် ဝင်ရောက်လာ ခြင်းက ဝဠာရဲ့ အထီးကျန်ဘဝအတွက် ရေတံခွန်တစ်စင်းလို ဖြည်စေခဲ့တာနော်။

နောက်ဆုံးတော့ မောင်ဟာ ဝဠာ့ရဲ့ တိုင်တည်ရင် ဖွင့်ရာ လူသားကလေးတစ်ဦး ဖြစ်လာခဲ့တော့သည်အထိ ဝဠာ့ စိတ်ထဲမှာ အရေးပါ အရာရောက်လာခဲ့တော့သည်။

မောင်လိုက်ပို့ကြိုနေတာကို ဒေါ်လေးနှင့်တကွ အိမ် သားအားလုံး သိသွားပြီး အပြင်းအထန် စကားများ၊ အတိုက်အခံ ပြုခြင်းကို အစပြု၍ ဝဠာ့ဘဝ အစိတ်အပိုင်း အတော်များများ ကို မောင် သိခွင့်ရခဲ့လေသည်။

"သူတို့က ကျွန်တော် လိုက်ပို့တာကို မကြိုက်ကြဘူး ဆိုတာ ကျွန်တော်နဲ့ စကားမပြောဖူးသေးလို့ပါ၊ သူတို့ ကျွန်တော့်ကို ခင်သွားအောင် ကျွန်တော် ကြိုးစားလိုက် မယ်လေ ဝဠာ၊ ဒါဆို ဝဠာ့ကို သူတို့ ပြဿနာရှာကြ တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



အရာရာကို ဖြောင့်ဖြောင့်စင်းစင်း တွေးတတ်သော ဆောင့်ကို ရိုးသားဖြူစင်လိုက်တာဟု ဝဇ္ဇာ တွေးမိရင်းကပဲ ဝဇ္ဇာ ဘဝ အမှန်ကို ရင်ဖွင့်ပြခဲ့ခြင်း ဖြစ်သည်။

"ကိုနေမြဲ ဘာမှ မသိနိုင်ပါဘူး၊ သူတို့ဟာ ဝဇ္ဇာဘဝ ပထမဆုံး ရန်သူတွေပဲ၊ ဝဇ္ဇာ့မှာ ဘာဆွေမျိုး အသိုက်အဝ မှ မရှိဘူး၊ မိဘဆို ဝေးရောပဲ၊ ဝဇ္ဇာ လေးငါးနှစ်လော ကတည်းက ဆုံးပါးခဲ့ကြတာ၊ သူတို့ မတရားခဲ့ကြတာ ကို ကြည့်မရတဲ့ ဘေးအိမ်က အဘွားကြီးတစ်ယော ပြောပြလို့ ဝဇ္ဇာ အဖြစ်မှန် သိခွင့်ရတာ၊ ဒါပေမဲ့ ခု အဲဒီအဘွားကြီးလည်း ဆုံးသွားပါပြီ။ ဝဇ္ဇာ့ဘက်ကလူ လို့ တစ်ယောက်မှကို မကျန်တော့တာ ...

"ဝဇ္ဇာ့ မိဘတွေ ဆုံးတော့ ဝဇ္ဇာ့မှာ အိမ်နဲ့ခြံ သပ်ရပ်ရပ်ကလေးနဲ့ ရွှေငွေဥစ္စာ နည်းနည်းကျန်တ အခု ဒေါ်လေးဆိုတာက ဝဇ္ဇာ့ကို ထိန်းခဲ့တဲ့ ကလေးထိ ပဲ ဆိုပါတော့၊ မိဘတွေဆုံးတော့ သူပဲ ကလေးကို စားပါရစေဆိုပြီး ဝဇ္ဇာ့ကို မွေးခဲ့တာလေ၊ အမှန်က မွေးစားချင်တာ ဝဇ္ဇာ့ကိုမှ မဟုတ်ဘဲ၊ ဝဇ္ဇာ့ စည်းစိမ်ဥ ကိုလေ၊ သူ့မှာ ယောကျ်ားရော သားနဲ့သမီးရော ရှိတ ဝဇ္ဇာ့ထက် အကြီးတွေပဲ၊ သူတို့ကိုပါ အိမ်ပေါ်ခေါ်ထား နေလာခဲ့တာ အခုထက်ထိပဲ ဆိုပါတော့လေ ...

"သူတို့က အရင်က အတော်လေး နွမ်းပါးတ ဒေါ်လေး ဝဇ္ဇာ့ကို လခစားနဲ့ ထိန်းကျောင်းပေးခဲ့ရတာ ကြည့်လေ၊ ဝဇ္ဇာ့မိဘတွေ ဆုံးပါးပြီး ဝဇ္ဇာ့ကို သူတို့မွေး



လိုက်တော့မှ ချောင်လည်လာကြတာ၊ ဦးလေးကလည်း အရင်းအနှီးရပြီး အလုပ်လုပ်တယ်၊ ဒါပေမဲ့ ရှာတာထက် ဖြုန်းတာက များပါတယ်၊ ဝဇ္ဇာ့ကို မွေးစားပေမဲ့ စေတနာ တော့ တစ်စက်ကလေးမှ ရှိတာမဟုတ်ဘူး၊ ပတ်ဝန်းကျင်က ဝိုင်းပြောလို့ သားသမီးတွေနဲ့အတူ ကျောင်းထားပေးရတာ၊ တစ်လျှောက်လုံး ငြူငြူစူစူပါပဲ ...

"ဝဇ္ဇာ့အတွက် ကျန်ခဲ့တဲ့ စည်းစိမ်ဥစ္စာကတော့ နည်းနည်းပေါ့၊ သူတို့က ပွားအောင် ရှာဖွေကြိုးစားခဲ့ရတာ၊ ဝဇ္ဇာ့ ပိုင်ဆိုင်မှုတွေက ဝဇ္ဇာ လူလားမြောက်အောင် ကျွေးမွေးပညာသင်ပေးရတာနဲ့တင် ကုန်လောက်ပြီတဲ့၊ အခုကျန်တာတွေက သူ့ယောကျ်ား ရှာဖွေ ကျုံးရုန်းထားလို့ ရတဲ့ဟာတွေပေါ့လေ၊ ဆိုလိုတာကတော့ ဝဇ္ဇာ့ကို သူတို့ကန်ထုတ်ချင်နေပြီ၊ ဝဇ္ဇာ ရှိနေရင် ဝဇ္ဇာ့ကို အမွေခွဲပေးရမှာလည်း စိုးမှာပေါ့၊ အိမ်က ဝဇ္ဇာ့မိဘ လက်ထက်ကတည်းက အိမ်လေ ...

"ပိုဆိုးတာက သူ့သားနဲ့သမီးက ဆယ်တန်းမှာ အခါခါကျပြီး ပညာရေး ရပ်တန့်သွားတယ်၊ ဝဇ္ဇာက တက္ကသိုလ် ဆက်တက်နေတယ်၊ အဲဒါကိုလည်း သူတို့ တစ်စက်မှ ကြည့်မရဘူး၊ အမြဲ ရန်ရှာငြူစူ စောင်းမြောင်း၊ ဝဇ္ဇာကလည်း ဆတ်ဆတ်ထိမခံ ပြန်ပြောနဲ့ အမြဲပြဿနာ တက်နေတာပေါ့၊ သူတို့က ဝဇ္ဇာ့ ခြေလှမ်းကို စောင့်ကြည့် ချောင်းမြောင်းနေကြတာလေ၊ ဝဇ္ဇာ ခြေတစ်ချက် ယိုင်တာနဲ့ သွားပြီမှတ် ...

www.burmeseclassic.com

www.burmeseclassic.com



"အခုဆို ပိုဆိုးလာတယ်၊ တစ်ခုခုဆို မနေချင်အိမ်ပေါ်က ဆင်းသွား ဆိုတာနဲ့ ကိုင်ပေါက်နေတော့တာ ကိုနေမြိကိစ္စ ဝင်လာတော့ ထောက်ပြစရာ အကွက်ကောင်းကောင်း သူတို့ ရနေတာပေါ့၊ ပညာသင်ရင်း ဘာသံညာသံ ကြားရင် ကျောင်းထုတ်ပစ်မယ်ပေါ့၊ သူတို့ကတော့ ပင်ပင်ပန်းပန်း ရှာဖွေကျောင်းထားပေးရတာကို ဝဋ္ဌာက အငြိမ့်သား ဇိမ်လေးနဲ့ကျောင်းတက်ပြီး ဟိုဒင်း ... ကိုနေမြိနဲ့ ဝဋ္ဌာ့ကို စွပ်စွဲတာ"

"ကျွန်တော် တော်တော် စိတ်ထိခိုက်ရတာပဲ ဝဋ္ဌာ၊ ဝဋ္ဌာ တော်တော် စိတ်ညစ်မှာပေါ့နော်၊ ကျွန်တော် ဘာလုပ်ပေးရရင် ကောင်းမလဲ မသိဘူး၊ တစ်ခုခုတော့ အရမ်းလုပ်ပေးချင်တယ်၊ သူတို့ အပြစ်မပြောအောင်တော့ လုပ်လို့မရဘူးထင်တယ်၊ ဝဋ္ဌာ့ကို လိုက်မပို့ မကြိုဖို့ကိစ္စလေ၊ ကျွန်တော် ဘယ်စိတ်ချမလဲ၊ တကယ်ဆို ကျွန်တော် လိုက်စောင့်ရှောက်ပေးမနေတယ်ဆိုတာ သူတို့သိရင် ကောင်းမယ်နော်၊ သူတို့ သိနားလည် နားဝင်အောင် ဝဋ္ဌာက ချိုချိုလေး ပြောကြည့်လား၊ အဆင်ပြေအောင်လေ၊ ပြန်မပြောဘဲ သည်းခံတတ်တဲ့ ဝဋ္ဌာ့အတွက် အဆင်ပြေမယ် ထင်တယ်၊ မာနသိပ် ကြီးထားနဲ့လေ၊ ကျွန်တော် ပြောတာ လက်ခံလား၊ မှန်ရဲ့လား"

"ဟင့်အင်း ... ဝဋ္ဌာ သူတို့နဲ့ အဆင်မပြေချင်ဘူး၊ ကိုနေမြိ မသိပါဘူး၊ ဝဋ္ဌာက ဘဝနဲ့ရင်းပြီး ခံစားခဲ့ရတာ၊ ဘယ်တော့မှ မာနမလျှော့ဘူးမှတ်၊ ဝဋ္ဌာ့မှာ ပိုင်ဆိုင်တာ အဲဒီ မာနပဲ ရှိတာ"



"မဟုတ်ဘူးလေ၊ ဝဋ္ဌာ စဉ်းစားကြည့်ရင် သူတို့ မကောင်းပေမဲ့ ဝဋ္ဌာ့အပေါ်မှာ ကျေးဇူးရှိတာ ဝဋ္ဌာမြင်မှာပဲ၊ ဟုတ်တယ် မဟုတ်လား၊ ဝဋ္ဌာ ကလေးလေးဘဝနဲ့ ပစ္စည်းဥစ္စာ တွေကို သူတို့က ထိန်းသိမ်း စောင့်ရှောက်ပေးခဲ့တာ မဟုတ်လား"

"အိုး ... ဘာဆိုင်လဲ၊ သူတို့ ချမ်းသာချင်လို့ လုပ်တဲ့ကိစ္စပဲ"

"ဘာပဲဖြစ်ဖြစ်လေ ဝဋ္ဌာ ဒီအရွယ်အထိ အေးအေးဆေးဆေး ပညာသင်ခွင့်ရတာ အမြတ်ပေါ့၊ အဲဒီလို ခံယူလိုက်ရင် ရန်အေးတာပေါ့"

"အို ... ကိုနေမြိပဲ သူတို့ကို အကောင်းမြင်၊ တစ်အိမ်တည်း တစ်ရက်လောက် နေကြည့်လိုက်စမ်းပါ၊ ကိုနေမြိလို နုနုညက်ညက်ကလေး ဟိုက အလုံးအရင်းနဲ့ ဝိုင်းနှိပ်လိုက်ကြတာနဲ့ ပြေးမှာ၊ ဝဋ္ဌာက တစ်သက်လုံး အနှိမ်ခံ အထီးကျန်ခဲ့ရတာနော်၊ ပျော်ပွဲရွှင်ပွဲဆို ဝဋ္ဌာ ဒီအသက်အရွယ်အထိ တစ်ခါမှ မသွားဖူးဘူး၊ သူတို့ အမြဲ ဝဋ္ဌာ့ကို အိမ်စောင့်ဆိုပြီး ထားပစ်ခဲ့တာ ...

"ငယ်ငယ်တုန်းကတော့ အားငယ် ကြောက်စိတ်နဲ့ ငိုကျန်နေခဲ့တာပေါ့၊ ကြီးလာတော့လည်း ဝဋ္ဌာ လုပ်ချင်ရာ လုပ်လိုက်တာပဲ၊ မာနကို ဂုဏ်စက်မှ မလျှော့ပါဘူး၊ တစ်ခါတလေ သူတို့ကျွေးတဲ့ ထမင်းကိုတောင် စားရမှာ ကြောက်တယ်၊ အဆိပ်ခတ်ထားမှာ စိုးလို့"

"ဟာ ... အဲဒီလောက်တောင် ဆိုးလား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထက် ပိုဆိုးတယ်၊ ကိုနေမြ်က မခံစားဘူးတော့ ဘယ်သိပ်လက်ခံနိုင်မလဲ၊ ဝဋ္ဌာ ခံစားခဲ့ရတာ ဆယ့်ငါးနှစ် တိတိရှိပြီ"

အဲသည်တော့လည်း မောင်က လိုက်လံခံစားပေးပုံနှင့် မျက်နှာပျက်ယွင်း စိတ်ညစ်နေတော့သည်။ မျက်မှောင်လေး ကုတ်၊ ကျွတ်ခနဲ စုတ်သပ်ကာ ...

"ကျွန်တော် တစ်ခုခု လုပ်ပေးချင်တယ်၊ လောလောဆယ် တော့ ဝဋ္ဌာ နည်းနည်း မာနလျှော့ပြီး သူတို့နဲ့ ပြေလည် အောင် နေပါလား ဟင်"

"ဝဋ္ဌာ မေးချင်တယ်၊ သူတို့ တစ်အိမ်သားလုံးနဲ့ ဝဋ္ဌာ တစ်ယောက်တည်း လုံးဝအဆင်မပြေနိုင်ဘူး၊ အဲဒါ ဘယ်သူ လွန်လဲ၊ တစ်ယောက်တည်းသမားက လွန်တယ်လို့ ကိုနေမြ် ဆုံးဖြတ်မလား"

"ဘယ်တော့မှ ဝဋ္ဌာလေး လွန်တယ်လို့ ကျွန်တော် မဆုံး ဖြတ်ဘူး၊ ဝဋ္ဌာ့ကို ကျွန်တော် အမြဲတမ်း နားလည်တယ်လေ"

မောင် တကယ် လေးလေးနက်နက် နားလည်ပေးခဲ့ မှန်း အဲသည် မောင့်မျက်လုံး ရီရီလေးတွေနှင့် နှုတ်ခမ်းတွန့်တွန့် ကလေးက သက်သေဆိုနေခဲ့တာနော်။ အဲသည် ပိုင်ဆိုင်မှုကလေး နဲ့ မောင်က နောင်မှာ အမြဲသိမ်းပိုက် ရစ်ငင်ယူခဲ့တာပါပဲ။

ဘယ်တော့မှ မမေ့နိုင်ဘူး မောင်ရယ်။

ဝဋ္ဌာ့ကို အမှတ်တရတွေနဲ့ အရာရာမှာ ငြိတွယ်နေ စေခဲ့တာ။ သိပ်ကို နူးညံ့အပြစ်ကင်းစင် ကြင်နာတတ်သော လူငယ်ကလေးဟာ အလွန်တရာ နုပျိုလတ်ဆတ်နေချိန်မှာ သူ



...သူရဲ့ ခိုင်မြဲစွာ ကုပ်တွယ်ထားတဲ့ အားကိုးတကြီး လက်က ...းကို အလွယ်တကူ ဖြုတ်ချွာ နုတ်ထွက်သွားလိမ့်မယ်လို့ ဝဋ္ဌာ ...ယ်ယုံကြည်တတ်ခဲ့ပါ့မလဲ မောင်ရယ်။ မောင် သေဆုံးသွားပြီ ...ိုတာ ဝဋ္ဌာ လက်ခံလို့ကို မရသေးတာပါ။ မောင့်အခန်းလေး ... သေဆုံးသွားတဲ့ လူတစ်ယောက်ရဲ့ အခန်းနဲ့ တစ်စက်ကလေး ... မတူနေခဲ့ပါဘူးနော်။ မောင် ပြန်လာခဲ့ရင် သိပ်ကောင်းမှာ ...ောင်။ အစစအရာရာမှာ နားလည်တတ်တဲ့ မောင့်ကို တိုင်တည် ...ရာတွေ ရှိနေတယ်၊ မောင် လိုလားတဲ့ မောင့်အစ်ကို ဦးတည်နဲ့ ...ဋ္ဌာ ပြေလည်စပြုလာပြီ ဆိုတာရယ်၊ ဝဋ္ဌာ့ မာနတချို့ မလိုအပ် ...င် မရှိတတ်တော့တာရယ် တွေကို မောင့်ကို မှိတွယ်ချစ်ခင်စွာ ...ပြောပြချင်တယ် မောင်။

မောင် သိပ်ပျော်ရွှင် ကျေနပ်နေမှာပါနော်။

❧ ၆ ❧

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

"ဦးတည် ... နိုင်ငံခြားစာ"

ဝဏ္ဏာ လှမ်းပေးသော နိုင်ငံခြားစာအိတ်ပြာလေးကို လှမ်းယူရင်း ...

"ကျေးဇူးပဲ တိမ်ဝဏ္ဏာ"

တည်မြဲ အနည်းငယ်ပြုံးကာ တိမ်ဝဏ္ဏာကို ကြည့်လိုက်သည်။

ဖော့စာအင်္ကျီလို့ အမည်တွင်နေတဲ့ ပိတ်တွန့်အိအိ ကလေးနှင့် ပခုံးမှာ ဆွစ်ဇာလန်ဇာ သိုင်းကွပ်ထားသော ခါးတိုတို လက်ရှည်အင်္ကျီဖြူဖြူလေးကို ဖိုက်ကာလာပါတိတ် ခရမ်းရောင် လေးနှင့်တွဲဝတ်လျက် ဆံပင်ရှည်ကြီး နက်ဖြာကျနေပုံက နှစ်လ အတွင်းမှာ လုံးဝပြောင်းလဲ ခြားနားသွားသော တိမ်ဝဏ္ဏာ ပုံစံက လေးပါပဲ။

ဝတ်စားပုံကိုက မကလက်ဘဲ ယဉ်စစနှင့် ညွှန်ဖြေရ တာမို့ သူမ စိတ်ထားလေးလည်း ယဉ်ကျေးမှာပါ ဆိုသော ယုံကြည်ချက်ကို တည်မြဲ တိတ်တဆိတ် လက်ခံရရှိခဲ့ပြီ။



"သြော် ... ပြောရဦးမယ်၊ ညနေ ငါ အိမ်တန်းမပြန်နိုင်ဘူး၊ မိတ်ဆွေတစ်ယောက်အတွက် နှုတ်ဆက်ပွဲရှိတယ်၊ မင်း ကားယူသွားနိုင်မလား"

"ကျွန်မမှ ကားမမောင်းတတ်ဘဲ ဦးတည်"

"ဟော ... အလုပ်ကနေ တစ်ပတ် တစ်ရက်နားပြီး သင်နေ တယ်ဆို"

"ဘယ်ကျွမ်းကျင်ဦးမလဲ ဦးတည်၊ ကျွန်မ မရဲသေးဘူး၊ နေပါစေ၊ ကျွန်မ ဘတ်စ်နဲ့ ပြန်လိုက်မယ်၊ ဦးတည်ပဲ ကားယူသွားလိုက်ပါ"

"ကောင်းပြီ၊ နေဦး ... မင်း ဘတ်စ်တော့ မစီးပါနဲ့၊ တက္ကစီ ငှားစီးသွား၊ ဟုတ်လား"

ဝဏ္ဏာ ခေါင်းညိတ်လျက် ကိုယ့်နေရာကိုယ် ပြန်ထိုင် သည်။

ဦးတည် သတိမထားမိဘဲနဲ့ ကျွန်မကို ဂရုတစိုက် စိစဉ်ပေးနေတတ်တာကို ကျွန်မက သိမြင် ကြည်နူးနေမိတယ်ဆို ရင် ဦးတည် ရှက်သွားမလား။ မောင် ရှိစဉ်ကတည်းက ဦးတည် နားလည်မှုရှိခဲ့ရင် မောင် ဆုံးပါးရမှာမဟုတ်ဘူး ဦးတည်၊ ဦးတည် သိရဲ့လား။

"ဝဏ္ဏာနဲ့ မောင်တို့ရဲ့ ဘဝကလေး တည်ဆောက်ဖို့ ငွေလို နေတယ် ဝဏ္ဏာ၊ မောင် စီးပွားရှာရမယ်၊ ကိုကို့ကို အားမ ကိုးချင်ဘူး၊ မောင့်မိတ်ဆွေ ကိုသက်နိုင်နဲ့ မိုးကုတ်တက် သွားမလို့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး မောင် ထွက်ခွာသွားတာ ဦးတည် ကျွန်မကို လက်မခံ သဘောမတူခဲ့လို့ပါ။ မောင်ဟာ စိတ်လက်မပျော်ပိုက်စွာ ခရီးထွက်ခဲ့ရရှာတာ။

“ခရီးက ဝေးလိုက်တာ မောင်ရယ် ဝဠာ တစ်ယောက်တည်း ကျန်ခဲ့မှာ”

“တစ်အိုးတစ်အိမ် ထူထောင်ဖို့ ဒီလောက်တော့ စွန့်စားရမှာပေါ့ ဝဠာလေး၊ မောင်လည်း ကိုယ့်မိန်းမ အသစ်ကျပ်ချွတ်လေးကို တစ်ယောက်တည်း ဘယ်ထားခဲ့ချင်ပါ့မလဲ နော်၊ မောင့်ကို နားလည်လားဟင်၊ ဝဠာ့ကို မောင် ဘယ်လောက်ချစ်တယ် ဆိုတာရော”

“ဝဠာ သိပါတယ်”

“ဂျက်တို့အိမ်မှာ ဝဠာလေး စိတ်ချမ်းသာမှာပါ ဟုတ်လား။ ဝဠာ ပျော်နေမှာလို့ မောင့်ကို ပြောပြပေးပါဦး၊ မောင် စိတ်ချသွားရအောင်”

အဲသည်တုန်းက တွေးမွေ့ထားတဲ့ မောင့်ရင်ခွင်ထဲက ဝဠာ မထွက်ဖြစ်ခဲ့ရင် ကောင်းမှာနော်။

နှမြောတပ်မက်စွာ၊ ပြီးတော့ တုန်လှုပ်ချောက်ချားစွာ မက်ခဲ့တဲ့ ဝဠာရဲ့ နောက်ပိုင်းအိပ်မက်တွေဟာ အဲသည်မောင်နဲ့ နောက်ဆုံးအချိန်ကလေးတွေပဲ ဖြစ်ပါသည်။

မောင် နောက်ဆံငင်မှာ စိုးထိတ်ခဲ့လျက် ဝဠာ ပျော်နေပါ့မယ်ဟု မျက်ရည်စက်လက်နဲ့ ကတိပေးခဲ့တဲ့ ဝဠာကို မောင် မျက်ရည်ဝဲလျက် စိုက်ကြည့်နေခဲ့တာကို မမေ့သေး။



တကယ်တော့ ဦးတည် နားမလည်နိုင်သေးတာပါ။ ကျွန်မ မောင့်ခန္ဓာ ဝိညာဉ်သက်သက်ကိုပဲ မြတ်နိုးမက်မောခဲ့တာပါ။ ဦးတည် သဘောမတူ တာဝန်မယူတဲ့အတွက် မောင် ကိုယ်တိုင် စွန့်စားခရီးထွက်ပြီး ငွေရှာဖို့ ကြိုးစားခဲ့ရှာတာ။

အဲသည်ခရီးလမ်းမှာပဲ မောင် ဆုံးပါးကွယ်ပျောက်ခဲ့ရတာကို ဦးတည် နောင်တကောင်းကောင်း ရသင့်တယ်။

ဘယ်က ဘယ်လို မောင့်ဆီ အတွေးရောက်သွားရမှန်း မသိဘဲ ရုတ်တရက် လှိုက်နင့်နာကျင်လာသော ·ူ·ဟု မျက်ရည်စက်တချို့ ရှေ့ကစာရင်းစာအုပ်ပေါ် ကျ ဝဠာ ပြန်လည်သတိဝင်သည်။ မျက်ရည်သုတ်ဖို့ လ

“မင်း နေမကောင်းဘူးလား တိမ်ဝဠာ” ဉ် လုပ်ပြီးမှ

အကြင်နာများစွာစွက်သော ညင်သာ ဠာ့စားပွဲ ...နှံအားပါသည့် အသံတစ်ခုက ဝဠာ့ ရင်ထဲသို့ တစ်စုံတစ်ရာ ဆည့်သွင်းပေးလိုက်သလို ရှိသွားရသည်။ ဝဠာ မျက်ရည်သုတ်လိုက်ကာ ကလေးတစ်ယောက်လို မောင့်ကို သတိရလို့ပါဟု ဖွင့်ဟတ်ဖွင့်နိုင်ခွင့်ရှိရင် ဘယ်လောက်ကောင်းမလဲဟု တောင့်တမိသည်။ တကယ်တမ်းမှာတော့ ဦးတည် မယုံကြည်မှာကို ကြိုသိနေသည့်အတွက် ...

“ဟုတ်ကဲ့ ဦးတည်၊ ကျွန်မ ခေါင်းနည်းနည်းမူးတယ်”

“ဟာ ... ဒါဆိုရင် မနက်ကတည်းက မင်း လိုက်ခဲ့ဖို့ မကောင်းဘူး၊ ကဲ ... လာ လာ ... အိမ်ပြန်ရအောင်၊ လမ်းမှာ ဆေးခန်းဝင်ပြလိုက်မယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... အဲဒီလောက် မလိုပါဘူး ဦးတည်၊ ကျွန်မ ရပါတယ်"

"ဘာရပါတယ်လဲ၊ မဟုတ်တဲ့ကိစ္စကို၊ ထလိုက်ကွာ၊ အနား ယူရမယ်၊ မင်း အခုတလော စာရင်းတွေပိပြီး ပင်ပန်းနေ တာ ငါ သိပါတယ်၊ ထ ... ထ ... ဦးတည် စကား နားထောင်"

ရုတ်တရက် ကိုယ့်ကိုယ်ကိုယ် သူမလေး ခေါ်နေကျ --သ်ဆိုတဲ့ အသုံးအနှုန်း သုံးစွဲမိသွားတာကို ချက်ချင်းသတိပြု နေ သ်မြဲ ရက်အမ်းအမ်း ဖြစ်သွားရသည်။

လော၊ သူမကို သနားကြင်နာမိလိုက်သည့် စိတ်ကြောင့်ပါ

"ဝဋ္ဌာ ဘင်းဘဲ အလုပ်ဆင်းရသလားဆိုသည့် ရင်ထဲမှာ

"ဂျ(င်း ထိသွားစေသော အကြင်နာစိတ်က တည်မြဲ ထဲမ အလွှာတချို့ကို ခွာထုတ်ဖယ်ကာ ပကတိ နူးညံ့သိမ်မွေ့တတ်သော စိတ်ရင်းမှန်က ပေါ်လွင်သွားခဲ့ရသည်။

ပြီးတော့ သူမ မျက်ရည်ကျနေပုံကလေးက တည်မြဲ ရင်ကို ကိုင်လှုပ်နိုင်စွမ်းရှိသည်။

ဝဋ္ဌာလည်း တဒင်္ဂ အသံတိတ် နှုတ်ဆွံ့သွားရင်း ဦးတည်ကို မော့ကြည့်လိုက်မိသည်။

ဦးတည် ... ဦးတည်ဟာ အကြင်နာကြီးတဲ့ ယောကျ်ား တစ်ယောက်ဆိုတာ ကျွန်မ ယုံကြည်ချင်တယ်၊ မိန်းမငယ်တစ် ယောက်ကို နိမ့်ချအထင်သေးတတ်တဲ့ သံသယ အမုန်းတွေ တစ်ခွတ်ထိုး ခံယူချက် လွဲမှားစွာ တစ်ယူသန် ဆန်လွန်း ဆက်ဆံရေး ခပ်ကျဲကျဲ ဘုဆတ်ဆတ် မာနကြီးကြီး အထက်စီး



ယောကျ်ားစရိုက် အပြည့်အဝရှိတဲ့ အဆင့်အတန်း ခွဲခြားတတ်သူယောကျ်ား တစ်ယောက်အဖြစ် ကျွန်မ မစွပ်စွဲရက်ဘူး ဖြစ်နေတယ် ဦးတည်။ ဦးတည်ရဲ့ ပင်ကိုယ်စိတ်ထားနဲ့ အလျင်က ကျွန်မကို ဆက်ဆံပြ ခဲ့တဲ့ အပြုအမူတွေဟာ လုံးဝခြားနားနေတယ်။

ဦးတည် တစ်ခုခု ခံစားဖူးခဲ့သလားဟင်။

"ငါ့မှာ လူမယုံတဲ့ရောဂါ စွဲကပ်နေတာ ငါ့ ချွတ်ယွင်းချက်ပဲ"

လို့ ဦးတည်ပြောခဲ့တာ ဦးတည် ကြုံတွေ့ခဲ့ဖူးတဲ့ တစ်စုံတစ်ရာသော ခံစားချက်ကို ရည်ရွယ်သလား။

"ထလေ ... တိမ်ဝဋ္ဌာ"

ဦးတည်က လက်တောင်ကမ်းပေးမလို လုပ်ပြီးမှ ချက်ချင်း ပြန်သတိထားမိသွားကာ လက်ပြန်ရုပ်ပြီး ဝဋ္ဌာစားပွဲ ပေါ်မှ စာအုပ်တွေကို တဖွတ်ဖုတ် ပိတ်ပစ်ကာ စီထပ်ပစ်လိုက် သည်။

"ဒါတွေ အရင်က ငါ လက်ခဲ့တာပါ၊ မင်း မရှိလို့ ဘာမှ မချွတ်ယွင်းဘူး ဆိုတာ စိတ်ချထား တိမ်ဝဋ္ဌာ၊ မင်း အေး အေးဆေးဆေးနား၊ မင်း တစ်ခုခုဖြစ်ရင် ငါ စိတ်ကောင်း မှာ မဟုတ်ဘူး၊ နေကလေးရဲ့ ဖနီးတစ်ယောက်ပုံစံနဲ့ မင်း ခပ်အေးအေးနေခွင့် ရှိလျက်နဲ့ မင်းကို တမင်ခိုင်းထားသလို ဖြစ်နေပြီ"

"ဦးတည် ကျွန်မ အဲဒါတွေမတွက်တာ တစ်ဆိတ် ဦးတည် ယုံပေးလို့ မရဘူးလားဟင်၊ ကျွန်မကို အရိပ်ခိုခွင့် စား သောက်ပြည့်စုံခွင့်ပေးလို့ ဦးတည်ကို ကျွန်မ ပြန်ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်နေတာပါ၊ အဲဒါ ကျွန်မ စိတ်ထားအမှန်ပဲ၊ ဦးတည် မယုံတာက ကျွန်မရဲ့ကံပေါ့"

တည်ငြိမ် နှုတ်ဆိတ်သွားကာ ဝန်လည်းမခံဖြ တားလည်း မတားဖြစ်တော့ဘဲ သက်ပြင်းမသိမသာ ကျဆင်းသွာ ရခြင်းကို တိမ်ဝဥ္စာ မမြင်စေလိုတာမို့ လှည့်ထွက်လာခဲ့သည် လက်တိုလက်တောင်း အကူခိုင်းနေသော မောင်ချို့ကို မှာစရာ မှာကြားပြီး ...

"မင်းအစ်မကို စောင့်ခေါ်ခဲ့၊ ငါ ကားပေါ်ကစောင့်နေမယ်"

ဟုဆိုကာ ကားပေါ်တက်ထိုင်ရင်း အတွေးထဲ တိ ဝဥ္စာ ဝင်ရောက်လာတော့သည်။

"ကျွန်မကို အရိပ်ခိုခွင့်၊ စားသောက်ပြည့်စုံ ပေးလို့ ဦးတည်ကို ကျေးဇူးပြန်တင်နေတာပါ"တဲ့။

သူမ မက်မက်မောမော မရှိတတ်ခဲ့တာတွေ၊ ကား မောင်းသင်ဖို့ တိုက်တွန်းစေခိုင်းခဲ့စဉ်ကလည်း ...

"ကျွန်မနဲ့ ကားဆိုတာက အပ်စပ်လာမှာမှ မဟုတ်ဘ ကားမောင်းသင်နေလို့ အချိန်ကုန်တာပဲရှိမှာ ဦးတည် ကိုယ်ပိုင်ကားမောင်းစီးရလောက်အောင် ကျွန်မ ချမ်းသာ လာမှာ မဟုတ်တာ သေချာတယ်"

ဟု ရယ်ချင်ဟန်ဖွက်ကလေးနှင့် ငြင်းပယ်နေတော့

"မဟုတ်ဘူးလေ၊ အရေးပေါ် တစ်ခုခုကြုံလာခဲ့ရင် မင်း တတ်ထားတော့ ငါ စိတ်ချရတာပေါ့၊ ဥပမာ ... ငါမအား တဲ့ အခါမျိုး၊ ငါ နေမကောင်းတဲ့အခါမျိုး၊ ဒရိုင်ဘာမရှိတဲ့ အခါမျိုးဆို မင်းပဲ အားကိုးရမှာ၊ သင်ထားသင့်တယ်"



"အလုပ်သဘောအရ ဆိုရင်တော့ ကျွန်မ သင်ရမှာပေါ့ လေ"

ဆိုပြီး ကားမောင်းသင်ခဲ့ခြင်းမှာ နှိမ့်ချမှုများနှင့်သာ။

တိမ်ဝဥ္စာလေး ဖြူစင်ရာမှာပါဟူသော ဘယ်အချိန် တည်းက ဝင်ရောက်လာသည် မသိတဲ့ အတွေးတစ်ခုက ရင် ကို အေးမြကျေနပ်သွားစေတော့ကာ အရာရာအတွက် စိတ်ချချင် သာစိတ်နှင့်အတူ သံသယအချို့လည်း လွင့်ပါးကွယ်ပျောက်သလို လာရတော့သည်။

သူမ ဟန်ဆောင်မှု ပရိယာယ်တွေ ကြွယ်ဝတတ် မှာ မဟုတ်ပါဘူးလေ ဟူသော ဒန်နီရယ်လ်နှင့် ခြားနားသွား သည့် အတွေးက အဆောက်အအုံထဲမှ ထွက်လာသော တည်ငြိမ် ဖြစ်သည့် မျက်နှာကလေးကြောင့် ပိုလို့ သေချာသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ခုခု လုပ်ပေးချင်တယ်ဟု မကြာခဏ ထုတ်ဖော်လေ့ရှိသော မောင့်၏ ပကတိဆန္ဒကို ခင်မင်ပြီး သုံးလ နှင့် နှစ်ပတ်အကြာမှာ မောင်က ဖွင့်ဟပေးခဲ့လေသည်။

“ဝဠာလေးကို ကျွန်တော် အဲဒီအသိုက်အဝန်းထဲက ဆွဲထုတ် ခေါ်ချင်တယ်၊ မြတ်မြတ်နိုးနိုးနဲ့ တစ်သက်လုံး လက်တွဲခွင့် ပေးပါ ဝဠာ၊ ဝဠာ့ကို ဓာတ်ပုံရိုက်ပြီး ‘မြတ်နိုးနေသည်’လို့ စာတပ်ခဲ့တာ အလွယ်တကူ လုပ်ခဲ့တဲ့ကိစ္စ မဟုတ်ပါဘူး ကျွန်တော့် ရင်နဲ့အမျှပါ၊ ကျွန်တော် တကယ်မြတ်နိုးနေတာ ပါ၊ ထာဝရအဖော် ဖြစ်ခွင့်ပေးပါနော်”

အဲသည်တုန်းက ဝဠာ သိပ်တော့ ရှက်မသွားခဲ့ဘူး။ နှုတ်ခမ်းလေးကို လျှာနဲ့သပ်ပြီး မောင့်ကို တစ်ချက် လှမ်းကြည့်ခဲ့ သည်။

ကျောင်းထဲက လက်ဖက်ရည်ဆိုင်ဆိုတော့ လူ တော့ များတာပေါ့။ ဒါပေမဲ့ ဝဠာတို့ကို ဂရုတစိုက် စောင့်ကြည့် နေခဲ့သူတွေတော့ ရှိမည်မဟုတ်ပါ။ အဲသည်နေ့က ဂျက် အတန်းထဲမှာ စာကူးကျန်ရစ်တာ။ အခြေအနေ အရပ်ရပ်



ဆင်ပြေ ချောမွေ့စွာပင် ရှိနေခဲ့ပါသည်။ ပြီးတော့ မောင် ဖွင့် တဲ့အချိန်မှာ ဝဠာက တိတ်တဆိတ် “မောင်”ဟု ခေါ်ထားနှင့် ပြီ။

“အဆင်မပြေတဲ့ ဝဠာ့ ဘဝကြောင့် မာနသိပ်ကြီးနေတတ် ခဲ့တာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်က ဝဠာ မဖြစ်နိုင်တောင်မှ ဝဠာ့နားပါး ကျွန်တော် ခံစားပေးမှာပါ၊ ကျွန်တော် ချစ်မြတ်နိုးတဲ့ မိန်းကလေးကို ကျွန်တော် အရမ်းတန်ဖိုးထားတယ်၊ တန်ဖိုးမထားတဲ့ ပတ်ဝန်းကျင် ထဲမှာ စိတ်မချချင်ဘူးဗျာ၊ ကျွန်တော်နဲ့ ဘဝတစ်ခု တည် ဆောက်စေချင်တယ်၊ ဝဠာ စိတ်ချမ်းသာဖို့ ကျွန်တော် ကြိုးစားမှာပါ၊ ယုံလား ဝဠာ”

အဲသည်စကား ပြောနေတဲ့ မောင်ဟာ တကယ့် ကလေးလိုပဲ နူးညံ့သိမ်မွေ့နေခဲ့တာနော်။ ဝဠာ့ နှုတ်ခမ်းကလေး င်းတင်းစေ့ရာကနေ အစွန်းလေးနှစ်ဖက် တွန့်တက်လာမှာကို ကြိုသိနေတာမို့ ဆံပင်ရှည်ကြီးတွေနှင့် နှုတ်ခမ်းကလေးကို ယ်ထားပစ်လိုက်သည်။ မောင်က အံ့သြဟန်ဖြင့် ...

“ဆံပင်ကြီး ဖယ်ထားလေ၊ ဘယ်လိုလေးလဲ၊ ဗိုက်ဆာလို့ ကိုက်စားတော့မလို့လား”

ပြောရင်း ဝဠာ့ ဆံပင်ကြီးတွေကို အသာဆွဲဖယ်ယူ သည်။ ဝဠာက တစ်ဖက်ကနေ ပြန်ဆွဲပြီး ပြန်ကာနှင့် ယော တော်ခတ်ကုန်တော့မှ ပတ်ဝန်းကျင်က သတိထားမိစ ပြုလာခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လို့ ပါးစပ်ကို ဆံပင်တွေနဲ့ အတင်းကွယ်နေရတာလဲ၊ ကျွန်တော် ပြောနေတဲ့ စကားကိုတော့ နားမထောင်ဘူးကွာ"

ခပ်ညည်းညည်း ပြောရင်းက မောင့်မျက်နှာကလေး ထစ်ခနဲ တွေဝေသွားပြီးမှ တစ်ခုခုကို သတိထားမိသွားဟန်ဖြင့် သူ့မူပိုင်ရယ်နည်း တဟင်းဟင်းလေးပြုကာ ...

"ဩော် ... သိပြီ၊ ကျွန်တော့်ကို အဖြေ အတင်းပေးမှာ စိုးလို့ ပါးစပ်ကို ကွယ်ထားတာ ထင်တယ်၊ ဟုတ်လား"

ပြောပြီး မောင် သဘောတကျ ရယ်မောတော့ ဝဍ္ဍာ ရှက်စပြုလာတော့သည်။ ပြီးတော့ မောင် ဖမ်းစားသိမ်း တတ်တဲ့ တဟင်းဟင်း ရယ်သံလေးက ဝဍ္ဍာ့ကို မူးရီစေတယ် လေနော်။ ဝဍ္ဍာ သတိလက်လွတ် ဖြစ်သွားမှာ။

"မရယ်နေနဲ့ကွာ"

နွဲ့လျစွာ ဆိုရင်း နှုတ်ခမ်းစုကလေး ပြူးသွားတာ ဖုံးကွယ်မရတော့။ မောင်က ဆံပင်တွေကို ကျောဘက်ပြန်ပို့ပေးပြီး ...

"သူပဲ ရယ်နေပြီးတော့"

ခပ်ပြုံးပြုံးကလေး ဆိုကာ ဝဍ္ဍာ မျက်လုံးတွေ အတင်းစိုက်ကြည့် ဖွေရှာနေတော့သည်။

"ဝဍ္ဍာ အတန်းပြန်တက်တော့မယ်၊ ပြန်လို့ပို့ပေး"

"ကျွန်တော် အချိန်ဇယားတွေ အလွတ်ရနေတာ ခက်တာဗျ၊ ဝဍ္ဍာလေး တစ်ပတ်ရိုက်လို့ မရရှာဘူးနော်၊ ကျွတ်ကျွတ် ... ညနေကျမှ ကျူတိုရီရယ် ဖြေရမှာ"



"ဒါဆို စာကျက်တော့မယ်"

ဝဍ္ဍာ စာအုပ်ဆွဲထုတ်ဟန်ပြုတော့ ဝဍ္ဍာလေးဟု မောင်က ခပ်တိုးတိုး အသံပြုသည်။ ဝဍ္ဍာ ဟင်ခနဲ အသံထွက်ကာ မောင့်ကို အငေး ...

"ကျွန်တော့်အချစ်ကို ယုံလားဟင်၊ ဘဝတစ်ခု တည်ဆောက်ဖို့ ရည်ရွယ်ချက်နဲ့ ကျွန်တော် ချစ်တာကိုလေ"

"ဝဍ္ဍာ ယုံပါတယ်၊ ဒါပေမဲ့ ဝဍ္ဍာ့ ချစ်သူဟာ ဝဍ္ဍာ ဘယ်တော့မှ မခွဲချင်တော့တဲ့သူ ဖြစ်ချင်တယ်၊ ဝဍ္ဍာ့ရဲ့ဘဝတစ်ခုလုံးကို သူ့ဆီမှာ အားကိုးတကြီး မြှုပ်နှံချင်တယ်၊ သူ့ဆီက ဘာမှ မမျှော်ကိုးဘူး၊ ပြည့်စုံတဲ့ အချစ်တွေနဲ့ ကြင်နာယုယမှု၊ တန်ဖိုးထားမှုတွေကိုပဲ လိုချင်တယ်၊ အဲဒါ ဝဍ္ဍာ့ရဲ့ အတ္တပါပဲ၊ စည်းစိမ်ဥစ္စာကို ဝဍ္ဍာ မလိုအပ်ဘူး၊ မချမ်းသာရင် နေပါစေ၊ ချစ်သူရဲ့ တန်ဖိုးတထား လက်တွဲခေါ်ယူမှုကိုပဲ လိုလားတယ်၊ သူဟာ ဝဍ္ဍာ့ ဘဝတစ်လျှောက်လုံးအတွက် တစ်ယောက်တည်းသာ ဖြစ်ရမယ်၊ အဲဒါ ဝဍ္ဍာ့ဘက်က စံထားတဲ့ အချက်တွေပါပဲ၊ အဲဒီ စံတွေနဲ့ ကိုနေမြ ကိုက်၊မကိုက် ဝဍ္ဍာ ညှိကြည့်ချင်သေးတယ်၊ အချိန်တော့ ပေးပါနော်"

"ရပါတယ်၊ ဝဍ္ဍာလေး စိတ်တိုင်းကျ ဖြစ်စေနော်၊ ကျွန်တော် ဖွင့်ပြောခွင့်ရတဲ့အတွက်ပဲ အတော်ဝမ်းသာနေပြီ၊ ချစ်သူတွေ ဖြစ်လာရင် ဆံပင်ရှည်ကြီးကို ဖြီးပေးခွင့်ပြုနော်"

www.burmeseclassic.com

www.burmeseclassic.com



"အို ... အဆင့်ကျော် တွက်နေပြီ၊ ကိုယ်ကိုယ့်ကို
အထင်မကြီးတတ်ကြေးကွာ၊ အပိုင်လည်း မတွက်
အခုလည်း ဒီဆံပင်ကြီး လိုက်စောင့်ရှောက်နေတာ
ဇန်းပြပြနေပြီး"

"ဇန်းပြဖို့ နေနေသာသာ ဇလုံတောင်မှ မရှိတဲ့ဟာ၊ ဒီ
လက်ဖက်ရည်ခွက်ပဲ ပြစရာရှိတယ်ကွ"

လက်ဖက်ရည်ခွက်ကလေး ထောင်ပြပြီး ရယ်
နေခဲ့သော မောင့်ရဲ့ အပြစ်ကင်းစင်မှုတွေထဲမှာ ဝဠ္ဍာ ပျော်ရွှင်
ခဲ့တာကိုတော့ ငြင်းမရခဲ့။ အားကိုးတကြီး ရှိခဲ့ပါတယ် မောင်

"မမဝဠ္ဍာ ... ကိုကိုကြီးဆီက ဖုန်းလာနေတယ်"

ဝဠ္ဍာ အခန်းဝမှာ လာရပ်မှ ဝဠ္ဍာ အိပ်နေရာမှ
ထလိုက်သည်။ သည်နေ့မှ မောင့်အကြောင်းတွေ တမ်းတမ်း
ပြန်သတိရနေမိခြင်းကို အံ့သြဆန်းကြယ် နေမိ၏။ ဦးတည်
ခန်းကနေ ပြန်ပို့ပေးပြီး ဆေးတိုက်ကာ အိပ်စက်စေခဲ့တာမို့
လည်း အိပ်ပျော်သွားခဲ့တာ။ မောင့်ကို ဘယ်အချိန်က
တွေးတောနေမိမှန်းတောင် မသိပေ။

ဝဠ္ဍာ အခန်းထဲမှာ ဖုန်းမြည်နေတာတောင်
မကြားမိခဲ့။ အမွှေးလေးက ဝဠ္ဍာကို စောင့်ပေးရင်းက သွား
လိုက်တာပဲ ဖြစ်မည်။

"ကိုကိုကြီးက ပြောသေးတယ်၊ မမဝဠ္ဍာ ထလို့
ဖုန်းကို မမ ခုတင်ပေါ် ရွှေ့ယူပေးတဲ့"

ဝဠ္ဍာ ပြုံးလိုက်ကာ ခုတင်ပေါ်မှထပြီး ဖုန်းဆီ
လျှောက်သွားရင်းက ပြုံးစိစိ ဖြစ်နေသော အမွှေးလေးကို -



"မမမှ ဘာမှမဖြစ်တာ၊ ဦးတည်က သူ့အလုပ်တွေ မမ
သိမ်းကျုံးလုပ်ပေးလို့ စိတ်ပူနေတာပါ၊ သူခိုင်းလို့ တစ်ခုခု
ဖြစ်မှာ စိုးရိမ်တာ"

"အဲလို ဟုတ်ချင်မှ ဟုတ်မှာပါ မမဝဠ္ဍာရဲ့၊ ကိုကိုကြီးက
ဒီလိုပဲ၊ တစ်ခုခုဆို အသေးအမွှားကအစ စိတ်အရမ်းပူတတ်
ပါ"

အမွှေးလေးက ပခုံးကလေးတွန့်ကာ ဆိုရင်း ဝဠ္ဍာ
မှားလည်မှု လွဲနေမှာကို စိုးရိမ်နေပုံရသည်။ ဝဠ္ဍာ ဖုန်းကိုင်လိုက်
ပြီး ...

"ဟုတ်ကဲ့ ဦးတည်၊ ကျွန်မ သက်သာသွားပါပြီ"

"ဟုတ်ရဲ့လား၊ ဆေးသောက်သေးလား၊ မင်း အလုပ်တွေ
ဦးတည် လုပ်ပြီးပြီ သိလား၊ စိတ်ရှင်းရှင်းထား၊ ဦးတည်
နှုတ်ဆက်ပွဲကို သွားလို့ဖြစ်တယ် မဟုတ်လား၊ ညမှောင်မှ
မင်း ဆေးခန်းထပ်သွားဖို့တော့ လိုလိမ့်မယ်၊ ဒေါ်မိနဲ့ ရွှေလုံး
တို့ကို ညွှန်ကြားလိုက်မယ်၊ မင်း သွားလိုက်နော်၊ ကား
လွှတ်ပေးလိုက်မယ်"

သူ့ကိုယ်သူ "ဦးတည်"ဆိုတာကို တမင် ထည့်ပြော
ပြီး ဝဠ္ဍာကို ချော့မော့နှစ်သိမ့်နေသလို သူ့ရဲ့နောက်ဆံတင်းမှု
ကင်းရှင်းအောင်လည်း ဖန်တီးနေပုံရသည်။ သဘောကောင်း
စိတ်ရှည်တဲ့ အစ်ကိုကြီးတစ်ယောက်ရဲ့ ညီမလေးကို အားပေးဖေးမ
ကြင်နာမှု ပြနေသလိုမျိုးပေါ့နော်။

ဝဠ္ဍာ စိတ်လက်ချမ်းသာ ပေါ့ပါးကာ "ဟုတ်ကဲ့"
ဟု ခပ်တိုးတိုး ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဠာ မောင့်ကို လွမ်းဆွတ်စွာ မျက်ရည်ကျမိသွားတာကို မြင်လိုက်ပုံရတဲ့ ဦးတည်၊ မာယာလို့ အမည်တပ်ဖို့ပင် သူ့ဘာသာ မေ့လျော့ကာ စိုးရိမ်တကြီး ရှိနေခြင်းပါပဲ။ ဝဠာ မျက်ရည်ကို သူ အံ့ဩနေမှာပေါ့။ ဝဠာ ခေါင်းမူးတာကို မှုပန်တာထက် ဝဠာ့ မျက်ရည်ကို သူ လက်မခံရက် ဖြစ်သွားတာနေမှာ။ ဒါဟာ အကြင်နာကြီးတတ်သော ယောကျ်ားတို့ရဲ့ ဓလေ့ပါပဲနော်။ မိန်းမငယ်လေး တစ်ယောက်ရဲ့ မျက်ရည်ကို သူတို့ အတော်လေး ရင်ဆိုင်ရ ခက်ခဲတတ်ကြတာ။

မောင့်တုန်းကလည်း သည်လိုပါပဲ။

ကျွန်မ တမင်ကျပြတာ မဟုတ်ဘဲ သူ့အလိုလို စီးဆင်းသွားရတဲ့ မျက်ရည်ကြောင့် ဦးတည် ဖုံးကွယ်ထားတဲ့ ဖြူစင်ကြင်နာတတ်တဲ့ ဦးတည်ရဲ့ နှလုံးသားကို မြင်ခွင့်ရတာ မာယာနဲ့ လှည့်ဖြား ယုံကြည်တာ မဟုတ်ဘူးနော်။ ဦးတည် အဲသည်လို မတွေးလိုက်မိစေပါနဲ့။

"တိမ်ဝဠာ ... ဦးတည် စိတ်ချမယ်၊ ဟုတ်လား"

ဝဠာ့ဘက်က တိတ်ဆိတ်နေမှုကို ဦးတည် ရင်မဆိုင်ချင်တော့ဘဲ ဖြုန်းစားကြီး ဖုန်းချသွားတော့သည်။ သူ့ရဲ့ပြောင်းလဲမှုကို သူလည်း သတိထားမိမှာပေါ့။ အဲဒါ ကျွန်မရဲ့မာယာမဟုတ်ဘူးနော် ဦးတည်။ မထင်မှတ်ဘဲ ဖြစ်ပေါ်သွားခဲ့တဲ့ အလှည့်အပြောင်း တစ်ခုပါ။

တည်မြဲဘက်ကလည်း ဖုန်းချပြီးမှ မျက်နှာခပ်ရှိန်းရှိန်းနှင့် ဘာကိုမှန်းမသိ ရှက်စိတ်ဝင်လာရတော့သည်။



ဒန်နီရယ့်လ်တုန်းက ကိုကို၊ ကိုကိုနှင့် သူမလိုရာကို ရအောင် ဆွဲဆောင်ယူတတ်ခဲ့ပေမဲ့ တိမ်ဝဠာ ကျတော့ ဦးတည်ဆိုတဲ့ အခေါ်မှန်မှန်ကလေးနှင့် ဘာကိုမှ လိုချင်တပ်မက်မှု မရှိခဲ့တာ။ ပူလောင်မှုနှင့် အေးမြခြင်းကို ယှဉ်ကြည့် မြင်ရသလို ဖြစ်လာရခြင်းကြောင့် တိမ်ဝဠာကို ဒန်နီရယ်လ်နှင့် ယှဉ်လိုက်တိုင်း အမှတ်ပေး ဂ က်ခဲလာခဲ့မိခြင်းပဲ ဖြစ်မည်။

စိတ်ချယုံကြည်မှုက တစ်နေ့တခြား တိုးလာခဲ့တော့ သူမကို သံသယနှင့် ကြည့်ဖို့ဆိုတာ တဖြည်းဖြည်း ခက်ခဲလာတတ်တော့သည်။ မနက်တုန်းက သူမလေး မျက်ရည်ကျလိုက်တာကိုသည်း ဘာသံသယမှ မခံဖြစ်တော့ဘဲ ကြင်နာသနားစိတ်လေးဝင်ကာ အတော်လေး နူးညံ့သွားမိသည်။

နေကလေးနှင့် လက်ထပ်လိုက်ခါစကတော့ အပြင်းအထန် စိတ်ပူ မလိုလား ဖြစ်ခဲ့ဖူးသည်။ ဒန်နီရယ့်လ် အရှိန်တောင်သေသေးချိန်မို့ ခါးခါးသီးသီး သဘောမတူ ဟန့်တားဖြစ်ခဲ့သည်။ သိပ်ချစ် သိပ်အလိုလိုက်ခဲ့သော ညီ နေကလေးကို ...

"မင်း စည်းစိမ်ရော ငါ့စည်းစိမ်ကိုပါ ဖြုတ်မလို့လား"

ဟု ရင့်သီးစွာ လက်ညှိုးထိုးပစ်ခဲ့မိတာ။

"ကိုကို သူ့ကို ခေါ်တွေ့ကြည့်ပါဦးဗျာ၊ သူ သိပ်ဖြူစင်ပါတယ်၊ သိပ်တန်ဖိုးရှိတဲ့ မိန်းကလေးပါ၊ ညီ့ကိုချစ်ရင် အလိုလိုက်နော်၊ ညီ သူ့ကို ခေါ်လာခဲ့မယ်"

နေကလေးက ကလေးတစ်ယောက်လို ပူဆာချွဲနွဲ့ခဲ့တာ ဂုဏ်ထူးစံတွေလို မကြည်နူးအားဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"လုံးဝသဘောမတူဘူး နေကလေး၊ မင်း အဲဒီကောင်မလေးကို လက်တွဲမဖြုတ်နိုင်ရင် ငါ့အဆိုး မဆိုနဲ့၊ အဲဒီကောင်မလေးရဲ့ ပတ်ဝန်းကျင် အသိုက်အဝန်းကို ငါ လုံးဝမယုံကြည်ဘူး၊ အထင်မကြီးဘူး"

"ဟုတ်ပါတယ်၊ သူ့အသိုက်အဝန်းနဲ့ သူနဲ့ လုံးဝတကွဲစီပါ ကိုကိုရာ၊ ညီ ရှင်းပြတာ နားထောင်ပေးပါဦးဗျာ"

ဆိုပြီး နေကလေး အတင်းတောင်းပန် တိုးလျှိုးနေခဲ့တာကိုလည်း တည်မြဲ လက်မခံခဲ့။ ပြင်းပြင်းထန်ထန် တားမြစ်ပြီး ...

"နေကလေး ... မင်းကို ငါ ဘယ်လောက်ချစ်ရ၊ အလိုလိုက်ခဲ့တယ်ဆိုတာ မင်း အသိဆုံးပါပဲ၊ ငါ့ခံစားချက်ကို မင်း ငဲ့ပါဦးကွာ၊ ငါ မင်းကောင်မလေးကို မယုံကြည်ဘူး လက်မခံနိုင်ဘူး"

ဟု လုံးဝ တင်းမာ တားဆီး ပိတ်ပင်ခဲ့မှုသည် အရိပ်တကြည့်ကြည့်နှင့် ပိုးမွေးသလို မွေးမြူစောင့်ရှောက် ယုယခဲ့သော ညီကလေးနှင့် အတော်ကြီး အတိုက်အခံ ဖြစ်ခဲ့ရသည်။ ခုတော့ နေကလေး ယုံကြည်ခဲ့သလို တည်မြဲ လက်ခံပေးစပြုလာရပြီ။

ညီကလေးရေ ... ကိုကို သဘောတူဖြစ်ပြီ ထင်ပါရဲ့။

အတွေးနှင့်အတူ တစ်ကြိမ်မှ မခွဲခဲ့ဘူးသော ညီကလေးကို လွမ်းဆွတ်အောက်မေ့စွာ တည်မြဲ မျက်ရည်လည်လာရတော့သည်။

✿ ✿ ✿



## အခန်း(၈)

"မမဝဋ္ဋာ ... ဟိုဘက်ခြံကို လူသစ်တွေ ပြောင်းလာပြီ၊ သိလား"

အမွှေးလေး စကားကို စိတ်မဝင်စားတာမို့ "အင်း" တစ်လုံးသာ အသံပြုကာ စာဆက်ထိုးနေသော ဝဋ္ဋာ နားမှာ အမွှေးလေးက ဂနာမငြိမ် ဆက်ရပ်နေသဖြင့် ဝဋ္ဋာ မော့ကြည့်လိုက်တော့ စိတ်လှုပ်ရှားမှု သိပ်ပြင်းပြနေသော မျက်နှာကလေးကို တွေ့ရလေသည်။

"အမွှေးလေး ပြောလေ၊ ဘာပြောဦးမလို့လဲ"

"အရမ်း ... အရမ်း ထူးဆန်းနေလို့ မမဝဋ္ဋာ၊ ကျွန်မ အရမ်းအံ့သြလို့ ခြေလက်တွေတောင် တုန်နေတယ်၊ ဘယ်သူ့ကိုမှ မပြောရသေးဘူး၊ ကိုကိုကြီးကိုတောင် မပြောရသေးဘူး၊ မမဝဋ္ဋာကို အဦးဆုံး လာပြောတာနော်၊ မမ စိတ်အေးအေးထားမလား"

"ဟုတ်ပါပြီ၊ နိဒါန်းတွေက များလိုက်တာ၊ ကဲ ... ပြော"

www.burmeseclassic.com

www.burmeseclassic.com



"မမ အရမ်းကြီး မအံ့သြရဘူး၊ စိတ်လှုပ်ရှားတာတွေ ဘာတွေဖြစ်ပြီး ခေါင်းတွေ ဘာတွေ မူးမသွားရဘူးနော်၊ ကတိပေးမလား"

"ဒုက္ခပါပဲလား အမွှေးလေးရယ်"

ဝဥ္စာ အသံထွက်အောင်ပင် ရယ်မောရင်း မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ဖြစ်နေသော အမွှေးလေးကို ဆွဲထိုင်ခိုင်းကာ ...

"ကဲပါ ... ပြောပါဦး၊ မမက တော်ရုံဆို စိတ်လှုပ်ရှားတတ်တဲ့သူ အမျိုးအစား မဟုတ်ဘူး၊ စိတ်ချလက်ချ ပြော"

"ဟို ... ဟိုဘက်ခြံကလူတွေထဲမှာ ... အဲ ..."

"ဟုတ်ပြီလေ၊ ဆက်ပြော၊ ဘာကို ကြောက်နေရတာတုန်း။ စိတ်ညစ်လာပြီနော်၊ ရဲရဲပြောပါ"

"အင်း ... အဲဒီလူတွေထဲမှာ လူတစ်ယောက် ပါလာတယ်"

"ဘုရားရေ ... အဲဒါ အဲဒီလောက် အံ့သြစရာ ကောင်းသလား"

ဝဥ္စာ စိတ်ပျက်စ ပြုသွားကာ ထထွက်ဖို့ ပြင်လိုက်တော့ အမွှေးလေးက ဝဥ္စာ့လက်ကို အတင်းဆွဲထားပြီး ...

"မဟုတ်သေးဘူး မမဝဥ္စာရဲ့၊ ကျွန်မ စိတ်အရမ်းလှုပ်ရှားနေလို့ စကားပြောရတာ ထစ်နေတာပါ၊ အဲဒီလို တစ်ယောက်က ဟိုဒင်း ... အစ်ကိုလေးနဲ့ ... ကိုကိုလေးနဲ့ အရမ်းတူ ... တူနေတယ်"

"ဘာ ..."



အခုန်ပြင်းထန်သော နှလုံးသားက လည်ချောင်းဝမှာ ဟက်ဆောင့်သလို၊ တစ်စုံတစ်ယောက်က ခပ်ပြင်းပြင်း တွန်းပစ်လိုက်သလို ဝဥ္စာ ယိုင်ခနဲ ဖြစ်သွားပြီး တဒိတ်ဒိတ် သွေးခုန်နှုန်းများမှာ ပူနွေးခြင်းများ စီးပျံ့ဝင်ရောက်လာခဲ့သည်။ စိတ်လှုပ်ရှားမှုကြီးသွားရခြင်းနှင့်အတူ ခေါင်းထဲက တဒိန်းဒိန်း မူးဝေလာရသည်။

"တ ... တကယ်လား အမွှေးလေး၊ မောင်နဲ့ တူတယ်ဟုတ်လား၊ ဘယ်မှာလဲ ကြည့်ချင်တယ်"

အငမ်းမရ တတွတ်တွတ်မေးရင်း အမွှေးလေးလက်ကို ခါယမ်းကာ အလောတကြီး ခြေလှမ်းပြင်လိုက်သည်။

မောင်နှင့်တူတဲ့ လူတစ်ယောက် ဆိုတာနှင့်တင် ဝဥ္စာအတွက် အရမ်းကို တန်ဖိုးကြီး၊ လေးနက်စရာ ကောင်းနေပြီနော်။ မောင့်ကို တမ်းတလွမ်းဆွတ်နေမိစဉ်မှာ စိတ်ဖြေဆေးတစ်ခု ဝဥ္စာ ရနိုင်တာပေါ့နော်။ မောင့်အခန်းကို နေ့တိုင်းဝင်ကာ အမွှေးလေးကို ငဲ့မခိုင်းတော့ဘဲ ဝဥ္စာ ကိုယ်တိုင် သန့်ရှင်းပြုပြင်ကာ စိတ်ဖြေစရာ ရှာဖွေနေခဲ့တာ။

မောင်နှင့်တူတဲ့ ထိုလူတစ်ယောက်နှင့် စကားပြောခွင့်ရလျှင် အရမ်းကို စိတ်လှုပ်ရှား ခံစားရမှာပါပဲ။

"နေ့ကတော့ ပစ္စည်းတွေ သယ်ချနေတာ တွေ့တယ်၊ ခြံထဲမှာ ရှိဦးမလား မသိဘူး၊ လာ ... မမဝဥ္စာ"

အမွှေးကလေးနောက်က လိုက်လာခဲ့ရင်း ဒုတ်ဒုတ် နှလုံးခုန်နေတာကို ကိုယ်တိုင် ပြန်သိနေရသည်။ ခြံထဲဆင်း

www.burmeseclassic.com

www.burmeseclassic.com



လာကြပြီး ပုဏ္ဏရိက်တန်းကလေးတွေထဲမှာ အစွက်ကျဲနေသော နေရာကလေးမှ ချောင်းကြည့်လိုက်တော့ ဝဠာ အသက်ရှူနိုင်ခြင်း များကို ခဏ ထုတ်ယူနိုင်လိုက်သော မျက်နှာတစ်ခုက မောင်နှင့် ခပ်ဆင်ဆင် ရှိနေသည်။

သိပ်အတူကြီး မဟုတ်လှပေမဲ့ မောင်နှင့် ဆင်နေရုံ နှင့် ဝဠာအတွက် သူက စိတ်လှုပ်ရှားဖွယ် ကောင်းနေပြီ။ အဲသည် တစ်ယောက်ကတော့ မောင့်ထက် ပိုမိုဖွံ့ထွားသန်မာကာ အသားညိုလျက်၊ မောင့်လောက် မျက်နှာမချို မနုပျောင်းဘဲ နှုတ် ခမ်းတင်းတင်းစေ့ ပိရိပြီး မျက်မှောင်ခပ်ကုတ်ကုတ်။

ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်တဲ့ တည်တည်တံ့တံ့ မျက်နှာထားမျိုး။

"နော် ... မမဝဠာ၊ တူတယ်နော်၊ ကိုကိုလေးမှ ကိုကိုလေး ပဲ၊ ကျွန်မ လွမ်းလိုက်တာ"

အမွှေးလေးက မျက်ရည်ဝဲကာ တမ်းတနေပြန်သည်။ တီရှပ်လက်ပြတ်အနက်နှင့် ဘောင်းဘီကလည်း အနက်။ ပစ္စည်း တွေ သယ်ချနေရင်းမှပင် လူတိုင်းကို ဟိန်းဟောက်ဆူပူနေတတ် ပုံက မောင်နှင့်တော့ တခြားစီ။ ဘာကိုမှ သူ့အလိုကျတတ်ပုံပေ စိတ်ရှည်ပုံလည်း မရ။

"ဘာလုပ်ရင် ကောင်းမလဲ မသိဘူးနော် မမဝဠာ၊ ကျွန်မ သွားခေါ်ချင်လိုက်တာ၊ ဒါပေမဲ့ ဒီလူကြီးက ကိုကိုလေးလို သဘောကောင်းမှာ မဟုတ်ဘူး၊ ကြောက်စရာလေး"

အမွှေးလေးကပင် ဖြိုပုံနှင့် ဆိုသည်။



ဝဠာလည်း ဘာမှ မကြံစည်တတ်တာမို့ တိတ်ဆိတ် စွာပင် ငေးကြည့်နေမိတော့သည်။ မောင့် လှုပ်ရှားပုံဟန်တွေနှင့် တူလှပေမဲ့လည်း မောင် သက်ဝင်လှုပ်ရှားနေသလိုကို ကြည့် ကောင်းနေတော့၏။ မျက်နှာလေးတစ်ကွက်ပဲ ဝိုက်ပြီး ဆင်တူနေ တာ၊ သူ့ဆံပင်တွေက မောင့်လို ပျော့စင်းစင်းလေးတွေ မဟုတ် ဘဲ တိုတိုထောင်ထောင်နှင့်။

ဝဠာ သက်ဝင် မက်မောခဲ့သော မောင့် ဆံပင်လေး တွေကိုက နူးညံ့ရှည်သွယ်ကာ ရင်ခုန်ဖို့ ကောင်းခဲ့တာနော်။

"ပြန်ကြရင် ကောင်းမယ်နဲ့တူတယ် မမဝဠာ၊ တော်ကြာ ကျွန်မတို့ကိုပါ တွေ့သွားပြီး လာဟောက်နေဦးမယ်၊ ကြောက်တယ်"

"အဲဒါ ကောင်းတယ်၊ မောင် မဟုတ်ဘဲ လာဟောက်နေ ရင် ဝဠာလည်း မခံပါဘူး၊ ဦးတည်ကို ပြောပြရရင်ကောင်း မလား မသိဘူး"

ဝဠာ တွေးတွေးဆဆကလေး ပြောရင်း မျက်လုံးက တော့ ထိုလူ့ဆီမှ မခွာဖြစ်။ အမွှေးလေးကတော့ ပခုံးကလေး [illegible]တာ ...

"ကျွန်မတို့ ချောင်းကြည့်ပြီး သိတာကို ကိုကိုကြီး သိသွား ပြီး ဆူမှာပေါ့ မမဝဠာ၊ ကိုကိုကြီးဘာသာ တွေ့သွားရင် မကောင်းဘူးလား၊ သူ့ဘာသာ အံ့ဩနေလိမ့်မယ်လေ"

"သဘော ... သဘော ... အမွှေးလေး သဘောပဲ"

ဝဠာ ချောင်းကြည့်နေရာမှဖယ်ကာ အိမ်ဘက်ပြန် [illegible]တည်လိုက်ရင်း ရင်ခုန်ချင်တာတောင် ပျောက်ချင်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



မုံ့စိုးကြီးက မောင့်လိုလည်း မန္ဒးညွံ့ မသိမ်မွေ့ပါဘူး၊ အရာရှင် ဘုရားမည့် မျက်လုံးနှင့် ကြည့်တတ်မည့်ပုံ၊ ပြီးတော့ မထိတ နှင့် မာနခပ်မြင့်မြင့်ပုံ၊ ပုံစံကိုက ထောင်မတ်ကာ အမိန့်တွေပေ နေတာကိုပဲ ကြည့်တော့။

ဘုံ့သော် သူနှင့် ခင်မင်ခွင့်ရခဲ့လျှင်တော့ ကောင်း မည်။ စိတ္တဇဆန်စွာ စွဲလမ်းနေခဲ့သော ဝဥ္စာရဲ့မောင့်ကို လွမ်းဆွတ် အောက်မေ့ခြင်းများအတွက် ဖြေစရာ အတန်အသင့် ရနိုင်မည် နော်။

ပြီးတော့ ဦးတည် သိပ်ချစ်သည့် သူ့ညီကလေးအ ရုပ်တူသူလေးကို တွေ့မြင်နေရခြင်းဖြင့် ဦးတည်လည်း အတော် လေး ပျော်ရွှင်နိုင်မည်။

-※- ၅ -※-



ဝဥ္စာတို့ အပေါ်ထပ် ဝရန်တာလေးကနေဆို သူတို့ ခြံထဲ အထက်စီးနှင့် မြင်နေရသည်။

ဝဥ္စာ မောင်နှင့်တူတဲ့ အဲသည်လူတစ်ယောက်ကို ကြာခဏ စောင့်ကြည့်နေမိကာ သူ့လှုပ်ရှားမှုတွေ မောင်နှင့် တူပြန်ရင်လည်း ကျေနပ်ရောင့်ရဲမှု မရှိတတ်ပြန်။ ဦးတည် သိ င်တော့ ဘယ်လိုမှတ်ချက်ချပေးမည် မသိနိုင်။ ဦးတည်နှင့်အတူ အသွားအပြန်တွေမှာ ကားပေါ်ကနေ အဲသည်ခြံထဲ လိုက်ကြည့် တာကိုတော့ ဦးတည် သတိထားမိမှာ မဟုတ်သေး။ ကားမောင်း င်ဖို့ ပိတ်ရက်တစ်ရက်အပြင် ဦးတည် နောက်ထပ်ထုတ်ပြန် က်တဲ့ စနေနေ့ ရုံးပိတ်ခြင်းကို အလွယ်တကူ လက်ခံပြီး သူ့ ကို စောင့်ကြည့်တဲ့ အလုပ်အတွက် အချိန်ပိုရခြင်းကို နှစ်သက်နေ ည့် ဝဥ္စာ့ကို ဦးတည် နားလည်အောင် အဖြေရှာတတ်ဦးမှာ ဟုတ်သေး။ သူ့ကိုလည်း ဦးတည် တွေ့မြင်နိုင်ဦးမှာ မဟုတ် သေး။

ဦးတည်က အလုပ်ခပ်များများ၊ သူကလည်း တစ်ချိန် း အပြင်ထွက်နေကာ အိမ်ကပ်ပုံမရတဲ့ ခပ်တေတေနှင့် လူဆိုး ေး စရိုက်ဆိုတော့ သူ့ကို ဆုံနိုင်ဦးမှာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတည် အပန်းဖြေ ခြံထဲဆင်းတဲ့ ညနေချမ်း… မှာတော့ တစ်ခါတစ်ရံ သူက သူ့ခြံထဲကဒန်းမှာထိုင်ကာ ဦးတည် ထိုင်ရာဘက်ကို ကျောပေးကာ ဂစ်တာတီးလေ့ ရှိသော်လည်း ဦးတည် အနေနှင့် အသံသာ ကြားရပြီး စိတ်ဝင်တစား ရှိ… မဟုတ်။

သူ့ကုလားထိုင်မှာ သူထိုင်ကာ စိတ်အေးလက်အေး ရှိလှသော ဦးတည်က ခြံစည်းရိုး ကပ်သွားကာ သူ့ကို လှမ်းကြည့် တကူးတက စိတ်ဝင်စားမည့်သူ မဟုတ်ပါ။ သူကလည်း … ဝန်းကျင်မှာ သူတစ်ဦးသာ ရှင်သန်လှုပ်ရှားနေထိုင်သလို ခပ်တ… တင်းမို့ သည်ဘက်ခြံထဲ လှည့်ကြည့်ဖို့တောင် စိတ်ကူးမိမည့်… မဟုတ်။ အဲသည်လူနှစ်ယောက်ဟာ နှစ်ပတ်ဆိုသော အချိန်အတွင်း မှာ တစ်ဦးနှင့်တစ်ဦး မဆုံတွေ့ကြသေးတာ အံ့သြစရာတော့ … လှပါ။

ဦးတည်ဆို ဟိုဘက်ခြံမှာ လူပြောင်းလာရုံလော… သာ သိမှာဖြစ်ပြီး ဘယ်နှယောက် ပါမှန်းတောင် အာရုံဝင်စား… မည် မဟုတ်။

ဝဏ္ဏကလည်း သူ့ကို စောင့်ကြည့်သည့် အခွင့်အရေး… လေး ဦးတည် သိရှိသွားကာ ပိတ်ပင်လိုက်မည် စိုးသောကြောင့် မောင်နှင့်တူတဲ့လူ အဲသည်မှာ ရှိနေတယ်ဆိုတာ ဖွင့်အသိပေး… ဖြစ်သေး။

သည်နေ့တော့ သူ ဘာစိတ်ကူးပေါက်သည် မသိ… ခါးထောက်ကာ ခြံထဲမှ လှမ်းလှမ်းကြည့်နေတာမို့ ဝဏ္ဏ မြင်… ဆင်းချလာခဲ့သည်။



ဝဏ္ဏကိုမြင်တော့ ရှိခနဲလေချွန်ကာ၊ နှုတ်ခမ်းလှုပ်ကာ …ခုခု ရေရွတ်လိုက်လေသည်။ ဝဏ္ဏက စခေါ်ချင်သော်လည်း …ကျယ်ကျယ်ပုံစံလေး ဖြစ်နေသော သူ့ကို မာနထားလိုက်ကာ ခြံထဲက ရေဘုံပိုင်မှာ ပိုက်သွားတပ်ကာ ပန်းပင်ရေလောင်းဖို့ …ပြင်လိုက်သည်။

"ရှတ် … ရှတ် … ခေါ်နေတယ်ဗျို့"

ဒူးကိုကွေးကာ နှုတ်ခမ်းမှာ လက်နှစ်ဖက် အုပ်တင် … အော်လိုက်သံကြောင့် ဝဏ္ဏ ဘုံပိုင်ပြန်ပိတ်ပြီး ခြံစည်းရိုး …ရိုက်တွေနား တိုးကပ်သွားလိုက်ရင်း ရင်ထဲ ဒုတ်ခနဲလေး …ည်လာရသည်။

"ဘာလဲ … ကျွန်မကို ခေါ်တာလား"

"အင်း … ဟုတ်တယ်၊ ဒီမှာ ဖိတ်စာဘယ်လိုဖိတ်ရမလဲဗျ၊ အမေတို့ ခိုင်းလို့၊ ကျွန်တော် ကျွမ်းကျင်တဲ့ကိစ္စ မဟုတ်ဘူး"

မောင်နှင့် မျက်နှာလေး တစ်ကွက်သာ တူနေလျက် …ပန်မှုရာ စကားပြောပုံ၊ စကားသံ၊ ဘာတစ်ခုမှ မတူတာမို့ …မျက် မချင့်မရဲတစ်ဝက်၊ မောင့်ကို လွမ်းဆွတ်စွာ သူ့မျက်နှာ … တုန်ယင်ယင်နှင့် ငေးစိုက်မိခြင်း တစ်ဝက်ဖြင့် ဝဏ္ဏ ကြောင် …တောင်တောင်လေး ဖြစ်နေတော့ သူက ရုတ်ခြည်းမျက်မှောင်ကုတ် …ကာ လေသံတိုးဖြင့် …

"ဘာလဲကွ … ဘာကြည့်စရာရှိလို့ စွတ်ကြည့်နေတာလဲ မသိ"

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း ရေရွတ်လျက် သူ့ကိုယ်သူ ပြန်ကြည့်နေ၏။ ကြယ်သီးတစ်လုံးမှ တပ်မထားဘဲ ရင်ဘတ်ဟ ရှပ်အင်္ကျီမီးခိုးကွက်စိပ် ပွပွရှည်ရှည်၊ ဒူးဖုံးရုံသာရှိတဲ့ ယောပုဆိုး အနက်၊ ဖိနပ်တော့မပါ၊ ဝဠာက ခြေဖျားလေးထောက် ပုဏ္ဏရိက်တွေကို လက်နှစ်ဖက် ဆွဲထားကြည့်မှ မြင်ရပေမဲ့ ကျိုင်း မြင့်မတ်လှသူကတော့ ခါးတစ်ဖက်ပင် ထောက် သေးကာ အေးဆေး သက်သာစွာပင် ဝဠာ့ကို ငုံ့ကြည့်နိုင် သည်။

"ပြောတာ ကြားရဲ့လား၊ ဘာကြည့်နေတာလဲဟင်"

"အို ... ကြည့်တာပဲ၊ အကြောင်းတစ်ခုခု ရှိလို့ပေါ့ အလကားသက်သက်တော့ ကြည့်ချင်ပါ့မလား"

ဝဠာ ထောင်းခနဲ ဒေါပွလာသဖြင့် အော်ပစ်လို သည်။

သူ့ပုံစံကရော ငေးကြည့်ချင်စရာ တစ်ကွက်ကော ရှိလို့လား။ မောင်နှင့် တူတာလေးသာ ရှိမနေရင် ဝဠာတို့ လှည့်တောင် မကြည့်ပေါင်။ စကားပြော ရင့်ထန်ကြွပ်ဆတ်နေ ဝဠာ ပြေလည်ချင်ရလောက်အောင် အချိုးမပြေ။ ဝဠာပဲ သူ့ထက် ဆယ်ဆမက ပတ်ဝန်းကျင်နှင့် အချိုးမပြေ လာနေခဲ့ ဦးတည်နှင့် လိုက်လျောညီထွေရှိစွာ ချိုသာပြေပြစ်လာခဲ့ သိပ်တောင် ကြာသေးတာမဟုတ်။

"လာမအော်နဲ့ ငရဲကြီးတတ်တယ်၊ ဖိတ်စာ ဘယ်လိုဖိတ် ရလဲ မေးကြည့်တာ၊ ခင်ဗျားက စွတ်ကြည့်နေတာကို



"ဘာဖိတ်စာကို ဘယ်လိုဖိတ်ချင်လို့လဲ၊ ရှင်ကရော ဘာ စကားတွေ ပြောနေတာလဲ"

"ဖိတ်စာပါဆို အိမ်တက်ဖိတ်စာပေါ့၊ ကျွန်တော်တို့ ဒါ ပထမဆုံး အိမ်ပြောင်းဝဲ့ဘာဆိုတော့ ဖိတ်စာမဖိတ်ဖူးဘူး၊ အမေတို့က ကျွန်တော့်ကို အထင်ကြီးပြီး ဒီပတ်ဝန်းကျင် ကို လိုက်ဖိတ်ခိုင်းထားတယ်၊ ခက်တာပဲဗျာ၊ ခင်ဗျားကူညီ ပေးနိုင်မလား"

"ဟင် ... ညှံလိုက်တာ၊ အသေးအဖွဲဆုံး ဖိတ်စာဝေတဲ့ အလုပ်လေးတောင် မနိုင်နင်းရင် ဘာမှတောင် တွေးစရာ မလိုတော့ဘူး"

သူ့မျက်နှာ ဖြန်းခနဲ နီရဲသွားကာ ဟက်ခနဲ ရယ်ချ လိုက်ပုံက အောင့်သက်သက်နှင့် သည်းခံလိုက်ပုံ။

"ထားပါတော့၊ ကျွန်တော် ဆက်ဆံရေး ညံ့တယ်ဗျ၊ ဝန် ခံပါတယ်"

ကိုယ့်ကိုယ်ကိုယ်လည်း သိသားပဲဟုတွေးကာ ဝဠာ ဟင်းဟင်း ရယ်နေလိုက်သည်။ အဲဒါက မောင့်ဆီက အတုခိုး ထားတဲ့ ရယ်နည်းလေ။ ဝဠာ သိပ်မကျေ နှစ်ခြိုက်လွန်းလို့ မောင့်ဆီက ပုံတူကူးချ လေ့ကျင့်ထားခြင်းပါပဲ။ အဲဒီလို ရယ်မိပြီ ဆိုကတည်းက ဝဠာ့ စိတ်မှာ ကြည်နူးရွှင်ပျစရာ တစ်ခုခုရှိလာ တတ်လို့ပဲဆိုတာ ဝဠာ တစ်ဦးတည်းသာ သိပါသည်။

"ကူညီနိုင်မလားဗျ၊ ခင်ဗျား ယောကျ်ားလေးဖြစ်ရင်တော့ သိပ်ကောင်းမှာပဲ၊ အကူအညီရဖို့ ပိုသေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ် ... ကျွန်မကပဲ ယောက်ျားဖြစ်ပေးရမဲ့ပုံပဲ လိုချင်ပါ့"

"အနောက်က လှုပ်တုပ်တုပ်နဲ့ ဘာကြီးလဲ၊ ဟာ ... ဆံပင်ကြီးပဲ၊ ခင်ဗျား ဆံပင်ကြီး ရှည်လျားလှချေလား"

ဝဏ္ဏက ခြေဖျား မကြာခဏ ပြန်ထောက်ရတော့ ကိုယ်ခန္ဓာက လှုပ်ရှားယိမ်းနွဲ့သွားတိုင်း ကျောနောက်မှ ဆံပင်ကြီးက တဖြာဖြာလှုပ်နေတာမို့ သူ သတိထားမိသွားကာ အံ့ဩတကြီး ဖြစ်နေတော့သည်။ ဝဏ္ဏက အဲသည်အချက်ကို အရေးတယူမထားဘဲ ...

"ဖိတ်စာဖိတ်တာပဲ ခြံတွေကို လိုက်ဝေပြီး ဖိတ်ဆဲ့ ဒီလောက် လွယ်ကူရှင်းလင်းတဲ့ ကိစ္စ"

"ဟာ ... ကျွန်တော့်ကိုမှ သူတို့မသိတာ၊ အလကားနေရင်း ရယ်လည်းမပြချင်ဘူးဗျ"

"ကျွန်မက ရှင့်ကိုယ်စား လိုက်ရယ်ပေးရမဲ့ သဘောလား"

"ခင်ဗျားက လူခံဆိုတော့ လွယ်တယ်လေ၊ ခင်ဗျားကိုတော့ သိမှာပေါ့"

"မှားသွားပြီ၊ ကျွန်မကို ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ကျွန်မ ဒီခြံရောက်လာတာမှ နှစ်လကျော်ပဲ ရှိသေးတာ"

"ဟာ ... ဆွေးပြီကွာ၊ ခင်ဗျားတို့လည်း လူသစ်တွေလား"

"ထပ်မှားသွားပြီ၊ ကျွန်မက ဧည့်သည်"

"ဟာကွာ ... စကားပြောလိုက်ရတာတောင် အချိန်ကုန် လျှာညောင်းသွားတယ်၊ လုံးဝအဆင်မပြေဘူး"



ညည်းညည်းညူညူဆိုရင်း လှည့်ထွက်သွားဖို့ ပြင်တာမို့ ...

"ဟိတ် ... နေဦး၊ ဒီအိမ်ကို ဖိတ်ပေးဖို့အတွက်တော့ ကျွန်မ တာဝန်ယူတယ်၊ ဟုတ်လား"

"ကျေးဇူးကြီးပါပေ့"

နှုတ်ခမ်းမဲ့၍ ခံခံပြင်းပြင်း ရေရွတ်ကာ ပုဆိုးနောက်ထွာတွင် ထိုးထည့်ထားသော ဖိတ်စာတစ်ထပ်ကို အင့်ခနဲထုတ်ပြီး တစ်အိတ်ပေးလျက် ...

"ဆက်ဆက်လာနော်၊ ခင်ဗျား အသေအချာလာ"

"ဟင် ... ဖိတ်စာကလည်း ကြေကုန်တော့မှာပဲ၊ ဘာလို့ ခါးကြားထိုးထားတာလဲ၊ စည်းကမ်းလည်း မရှိ"

"လာမဝေဖန်နဲ့ ငရဲကြီးတတ်တယ်၊ ကိုယ့်စိတ်နဲ့ ကိုယ့်ဖိတ်စာ၊ ကျိုးနေရင် ပြန်လဲမလား"

ဖိတ်စာနောက်တစ်အိတ် ရွေးပေးဖို့ ပြင်နေတာမို့ ဝဏ္ဏ နှာခေါင်းလေးရှုံ့ကာ "ဒီလိုလူမျိုး တစ်ခါမှ မတွေ့ဖူးသေးဘူး"ဟု ရေရွတ် အနိုင်ပိုင်း၍ လှည့်ထွက်လာခဲ့တော့သည်။

"အံ့ဩလောက်တယ် မဟုတ်လား"

ဟု ထပ်အော်မေးသံနှင့် ရှိခနဲလေချွန်လိုက်သံက သိမ်မွေ့လှသော မောင့်စရိုက်နှင့် လုံးဝခြားနားနေခဲ့တော့သည်။

အိမ်ပေါ်တက်လာတော့ ဧည့်ခန်းမှာ ဦးတည် ဗီဒီယိုကြည့်နေတာနှင့် တိုးတာမို့ ဝဏ္ဏ စာအိတ်ကလေး ကမ်းပေးပြီး ...

"ဟိုဘက်ခြံက အိမ်တက်ဖိတ်စာ ဦးတည်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အေး ... အေး၊ ဘယ်အချိန်တဲ့လဲ"

ဦးတည်က ဖိတ်စာကိုဖွင့်ကြည့်ရင်း ...

"သြော် ... မနက်ပိုင်းဆိုရင် ရုံးခန်းမသွားခင် ဝင်သွား လိုက်လို့ ရတယ်"

ပြောပြီး စီဒီယို ပြန်ဆက်ကြည့်နေတာမို့ ဝဏ္ဏ ထွက်မသွားသေးဘဲ ဆက်ရပ်နေလိုက်သည်။ ဦတည် မျက်ခုံး ပြန်လှည့်ကြည့်ကာ ...

"ဘာလိုသေးလို့လဲ"

ဟု ခပ်အေးအေး ပြန်မေးသဖြင့် ဝဏ္ဏ အနည်းငယ် ရှက်ရွံ့တွန့်ဆုတ်စွာ တိုးတိမ်ဖျော့တော့စွာနှင့် ...

"အဲ ... အဲဒီအလှူ ကျွန်မ လိုက်ခွင့်ရှိမလား ဦးတည်"

ဦးတည် မျက်ခုံးပင့်ခနဲဖြစ်ကာ တအံ့တသြဖြင့် ...

"ဖြစ်တယ်လေ၊ ဘာလို့ခွင့်တောင်းရတာလဲ၊ လိုက်ပေါ့"

"ကျေးဇူးပါပဲ ဦးတည်၊ ဘာကြောင့်မှတော့ မဟုတ်ပါဘူး ကျွန်မ လိုက်ချင်လို့ပါ"

"မင်းကို ရင်းနှီးတဲ့လူတွေရဲ့ ပါတီပွဲတွေတောင် ဦးတည် ခေါ်သားပဲ၊ အဲဒီပွဲတွေတုန်းကတော့ ငြင်းဆန်ပြီး အခု ခွင့်တောင်းနေတော့ အံ့သြစရာ ကောင်းတယ်လေ၊ ဘာ ကြောင့်မှ မဟုတ်ဘူးဆိုလည်း ပြီးတာပဲ၊ အိမ်နီးပါးချင်း ခင်မင်ရင်းနှီးထားတော့ ကောင်းတာပေါ့၊ လိုက်ပါ၊ မင်း လိုက်သင့်တာပေါ့၊ မင်းတို့အရွယ် မိန်းကလေးတွေ ဘာ တွေများ ပါမလား မသိဘူး၊ မင်း အဖော်ရနိုင်တာပေါ့"



ဦးတည်က ထူးထူးထွေထွေ မတွေးမိဟန်ဖြင့်ဆိုပြီး ဒီဒီယိုဘက် ပြန်လှည့်သွားတာမို့ ဝဏ္ဏ ရယ်ချင်သော နှုတ်ခမ်း လေးကို ကိုက်ကာ ထွက်လာခဲ့တော့သည်။ မောင်နှင့် မျက်နှာက လေး တူရုံကလွဲလို့ တခြား ဘာမှမတူတဲ့ မိုက်တီတေလေကလေး နှင့်တွေ့ရင် ဦးတည် သိပ်အံ့သြနေတော့မှာကို ဝဏ္ဏ ကြိုမြင်နေ လေသည်။

❧ ❁ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

စာသေးလို့ပဲလားတော့ မသိ။ မောင်နဲ့တူတဲ့လူရဲ့ခြံထဲ ဝဇ္ဇာနှင့် ဦးတည်ရောက်တော့ လူကြီးသည့်သည် အနည်းအကျဉ်းမှလွဲ၍ သိပ်မရှိပါ။ ဒါမှမဟုတ် စည်းရုံးဆက်ဆံရေး ညံ့ဖျင်းလှသော အဲဒီလူလေးရဲ့ ဖိတ်စာဝေမှုက ဘယ်နည်းနှင့် အဆုံးသတ်ခဲ့သလဲ ဆိုတာ ဝဇ္ဇာ မသိသေးတော့ ဖိတ်စာဖိတ်ပုံကြောင့် လူနည်းတာလည်း ဖြစ်နိုင်သည်။ ဝဇ္ဇာတို့ ဝင်သွားတော့ အန်တီလှလှကြီး တစ်ယောက်က သဘောကောင်း ဖော်ရွေစွာ ကြိုဆိုသည်။

"ကြွပါ ... ကြွပါကွယ်၊ ဟိုဘက်ခြံက ထင်တယ်နော် အန်တီ မြင်ဖူးနေတယ်၊ လာကြ သားတို့"

ဦးတည်နှင့် ဝဇ္ဇာ စားပွဲဝိုင်းတစ်ခုမှာ နေရာယူကြစဉ် အန်တီကြီးကပင် သူ့မိသားစုတွေ တစ်ယောက်စီခေါ်ကာ မိတ်ဆက်ပေးနေသည်။ ဆက်ဆံရေး ကောင်းလှတဲ့ ဦးတည်က သည်နေရာမှာတော့ အဆင်ပြေ ကျွမ်းဝင်နေတော့၏။



"ဒါက အန်တို့ခင်ပွန်း ဦးသာချို၊ သားတစ်ယောက်တည်း ရှိတယ်၊ ဘယ်ရောက်နေတယ် မသိ၊ လျှောက်သွားနေတာပဲ၊ အိမ်ထဲမှာတော့ ရှိလိမ့်မယ်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာဂုဏ်ယူပါတယ် ခင်ဗျား၊ ကျွန်တော် တည်မြဲသာပါ၊ ဒါက ကျွန်တော့်ညီမ တိမ်ဝဇ္ဇာ"

ဦးသာချိုနှင့် ဦးတည် လက်ဆွဲနှုတ်ဆက်ရင်း စကားဆိုနေဆဲ အန်တီကြီးက တစ်ဖက်လှည့်ကာ မဏီကို သွားရှာစမ်းဟု တစ်ယောက်ကို လှမ်းခိုင်းနေတာ ကြားတာမို့ သူ့ကလေးရဲ့ နာမည် "မဏီ"ဆိုတာ ဝဇ္ဇာ သိခွင့်ရသွားတော့၏။ ဦးသာချိုနှင့် ဦးတည်က စီးပွားရေးလိုင်းဘက် စကားလက်ဆုံ ကျသွားဆဲ အန်တီကြီးက ...

"မောင်နှမ နှစ်ယောက်တည်းလား သမီးလေး၊ မိဘတွေ ပါမလာဘူးလား"

ဟု ခပ်ပြုံးပြုံးလေး စကားလာဆိုတော့ ဝဇ္ဇာ ဘာပြန်ပြောရမည် မသိဘဲ ဦးတည်ကို လှမ်းကြည့်လိုက်မိသည်။ ဦးတည်က စကားထဲ အာရုံရောက်သွားတာမို့ ဝဇ္ဇာ့ကို သတိထားမိပုံ မပေါ်။ ဝဇ္ဇာ ရှမ်းသမ်းပြီး ...

"မိဘတွေ ဆုံးသွားပြီ အန်တီ၊ မောင်နှမ နှစ်ယောက်တည်းပါ"

ဟု ဆိုလိုက်တော့သည်။ အန်တီကြီးက စိတ်မကောင်းဖြစ်သွားဟန်နှင့် ...

"အို ... ဒါဆို မောင်နှမလေး နှစ်ယောက်တည်း အတော်ချစ်ရှာမှာပဲနော်၊ အန်တီ မေးမိတာ စိတ်ထဲမထားနဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



သမီး၊ အိမ်နီးချင်းတွေပဲ၊ အန်တီတို့ကို မိဘတွေလို သဘောထား ခင်မင်နိုင်ပါတယ်၊ အန်တီတို့က တကယ် ခင်မင်တတ်တာ၊ သမီး ဆံပင်ကြီးက တအားကောင်းတာ ပဲကွယ်၊ အန်တီ သဘောကျလိုက်တာ၊ ကဲ ... ကဲ ... စား လိုက်ကြပါဦး၊ ရွှေတောင်ခေါက်ဆွဲလေး၊ အန်တီကိုယ်တိုင် လုပ်တာ"

"အမေ ... မဏိကို ခေါ်လား၊ စားလို့တောင် မပြီးသေးဘူး"

ပါးစပ်ထဲ မုန့်တွေနှင့် သားချွဲတေကလေး ပုံစံဖြင့် သူ ရောက်လာတော့ ဝဋ္ဋာ လှည့်ကြည့်လိုက်သည်။ ဝဋ္ဋာ့ကိုမြင် တော့ ဖျောက်ခနဲ လက်ဖျောက်တီးကာ ...

"ခင်ဗျား ကတိတည်သားပဲ၊ ကျွန်တော် မလာဘူး ထင် နေတာ"

ပြုံးစိစိနှင့် စကားဆိုရင်း မိခင်နှင့် ပူးကပ်ဖွာ ထိုင် ချကာ မိခင်၏ပေါင်ပေါ် လက်ရောဒူးပါ တင်ထားပုံက သူ့အတွင် ဆင်ခြင်ရကောင်းမှန်း နားမလည်သလို ကျင့်သားရနေသည့်ပုံ မိခင်ကလည်း အပြုံးရိပ်အေးအေးနှင့် ထာဝစဉ် ချစ်ခင် အလိုလိုက် နေမည့်ပုံမျိုး။

"ကျွန်တော့်ရဲ့ ဖိတ်စာဝေတဲ့ အစီအစဉ်ကို ခင်ဗျား စိတ် မဝင်စားဘူးလား၊ ကျွန်တော့် အထင်တော့ ခင်ဗျားမေးချင် နေပုံပဲ"

"ဝမ်းနည်းပါတယ်၊ ကျွန်မ စိတ်မဝင်စားဘူး"

ဝဋ္ဋာကလည်း ခပ်ပြုံးပြုံးကလေး ပြန်နှက်လိုက်တော့ သူ စိတ်တိုသွားပုံရသည်။ နှုတ်ခမ်းတစ်ချက် တင်းခနဲဖြစ်ကာ



"ခင်ဗျား ဟန်ဆောင်တာလည်း ဖြစ်နိုင်တာပဲ၊ ကျွန်တော့် စိတ်ချမ်းသာမှုအတွက် အဲဒီလိုပဲ ယူဆလိုက်မယ်၊ ဒါကြောင့် ကျွန်တော် ပြောပြရလိမ့်မယ်"

"ဟဲ့ ... မဏိလေး၊ ညှို့သည်ကို မချေမငံနဲ့၊ အဲလိုမပြော ရဘူးလေ၊ သား သိလို့လား၊ သမီး စိတ်မဆိုးနဲ့နော်၊ အဲဒါ အန်တို့သား လူဆိုးလေ၊ မဏိစည်သူ၊ မဏိ ... သမီးက တိမ်ဝဋ္ဋာတဲ့၊ စကားပြော ဆင်ခြင်နော်၊ အမေ ဟိုဘက် သွား ညှော့်ခဲ့ဦးမယ်၊ ညှို့သည်တွေ ရောက်လာပြီ၊ သမီး ဝအောင်စားနော်"

ညှို့သည်တွေ အသစ်ထပ်ရောက်လာတာမို့ အန်တီ ကြီး ထသွားတော့သည်။

ဦးတည်တို့က စကားကောင်းတုန်း။

"ခင်ဗျား ဝန်ခံဗျာ၊ စိတ်ဝင်စားတယ် မဟုတ်လား၊ ကျွန် တော်နဲ့ စသိတာ ဖိတ်စာကိစ္စကြောင့်ပဲဟာ၊ အနည်းဆုံး ဖိတ်စာတွေကို ဘယ်လိုဝေလိုက်သလဲ ဆိုတာလောက်တော့ ခင်ဗျာ စိတ်ဝင်စားမှာပါ"

"ဟင် ... ဇွတ်အတင်းကြီးပါလား"

"ကျွန်တော် ပြောပြီဗျာ၊ ခင်ဗျား နားမထောင်ချင်ပေမဲ့ ကျွန်တော် ပြောချင်တယ်၊ ဖိတ်စာတွေကို ကျွန်တော် ခြံဝ က စာပုံးတို့၊ သတင်းစာပုံးတို့ထဲ လိုက်ထည့်ထားလိုက် တယ်ဗျ၊ ကျွန်တော် တာဝန်ကျေတယ် မဟုတ်လား၊ ဒီ ရပ်ကွက်ထဲက လူနှစ်ဆယ်မှာ တစ်ယောက်လာရင် ကျွန် တော် လည်ဖြတ်ခံလိုက်မယ်၊ အဟား ... အခုမတို့တော့

www.burmeseclassic.com

www.burmeseclassic.com



အသေအလဲ ညှော်မျှော်နေတာ၊ မုန့်တွေလည်း တစ်အိုးကြီး ခင်ဗျား သုံးယောက်စာလောက် စားသွားပေးစမ်းပါနော် မေမေ နားရင်းအုပ်ရင် နှစ်ယောက်စာလောက် သက်သာအောင်လို့လေ"

"ဟင် ... ရှင် ဘယ်လိုလူလဲ၊ လူမှုရေး အဲဒီလောက် ညံ့ဖျင်းရသလား၊ သေချာတယ်၊ ရှင့်အမေရော၊ အဖေရော ညှော်သည်မလာလို့ ရှင့်ကို ဒေါပွမှာ"

"ကျွန်တော် ဝန်ခံထားပြီးသားကိစ္စကို ခင်ဗျား ထပ်ထပ် မဖော်နဲ့ဗျာ၊ ကျွန်တော်လည်း အဲဒီအိုးလျော့အောင် စား နေတာ ဗိုက်ကွဲတော့မယ်၊ မုန့်များများကျန်လေ အမေမျက် တင်းလေ ဖြစ်မှာဗျ၊ ဒါပေမဲ့ အဖေ့ကုမ္ပဏီက မိတ်ဆွေတွေ ရယ်၊ အမေ့အပေါင်းအသင်းတွေရယ်နဲ့ ပြွတ်ချင် ပြွတ်သွား မှာပါ၊ အမေတို့က မိတ်ပေါပါတယ်၊ ဒုတိယအကြိမ်မြောက် ကျွန်တော် တစ်ခုဝန်ခံရရင် ခင်ဗျားကို ကျွန်တော် ခင်တယ် မုန့်အဝစားသွားပေးနော်"

ရယ်ကျဲကျဲဆိုပြီး ထထွက်သွားတော့ ဝဏ္ဏ ရယ်ချင် စိတ်ကို ထိန်းချုပ်ကာ မုန့်ထဲ အာရုံပြန်သွင်းဖို့ သည်ဘက်အလှည့် တအံ့တသြနှင့် မဏိနောက်ကို လိုက်ကြည့်နေသော ဦးတည်ကို တွေ့ရလေသည်။ နက်ပြာနှင့် အဖြူအစင်းစိပ်စိပ် ရှပ်အကျႌ နှင့် iceblue ရောင် ဘောင်းဘီကြည်လဲ့လဲ့ ပိုးသားပွပွက ခြေ ကျင်းဝတ်မှာ ပြန်သိမ်းထားတာမို့ ဘောင်းဘီက ခြေကျင်းဝတ် တစ်ဝိုက်မှာ စုပုံအိတွဲကျကာ တွန့်တွန့်လေး ဖြစ်နေတော့ ကြည့် ကောင်းသလိုပါပဲ။



"ဘယ်သူလဲ တိမ်ဝဏ္ဏ၊ နေကလေး ... နေကလေးနဲ့ အတော်တူနေတာပဲ"

ဦးတည် ခပ်တိုးတိုး လှမ်းမေးသံကို ဦးသာချို ကြားသွားဟန်ဖြင့် ...

"အန်ကယ့်သားလေ၊ ပုံစံကတော့ တစ်စက်ယောင့်မကျိုး ဘူး၊ မောင်တည်မြဲနဲ့တောင် မိတ်ဆက်မပေးရသေးဘူး၊ မဏိ ... ဟေ့ကောင် မဏိ၊ လာဦး ... ဒီကို"

ဦးသာချို လှမ်းခေါ်တော့ မဏိ ပြန်လှည့်လာကာ အအောကို မေးဆတ်ပြသည်။ မျက်နှာက သူ့အဖေနှင့်ကျတော့ အပိုးကျိုး တည်ငြိမ်လိုက်တော့ မှုန်ကုပ်ကုပ်ကလေး ပြန်ဖြစ်သွား သည်။

"လာ ထိုင်စမ်းပါဦး၊ မင်းမလည်း ငြိမ်ငြိမ်နေတာကို မမြင်ဘူး၊ ဒီမှာ မိတ်ဆက်ပေးရအောင်၊ ဟိုဘက်ခြံက မောင်တည်မြဲသာတဲ့၊ မောင်တည်မြဲ ... ဒါ အန်ကယ့်သား မဏိစည်သူ၊ မြင်တဲ့အတိုင်း မာရေကျောရေ အစားထဲကပဲ"

"တွေ့ရတာ ဝမ်းသာတယ် ညီလေး"

ညီလေးကို သိပ်ချစ်သော ဦးတည်၏ မျက်ဝန်းများ ရွှမ်းဆွတ်အောက်မေ့မှုနှင့် တရှန်းရှန်းလဲ့ကာ မဏိ လက်ကို ဆုပ်ခင်နှစ်လိုခြင်း များစွာဖြင့် ဆွဲကိုင်နှုတ်ဆက်နေသည်။ မဏိက တော့ ပြုံးသည်ဆိုရုံပဲပြုံးကာ ရင်းနှီးမှုဆိုတာ သူနှင့်မဆိုင်သလို ဟန်ဖြင့် ...

"ကိုယ့်ညီရင်းလေးနဲ့ အတော်လေးတူတယ် မဏိ၊ ကိုယ် အတော်အံ့သြနေတာ"

www.burmeseclassic.com

www.burmeseclassic.com



လူတူတွေ့နေတယ် ဆိုတာကြောင့် မဏိ စိတ်ရှုပ်သွားဟန်ဖြင့် မျက်စုံးရှုံ့ကာ ဝဋ္ဌာ့ဘက် လှည့်ကြည့်သည်။ မောင့်ကို တမ်းမက်ခြင်းများစွာဖြင့် ဖြေသိမ့်ငေးမောနေသော ဝဋ္ဌာ့မျက်ဝန်းများကြောင့် သူ ပိုအနေခက်သွားဟန်ရှိသည်။ နဖူးကို လက်ညှိုးလေးနှင့်ကုတ်ကာ ပို၍မှုန်ကုပ်လာတော့သည်။ နှုတ်ခမ်းလေးက တင်းကာ လုံးဝလှုမှုရေးမရှိဘဲ ဟန်ဆောင်ပြီးတော့တောင် ရယ်ပြုံးတတ်ပုံမပေါ်သော မဏိ အချိုးကို ဦးတည်က ချက်ချင်း သတိထားမိသွားကာ လိုက်လုံမှု အနည်းငယ် လျှော့သွားရ၏။ မဏိကို ခပ်ပြုံးပြုံး တစ်ချက်ကြည့်ကာ စားသောက်နေခြင်းကို လက်စသတ်ပြီး ...

"အန်ကယ်လ် ... ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ ရုံးခန်းဆက်သွားရမှာမို့ပါ၊ ညီလေး ပြန်မယ်"

"သုံးဆောက်စာလောက် စားမသွားနိုင်ဘူးလား ကိုတည်ဦးသာ၊ ကျွန်တော် တိမ်ဝဋ္ဌာ့ကို သုံးဆောက်စာ စားခိုင်းထားလို့"

"အို ... မဟုတ်တာ၊ ကျွန်မ ဘယ်စားနိုင်ပါ့မလဲ ကိုမောင်စည်သူ"

"ဟာ ... အဲဒီလိုကြီးတော့ မခေါ်ပါနဲ့၊ နားယားလိုက်တာ မဏိပဲ ခေါ်ပါ"

ဘယ်သူ့ကိုမှ အရေးတယူ ဂရုမစိုက်လှဘဲ သူ့ဆန္ဒကိုသာတင်ပြ၊ သူလိုချင်တာကိုသာ ဖွင့်ဆိုတတ်သော စရိုက်ရှိ မောင်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လှတာမို့ ဦးတည်လည်း နှစ်ခြိုက်လိမ့်မည် မဟုတ်ပါ။



စစချင်း ဆောက်နဲ့ထွင်း ဆိုသလို ဦးတည်ရဲ့ ခင်မင်တတ်မှုများ လုံးဝပျောက်ကွယ်သွားရအောင် မဏိရဲ့ဆက်ဆံရေးက ထင်ထားတာထက် ပိုမိုဆိုးရွား ညံ့ဖျင်းနေခဲ့သည်။

သူ့ညီလေးနှင့် ရုပ်ချင်းဆင်လှသော မဏိကို ဦးတည် နောက်ထပ် မကြည့်တော့ပေ။ အပြန်လမ်းမှာ ဦးတည် နှုတ်ဆိတ်နေတာမို့ သည်အလှူလာမိခြင်းက မှားပြီလားဟု ဝဋ္ဌာ သံသယဝင်နေမိသည်။

မဏိကို တွေ့တွေ့ချင်း ဝဋ္ဌာ မောင့်ကို တမ်းတမ်းတတ သတိရသွားသလို ဦးတည်လည်း သူ့သိပ်ချစ်သော ညီလေးကို လွမ်းဆွတ် အောက်မေ့သွားရှာမှာပဲ။

ဝဋ္ဌာကမှ မဏိနှင့် မဆက်ဆံရသေးခင် နှစ်ပတ်လောက် အသံတိတ် စောင့်ကြည့်ခွင့် ရခဲ့သေးတာ။ ဦးတည်က မြင်မြင်ချင်းပဲ အံ့ဩမှုကို ပြင်ဆင်ချိန် မရသေးခင်မှာ မဏိရဲ့ ဆက်ဆံရေးက တိခနဲနေအောင် ဖြတ်တောက်ချပစ်လိုက်တော့ ခံရခက်မှုများနှင့် ဦးတည်ကြေကွဲနေမှာမလွဲ။

အဆင်မပြေတဲ့ မဏိရဲ့ ကြွပ်ဆတ်ဆတ်အချိုးကို ဦးတည် နှစ်ခြိုက်နိုင်မှာမဟုတ်။ မောင်ကတော့ ဦးတည်ကို ကလေးငယ်ကလေးလို ချစ်ခင် ကိုးကွယ်မှုများဖြင့် အရာရာမှာ လိုက်နာ နာခံတတ်သူ မဟုတ်လား။

စိတ်ပျက်ဖွယ်ကောင်းတဲ့ မဏိရဲ့ မှုန်ကုပ်ကုပ်ပုံစံနှင့် ထာဝစဉ် သိမ်မွေ့ချိုသာကာ အမြဲ အကောင်းမြင် နားလည်ပေးတတ်သော ချစ်စဖွယ် မောင့်ပုံစံလေးကို ယှဉ်မိတိုင်း ဝဋ္ဌာ ရင်ထဲမှာ အောက်ကလိ အောက်ကလာ ရှိသွားရတော့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းရောက်တော့ ဦးတည်က စကားတစ်ခွန်း ပြောသည်။

"မင်း အဲဒီအလှူကို လိုက်ဖို့ခွင့်တောင်းတာ အဲဒီအချ ကြောင့်လား"

"ဟုတ်တယ် ဦးတည်၊ ကျွန်မ အရမ်းအံ့သြနေတယ် မောင့်ကို သတိရလို့ပါ"

နောက်ဆုံး စကားလေးကတော့ ကွယ်ပျောက်လု တိမ်ဝင်တိုးညက်သွားရတာမို့ ဦးတည် တစ်စုံတစ်ရာ ခံစားသွား ရပုံရ၏။ နှုတ်ခမ်းလေးတစ်ချက်ကော့ကာ ...

"ဦးတည် တစ်ခု သတိပေးချင်တယ်၊ မင်းတို့ မိန်းက တွေရဲ့ မိုက်မဲတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ငါ ကြိုမြင်နေ လို့ ကြိုပြောထားချင်တာ၊ မင်းကို အဲဒီကောင်လေးနဲ့ ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး၊ အဲဒါပါပဲ၊ ကလေးနဲ့ တူနေတာနဲ့ မင်း သူ့ကို နေကလေး နှိုး လွယ်လွယ်ကူကူ ရင်းရင်းနှီးနှီး ဆက်ဆံလိုက်ပုံ ရတယ် ဟုတ်ရဲ့လား၊ မင်း ဝမ်းသာစရာတစ်ခု ပြောရမယ်ဆို နေကလေးကို မင်း တကယ်ချစ်တယ်ဆိုတာ ဦးတ တဖြည်းဖြည်း ယုံချင်လာတယ် ဆိုပါတော့"

ဦးတည်က သူလိုရာကို ပြောပြီး ပြန်ထွက်သွား သည်။ ဝဋ္ဌာ တစ်ခုခုကို စိတ်တိုစွာ ကျန်ရစ်သည်။ ဟင့်အင်း_ စိတ်တိုတာမျိုးလည်း မဟုတ်။

နှစ်သိမ့်ကျေနပ်မှု တစ်ခုလည်း ပါဝင်နေသေး စိတ်တိုတာလို့ အမည်တပ်လို့ မရနိုင်ဘူးနော်။"ဦးတည် စကား



ခံရခက်သလိုလိုမျိုးနှင့်အတူ နောက်ဆုံးစကားလေးကြောင့် ဌာကို နှုတ်တုံ့မပြန်တတ်တော့အောင် တိတ်ဆိတ်ရောင့်ရဲမှုလည်း နိုင်ခဲ့သည်။ မောင့်ကိုချစ်တဲ့ ဝဋ္ဌာကို ဦးတည် ယုံကြည်လာတယ် ပါတော့။

အလုပ်လုပ်ရင်း မဏိ မျက်နှာကို မကြာခဏ ပြေး င်သည်။ မောင့်ကို သတိရခြင်းတွေ၊ အောက်မေ့လွမ်းဆွတ်ခြင်း တွေ ပိုများလာရသည်။ အဲဒီတော့ အတိတ်ကိုပဲ ပြန်တွေးမိလိုက် တာပေါ့ မောင်ရယ်။ မောင် ထားရစ်ခဲ့တဲ့ ဘဝမှာ ဝဋ္ဌာ ပိုင် င်တာဟာ အဲဒီ အမှတ်တရလေးတွေပဲ ရှိတော့တာနော်။

၈

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ဖက်သားကို ဘယ်တော့မှ အနှောင့်အယှက် ပေးကျင့် မရှိသော မောင်က သူ့ချစ်စကားပြောပြီးတဲ့ နော ပိုင်းမှာ ဝဠာ့ကို အရိပ်ကြည့်ကာ ဒေါ်လေးတို့နှင့် ဝဠာ အဆင် ပြေတဲ့ အခါတိုင်း ...

"ဝဠာလေးအတွက် ကျွန်တော် ဘဝသစ်တစ်ခု တ ဆောက်ပေးချင်တယ်ကွာ"

ဟု အားမလို အားမရ ရေရွတ်ခဲ့ရုံကလွဲလို့ တကြ အဖြေမတောင်းခဲ့ဘူးပါ။ "ကျွန်တော့်ကို စိတ်တိုင်းကျ လေ့ ပါ"ဆိုသော စကားနှင့် ဝဠာ့ စံတွေနှင့် ညီအောင်နေထိုင်ပြခဲ့သေ မောင်ပါ။

"ကျွန်တော့်ချစ်သူကို ကျွန်တော် ကြင်နာပါ့မယ်၊ အ တစိုက် စောင့်ရှောက် ဖေးမပါ့မယ် ဆိုတာတော့ ဝဠာယုံ ချင်တယ်၊ ဝဠာ့ဘဝ တစ်ခုလုံးအတွက် ကျွန်တော် တ တည်း လက်တွဲဦးဆောင်သွားချင်တယ် ဆိုတာလ ကျွန်တော့်ဆန္ဒ အမှန်ပါ၊ အဲဒါ ကျွန်တော့်ဘက်က လို ချက်ပဲ၊ နောက် ဝဠာ သိချင်တာရှိရင် မေးပေါ့"



ဟု မောင်က ဆိုခဲ့သည်။ အသားအရေတွေ သန့် ်းမွေးစင်လျက် နုနုဖပ်ဖပ်နှင့် မောင်က ပုပင်သောကကင်းစွာ ျမ်းချမ်းသာသာနှင့် ဘဝတစ်လျှောက်လုံး ကြီးပြင်းမွေ့လျော်လာ ်သည်ဟု ဝဠာ သတ်မှတ်ခဲ့ရုံမှလွဲပြီး မောင်သည် အကြီးအကျယ် ျမ်းသာကြွယ်ဝသော အထက်တန်းလွှာ လူ့မလိုင် အသိုက်အဝန်း ဆိုတာတော့ ဝဠာ လုံးဝမသိနိုင်ခဲ့တာ အမှန်ပါပဲ။

သာမန် ချမ်းသာရုံလောက်ပဲ ဝဠာ ထင်ခဲ့တာ။ ာင် နေထိုင်ပြမှုခဲ့ပုံကလည်း သိုသိုသိပ်သိပ် ပိရိကာ ဝင့်ကြွား ာက်ပမှု မရှိခဲ့ဘဲ။ ဝဠာနှင့် သိပ်မကွာဘူး ဆိုရုံလောက် ဆင့်အတန်းသာ မောင် ပြသခဲ့တာသည် ဝဠာ သိမ်ငယ်မဝ့်ရဲ ကို စိုးရိမ်ခဲ့ခြင်းပဲ ဖြစ်မည်။ ဒါကြောင့်လည်း ဝဠာ ဘာမှမတွက် ခဲ့မိတာပေါ့နော်။

နောင်တစ်ချိန်မှာ မောင့်ရဲ့အုပ်ထိန်းသူ အစ်ကိုကြီးက ်းဝသဘောမတူဘူးဟု ပစ်ပစ်ခါခါ တားမြစ်ကာ ဂုဏ်ဒြပ်စည်း ချမ်းသာတွေကို မက်မောလို့ဟု ရက်ရက်စက်စက် စွဲချက်တင် ်လိမ့်မည်ဟု ဝဠာ ဘယ်လိုယူဆနိုင်ခဲ့ပါမလဲနော်။

တွေးတော စိတ်ကူးမှုနှင့်ပင် ပင်ပန်း စိုးရွံ့ခြင်းမရှိ တာပါ။ မောင်နှင့်ဝဠာ့ဘဝကလေးက ဒါကြောင့်လည်း အဲသည် ာလ မတိုင်မီအထိ သိပ်ကိုလှပပျော်မွေ့ဖွယ် ကောင်းခဲ့တာပါ။

မောင့်ကို အဖြေပေးဖို့ ကြိုတင်စိတ်ကူးမရှိသေးစဉ် ်တ်ခင်းတစ်ခုမှာ မထင်မှတ်ဘဲ မောင့်ကို ချစ်ကြောင်း ဝဠာ တ်ဖော်ခဲ့မိသည်။ မှတ်မှတ်ရရ မောင် ချစ်ရေးဆိုပြီး နှစ်လနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ငါးရက်မြောက်နေ့။ အဲသည်ကာလတစ်ဝိုက်တုန်းက မောင့်နှုတ်ဖျားမှာ အင်္ဂလိပ်သီချင်းတစ်ပုဒ် ရေပန်းစားနေခဲ့သည်။ ဝဠာ စာဖတ်နေချိန်ဖြစ်ဖြစ်၊ ဒါမှမဟုတ် စာကူးခြင်း ပုံဆွဲခြင်း စသဖြင့် ဝဠာ မအားမလပ် ရှိနေချိန်မှာ မောင်က နံဘေးကနေ ငြိမ်ငြိမ်ကလေးထိုင်ပြီး အဲသည် သီချင်းကလေးကို ခပ်တိုးတိုး လေးဖွဖွလေးနှင့် ညည်းတွားရင်း ဝဠာကို တကယ်ထိုင်ကြည့်နေတော့သည်။

တစ်စက်ကလေးမှလည်း ပျင်းရိပုံမပေါ်။

အဲသည် သီချင်းလေးကတော့ ...

Johnne Tillotson ရဲ့ "Send me the pillow that you dream on" သီချင်းကလေး။

ဝဠာက "ကိုနေမြဲကို လက်ဆောင်တစ်ခုခု ပေးချင်တယ်၊ ဘာလိုချင်လဲ"ဟု မေးစဉ်က အဲသည် သီချင်းကလေးကို မောင်က ရည်ရွယ်ပြီး ခေါင်းအုံးစွပ်ဟု ခပ်ပြုံးပြုံးလေး ဖြေခဲ့တော့သည်။

မောင့်ကို အဖြေပေးမသွားတဲ့ မနက်ခင်းလေးတုန်းက အဲသည်ခေါင်းအုံးစွပ်ဖြူဖြူကလေးကို ချုပ်ပြီး ကျောင်းမှာ အားလပ်ရင် ပန်းထိုးဖို့ အပ်တွေ၊ အပ်ချည်တွေ၊ ကြိမ်ကွင်းကလေးတွေ အစုံအလင် ကျောင်းကို ဝဠာထည့်ယူလာခဲ့တာ။ မနက်အစောပိုင်း တစ်ချိန် အတန်းမရှိတဲ့အတွက် လှူရှင်းထဲ အစန်းလွတ်ထဲ ဝဠာတို့နှစ်ယောက် ထိုင်ကာ ဝဠာက ခေါင်းအုံးစွပ်လေးကို ပန်းထိုးနေခဲ့ခြင်း ဖြစ်သည်။



မောင်က ဝဠာ လုပ်နေတာကို ထိုင်ကြည့်ပြီး ထုံးစံအတိုင်း သီချင်းလေး ခပ်တိုးတိုးရေရွတ်လို့ ငြိမ်ငြိမ်ကလေးထိုင်ကြည့်နေသော မောင့်ကို ဝဠာ အားနာနေမိပေမဲ့ မောင်က ဝဠာ့ကို အပ်ပေါက်ထဲ အပ်ချည်သွင်းပေး၊ အပ်ချည်ပိုနေရင် ကတ်ကြေးလေးနဲ့ ဖြတ်ပေး၊ ဝင်ကူပေးနေတာမို့ ချစ်မြတ်နိုး ကြည်နူးစွာ သိပ်ကောင်းနေခဲ့သည်။

အဲဒါတွေက ဝဠာ့ရဲ့ စိတ်ဆန္ဒတွေကို အခြေအနေပေးခဲ့သို့ရောက်အောင် တွန်းပို့ပေးခဲ့ခြင်းပါပဲ။

နောက်ပြီးတော့ ...

Send me the pillow that you dream on ...

Don't you know that I still care for you ...

Send me the pillow that you dream on ...

So darling, I can dream on it too ...

ဆိုတဲ့ သီချင်းစာသားတွေကလည်း ဝဠာ့ နှလုံးသားမှာ တစ်ခုခု သိမ်းနုတ်ယူဆောင်ပစ်နိုင်သလို ရှိခဲ့သည်။ ပြီးတော့ မောင့်မျက်လုံးများမှ ညှို့သက်တဲ့ အချစ်ရိပ်၊ မြတ်နိုးကြည်နူးရိပ်များ မောင့်ထံမှ မွှေးပျံ့လတ်ဆက်နေသော ရနံ့ဖျော့ဖျော့နုနုလေးများ၊ အပ်ချည်သွင်းပေးလိုက်၊ ကတ်ကြေးဖြတ်လိုက်လုပ်နေသော မောင့်လက်ချောင်းသွယ်နုနုကလေးများ၊ မောင့်အသက်ရှူသံ ခပ်တိုးတိုး၊ အဲဒါတွေက ဝဠာ့ကို ညှို့ယူဖမ်းစားကာ အိပ်မက်ရဲ့ အဖြေထုတ်နိုင်ခဲ့သလို အခြေအနေကောင်းများ ဖြစ်ခဲ့ပါသည်။

ရုတ်တရက် ဝဠာ ယစ်မူးလာကာ ...

www.burmeseclassic.com



"မောင့်ကို ဝဋ္ဋာ လက်တွဲချင်တယ်"

ပူနွေးသော ရင်ခုန်ခြင်းများနှင့် လှိုက်လှဲတိုးတိုး ငွာ ဆိုလိုက်သော ဝဋ္ဋာ့စကားလေးကို လုံးဝမျှော်လင့်ထားပုံ မ သော မောင် ...

ဟင်ခနဲ လှုပ်ရှားအံ့သြသွားတော့သည်။

ရုတ်တရက်ကြီးမို့ မောင် စိတ်လှုပ်ရှားခြင်း ကြီးမာ သွားပုံကို ထိန်းချုပ်ဖြေဆည်နိုင်စွမ်း မရှိ။

ဝင်းဖန့်သန့်စင်သော မောင့်အသားတွေ နီရိုပ်ပြေး ကာ အံ့အားတသင့်ဖြင့် ...

"ဝဋ္ဋာလေး ဘာပြောလိုက်တယ် ကျွန်တော့်ကို"

"ကျွန်မ ရှက်တယ် မောင်"

ဝဋ္ဋာ မျက်နှာတလေးကို ဆံပင်တွေနှင့် အုပ်ကွယ် ချပစ်လိုက်တော့သည်။ အနည်းငယ် တုန်ယင်သော မောင့်အသံ လေးက ...

"ဝဋ္ဋာလို့ ပြောလေ၊ ဘာ ကျွန်မလဲ၊ ပြီးတော့ ခုနကစကား ကို တစ်ဆိတ် ပြန်ပြောပေးပါနော်၊ ကျွန်တော် နားနဲ့ဆက် ဆတ် ကြားချင်တယ်၊ ဟင်း ဟင်း ..."

မောင့် တဟင်းဟင်း အသံကလေးပါ ပါလာတာ ဝဋ္ဋာ့အတွက် လှပစွာ ရွှန်းနိမ့်တော့မည် ဆိုတာကို ကြိုသိရ ဝဋ္ဋာ အကြီးအကျယ် ရှက်လာမိတော့၏။

"မောင် ရှင် မကဲနဲ့နော်"

"ထပ်ပြောပါကွယ်၊ မောင် ဆိုတာ ဘယ်သူပါလိမ့်၊ ကျွန် တော် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်ရင် ကောင်းမ



နော်၊ ပြောပါကွာ၊ ကျွန်တော် အရမ်းကြားချင်တယ်၊ ဝဋ္ဋာ ... ဝဋ္ဋာလေး"

"မောင့်ကို ချစ်တယ်၊ တော်ပြီ"

မောင်က ဝဋ္ဋာ့ ဆံပင်ကြီးတွေကို ဖယ်ရှား ရှင်းလင်း ကာ မျက်နှာကို အတင်းလိုက်ကြည့်နေတာမို့ ဝဋ္ဋာ မောင့်ကို ကိုက်ဆွဲပစ်ချင်လာရသည်။

သို့သော် အဲဒါဟာ မောင့်ရဲ့ အရဲတင်းဆုံးသော သွက် လက်ရဲဝံ့မှုကလေးပါပဲ။ မောင်က အလွန်ရိုးသား အေးဆေးခဲ့သူလေ။

"ပြောပါဦးကွာ၊ ဘယ်သူက ချစ်တာလဲ၊ မောင်ဆိုတာ ကျွန်တော်လို့ မှတ်ယူလိုက်ရမှာလား၊ ပြည့်ပြည့်စုံစုံလေး လုပ်လေကွာ"

မောင် အရမ်းတက်ကြွ ပျော်ရွှင်နေခဲ့သည်။ ဝဋ္ဋာရဲ့ ရှက်ခြင်းများကိုလည်း မောင်ကပဲ သူ့အပြုံးလေးနှင့် သုတ်သင် ဖယ်ရှားပေးခဲ့တာ။

"ခဏ သည်းခံပေးနော်၊ ဝဋ္ဋာ အရမ်းရှက်နေတယ်"

"ကျွန်တော့်ကို ရဲရဲကြည့်လေ၊ ဒါ ရှက်စရာမှ မဟုတ်တာ ဝဋ္ဋာလေး၊ ကျွန်တော် ဝဋ္ဋာကို နားလည်ပေးနေတာပဲ၊ အရင်းနှီးဆုံး အဖော်အဖြစ် ဝဋ္ဋာ မှတ်ယူထားလိုက်ရင် ရှက်ချင်တော့မှာ မဟုတ်ပါဘူး၊ ဟုတ်လား"

ဝဋ္ဋာ တိတ်ဆိတ်စွာ ထိုင်နေတော့ မောင်ကလည်း ဝဋ္ဋာ့ကို ထိုင်ငေးနေကာ ခဏကြာတော့ မောင်က သူ့သော့အိမ်မှ သက်သည်းညှပ်ကလေးထုတ်ကာ ဝဋ္ဋာ့လက်ကလေးကို ဆောင်း သူရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဝဠ္ဍာ့ လက်သည်းကို တံစဉ်းကလေးနဲ့ ညီအောင်ကိုက်ညှိပေးမယ်နော်၊ အလွန်ဆုံးကြာ ဆယ်မိနစ်ပေါ့၊ အဲဒီမိနစ်အတွင်းမှာ ဝဠ္ဍာလေး အရှက်ပြေထား၊ ကျွန်တော့်အလှည့်ပြီးတာနဲ့ ဝဠ္ဍာ့ အလှည့်၊ ကျွန်တော့်ကို လက်သည်းညှပ်ပေးနော်၊ ကျွန်တော် သိပ်အံ့သြတာက မာနသိပ်ကြီးတဲ့ မိန်းကလေး တစ်ယောက်ဟာ ချစ်သူကို အပြေပေးတာကို အရမ်းရှက်နေတာကိုလေ၊ ဝဠ္ဍာလေးက ထူးဆန်းတယ်နော်၊ ကျွန်တော် မြတ်နိုးတဲ့ အချက်အလက်တွေ ဝဠ္ဍာ့ဆီမှာ အများကြီးပဲ"

မောင်က တိုးဖွဖွစကားလေးတွေဆိုပြီး ဝဠ္ဍာ့ လက်သည်းတွေကို တံစဉ်းလေးနှင့် ညီအောင် တိုက်ညှိပေးနေတော့သည်။ မောင် ပြောသလို အဲဒီအချိန်အတွင်းမှာ ဝဠ္ဍာ အရှက်တွေကင်းစင်အောင် ဖြေဖျောက်နေခဲ့သည်။

စိတ်ရှည်လက်ရှည်နဲ့ ခေါင်းငုံ့အာရုံစိုက်နေတဲ့ မောင့်မျက်နှာလေးထဲမှာ မျက်ခွံမို့မို့ကလေး၊ စင်းနေသောနှာတံ၊ အပေါ်နှုတ်ခမ်းမှ အတွန့်ကလေး၊ အဖျားလေးနှစ်ဖက် ကော့နေသောအပြုံးရိပ်၊ ဝင်းဖန့်မွတ်ညက်သော အသားသန့်သန့်ကလေး ဒါတွေကို စေ့စေ့ငုငု စိုက်ကြည့်ရင်း အံ့သြစရာ ကောင်းလှစွာ ဝဠ္ဍာ့ရင်ထဲ ရဲ့ဝံ့ထက်မြက်သော အချစ်တို့နှင့် မွှန်းသိပ်ပြည့်ဝင်လာခဲ့တော့သည်။

ဒေါ်လေးတို့နှင့် ရင်ဆိုင်သမျှတိုင်းမှာ ထာဝစဉ်တုန်လှုပ်မှုကင်း တင်းမာမြတ်သား မာနကြီးခဲ့သော မိန်းမငယ်ကလေးတစ်ယောက်သည် သူ့ချစ်သူကလေးကို နူးညံ့ဖွေးညက်သော



အရှက်များစွာဖြင့် ရိုးသားစွာ တုန်လှုပ်ခဲ့ရခြင်းသည် အံ့သြစရာကောင်းဘူးလား။

မောင့်အတွက် ဝဠ္ဍာ အဲသည်လောက် အရောင်ကင်းအဖြူထည်ဆန်စွာ စင်ကြယ်ခဲ့သူပါကွယ်။ (ကျွန်မ ရိုးစင်းစွာကတိ ရှက်သည်းခဲ့ခြင်းပါ ဦးတည်။)

မောင့်ကို လက်သည်း ပြန်ညှပ်ပေးနိုင်ခဲ့တဲ့ အချိန်တော့ ဝဠ္ဍာ့ ကိုယ်ခန္ဓာ အနှံ့အပြားမှာ အချစ်များစွာဖြင့်သာ ပြာစိမ့်ဆီးဆင်းပျံ့နှံ့လျက် ရှိခဲ့တော့သည်။

"ကိုနေမြသာလို့ အမည်ရတဲ့ မောင်ဆိုတဲ့ လူတစ်ယောက်ကို တိမ်ဝဠ္ဍာ ဆိုတဲ့ ကျွန်မက ဘဝတစ်သက်လုံးအတွက် အားကိုး လက်တွဲသွားဖို့ သိပ်ချစ်နေပါကြောင်း"

ရယ်မောစွာနှင့် အဲသည်စကားကို ဝဠ္ဍာ သိပ်မရှက်တော့ဘဲ ပြောနိုင်ခဲ့လေသည်။ မောင်ကလည်း ဝဠ္ဍာ့ ဆံပင်ရှည်ကြီးများကို ဝဠ္ဍာ့ လည်ပင်းတစ်ဝိုက်မှာ မာဖလာပတ်သလို လာအော်ရင်း အကြီးအကျယ် ပျော်ရွှင်နေခဲ့လျက် ...

"ခုအချိန်မှာ အပျော်ဆုံး လူတစ်ယောက်ကို ကျွန်တော် ယှဉ်ပြိုင်ရဲနေပြီ ဝဠ္ဍာလေး သိလား၊ ဝဠ္ဍာလေးက တစ်ခါတစ်ခါ အတော် ကလေးဆန်နေတတ်တာပဲနော်၊ အမူအရာလေးတွေကလေ၊ ကျွန်တော် အဲဒီလို ထင်မထားဘူး၊ မာနသိပ်ကြီးပြီး ပေါင်းသင်းဆက်ဆံရခက်တဲ့ ဣန္ဒြေကလေး ထင်ခဲ့တာ၊ အခုမှ သိတော့တယ်၊ ဝဠ္ဍာက တကယ့်ကလေးလေးလိုပဲ၊ တစ်ခါ တစ်ခါ ဝဠ္ဍာ လုပ်တဲ့ အပြုအမူလေးတွေမှာ ကလေးစိတ် မကုန်သေးတာ သိသာနေတတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဥပမာ ရှက်ရင် ဆံပင်ကြီးတွေနဲ့ မျက်နှာကို ကွယ်လိုက်ဖုံးလိုက်တာမျိုး၊ နှုတ်ခမ်းကလေးထော်ပြီး ခုနလို စကားပြောလိုက်တာမျိုး၊ နောက် အများကြီး ရှိသေးတယ်"

"ဒါဆိုရင် အဲဒီကလေးဆန်တယ် ဆိုတာတွေကို ဝဥ္စာ ပြင်ရမှာလား"

"ဟင့်အင်း … မပြင်နဲ့၊ အဲဒီလိုလေး ဖြစ်နေတာကိုက ချစ်ဖို့ကောင်းတယ်"

ဝဥ္စာ အတော်လေး ပျော်ရွှင်သွားခဲ့ပါသည်။

"အရွှးဘုံမြှောက် ဖြစ်နေမှာနော်၊ ကျွန်မ အရမ်းကလေးဆန်ပြီး ချွဲပစ်လိုက်ရင် မောင် စိတ်ညစ်သွားမှာ"

"အဲဒီ ကျွန်မ ကျွန်မနဲ့ မပြောပါနဲ့ ဆိုတာကို ရအောင်လုပြောနေတာကလည်း ကလေးဆန်ခြင်းတစ်မျိုးပဲ"

"အကျင့်ပါနေတာ မောင်ရဲ့၊ တစ်အိမ်လုံးကို ကျွန်မလို့ပြောပြီး ခပ်စိမ်းစိမ်း ဆက်ဆံတတ်ခဲ့ပြီး ကြီးပြင်းလာတာ၊ ကိုယ့်နာမည်ကိုယ် လုံးဝထည့်ပြောတတ်တာ မဟုတ်ဘူး၊ မောင်နဲ့တွေ့မှ မောင်ကျင့်ပေးလို့၊ တစ်ချက်တစ်ချက်တော့ လွှတ်သွားမှာပေါ့ မောင်ရဲ့၊ မောင်က ခွင့်လွှတ်ပေါ့"

"လွှတ်စေ … လွှတ်စေ"

မောင်က အလွှန်ချစ်မြတ်နိုးချင်စဖွယ် အမူအရာလေးနှင့် ပြောနေတာမို့ သိုးကလေးဟု ဝဥ္စာ ချစ်စနိုး ခေါ်လိုက်တော့ …

မောင် တစ်ချက်ကြောင်သွားပြီးမှ ဂုဏ်ရွှေမဆည်နိုင်အောင် နှစ်နှစ်ခြိုက်ခြိုက် ရယ်မောတော့သည်။



နောက်ပိုင်းမှာတော့ မောင့်ကို ချစ်စကားပြောရာမှာ ဝဥ္စာ မရှက်တော့ပေ။ မောင် ချစ်စဖွယ် အပြုအမူကလေး တစ်ခုခု လုပ်လိုက်ရင် ဝဥ္စာ မထိန်းနိုင်ဘဲ …

"မောင် … ရှင် သိပ်ချစ်ဖို့ကောင်းတယ်"

ဟု ယောင်ယမ်း ထွက်သွားတတ်တော့သည်။ အပူအပင်ကင်းကင်း နေတတ်သော မောင်က ဝဥ္စာ့ကိုလည်း သောကကင်းစွာ ပျော်ရွှင်စေဖို့ အလိုလိုက် ဖေးမတတ်ခဲ့သူပါပဲ။

ပြီးတော့ ဝဥ္စာ ရဲရင့်အောင်၊ နူးညံ့သိမ်မွေ့စွာ သင်ကြားပြသနာ်းပေးခဲ့သူလည်း ဖြစ်သည်။ မောင်ဟာ ထာဝစဉ်အပြစ်ကင်း လိမ္မာခဲ့လျက် ဝဥ္စာ့အတွက် အမြဲတမ်း အမှတ်တရကျန်ရစ်အောင် ဆောင်ကြဉ်းနိုင်သူပါနော်။

-- ၉ --

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

မဏိက သူ မလိုအပ်တဲ့သူကို ဆိုရင်တော့ ဟန်ဆောင်ပေါင်းသင်းခြင်း မရှိတတ်ဘဲ သူ ခင်မင်အလိုရှိပြီဆိုရင် အံ့ဩလောက်ဖွယ် ကောင်းမွန် ပြေလည်နေတတ်ကြောင်းကို အိမ်တက်အလှူအပြီး နောက် ဘာမှ မကြာခင်ကာလမှာ စတင် သဘောပေါက်ခဲ့ သည်။

ဝတ်စားဆင်ယင်မှုက ခေတ်ရေ့အလွန်ပြေးပြီး လေကြမ်းပိုးထိုး ဆိုးနေတဲ့ ကြွပ်ဆတ်ဆတ်၊ ဆက်ဆံရေးကလည်း ညံ့ဖျင်း၊ ဘုကျတင်းမာသော ဂုဏ်ဒြပ်များနှင့် မဏိကို ဦးတည် ကြည့်မရသူ စာရင်းထဲ ချက်ချင်းဝင်သွားရသလို မဏိ မလိုအ သောသူတွေထဲမှာလည်း ဦးတည် ပါဝင်နေခဲ့လေသည်။

ဦးတည် သတ်မှတ်တဲ့ မိုက်မဲတဲ့ ဆုံးဖြတ်ချက်ဆို မောင်နှင့်တူ၍ မဏိကို ဝဇ္ဇာ ဥပေက္ခာမပြုနိုင်အောင် သည် ပေါင်းသင်းမိခြင်းကို ဦးတည်က လိုလားပုံမရ။ ပြတ်သား ဦးတည်က ဥပေက္ခာပြုနိုင်လှစွာ ...



"နေကလေးနဲ့ တူပေမဲ့ သူဟာ နေကလေးမှမဟုတ်ဘဲ၊ အဲဒီအချက်ကို ငါ ပယောဂကင်းကင်း လက်ခံယုံကြည်နိုင်တယ် တိမ်ဝဇ္ဇာ၊ ငါ့လိုပဲ မင်း နေတတ်ဖို့လိုတယ်၊ နေကလေးနဲ့ မဏိကို ရောမပစ်နဲ့၊ တစ်ကဏ္ဍစီ အမြင်ရှင်းရှင်း မင်း ထားနိုင်ရင် ကောင်းမယ်၊ ဒီကောင့်ပုံစံကို ငါ တစ်စက်မှ သဘောမကျဘူး၊ ငါ့ညီ မရှိတဲ့နောက်မှာ သူဟာ ငါ့ညီနဲ့တူလို့ ငါ အလွမ်းဖြေချင်ပေမဲ့ သူ့ကို ငါမကြိုက်တဲ့ အတွက် မကြိုက်တဲ့အတိုင်း ထားတယ်၊ ငါ့ညီကို လွမ်းဆွတ်ခြင်းနဲ့ ရောမပစ်ဘူး"

"ကျွန်မ ဦးတည်လောက်တော့ မပြတ်သားနိုင်ဘူး ဦးတည်၊ အဲဒီအတွက် ဦးတည် ကျေနပ်နိုင်ပါ့မလား၊ ကျွန်မ မဏိကို ခင်မင်ချင်တယ်၊ အဲဒါ မောင့်ကို ကျွန်မ အရမ်းနမြောတမ်းတနေမိတာနဲ့ အများကြီးဆိုင်တယ်"

"မင်း နေကလေးရဲ့ ကွက်လပ်မှာ မဏိ ဆိုတဲ့ကောင်ကို အစားထိုးဖို့လား"

တင်းမာသော ဦးတည် လေသံကို ဝဇ္ဇာ အနည်းငယ် ...ငြင်းသွားသည်။ ဒါ ဝဇ္ဇာ့ လွတ်လပ်ခွင့် ကိုယ်ရေးကိုယ်တာပဲ၊ ...တည် နေရာတကာ ချုပ်ချယ်ဘောင်ကွပ်ချင်လို့ ရနိုင်ပါ့မလား။

သို့သော် ဝဇ္ဇာ ဦးတည်ကို ခွန်းတုံ့မပြန်ဖြစ်ပါ။ ...တည်နှင့် ဝဇ္ဇာကြားက ပြေလည်မှု့ လမ်းစကလေးကို မကွေ့ ...ာက်စေချင်ဘူးလေ။ ဝဇ္ဇာ လိမ္မာပို့လိုတယ်နော်။

"ကျွန်မ အဲဒီအထိတော့ မရည်ရွယ်ပါဘူး၊ မောင်က မောင်ပဲ၊ မဏိက မဏိပဲ၊ ကျွန်မ ခွဲခြားတတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြိုမြင်နေတယ် ဆိုရင်ကော"

"အဲဒါ ဦးတည် ကျွန်မကို အထင်သေးထားတာပဲ"

"ငါ့ညီအတွက် သဝန်တို တားမြစ်ခွင့် ငါ့မှာ မရှိနိုင်ဘူးလား၊ မင်းနဲ့ မဏိ ရင်းနှီးလာမှာကို ငါ မမြင်ချင်ဘူး တိမ်ဝဏ္ဏ"

"ဦးတည် သဘောထားကြီးလိမ့်မယ်လို့ ကျွန်မ ယုံကြည်ခဲ့တာ"

"ငါ့ညီကိုယ်စား ငါ သဘောထားသေးသင့်ရင် သေးနိုင်မယ် တိမ်ဝဏ္ဏ"

ထိုစကား အမှန်အတိုင်း ဖြစ်ပါစေဟု တည်မြဲ ကိုယ့်ဘာသာ တိုက်တွန်းဆုတောင်းနေမိသည်။

သိပ်တန်ဖိုးရှိတဲ့ ပစ္စည်းကလေးတစ်ခု အနားမှာ နေစဉ်ကတော့ အဲသည်ပစ္စည်းရဲ့ တန်ဖိုးကို မသိနိုင်ခဲ့ဘဲ တန်ဖိုးနိမ့်ကျသည်ဟုပင် စွပ်စွဲခဲ့ပြီးမှ အဲသည်ပစ္စည်းလေး အနားက တစ်စုံတစ်ယောက် ရောက်ရှိတိုးကပ်လာတဲ့အခါ ထိုလူက အဲသည် ပစ္စည်းလေးရဲ့ တန်ဖိုးတွေကို သိရှိနှစ်ခြိုက်သွားမလား စိုးရိမ်စိတ်နှင့် ပစ္စည်းကလေးရဲ့ တန်ဖိုးအမှန်ကိုလည်း သိမြင်လာရသည် ရှိကာ ကြိုတင် တားမြစ်လိုသော သဝန်တို ငြူစူမှုတို့ဟာ ညီလေး ကလေးအတွက် လုံးဝတွက်ဆပေးခြင်းပဲ ဖြစ်ပါစေ။

အခြား ဘယ်အရာမျိုးမှ ပါဝင်မလာပါစေနှင့် အဲသည်လို ဆုတောင်းရခြင်းကိုလည်း ကိုယ်တိုင် မနှစ်မမြို့ရှိ တိမ်ဝဏ္ဏ မျက်နှာကို စေ့စေ့မကြည့်ဖြစ်တော့။ ထိုသံသယတ



ဘာ မဏိ ပေါ်ပေါက်လာခြင်းမှ စတင်အခြေခံ၍ တည်မြဲ ရင်ထဲ ပေါ်ပေါက် ကိန်းခိုလာခဲ့ခြင်း ဖြစ်ပါသည်။

"ကျွန်မ အစွဲအလမ်းကြီးတတ်တာကိုက ကျွန်မရဲ့ ချွတ်ယွင်းချက်ပါ ဦးတည်၊ မဏိ မျက်နှာ မောင်နဲ့တူနေခဲ့ကတည်းက ကျွန်မ မဏိကို မကြည့်ဘဲ မနေနိုင်ရက်ခဲ့ဘူး၊ အဲဒီထက် ကျွန်မ မပိုပါဘူး၊ ကျွန်မ မောင့်ကို လွမ်းနေချိန်မှာ မောင့်မျက်နှာလေးကို တမ်းတမ်းတတ ကြည့်ချင်တာမျိုးလောက်ပါ၊ မောင့်နေရာမှာ မောင်ကလွဲလို့ ကျွန်မ ဘယ်သူ့ကိုမှ အစားမထိုးဘူး"

"အဲဒီအချက်ကို ငါ သိပ်မယုံပေးနိုင်ဘူး၊ မိန်းကလေးတွေရဲ့ စိတ်ဓာတ်ကို ငါ မကျွမ်းကျင်ပေမဲ့ စိတ်ကူးယဉ်တွေကို သိပ်ကိုးကွယ်တတ်တာကိုတော့ ငါ သိနေတယ် တိမ်ဝဏ္ဏ"

"ဦးတည် ယုံပေးဖို့လည်း မလိုပါဘူး၊ ကျွန်မကို ဦးတည် ဘယ်တုန်းကမှ ယုံကြည်တာ မဟုတ်ဘူးလေ၊ အဲဒီအတွက် ကျွန်မ ဝမ်းမနည်းပါဘူး"

ရှေ့ဆက် ပဋိပက္ခ မဖြစ်ချင်တော့တာမို့ ဝဏ္ဏ မှုန်တေတေလေးနှင့် နှုတ်ဆိတ် ရပ်တန့်ပစ်လိုက်တော့သည်။

ဦးတည် မယုံကြည်နိုင်တဲ့အတွက် ကျွန်မ သိမ်ငယ်နေမိတာကိုတော့ ဦးတည် ဘယ်တော့မှ မသိစေရပါဘူး။ အဲဒါ တိမ်ဝဏ္ဏ ဆိုတဲ့ မိန်းကလေးဆီမှာ ဘာမှမပိုင်ပေမဲ့ ပိုင်ဆိုင်တာ တစ်ခုတည်းဖြစ်တဲ့ ထားသင့်တဲ့ မာနပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကျွန်မ ပြေလည်အောင် အမြဲကြိုးစားနေမှာပါ"

နှုတ်ခမ်းကလေး တင်းတင်းစေ့ကာ ပြောခဲ့သော ဝဥ္စာ့ကို ဦးတည်က လျှို့ဝှက်မှုတစ်ခု ပါသော မျက်လုံးတစ်စုံဖြင့် ကြည့်နေခဲ့သည်။ ဝဥ္စာ မမြင်ဘူးခဲ့သော တစ်ခုခုကို ဖုံးကွယ်ဖြင့် ဆင်နေသော ဦးတည်ရဲ့ မျက်လုံးတွေပါပဲ။

နောင်မှာ မဏီနှင့် ပတ်သက်၍ အချေအတင်စကား ဆိုရတိုင်း ဦးတည်မှာ အဲသည့်လိုမျက်လုံးမျိုး ပေါ်လာတတ် ကြောင်းကို ဝဥ္စာ သတိထားမိနိုင်ခဲ့ပါသည်။

ပြေလည်မှုအနည်းငယ် ရှိလာခဲ့သော ဦးတည်နှင့် ဝဥ္စာတို့အကြားမှာ မဏီက အခံတစ်ခုအဖြစ် ဝင်ရောက်လာခဲ့ခြင်း ဟု သိရှိပေမဲ့ အဲသည် အချက်ကို နောင်တ မရမိစေဖို့ ဝဥ္စာ မိုက် မဲစွာ ဆုံးဖြတ်ထားခဲ့သည်။

မဏီဟာ မောင်နှင့်ဆင်နေတဲ့ မျက်နှာရှိနေသရွေ့ မောင့်ကို အမြဲ တမ်းဆွတ်အောက်မေ့နေမိသော ဝဥ္စာက ကျော်ခိုင်း ဖြစ်မှာ မဟုတ်ပါ။ မိုက်ရူးရဲဆန်တယ်ဟုပဲ ဆိုဆိုပါ ဦးတည်။

ကျွန်မ မောင့်ကို စွဲလမ်းတွယ်တာခဲ့ခြင်းရဲ့ အတိမ် အနက်ကို ဦးတည်မှ မယုံကြည်နိုင်ခဲ့ဘဲ။ ဦးတည် တိုင်းတာဆုံး ဖြတ်ခဲ့သော စည်းစိမ်ဂုဏ်ဒြပ်ဆိုတဲ့ ပေတံဟာ ကျွန်မအတွက် လုံးဝအသုံးမဝင် တန်ဖိုးမရှိပါ ဆိုတာကို ဦးတည်မှ မမြင်နိုင်ခဲ့ဘဲ။

အဲသည်အတွက် ကျွန်မ သရော်လှောင်ပြောင်တဲ့ မထီတရီအပြုံးမျိုး ပြုံးပြီး ဦးတည်ကို ရင်ဆိုင်အန်တုချင်တာ ကျွန်မရဲ့ ထားရှိအပ်သော မာနပဲ ဖြစ်ရမှာပေါ့။



သို့ပေမဲ့ မောင် တမလွန်က စောင့်ကြည့်နေရင် စိတ်ချမ်းသာ ပျော်ရွှင်ရစေအောင် ကျွန်မ မာနတွေလျှော့ပြီး ပြေ လည်ဖို့ ကြိုးစားခဲ့တာ၊ အရာရာမှာ အရှုံးပေးခဲ့တာ။

မောင်နဲ့တူတဲ့ မဏီ ကိစ္စမှာတော့ ဦးတည် အလျှော့ ပေးသင့်တယ် ဖြစ်ရမှာပေါ့။

ဒါပေမဲ့ ဦးတည် ကျွန်မကို အထင်သေးထားခဲ့လွန်း တယ်။

"ကဲပါ တိမ်ဝဥ္စာ ... ဦးတည်တို့ ပဋိပက္ခမဖြစ်တမ်း"

"ဦးတည်ဘက်က အများကြီး လိုတယ်"

"မင်း မဏီနဲ့ မပတ်သက်သရွေ့ ငါ့ဘက်က တာဝန်ယူ တယ်ကွာ"

"ဦးတည် ချည်တုပ်နှောင်တာ"

ဝဥ္စာ မခံမရပ်နိုင်သလို ပြောလိုက်တော့ ဦးတည် နှုတ်ခမ်းကလေးရှုကာ ပြုံးလေသည်။ ဝဥ္စာနှင့် ပြေလည်ပြီး ကတည်းက ဦးတည် အဲသည်လို ပြုံးတာကို ဝဥ္စာ မကြာခဏ တွေ့ခဲ့ဖူးသည်။

မောင် ပြုံးတတ်သော အပြုံးမျိုးနှင့် တစ်နည်းတည်း ဖြို ဦးတည်ပြုံးတိုင်း ဝဥ္စာ ငြိမ်သက်ဆွံ့အ,ကာ ငေးမောမိ၊ မောင့် ကို လွမ်းဆွတ်စိတ် လှစ်ခနဲ ဝင်ရောက်လာမိတတ်တာကို ဦးတည် သိရင် မိုက်မဲပြန်ပြီဟု ရှုတ်ချဦးမည်လား။

ကျွန်မကိုက မောင့်ကို အသေးစိတ်ကျကျစွာ ချစ် မြတ်နိုးမိခဲ့သူပါ ဦးတည်။ မောင်နှင့် ပတ်သက်ရင် အချွတ်အယွင်း

www.burmeseclassic.com

www.burmeseclassic.com



အတိမ်းအစောင်း မရှိစွာ မောင့် အပြုအမူကလေးတွေကိုင်း နှစ်ဝင်တမ်းမက်တတ်သူမို့ပါ။

"ဒီအိမ်မှာ မင်းနဲ့ ဦးတည် နှစ်ယောက်ပဲ နေ့တိုင်း မြင်ဆက်ဆံနေရတာ၊ မင်းနဲ့ မပြေမလည် ဖြစ်နေ မကောင်းဘူးလေ၊ မင်းကိုလည်း ဦးတည် နားလည်စ လာသလောက် ရှိပြီဆိုတော့ မင်းကို စိတ်ချမ်းသာစေချ တယ်၊ နေကလေးလည်း စိတ်ချမ်းသာရမှာပေါ့ ...

"ဦးတည် ပြောသမျှကို မမေ့ပစ်ဘဲ သေချာဆင် တွေးဆပါ၊ အစ်ကိုကြီးတစ်ယောက်က ဆုံးမပဲ့ပြင်တ လို့ သဘောထားပါ"

ဦးတည်က နူးနူးညံ့ညံ့ ဆိုရင်း ဝဥ္စာကို ပြန်လ ချော့မော့ နှစ်သိမ့်ခဲ့သည်။

ဦးတည် ချော့မော့ပုံက သိပ်တော့ မသိသာလှပါ။ ဦးတည်က မလျော့မတင်း စောင်းကြိုးညင်း ဆိုတာမျိုးကို လ ကိုင်ထားမည့်သူပါပဲ။

မောင် ဆိုတဲ့ ချစ်သူကတော့ ဝဥ္စာ တစ်ခုခုစိုး အနှောင့်အယှက်ရှိလျှင် ပျာပျာသလဲ ဘေးပတ်ဝန်းကျင် အားလုံး သိသာနေအောင်ကို ချော့မော့ ဖေးမခဲ့သူ ဖြစ်ပါသည်။

❧ ၉ ❧



တောက်ခနဲ ခပ်ပြင်းပြင်း ရေရွတ်ရင်း ဝဥ္စာ မျက်နှာ ရှုံ့နှီကာ ခံပြင်းစိတ်တို့နေတာကို မောင် မျက်နှာပျက်စွာကြည့် ရင်း ...

"တောက်ခေါက်တာ မောင် မကြိုက်ပေမဲ့ ဝဥ္စာလေး စိတ် ဆိုးနေလို့ဆိုတာ မောင် သိနေတယ်၊ မောင့်ကို ပြောပြလေ။ ဝဥ္စာ့ဆီက မောင် ခွဲယူပါရစေ၊ နှုတ်ခမ်းမကိုက်ထားနဲ့လေ၊ မောင့်ကိုကြည့်ဦး၊ မျက်နှာအရမ်းနီနေတယ်၊ မောင် စိုးရိမ် လာပြီ၊ လူတွေဝိုင်းကြည့်နေတယ်"

ခြေမကိုက်မိ လက်မကိုင်မိ ဖြစ်နေတာကို ဝဥ္စာ ကြည့်ပြီး ...

"အိုး ... အဲဒါ မောင့်ကိုကြည့်တာ၊ ကျွန်မကို မောင် ပျာပျာသလဲ စိုးရိမ်နေတာကိုက လူတွေသိပြီး ကြည့်စရာ ဖြစ်နေတာ၊ မောင် တိတ်တိတ်နေပါလား"

ကြီးမားတဲ့ ဒေါသတွေကို မောင့်ဆီ တွန်းပို့ခဲ့တော့ သည်း မောင်က အပြုံးမပျက်ဘဲ ...

"မောင် စိတ်ပူနေတာကို ဝဥ္စာလေးက ပြောမှမပြောပြတာ၊ သက်ပြင်းတစ်ချက် ချရင်တောင် ဘာဖြစ်လဲလို့ မောင်

www.burmeseclassic.com

www.burmeseclassic.com



အရိပ်ကြည့်နေတတ်တာကို သိရဲ့နဲ့ ဝဋ္ဌာ ဒီလောက်မျက်နှာနီရဲပြီး စိတ်တိုနေတာကို မောင် သိခွင့် စိတ်ပူခွင့် မရှိရဘူးလား”

“မောင် မစဉ်းစားမိဘူးလား၊ အိမ်က ထွက်ကတည်းက ကျွန်မ မျက်နှာပျက်နေတာ၊ အိမ်နဲ့ဖြစ်တဲ့ ပြဿနာပေါ့၊ တခြား ဘာရှိရဦးမှာလဲ”

“မောင် သိတယ်လေ၊ ဘာအကြောင်းကိစ္စလဲဆိုတာ မောင်သိမှ ဝဋ္ဌာ့ကို ချော့မော့စိတ်ဖြေပေးလို့ ရမှာပေါ့၊ ဝဋ္ဌာက တစ်လမ်းလုံး နှုတ်ဆိတ်ပြီး စိတ်တိုပြနေတော့ မောင် ဘယ်နေတတ်မလဲကွာ၊ မောင့်ကို နားလည်ပါ၊ ကျွန်မလို့ မပြောစမ်းပါနဲ့၊ မောင်က ဝဋ္ဌာ့အိမ်သားတွေမှ မဟုတ်တာ”

“မောင်က တစ်မှောင့်ပဲ၊ ကျွန်မ စိတ်တိုနေချိန်မှာ အဲဒါလေးကအစ လိုက်ပြင်ဆင်ပေးနေတာကိုး၊ မောင် လုပ်နေတာနဲ့ ကျွန်မ ဒေါသပြေမိတော့မယ်”

“ဟာ ... ဆန်းလိုက်တာ၊ ဒေါသပြေမှာကို စိုးရိမ်နေတယ် ဟုတ်လား၊ မောင်ကတော့ ဝဋ္ဌာလေး ဒေါသပြေအောင် ဘယ်နည်းနဲ့ ချော့ရပါမလဲလို့ ပူနေရတယ်”

ဆံပင်လေးတွေပဲ သပ်ပေးရတော့မလို၊ ကျစ်ကျစ် ဆုပ်ထားတဲ့ ဝဋ္ဌာ့ လက်သီးဆုပ်တွေကို ဖြေပေးရတော့မလို၊ ဝဋ္ဌာ ဘေးကနေ ညာဘက်က ပြောင်းလျှောက်လိုက်၊ ဘယ်ဘက်က ပြောင်းလျှောက်လိုက်နှင့် ဂနာမငြိမ်နိုင်စွာ ဝဋ္ဌာ့ကို ချော့မော့ ကြိုးစားနေခဲ့သော မောင့်ကို ပတ်ဝန်းကျင်က မျက်စိနောက် သတိထားမိသွားရတာ။



စိတ်ဆိုးနေတဲ့ ချစ်သူကို ချော့တဲ့ ကောင်လေးတစ်ယောက်ရဲ့ သည်းသည်းလှုပ်နေခြင်းတွေ ပေါ်လွင်နေတဲ့ မောင့်မျက်နှာလေးကို လူတွေက ပြုံးသဲ့သဲ့နှင့် ဝိုင်းကြည့်ကုန်မှာပေါ့။

ဝဋ္ဌာ စိတ်အနှောင့်အယှက် ဖြစ်နေပြီဆို မောင်ကိုက ဣန္ဒြေမရတော့ဘဲ မနေတတ် မထိုင်တတ် ဖြစ်နေတော့တာ ဖြစ်လေသည်။

“ကျောင်းရောက်တော့ ကျွန်မက မပြောဘဲ နေပါ့မလား၊ ပြဿနာမှန်သမျှ မောင့်ကို ပြောပြနေကျပဲ၊ လမ်းတစ်လျှောက်မှာ ဘယ်လိုပြောရမလဲ၊ ကျွန်မ စိတ်တိုပြီး အသံကျယ်လာတော့ မောင်က ရှက်ဦးမှာ”

“ဒါပေမဲ့ လမ်းတစ်လျှောက် အသံတိတ် စိတ်တိုနေတော့ မောင် ဘယ်စိတ်ကောင်းပါ့မလဲ”

“အို ... ဒါက ဒေါသသိမ်းနေတာ၊ ဒေါသပျောက်သွားရင် ပြောလို့ရတော့မှာ မဟုတ်လို့ သိလား၊ အဲဒီအိမ်ကဟာတွေ အကြောင်း ဒေါသအပြည့်နဲ့ ကျွန်မ ပြောချင်တာ”

“မာနလေး ဘာလေး လျှော့ပါလား ဝဋ္ဌာလေးရာ၊ ဝဋ္ဌာလေး ပင်ပန်းတယ်၊ ဝဋ္ဌာပဲ ထိခိုက်တာ”

“ဟင့်အင်း ... ဝဋ္ဌာမှာ ချမ်းသာတာဆိုလို့ အဲဒီ မာနလေးပဲရှိတာ၊ ဒါပေမဲ့ မောင့်ကိုတော့ ဘယ်တော့မှ မာနမထားပါဘူး၊ ယုံပါ”

မောင့်မျက်နှာလေးကြောင့် ဝဋ္ဌာ ဒေါသတွေကို အလိုလို ပြေလျော့လွင့်ပါးကုန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရောက်တော့ လူရှင်းတဲ့နေရာမှာ ထိုင်ပြီး ဝဠာ စိတ်တိုရခြင်း အကြောင်းကို ပြောပြနေချိန်မှာတော့ ဝဠာ ဒေါသတွေ ကင်းစင်နေရတော့သည်။

မောင်က စွမ်းဆောင်နိုင်လွန်းတာနော်။ ပြီးတော့ ဝဠာရဲ့ မောင့်အပေါ် ချစ်ခြင်းတို့ ပါမည်ပေါ့။

"မောင်နဲ့ ချစ်နေကြတာကို သူတို့ သိသွားတယ်လေ တစ်အိမ်သားလုံး ရစရာမရှိအောင် ဝိုင်းပြော ဝိုင်းနှိမ်ကြ တယ်၊ ဒေါ်လေးကဆို ကျောင်းထုတ်မယ် တကဲကဲ စကားကြမ်းကြမ်းတွေနဲ့ စွပ်စွဲကြတယ်၊ ကျွန်မလည်း ဘာရမလဲ ခံအော်တာပေါ့၊ ကျွန်မရဲ့ မာနကို သူတို့ ဘယ်တော့မှ ချိုးလို့မရဘူးမှတ် ...

"ဒေါ်လေးရဲ့သား ကိုအောင်သိုက်က မောင့်ကို ထိုးမယ် ကြိတ်မယ် ကြုံးဝါးနေတယ်၊ ကျွန်မက မောင့်ကို စေ့စေ့တောင် ကြည့်ရဲ ကြည့်ကြည့်လို့ ပြန်ပြောတော့ ကျွန်မကို ရိုက်ဖို့ရွယ်တယ်လေ ...

"တောက် ... ရိုက်လို့ကတော့ အဲဒီမှာ ပွဲကြီးပွဲကောင်း ပဲ၊ ကျွန်မအသားကို ထိတာနဲ့ ကျွန်မ ပြန်သတ်ပစ်မှာ ကျွန်မ အရမ်းခံပြင်းတယ်၊ ခံပြင်းတယ် မောင်ရယ် _

"ကျွန်မရဲ့ပစ္စည်းတွေနဲ့ လူလုပ်ပြီး ကျွန်မကို ဝိုင်း ပယ်နှိပ်ကွက်နေကြတာ၊ ကျွန်မ သူတို့ဆီကနေ လွင့်သွား အောင် သူတို့ အပြစ်ရှာနေကြတာ၊ အပြင်းအထန်ကို ကြံ စည်နေကြတာလေ၊ ပစ္စည်းတွေ သူတို့အပိုင်လိုချင်လို့ပြီ_



"မောင် စိတ်မညစ်နဲ့နော်၊ ဒေါ်လေးက လင်ယူပြီး မြန်မြန်ထွက်သွားလည်း အေးတာပဲတဲ့၊ ကျွန်မ အကျယ်ကြီး အော်ရယ်ပြလိုက်တယ် မောင်၊ ဒီမနက်လေးတင်မှ ထဖြစ် တာ၊ ကျွန်မ သနပ်ခါး လိမ်းနေတာကို ဒေါ်လေးသမီး မနွယ်က အလှစွတ်ပြင်ပြီး ဘာညာနဲ့ စောင်းပြောရာကနေ စဖြစ်တာ၊ ကျွန်မ ဒေါသထွက်တာမှ အသားတောင် တဆတ်ဆတ် တုန်တယ်၊ သိလား မောင်ရယ်"

"အင်း ... မောင် သိတယ်၊ ဝဠာ ဘဝကလေးကို သူတို့ ဆီကနေ ကယ်ဆယ်ဆွဲယူပြီး အသစ်တစ်ဖန် တည်ဆောက် ပေးရမယ်၊ မောင်တို့နှစ်ယောက်ရဲ့ ဘဝကလေးတစ်ခုလေ နော်၊ မောင့်ကိုကိုကို ဖွင့်ပြောပြီး မောင်နဲ့ ဝဠာ လက်ထပ် ခွင့်ရဖို့ မောင် ကြိုးစားမယ်၊ လက်တွဲမဖြုတ်စတမ်းနော် ဝဠာလေး၊ အခုတော့ ဝဠာ ခံစားနေရတာတွေကို မေ့ပစ် ထားလိုက်ကွာ၊ မောင် အတူနေရဖို့ ကြိုးစားနေတယ်၊ သောကကင်းတဲ့ မောင့်ချစ်သူလေးအဖြစ် မောင့်ဘေးမှာ အတူရှိစေချင်တယ်၊ တင်းမာနေတဲ့ စိတ်မာတ်တွေ လျှော့ လိုက်ပါကွာ၊ သူတို့ကို ဥပေက္ခာပြုထားလိုက်၊ ဒီကမ္ဘာမှာ မောင်နဲ့ဝဠာ နှစ်ယောက်တည်း ရှိနေတယ်လို့ သဘောထား နော်၊ နှစ်ယောက်ကမ္ဘာကလေး မောင်တို့ နိုင်မြဲအောင် တည်စို့နော်"

"မောင် ချစ်ဖို့ကောင်းတယ်နော်"

"နားထောင်၊ သီချင်းတစ်ပုဒ် ဆိုပြမယ်"

www.burmeseclassic.com

www.burmeseclassic.com

မောင်က ဖြီးသင်ရှင်းလင်းမှု ပြုမလာရသေးသည့် ဝဠာ့ဆံပင်ရှည်ကြီးများကို သူ့ဘောင်းဘီအိတ်ထဲမှ ဘီးကလေး ထုတ်ယူပြီး သူ့ဘက်ဆွဲယူ ဖြီးရှင်းပေးနေရင်းမှ သီချင်းတစ်ပုဒ် ခပ်ဖွဖွဆိုပြခဲ့သည်။

စိတ်ဓာတ်ချင်းတော့ ရင်းနှီးခဲ့ပြီ ...
နှလုံးသားထဲက နားလည်မှုလေးများ၊
ချစ်တတ်ခြင်းအတွက် ပေးအပ်ခဲ့ပြီ ...
အဆုံးအစမဲ့တဲ့ မေတ္တာအနန္တ၊
ရင်ထဲမှာ ထားခဲ့တဲ့ သစ္စာစည်း၊
တူစုံတွဲလျှောက်မဲ့ ချစ်ခရီး၊
တစ်သက်လုံးမြဲဖို့ လက်ချင်းတွဲလို့ အားကိုးစိတ်ချပြီး၊
ရည်မှန်းချက်နဲ့ အရှေ့လှမ်းထွက်ခဲ့လို့
တို့နှစ်ယောက်သဘောတူညီ
သိပ်လှတဲ့ကမ္ဘာကြီး အကြင်နာပန်းခင်းထဲမှာ
အချစ်နဲ့ စမ်းရေစီး ...
နှလုံးသားစောင်းကြိုး အတိုးအလျှော့ ညှိရင်း
သူ့ဘက် ကိုယ့်ဘက် အပေးအယူဝေမျှညီ၊
စီးဆင်းသွားဆဲ မျိုးဆက်သစ်မှာ
တက်ဖွင့်ရှက်လွင့် တို့ ရင်ဆိုင်ရဲပြီ ...
ရောင်စုံဆန်းသစ်မဲ့ ဘဝခရီး ကြည်လင်အေးမြဖို့ ဖန်တီး_
ဆန္ဒဖြည့်လို့ ကျေနပ်ကြစို့ ...
အချစ်ရိပ် နားခိုမငြီး
စိတ်တိုင်းကျကျ တည်ဆောက်ခဲ့ကြ ...



နှစ်ကိုယ်တစ်စိတ် တစ်စိတ်နှစ်ကိုယ်တည်း ...
အဆင်းအတက် အနိမ့်အမြင့်
နရီကာရန်စည်းချက်လည်းညီ
နှစ်သက် နှစ်ချစ် နှစ်ယောက်ကမ္ဘာတည်း ...

ဂစ်တာတွေ ဘာတွေ ပံ့ပိုးမှုမပါပေမဲ့ ချိုအေးသော မောင့်အသံလေးနှင့် သီချင်းလေးက လိုက်ဖက်စွာ နားထောင်လို့ ကောင်းပြီး ဝဠာ့ ရင်ထဲမှာ စွန်းကျန်နေသမျှ ဒေါသအနှောင့်အယှက် ခံသမျှ ကင်းစင်ဖယ်ခွာနိုင်စေခဲ့သည်။

အထီးကျန်ခဲ့သော ဝဠာ့ ဘဝထဲမှာ မောင်က ရေ တံခွန်တစ်စင်း၊ လတစ်စင်းလို ဝဠာ့ မျှော်လင့်ချက်တွေ သာယာ စေခဲ့တာမို့ မောင်ဟာ ဝဠာ့ဘဝအတွက် အကြီးမားဆုံးသော အစိတ်အပိုင်း တစ်ခုအဖြစ် ခမ်းနားကြီးကျယ်ခဲ့တာနော်။

မောင် မရှိတော့ခြင်းဟာ ဝဠာ့ ရင်တစ်ခုလုံးကို အပိုင်းပိုင်း အပုံပုံ ကျိုးပျက်မွကြေခဲ့တာပါ။ မောင့်နေရာမှာ မောင်ကလွဲလို့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဝဠာ့ရဲ့ အပိုင်း အစတွေကို တပ်ဆင်ပြုပြင်နိုင်စွမ်း ရှိလာမှာမဟုတ်တာ ဦးတည် ယုံကြည်လည်း ရှိပါစေ။

❧ ၅ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

မဏိနှင့်တကွ သူနှင့် ပုံစံဆင်တူ ကောင်လေးတချို့ ထောင့်မကျိုး သည့် အချိုးအဆက်တွေဖြင့် သူ့ခြံထဲမှာ ဂစ်တာတီး က,ခုန်နေ ချိန်မှာ ကံမကောင်းသော တိုက်ဆိုင်မှုအဖြစ် ဝဋ္ဋာကလည်း ပန်း အိုးထိုးဖို့အတွက် ပိန်းပန်းနှင့် ဂန္ဓမာပန်းတွေ ခြံထဲမှာ ဖြတ်ယူနေ ချိန် ဖြစ်သည်။

ဦးတည်က ထုံးစံအတိုင်း ခြံထဲဆင်းကာ ဘီယာ တည်ခင်းနေချိန်။ မဏိတို့အသံ ပေါ်ပေါက်လာတော့ ဦးတည် မှုန်တည်သွားကာ ဝဋ္ဋာကို လှမ်းကြည့်သည်။ ဝဋ္ဋာက ပန်းစိတ် တိုင်းကျ မရသေးလို့ ရွေးဆဲ။

အပြင်းစား ရော့ခ်သီချင်းတွေက ပေါက်ကွဲပြီးဆင်း စွာ ဝဋ္ဋာတို့ခြံထဲ ခုန်ပေါက်ဝင်ရောက်လာဆဲ။ ဦးတည် မျက်လုံး နီနီဖြင့် ဝဋ္ဋာကို လှမ်းကြည့်ကာ အိမ်ပေါ်တက်စေချင်ကြောင်း အမူအရာကြီး အပြင်းအထန် ပြနေပေမဲ့ ဝဋ္ဋာ့အလုပ်မှ မပြီးပြတ် သေးတဲ့ဥစ္စာ။ မမြင်ချင်ယောင် ဆောင်ထားတာပေါ့။



ခဏနေတော့ ဦးတည် တောက်ခေါက်လိုက်သံ ကြားရသည်။

"တိမ်ဝဋ္ဋာ ... မင်းအလုပ် အဲဒီမှာ ဘာရှိလဲ"

တည်မြဲ ပြင်းထန်သော မနှာလိုမှုများဖြင့် သဝန်တို မှာ အော်ပစ်လိုက်သည်။ တစ်ခါမှ အဲသည်လို အသံကျယ်ကျယ် အော်မပြောဘူးတာမို့ သည်တစ်ခါ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြ ရလေသည်။ အစဉ်အမြဲ အေးဆေးလာခဲ့သော နူးညံ့သိမ်မွေ့မှု တွေက သူ့မကြောင့် ပူပန်လောင်မြိုက်ရပြီ။

ဒါကလည်း ညီကလေး အတွက်ကြောင့်မို့ပေါ့။ ညီလေးနှင့်သာ မပတ်သက်ရင် သူမဘာသာ ဘာဖြစ်ဖြစ် ဘာ အရေးလဲ။ ခုတော့ ကိုယ့်ရင်ငွေ့ လာရောက်မှိန်းခိုနေထိုင်ရသူကလေး။ ကိုယ်က အုပ်ထိန်းသူ ဖြစ်နေရတာ။

အမြင်မတော်တာ သွန်သင်ရမှာပဲ။ အဲဒါ အမှန်ပဲ။ မှိုင်း သဝန်တိုမိတာပဲဟု ကိုယ့်စိတ်ကိုယ် ဆင်ခြေပေးရင်း လိပ်ပြာသန့်စေသည်။

"ကျွန်မ ပန်းရွေးနေတာ ဦးတည်"

"မင်းမလုပ်လည်း ဖြစ်တယ်ကွာ၊ အမွှေးလေးကိုခိုင်း၊ မင်း အိမ်ပေါ်တက်တော့"

"ကျွန်မ စိတ်တိုင်းကျမှာ မဟုတ်ဘူး ဦးတည်၊ ဦးတည်ပဲ မနက်ဖြန် ဧည့်သည်လာမယ်ဆိုပြီး ကျွန်မကို တာဝန်ပေး ထားတာ၊ ဒါကြောင့် ကျွန်မ တာဝန်ကျေအောင် ကြိုးစား နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကြိုးစားတာကို ငါ အသိအမှတ် ပြုပါတယ်၊ ဝ
အိုးကိစ္စ အမွေးလေးကို တာဝန်လွှဲတယ်၊ မင်း နား
ပြီ"

ဦးတည် သဝန်တိုနေပုံက သိပ်ကို ထင်ရှားနေပြီ ဟိုဘက်ခြံကို ဈေးခနဲကြည့်လိုက်၊ မျက်မှောင်ကုတ်လိုက်နှင့် ဝဋ္ဌာ ဆက်ရပ်နေလျှင် သူ လာရောက်ဆွဲခေါ်ကာ အိမ်ထဲထည့်ပစ်လိုက် မည့်ပုံတောင် ပေါ်နေရသည်။

ဝဋ္ဌာ နှုတ်ခမ်းလေးကိုက်ကာ ရယ်ချင်စိတ်ကိုထိန်း၍ ညှပ်ပြီးသား ပန်းအချို့နှင့် ကတ်ကြေးကို ဒန်းပေါ်မှာတင်ထားခဲ့ပြီး အိမ်ထဲဝင်လာခဲ့သည်။ အခုအချိန်မှာ အပေါ်ထပ် ဝရန်တာကနေ ထွက်ရပ်ပြီး မဏိတို့ခြံထဲ လှမ်းကြည့်နေလို့ကတော့ ဦးတည် ဆွေ့ဆွေ့ခုန်နေမည်လားပင် မသိနိုင်။

ထာဝစဉ် စကားသံ ခပ်ဖွဖွညင်ညင်နှင့် အေးအေး နူးညံ့စွာ ပြောတတ်သော ဦးတည်၊ ဒေါသထွက်ရင်တောင် အသံမာလာ၊ မျက်နှာနီလာတာသာရှိပြီး ခုနလို အသံကျယ်ဖြင့် လှမ်းအော် စကားပြောတတ်ဖူးတာ မဟုတ်။

ဝဋ္ဌာနှင့် မပြေလည်စဉ်ကတောင် ဦးတည် အသံ ခပ်တိုးတိုး မာမာရှိရုံပဲ။ သူ့အသံကို တစ်ဖက်သားကြားမှာ စိုးရှက်တတ်သော မောင်နှင့် စရိုက်တူတူ ရှိခဲ့တာ။

ဦးတည် ဘယ်လိုဖြစ်လို့ မဏိနှင့် ခင်မင်ရင်းနှီး ကို အပြင်းအထန် မလိုလား သဝန်တို ဖြစ်နေရတာပါလိမ့် ဝဋ္ဌာ နားလည်ယူဖို့ မကြိုးစားနိုင်တော့ပေ။



ဝဋ္ဌာ အခန်းထဲ ဝင်လာမိတော့ ပြတင်းပေါက်နှင့် ကပ်တည့်တည့်ကနေလည်း မဏိတို့ခြံထဲကို မြင်နိုင်တာမို့ ဝဋ္ဌာ လှမ်းကြည့်နေမိသည်။

မောင့် မျက်နှာလေး တစ်ခုကလွဲလို့ ဘာတစ်ခုမှ မောင်နှင့် ဆက်စပ်ပေးလို့မရတဲ့ မဏိကို ကသိကအောက်နှင့်ပဲ ဝဋ္ဌာ ခင်မင်နေရတာ။

တကယ့်ကြမ်းပိုးတေလေ လူဆိုးကလေး။ မှန်တေ ဆာ ကြွပ်ဆတ်ဆတ်နှင့် ဘယ်သူ့ကိုမှလဲ ဂရုတစိုက် ရှိတတ်ပုံ ။ သူ့လို စရိုက်ပုံစံချင်းတူတဲ့ ကောင်ကလေး လေးယောက်နဲ့ သူ့အမေကလွဲလို့ ဘယ်သူ့ကိုမှ သူ စကားပြော အဆင်မပြေ။ သူ့အဖေနှင့်လည်း တည့်လှသည် မဟုတ်။

ဝဋ္ဌာနှင့် တွေ့ပြီးတဲ့ နောက်မှာတော့ အချိုးမကျ ပြေပြစ်သော စကားလေးတွေ လာလာဆိုရင်း စိတ်ဝင်တစား ခင်မင်ဖို့ ကြိုးစားလာသည်။

ဝဋ္ဌာ ဆံပင်ကြီး တံကောက်ခွက်အထိ ထူထူဖြာဖြာ ရှည်ကျနေတာကို သူကလေးတစ်ယောက် အံ့ဩလို့မဆုံး။ ဝဋ္ဌာ နှင့်တော့ မပြေလည်တာ မရှိတာမို့ သူ့စရိုက်ကို စိတ်တိုင်းမကျ သာကလွဲလျှင် ဝဋ္ဌာ သူ့မျက်နှာလေးကို ခင်မင်မိတာပေါ့။

ဦးတည်ကျတော့ သူ့ကို မလိုအပ်တဲ့ မဏိက မလိုလပ်တဲ့အတိုင်း ဂရုမစိုက်တော့ ဦးတည် ခံပြင်းရှာမှာပေါ့။ မဏိကတော့ အပီအပြင်ပင် ...

"ကျွန်တော် ကြည့်လို့မရတဲ့ မိန်းကလေးတွေထဲမှာ ခင်ဗျား မပါစေအောင် ခင်ဗျားဆံပင်ကြီးက ဆွဲထုတ်ပေးသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ဗျ၊ သိလား၊ ခင်ဗျား ဆံပင်ကြီးကြောင့် ကျွန်တော် ... ဗျားကို အထင်ကြီးသွားတာ၊ ကျွန်တော် အထင်ကြီး... မိန်းကလေး မမွေးသေးဘူးလို့ ဟစ်ကြွေးခဲ့သမျှ ခင်ဗျား... ရှေ့မှာ ရုပ်သိမ်းတယ်ဗျာ၊ အခုလောလောဆယ် ကျွန်တော်... အထင်ကြီးတာ ယောက်ျားလေးတွေထဲမှာ ရှောခ်အဆို... ဖော်ဝင်းထွဋ်၊ မိန်းကလေးတွေထဲမှာ ခင်ဗျား”

ဆိုပြီး အတည်ပေါက်ကြီး ပြောဆိုသွားခဲ့သည်... သူ ပြောသည့် အမိပ္ပာယ်က မိန်းကလေးတစ်ယောက်ကို ... သင့်ရဲ့လား စဉ်းစားပုံမရဘဲ သူ့စိတ်ထဲရှိတာကို ပွင့်လင်းစွာ ... ချပစ်ခဲ့ခြင်းပါပဲ။

ရင်ထဲမှာ ထိမ်ချန်ထားလေ့ မရှိတတ်သော လူ... အစားထဲ မဏီက အကောင်းဆုံး နမူနာပုံစံအဖြစ် ကွက်တိဝင်... သည်။ ဒါကြောင့်လည်း သူ လူမုန်းများတာပေါ့၊ လုံးဝဟာ... ဆောင်တတ်သူ ယောက်ျားလေး။ သူ့ရဲ့စကားလုံးတိုင်းဟာ အ... တရား ပါဝင်သည်နှင့်အမျှ လူတစ်ဖက်သား မခံမရပ်နိုင်အော... ဒါမှမဟုတ် နားလည်မပေးနိုင်အောင် ခပ်လေးလေးထက်ထ... အရာတချို့နှင့် ပစ်ပေါက်လိုက်သလို ထိရောက်စေတတ်တာ...

များသောအားဖြင့်လည်း သူနှင့် မျက်နှာချင်းဆို... တိုင်း သူ့ရှေ့ကလူ သူ့ကို မုန်းတီးသွားရလောက်အောင် ... ဆက်ဆံရေး မကောင်းတာ ဖြစ်သည်။ အဲသည်ထဲမှာ ဦးတည်... ပါဝင်သွားရခြင်းပါပဲ။

ဝဋ္ဌာ့ကိုကျတော့ သူ့စကားအရ အထင်ကြီးသွား... ဖြင့် ခင်မင်လိုလားပုံ ပြလာပြီး ဝဋ္ဌာ အလုပ်အားတဲ့ရက်ဆို ...



... အိမ်ကပ်ကာ ဖုန်းနှင့်ဖြစ်စေ၊ ခြံထဲဆင်းခိုင်းပြီးဖြစ်စေ စကား ...ာလာပြောတတ်သည်။ ဝဋ္ဌာ ကားမောင်းသည့်နောက်ကိုလည်း ...ကြမ်းကြမ်း မောင်းလေ့ရှိသော သူ့ကားဖြင့် လိုက်လာကြည့်ရှု ...။

“ကျွန်တော် သင်ပေးရမလား”

ဟု ခပ်ထေ့ထေ့ မေးတတ်သေးတာမို့ ရှုံ့မဲ့ကာ ...ားဆီးထားရတာ။ မသိရင်တော့ ပေါင်းရသင်းရ လက်ပေါက် ...တ်မှာ။ ဝဋ္ဌာနှင့်ကျတော့ သူက ခင်မင်ဖို့ကောင်းနေပြန်သည်။

ခုန်ဆွဆွနှင့် ဂစ်တာတီးနေရာကနေ မဏီ မျှတ်ခနဲ ...ပေါ်လှမ်းကြည့်လိုက်ပြီး ဝဋ္ဌာကို မြင်တော့ ရပ်တန့်ပစ်လိုက် ...ည်။

မဏီ ကြည့်ရာကို သူ့သူငယ်ချင်းတွေကပါ လိုက် ...ည့်ပြီး ဝဋ္ဌာ့ကိုလည်းမြင်ရော မဏီကို ခပ်တိုးတိုး တွန်းတိုက် ...ားတွေဆိုကာ ရယ်မောလျက် သီချင်းသံတွေကို ရပ်ကုန်တော့ ...ည်။

မဏီက သူ့ကို ဝိုင်းအုံကာ သူ့မျက်နှာနားမှာ ...တ်တွေနှင့် ဝိုင်းကွယ်နေတာတွေကို ဖယ်ရှား ပုတ်ထုတ်ရင်း ...ဆက်မယ်ဟူသောပုံစံ လုပ်ပြသည်။

ပြီးတော့ အိမ်ထဲ ပြေးဝင်သွားသော မဏီ နောက် ...ရုတ်သုတ်ခ ကောင်ကလေးတွေ ဝရန်းသုန်းကား ပါသွား ...ာကိုကြည့်ပြီး ဝဋ္ဌာ စိတ်ပျက်စွာ ဖုန်းခုံနားသွားထိုင်သည်။

တကယ်လို့ ဖုန်းမကိုင်ရင် မဏီ ဆိုတဲ့ လူဆိုးလေး... ...ာ ဦးတည်ကိုတောင် တစ်ဆင့် ခေါ်ခိုင်းနေဦးမှာ။ ဦးတည်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်တာ မကြည့်တာ သူက ဂရုစိုက်မည့်ပုံ မဟုတ်။ သူ လိုချင်တာကိုသာ ဘယ်နည်းနှင့်မဆို ရအောင်ယူမှာ။

ဖုန်းသံမြည်လာတော့ ဝဠာ ကောက်ကိုင်လိုက် သည်။ ကုတ်အင်္ကျီ အကွက်စိပ်စိပ်နှင့် ဘောင်းဘီပွပွအိအိ ခုနက ဂစ်တာတီးရင်း ကခုန်နေသော မဏီ ပုံစံကို စိတ်ထဲမှ တစ်စက်မှ မတွေ့တာကြောင့် ဖုန်းပြောချင်စိတ်မရှိ။

မောင့်လို သန့်သန့်အေးအေးလေးဆို ဘယ်လော ကောင်းလိုက်မလဲ။ ခုတော့ ခြံထဲမှာ သူတို့ကိုယ်သူတို့ အမ် (MTV)ရိုက်နေတယ်များ မှတ်နေလား မသိပေ။

အပြင်ကပြန်လာတဲ့ အဝတ်အစားတွေနှင့်ပင် ဆ လက်ကဲနေကြတာ။ အခုလည်း ဝဠာကို ဖုန်းဆက်ပြီး ဘေးနား ပကျိပကျိနှင့် မဏီ ဂိုဏ်းသားတွေက ဘာတွေလောင်ဦးမ မသိသေး။

"ဟဲလို ... ဟိတ်ကောင်တွေ ခပ်ဝေးဝေးနေစမ်း"

ဝဠာကို ထူးပြီး တစ်ဖက်မှ ဝိုင်းအုံသောင်းကျန်း သူတွေကို ဟိန်းဟောက်သံကပါ တစ်ဆက်တည်း ပေါ်လာ ဝဠာ ဖုန်းချဖို့ ပြင်လိုက်ပြီးမှ ဆက်ကိုင်ထားမိသည်။

ခပ်တိုးတိုး ရယ်မောကာ ကျွက်စီကျွက်စီနှင့် ပြောနေသံတွေလည်း မရှား။ ကက်ဆက်မှ ရော့ခ်သီချင်း လည်း ဆူညံနေသည်။

သူ့အမေတော့ အတော်ခေါင်းမူးမှာပဲဟု တွေး

"မဏီ ကျွန်မ ဖုန်းချလိုက်တော့မယ်"

"Take it easy"



ဖြည်းဖြည်းဆေးဆေးပေါ့ဟု အဓိပ္ပာယ်ရသည့် ဘိုသံ ကြီး ထွက်လာတာမို့ ဝဠာ စိတ်တိုကာ ...

"ဒါ နောက်စရာ မဟုတ်ဘူး၊ မဏီ ... ရှင် ဘာပြောမလို့လဲ၊ ကျွန်မ တော်ရုံလူဆို သည်းမခံဘူးနော်"

"အိုကေ ... အိုကေ၊ တော်ရုံထက် နည်းနည်းလေးပိုပြီး သည်းခံစိတ် မွေးထားစမ်းပါ၊ ဒီမှာ ဒီကောင်တွေ လိုက် နှောင့်ယှက်နေလို့၊ ကျွန်တော် ပြောစရာရှိတယ်၊ ဟာ ... မက်ခ်၊ ကက်ဆက် တိုးစမ်းကွာ၊ ဒုက္ခပါပဲ"

"ကျွန်မ ချတော့မယ်"

"နေစမ်းပါဦးဆို၊ ကိုတည်မြဲ ရှိလား၊ ခြံထဲဆင်းခဲ့ပါလား၊ စကားပြောရအောင်၊ ဒီကောင်တွေက မိတ်ဆက်ပေးခိုင်း နေတယ်"

"ဦးတည် ခြံထဲမှာ ငုတ်တုတ်ရှိနေတယ် မဏီ၊ ပြီးတော့ ရှင့်သူငယ်ချင်းတွေကို ကျွန်မ စိတ်မဝင်စားဘူး၊ ဒါပဲလား၊ ဖုန်းချမယ်"

"ကျွတ် ... ဟာကွာ၊ ခင်ဗျားစိတ်ကလည်း လက်မဝက် တောင် ပြည့်ရဲ့လား၊ ဒီမှာ ကျွန်တော် အခွေငှားလာတယ်၊ ခင်ဗျား ကြည့်ချင်တယ်ဆိုတဲ့ ထိုင်းအခွေ၊ ခြံထဲဆင်းယူ လေ"

"ကျွန်မ မအားဘူး မဏီ၊ မနက်ဖြန် ရုံးအားမှပဲ ယူတော့ မယ်၊ ခြံထဲမှာ ဦးတည် ရှိတယ်၊ လာယူလို့ မဖြစ်ဘူး"

"ဟာ ... အဲဒီ ဦးတည် ဆိုတာ မပါရင် စကားမပြောတတ် ဘူးလား၊ ဦးတည်ဆိုတာက ဘယ်လောက် အရေးပါလို့

www.burmeseclassic.com

www.burmeseclassic.com



ဂရုစိုက်နေတာလဲ၊ ကိုယ်ကြည့်ချင်တဲ့အခွေ ဆင်းယူတာ သူ့ကိုကြောက်နေရလား၊ ကိုယ့်ကိစ္စ ကိုယ်လုပ်တာ၊ သူ့ အားလူပါ"

"မဏိ မြင်သလို ကျွန်မ လိုက်မြင်လို့တော့ ဘယ်ရမလဲ ကျွန်မအစ်ကို၊ ကျွန်မအုပ်ထိန်းသူ၊ သူ မကြိုက်တာလုပ် ခွင့် မရှိဘူး"

"ငရဲကြီးမှာ စိုးလို့လား"

ခပ်ငေါ့ငေါ့ ပြန်မေးဟန်ကြောင့် ဝဠာ ရယ်နေလိုက်သည်။

"ဒါဆို ကျွန်တော် လာပေးမယ်၊ ကျွန်တော် ဆိုရင် ငရဲမကြီးနိုင်ပါဘူးနော်"

"လာမပေးနဲ့ မဏိ၊ ဦးတည်နဲ့ မဏိ ဖြစ်မှာမဟုတ်ဘူး"

"ဖြစ်ပါတယ်၊ မဏိတို့လုပ်ရင် မဖြစ်တာ မရှိစေရဘူး"

"အို ... ရှင် ဖြစ်ပေမဲ့ ကျွန်မ မဖြစ်နိုင်ဘူးလေ မဏိ၊ ပက်မှုတွေးတတ်တဲ့ အကျင့် ရှင်လုပ်စမ်းပါ၊ ရှင့်ကို ဦးတည်က ဘာမှမပြောပေမဲ့ ကျွန်မကို ပြောမှာ ဒီနေ့ ဗီဒီယိုကြည့်ချိန်လည်း ကျွန်မမှာ မရှိဘူး၊ မနက်ဖြန် ကျွန်မ ယူနိုင်မယ်"

တစ်ဖက်မှ မဏိ အသံတိတ်သွားကာ ...

"မဏိ... အချိန်စေ့ပြီ၊ မဏိ ကောင်မလေးအတွက် အချိန် တွေ ပေးလှချေလား၊ ငါတို့အေးမှာရှိနေတယ်၊ စွတ်ကြ မနေနဲ့လေ၊ မဏိတို့အသည်း တောက်တောက်ကြွေ ပေါ့"



ဟူသော တစ်ဖက်မိန်းကလေးကို မငဲ့ညှာသော အသံပြောင်တွေ ထွက်လာသဖြင့် ဝဠာ ဖုန်းကို ဆောင့်ချပစ်လိုက်သည်။

မဏိ ဖုန်းထဲကို တစ်ယောက်စီလာလုပြီး ပြောနေ အမျိုး။ ယဉ်ကျေးမှုမရှိတဲ့ဟာလေးတွေ၊ မဏိကတောင် သူတို့ ထဲမှာ အသာဆုံးဖြစ်နေတော့သည်။

အမှန်တော့ အဲသည် အပေါင်းအသင်းတွေကြောင့် ထို မဆိုးသင့်ဘဲ ပိုမိုဆိုးရွားနေတာပဲ နေမှာဟု ဖြေလျှော့တွေး ကာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်ရတော့သည်။

❧ ၈ ❧

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မမဝင္ဇာ ဧည့်သည်ရောက်နေတယ်"

အမွှေးလေး အခန်းဝမှ ပေါ်လာတာမို့ ဝင္ဇာ စာရင်းတွေ သွင်းနေရာကနေ လှမ်းကြည့်ကာ ...

"ဘယ်သူလဲ"

အမွှေးလေး စဉ်းစား၍ ခေါင်းလေးကုတ်ပြီး ...

"ဂျစ်ကာဆိုလား"

"ဟယ် ... ဂျက်လား၊ ဂျက်စီကာပါ အမွှေးလေးရယ်၊ မမ အချစ်ဆုံး သူငယ်ချင်း၊ အမွှေးလေး ... ဂျက် အတွက် စားစရာတစ်ခုခု လုပ်ပေးနော်၊ မမ ပြေးတွေ့လိုက်ဦးမယ်"

ဂျက်နှင့် မတွေ့ရတာတောင် အတော်ကြာပြီ။ ဝင္ဇာ ဝမ်းသာအားရနှင့် လှေကားပေါ်မှ တဒုန်းဒုန်း ခုန်ဆင်းကာ ပြေးချသွားလိုက်သည်။

အောက်ရောက်မှ ဦးတည် ရှိနေသေးတာကို သတိပြုမိသွားရကာ လျှာကလေးထုတ်ရင်း ဇက်ပုသွားရသည်။ ဦးတည်က ဂျက်နှင့်စကားပြောနေရာကနေ ဝင္ဇာ့ဆီ လှမ်းကြည့်ကာ ...

"ဒီနေ့ ဧည့်သည်ကို အိမ်ဖိတ်မဲ့ အစီအစဉ် ဖျက်လိုက်မယ် တိမ်ဝင္ဇာ၊ Restaurant တစ်ခုခုပဲ ခေါ်သွားလိုက်တော့မယ်



မင်း ပင်ပန်းမှာ စိုးတယ်လေ၊ ပြီးတော့ မင်းသူငယ်ချင်းအတွက် မင်း ဒီနေ့ အချိန်ပေးလိုက်ပါ"

"ရပါတယ် ဦးတည်၊ ဧည့်သည်တွေကိစ္စ မဖျက်ပါနဲ့"

"ကိစ္စမရှိပါဘူး တိမ်ဝင္ဇာ၊ မင်းတို့သူငယ်ချင်းနှစ်ယောက် မတွေ့တာ ကြာလှပြီ မဟုတ်လား၊ ပျော်ပျော်ပါးပါးပေါ့ကွာ၊ လုပ်ပါ၊ လိုတာရှိရင် အမွှေးလေးတို့ ဒေါ်လုံးတို့ကို အားလုံး စီစဉ်ခိုင်း၊ အပြင်ထွက်လည်ချင်းလည်း လည်လေ၊ Shopping ထွက်ပါလား၊ တိမ်ဝင္ဇာ့ကို တိုက်တွန်းနေတာ ကြာပြီ ဂျက်စီကာ၊ သူ ဗိုလ်ချုပ်ဈေးသွားရမှာကို လုံးဝ စိတ်မဝင်စားဘူး၊ အဖော်ရှိတုန်း သွားကြပေါ့"

ဦးတည် ဆက်ဆံရေး ပြောင်းလဲချိုသာနေတာကို ဂျက်က တအံ့တဩကြီး ဖြစ်နေလေသည်။ တွေ့စက ဦးတည်နှင့် ဝင္ဇာ အဆင်မပြေကြတော့ ဂျက်က ထည့်သာ ထည့်လိုက်ရတာ စိတ်ချလှတာ မဟုတ်။

ဦးတည် သံသယများစွာဖြင့် လေ့လာစမ်းသပ်ပြီးမှ ဆက်ဆံပြေလည်လာခဲ့တာကို ဂျက် မသိသေး။ ခုလို ရင်းနှီးပြေပြစ်နေမည်ဟု ဂျက် မျှော်လင့်ခဲ့မှာ မဟုတ်။

ဦးတည် စိတ်ထားဖြူစင် သဘောကောင်းပြီး လူကြီးလူကောင်းဆန်တာကို ဂျက် မမြင်တွေ့ဖူးသေးဘူးလေ။

စတွေ့ကတည်းက ညီဖြစ်သူနဲ့ သဘောတူ လက်မခံနိုင်တဲ့ ဝင္ဇာ့ကို အထင်မကြီး မယုံကြည်တဲ့ ထုံ့တွေ့တော့ ရိုတိတိ သံသယတွေ ဖုံးလွှမ်းထားတဲ့ မာနကြီးကြီး အကြောက်စီး ခန်ဆန် ပုံစံနှင့်ပဲ တွေ့ဖူးသေးထားတာ။

www.burmeseclassic.com

www.burmeseclassic.com



ဝဠာကို နားလည်စပြုလာတဲ့ ဦးတည်ရဲ့ လက်ရှိ ပုံစံနှင့် အလျင်ပုံစံက လုံးဝကွဲပြားခြားနားနေသည် မဟုတ်လား။

"ကဲ ... ဂျက်စီကာ ခွင့်ပြုဦး၊ တိမ်ဝဠာ ဦးတည် ရုံးခန်းမှာ ရှိချင်မှရှိမယ်၊ ဒီနေ့ ဂျပန်ဧည့်သည်တွေနဲ့ အချိန်ကုန်လိမ့်မယ်၊ ဆုံးဖြတ်ချက်ချစရာ တစ်ခုခုကြုံရင် ဦးတည် အမိန့်လှမ်းတောင်းမနေနဲ့၊ မင်းပဲ ဆုံးဖြတ်ချက်ချလိုက် ရုံးခန်းကို မန္တလေးကဖုန်း အကယ်၍ဝင်လာခဲ့ရင် မောင်ချို က အိမ်ကို လွှဲချင်လွှဲလိုက်လိမ့်မယ်၊ အရေးကြီးရင် ပြောတာပါ၊ မနက်ပိုင်းပဲ ဖုန်းဝင်မှာ၊ မနက်ပိုင်း လာရင်တော့ ကိစ္စမရှိဘူး၊ သွားစရာရှိတာသွား ဟုတ်လား"

"ဟုတ်ကဲ့ ဦးတည်"

ဦးတည် သူ့အခန်းထဲ ခဏပြန်ဝင်သွားကာ ပြန်ထွက်လာတော့ လက်ထဲမှာ ပိုက်ဆံတစ်အုပ် ပါလာသည်။ ဝဠာကို လှမ်းပေးရင်း ...

"ဈေးဝယ်ဖို့"

ဟု ခပ်သန့်သန့်ပြုံးကာ ငြင်းဆန်မည့် ဝဠာ မျက်ဝန်းတွေထဲ တည့်တည့်ထွင်းဖောက် စိုက်ကြည့်ကာ အသံတိတ် အမိန့်ပေးနေသည်။

"ကျွန်မမှာ ရှိသေးတယ် ဦးတည်၊ နေပါစေ"

"ရအောင်ကို ငြင်းလိုက်သေးတယ် တိမ်ဝဠာ၊ ဦးတည် မုန့်ဖိုးပေးတယ်လို့ သဘောထား၊ မောင်နှမချင်းပဲဟာ"

ဖြူစင်သော အပြုံးလေးဟု ပေါ်လွင်စေသော ဦးတည် နှုတ်ခမ်းနီထွေးလေးကို ဝဠာ ငေးမောကြည့်နေရင်း ဂျက် ရှေ့မှာ



ဦးတည်နှင့် အချေအတင် မဖြစ်စေချင်တာမို့ နှုတ်ဆိတ်စွာ လှမ်းယူလိုက်သည်။

ပြုံးလိုက်ရင် သိပ်နုဖပ် ပျိုမျစ်သွားသော ဦးတည်က မောင့်အပြုံးလေးနှင့် ဆင်ဆင်တူကာ ဝဠာ မလှုပ်ရှားနိုင်အောင် ငြိတွယ်ချည်နှောင်နိုင်စေတာလည်း ဖြစ်သည်နော်။

"ကျွန်မကို ခိုင်းစရာရှိသေးလား ဦးတည်"

"မရှိဘူး၊ အိုကေ ... ကဲ ... ဦးတည် သွားမယ်၊ ဟာ ... နေဦး၊ မင်းတို့သွားဖို့ ကားစီစဉ်ပေးရဦးမှာပေါ့၊ ဦးတည် ကားက ဒီနေ့ ဧည့်သည်တွေကို လှည့်ပတ်ပို့ပေးရမှာဆိုတော့ မအားဘူး"

"ရပါတယ် ဦးတည်၊ အဲဒီလောက် အသေးစိတ်ကြီး စီစဉ်မပေးပါနဲ့၊ ကျွန်မတို့ တက္ကစီစီးနေကျပါ၊ ဒါမှမဟုတ် ဂျက်အိမ်က ကားကို ဖုန်းဆက်မှာပါမယ်၊ ပြည့်စုံပါတယ် ဦးတည်၊ စိတ်ချလက်ချသွားပါ"

"ဟုတ်ကဲ့ ကိုတည်မြဲ၊ အိမ်ကား အားပါတယ်"

"အိုကေ ... အိုကေ"

တာဝန်မကျေမှာ ဦးတည် စိုးရိမ်နေပုံမို့ ဝဠာ ပြောလိုက်တော့မှ ဦးတည် ထွက်ခွာသွားတော့သည်။

ဦးတည်ကို တအံ့တဩ ငေးမောနေသော ဂျက်က ဦးတည် ကားကလေး ခြံထဲမှ ပျောက်ကွယ်သွားတော့မှ ဝဠာကို အံ့ဩကြည့်လိုက်ကာ ...

"မာဝဠီ ... ရှင် ကံဇာတာတွေ မြင့်လှချေလား၊ မိန်းမ ... ကျုပ် အိပ်မက်နေတာတော့ မဟုတ်ပါဘူးနော်၊ ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်တာ အံ့ဩစရာဟယ်၊ ရှင် ဖုန်းလေးဘာလေး ဆက်ပြီး သတင်းလေး ဘာလေးတောင် မပေးဘူး၊ ယစ်နေတာ ယစ်နေတာ"

"ဘာယစ်နေတာလဲ၊ ကျုပ် အလုပ်ဆင်းနေရတာဟဲ့၊ တစ်ပတ်မှာ နှစ်ရက်နားတယ်၊ နားတဲ့ရက်မှာ ကားမောင်းသင်နေတယ်၊ အားချိန်တောင် မရှိဘူး"

"မောင်နှမတွေ ဘာတွေဖြစ်သွားပြီလား"

"ဦးတည် ငါ့ကို နားလည်သွားပြီ ဂျက်၊ ငါ့စိတ်ထား အမှန်တကယ် ဖြူစင်လို့ ဘုရားသခင်က ဖန်ဆင်းပေးလိုက်တာ ထင်ပါတယ်၊ ငါ မောင့်ကို အရိုးသားဆုံး ချစ်ခဲ့တာကို ဦးတည် လက်ခံပေးလာတယ်၊ ငါ ဘာကိုမှ မမက်မောတာလည်း ဦးတည် သဘောပေါက်လာတယ်၊ ဦးတည်ကြည့်ရတာ ခဲမှန်ဖူးတဲ့ စာသူငယ်ငယ်လို နာကြည်းချက်တစ်ခုနဲ့ ငါ့ကို လက်မခံနိုင် ဖြစ်ခဲ့ပုံပါပဲ၊ တဖြည်းဖြည်းနဲ့ သူ ငါ့ကို စမ်းသပ်လေ့လာရင်းနဲ့ ယုံကြည်လာခဲ့တာ ဦးတည်က စိတ်ထားမြင့်မြတ်ပါတယ်ဟယ်"

"အေးပေါ့၊ ကိုနေမြ ရှိရင် ဝမ်းသာရှာမှာနော်၊ ငါနဲ့အဆက်အသွယ် ဖြတ်သွားတဲ့ ကာလလေးအတွင်းမှာ လိုက်မမီအောင် နင် ပြောင်းလဲနေတာ မာဝဠီရဲ့၊ ကိုတည်မြဲနဲ့အတူ နင် အခုလို ချောမွေ့နေတာကိုပဲ ငါ ဝမ်းသာလှပြီ၊ နင့်ဘဝရှေ့ရေးလေး ကောင်းစားသွားမှာပါ"

"ဂျက်ရယ် ... နင် ငါ့အကြောင်း မသိတာလည်း မဟုတ်ဘဲနဲ့ ရှေ့ရေးတွေ နောက်ရေးတွေ လာတွက်ချက်ပြနေ



တယ်၊ ငါ ဒါတွေကို လုံးဝမမျှော်လင့်ဘူး ဂျက်၊ မောင့်တစ်ရိပ်နဲ့ ငါ မှီကိုးနေတာ၊ မောင့်ကို ချစ်ခဲ့ကတည်းက ငါ့ဘဝ ကောင်းစားဖို့ဆိုတဲ့ ရည်ရွယ်ချက် လုံးဝမပါခဲ့တာ နင် အသိဆုံးပါနော်၊ ငါ့ဘဝကို ထူထောင်နိုင်တဲ့ အချိန်ရောက်ရင် ငါ ဒီမှာ ဆက်နေဖြစ်ချင်မှ နေဖြစ်မှာ၊ ကိုယ့်အား ကိုယ်ကိုးချင်တယ်၊ မောင် ရှိတုန်းက နှစ်ယောက်လက်တွဲပြီး တည်ဆောက်ဖို့ စိတ်ကူးထားတဲ့ ဘဝလေးကို မောင်မရှိတော့ပေမဲ့ ငါတစ်ယောက်တည်း ဆက်ထူထောင်ဖို့ ကြိုးစားမှာ၊ အဲဒီအခါ ဦးတည်ရဲ့ အကူအပံ့ အဖေးအမ လုံးဝမပါစေရဘူး၊ မောင့်ကို သေတဲ့အထိ သစ္စာရှိစောင့်သွားမဲ့ မိန်းကလေးအဖြစ် ငါ့ဘဝကို တစ်ယောက်တည်း ဖြတ်သန်း ဆက်လျှောက်သွားမှာပါ"

"အာဃာတ ကြီးမားလိုက်တာ ဝဠာရယ်၊ နင့်ကြည့်ရတာ မာနတွေပဲ အဖုံးခံနေရပြီး ကလေးနဲ့ကို မတူတော့ဘူး၊ အဘွားကြီးအို ပေါက်စလေး၊ ရည်မှန်းချက်တွေ တစ်ပုံတစ်ခေါင်းနဲ့"

"မောင်နဲ့ ပတ်သက်တဲ့ ထားသင့်တဲ့ မာနဆိုလို့ အဲဒီရည်မှန်းချက်ကလေးပဲ ရှိတာ၊ ဦးတည်ကိုတော့ ငါ မာနတွေ အကုန်ဖယ်ရှင်းပေးထားတယ် ဂျက်ရေ၊ ဒါကြောင့်လည်း ငါနဲ့သူ ပြေလည်မှုရသွားတာ"

"အဲဒါ ကောင်းတာပေါ့ ဝဠာရဲ့၊ ငါ ဒီနေ့ နင့်ကို အရမ်းသတိရတာနဲ့ ပေါက်ချလာတာ၊ သိပ်မကြာခင် ငါနဲ့မာမီ ထိုင်းကို သွားရလိမ့်မယ်၊ မာမီ့သူငယ်ချင်းရဲ့ အကူအညီနဲ့

www.burmeseclassic.com

www.burmeseclassic.com



လေ၊ အလည်သက်သက်ပါ၊ နင် ရှိနေကတည်းက မာမီ ထိုင်းကိုသွားဖို့ ကြိုးစားနေတာလေဟာ၊ သိတယ်မဟုတ်လား၊ အခုမှ မာမီ့ဆန္ဒ ပြည့်ဝတာ"

"ဟယ် ... ဒါဆို နင်လည်း ငါ လိုက်မမီအောင် တိုးတက်နေတာပဲပေါ့ မိန်းကလေးရဲ့၊ နင်ကရော အဲဒီသတင်းကို စောစောစီးစီး ငါ့ဆီ ကြိုပို့လို့လား"

"အေး ... ကျေပြီ"

ဂျက်က ပခုံးလေးတွန့်ကာ ရယ်မောရင်း ဝဠာကို ခြေဆုံး ခေါင်းဆုံး လှန်ကြည့်ကာ ...

"နေပါဦး၊ ကိုနေမြဲရော ငါရော မပါဘဲ ဘယ်သူ့အကူအညီနဲ့ နင့်ဆံပင်တွေကို ရှင်းတာလဲဟေ၊ ကိုတည်မြဲတော့ မဟုတ်နိုင်ပါဘူးနော်"

"ဝက်မလေး ပေါက်ကရပြောပြီ၊ အိမ်မှာ ကောင်မလေးတွေ ရှိတယ်ဟဲ့၊ နင့်ဘိုးအေကြီးမို့ ဦးတည်က ငါ့ကို ခေါင်းဖြီးပေးရမှာလား၊ ဘာဆိုင်လဲ"

"ဘယ်သိနိုင်မလဲ၊ နင် ခေါင်းမရှင်းတတ်တာကို ငါသိနေတာကိုး၊ တစ်ယောက်ယောက် ဖြီးပေးရမှာပဲလို့ တွေးတော့ ကိုတည်မြဲပဲ ငါ့မျက်စိထဲမြင်တာ"

ဝဠာ ဂျက်ရဲ့ပေါင်ပေါ် ရိုက်ထည့်ရင်း ရယ်မောနေဆဲ ဖုန်းသံလေး မြည်လာတာမို့ ...

"ခဏနေဦးနော် ဂျက်၊ မန္တလေးက ဖုန်းလား မသိဘူး"

ဂျက်ကိုပြောရင်း ဖုန်းကို အပြေးကိုင်လိုက်ရသည်။

"ဟဲလို ... အမိန့်ရှိပါရှင်"



တစ်ဖက်က ချက်ချင်းပြန်မထူးဘဲ တစ်ခုခုကို စိမ်ပြေနပြေ ဝါးနေသံ ခပ်တိုးတိုးသာ ထွက်နေတာမို့ ဝဠာ မျက်မှောင်ကြုတ်ကာ ...

"ဘယ်သူလဲ"

"မဏီ ... မဏီ၊ မေ့တတ်လိုက်တာ လွန်ရော"

"ဩော် ... ဘယ်သူများလဲလို့၊ ဘာတွေဝါးနေတာလဲ"

"ချွင်းဂမ်း၊ နေဦး ... အခွေ လာပို့လို့ ရပြီလား၊ ခင်ဗျားရဲ့ ဦးတည် ထွက်သွားတာကို စောင့်ကြည့်ပြီးမှ ကျွန်တော် ဖုန်းဆက်လိုက်တာ၊ ခြံထဲ ဆင်းလာခဲ့ပါလား၊ အခွေပေးမလို့"

"ဒီမှာ ဧည့်သည် ရောက်နေတယ်၊ ပြီးတော့ ကျွန်မတို့ ဒီနေ့ ဗိုလ်ချုပ်ဈေးသွားမှာ မဏီ အခွေ ကြည့်ဖြစ်တော့မှာ မဟုတ်ဘူး၊ ပြန်အပ်လိုက်တော့နော်"

"ဗိုလ်ချုပ်ဈေး ဘယ်အချိန်သွားမှာလဲ"

"ထော်ကြာနေ၊ ကျွန်မ ရေမိုးချိုးပြီးတာနဲ့ သွားမှာ"

"ကျွန်တော် လိုက်ပို့ပေးမယ်၊ ခင်ဗျားတို့သွားဖို့ ကားမရှိဘူး မဟုတ်လား၊ ခြံထဲမှာ ကားတစ်စီးမှ မတွေ့ဘူး"

"ကျွန်မသူငယ်ချင်းရဲ့ကားကို မှာမှာ"

"ခင်ဗျားကို ကျွန်တော် နှစ်ကြိမ်တိုက်တွန်းဖို့ စိတ်ရှည်မှု အလုံအလောက် မွေးထားပါတယ်၊ ကျွန်တော် ပို့ပေးတဲ့ ကားနဲ့ ဖိမ်နဲ့ လိုက်စီးစမ်းပါ၊ ကျွန်တော် သဘောကောင်းခဲတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေဦး၊ ဂျက်ကို သူ့ကား သေချာလား မေးကြည့်မယ်၊ မသေချာမှ စီးမယ်နော် မဏိ၊ ရှင့်ကား စီးရမှာ သိပ်ကြောက်တယ်"

"ကျွန်တော် အညင်သာဆုံး မောင်းမယ်ဗျာ၊ ဒီမယ် ခင်ဗျား ကျွန်တော့်ကို ဒီလောက်ငြင်းနေတာ အားမနာဘူးလား၊ ကျွန်တော်တောင် ခင်ဗျား အငြင်းသန်တာကိုကြည့်ပြီး အားနာလာပြီ၊ တောင်းဆိုရမှာ"

ဝင္ဍာ မဏိ အပြောကြောင့် သဘောတကျ ရယ်မော လိုက်ပြီး စကားပြောခွက်ကို လက်ဝါးနှင့်အုပ်ကာ ဂျက်ဘက်လှည့် ရင်း ...

"ဂျက် ... ငါတို့ ဗိုလ်ချုပ်ဈေးကို ဘာနဲ့သွားမလဲ၊ နင့် အိမ်ကကား မှာမှာလား"

"တက္ကစီနဲ့ သွားမယ်လေ၊ မာမီ ယူသုံးနေတာ၊ အား မဟုတ်ဘူး၊ ခုနက ကိုတည်မြဲ ကားစီစဉ်မှာစိုးလို့ ပြော လွယ် ပြောလိုက်တာ၊ ဘာဖြစ်လို့လဲ"

ဂျက်ကို လက်ဝါးကာပြလိုက်ရင်း ဂျက်နှင့် မထိ ပေးတွေ့စေလိုသောဆန္ဒ ဖြစ်ပေါ်သွားရတာမို့ ဝင္ဍာ ငြင်းဖို့မေ့ တားတော့ပေ။

"ကောင်းပြီ မဏိ၊ ကျွန်မတို့ အဆင်သင့်ဖြစ်ရင် ဖုန်းဆက် ခေါ်လိုက်မယ်၊ စိတ်ရှည်ရှည်ထားပြီးတော့ စောင့်ပေ မဏ္ဍလေးက စီးပွားရေးကိစ္စနဲ့ ဖုန်းဆက်မှာကိုလည်း စော ရဦးမှာ"



"ကောင်းပြီ၊ ကားလိုက်စီးတဲ့အတွက် ပိုက်ဆံကောက်ရတဲ့ အခွင့်ရေးတစ်ခုလို ဝမ်းသာပါတယ်"

ခပ်ရွဲ့ရွဲ့ပြောကာ ဖုန်းချသွားတာမို့ ဝင္ဍာ့ကို အံ့သြဟန်ဖြင့် ...

"မာဝဋ္ဌိ ... ရှင် ပြောင်းလဲတဲ့ အထဲမှာ ခဏခဏ ပြုံးရယ်နေတာလည်း ပါတယ်၊ ဘယ်လိုဖြစ်နေတာလဲ"

"နင် မသိသေးပါဘူး၊ အဲဒီ တစ်ယောက်နဲ့ စကားပြောရင် ငါ အဲဒီလိုပဲ ရယ်နေရတာ၊ နင် သူ့ကိုတွေ့ရင် တအား အံ့သြသွားစေရမယ်၊ နင်နဲ့ မိတ်ဆက်ပေးမယ်၊ ဒါပေမဲ့ သူက ဆက်ဆံရေးတော့ အတော်ညံ့တယ်၊ ဒါပေမဲ့ နင် သူ့ကို အတော်လေး စိတ်ဝင်စားမှာပါ"

"ညွှန်းလှချည်လား မာဝဋ္ဌိ၊ ဘာသတ္တဝါလေးမို့လဲ၊ ငါ စိတ်မဝင်စားရရင် နင် ပြန်လျော်မလား၊ အခု လောလော ဆယ်မှာ နင့်ပြောင်းလဲမှုကလွဲလို့ ဘာကိုမှ အံ့သြလို့ မရ သေးတာ သေချာတယ်"

"အေးပါ ... အေးပါ၊ ငါ စောင့်ကြည့်လိုက်ပါမယ်၊ ကဲ ... နင် အခု ငါ့အခန်းထဲလိုက်ခဲ့၊ ငါ ရေချိုး အလှပြင်မယ်၊ နင် ဘာစားလာလဲ"

"ဘာမှ စားမလာဘူးဆိုရင် လိမ်လည်ရာ ကျနေဦးမယ်၊ တစ်ခုခု စားလာတယ် ဆိုပါတော့ဟာ၊ ဒါပေမဲ့ ငါ မဝ သေးဘူး၊ အဟဲ ... နင် ကျွေးလေ"

"ကျွေးမှာပေါ့၊ အမွှေးလေး ယူလာလိမ့်မယ်၊ လာ ... အပေါ်တက်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာအမွေးလေးလဲ"

"လှူနာမည်ပါဟယ်"

ဂျက်က ဟယ်ဟု အော်ပြီး သဘောတကျ ရယ်မော နေတော့သည်။

ပြီးတော့ ကြီးကျယ်ခမ်းနား ထည်ဝါလှသော အိမ်ကြီးရဲ့ အဆင်းတန်ဆာ အရှိန်အဝါတွေကို လေ့လာရင်း ဝဥ္စာအတွက် စိတ်ချကျေနပ်သော၊ ပျော်ရွှင်စိတ်ချမ်းသာသော အရိပ်အယောင်များ ဂျက်၏ မျက်လုံးတွေထဲ ပြည့်နှက်နေခဲ့လေသည်။

❧ ၆ ❧



ကြိုးဇာအနက် လည်ပင်းဟိုက်ဟိုက်လေးနှင့် ခါးတိုချွန်ချွန် လက်ရှည်ကလေး၊ ဖိုက်ကာလာပါတိတ် ဆင်စွယ်ရောင်လေး ဝတ်ပြီးသောအခါ ဂျက်က တအံ့တသြ ချီးကျူးနေလေသောလေသည်။

ဝဥ္စာ ဆံပင်ကြီးများကို စိတ်ရှည်လက်ရှည် ဖြီးသင်နေရင်းက ...

"မာဝဥ္စီလေး ... ရှင့်ကို လက်ဖျားခါရလွန်းလို့ ကျုပ်လက်ပြုတ်ထွက်တော့မယ်၊ ကိုယ်ရှိန်ကိုယ်ဝါတွေ တောက်ပလွန်းနေပါလား၊ ရှင် အဲလိုဝတ်တာ ကျုပ်တောင် တစ်ခါမှ မမြင်ဖူးသေးဘူး၊ ကိုနေမြ ရှိရင်တော့ ရှင့်ကို အရမ်းချစ်ရှာမှာပဲ"

မောင့်ကိုချည်း တမ်းတနေသော ဂျက်ရဲ့စကားကို ... အတန်အသင့် နေသားကျနေပြီဖြစ်သော နှလုံးသားဖြင့် ... ထောင် ရောင့်ရဲနေနိုင်ပြီ ဖြစ်သည်။

မောင့်ကို လှူသိအောင် မလွှမ်းဆွတ်တတ်တာလည်း ... ည်နော်။ ဝဥ္စာ မျက်နှာပျက် ရုတ်ခြည်း မောင့်ကို သတိရသွား ... တာမျိုး မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ဦးတည် ကိုယ်တိုင် လိုက်ဝယ်ပေးတာဆိုရင်
ခြေဖျားပါ ခါသွားမယ်၊ အံ့သြစရာမှ ကောင်းရဲ့လား"

"အေး ... ငါ့မှာသာ နှလုံးရောဂါပါရင် ခုလောက်
အံ့သြရတာနဲ့ အသက်ပျောက်လောက်တယ်၊ နင် တ
ပြောတာလားဟင်၊ ငါ ဒီနေ့ နင့်အိမ် လာလိုက်တာ
သွားပြီပေါ့၊ နင့်ကို ငါ အတော် စိတ်ချလက်ချ ရှိသွား

ဝဠာ ဆံပင်ရှည်ကြီးကို ခါယမ်းလှုပ်ရှားရင်း
အနက်ကလေး စွပ်လိုက်သည်။ ပြီးတော့ မဏိဆီကို အဆင်
ဖြစ်ကြောင်း ဖုန်းလှမ်းဆက်လိုက်ကာ ဝဠာတို့နှစ်ယောက်
ထပ်ဆင်းလာခဲ့ကြသည်။

မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် တစ်ချိန်လုံး အံ့
ယူနေရသော ဂျက်ကလေး၊ နောက်ထပ် အံ့သြစရာနှင့် ရင်ဆိုင်
ဦးမှာကို တွေးမိရင်း သနားလို့တောင် နေရသည်။

မဏိက ခြံဝမှာပဲ ကားကိုရပ်ထားတာမို့ ဝဠာ
ကိုယ့်ဘာသာ ခြံတံခါးဖွင့်ကာ ထွက်လိုက်ကြသည်။

ခဲရောင်ကုတ်အင်္ကျီပွပွနှင့် သက္ကလတ်အပ
ဘောင်းဘီအနက်၊ မျက်မှန်အမည်းနှင့် ကားပေါ်က အခန့်သ
ထိုင်လျက် အရေးတယူကြီး ကြိုဆိုနေခြင်း မရှိသော မဏိ
ဂျက်က အမှတ်တမဲ့ပင်ကြည့်ကာ ကားပေါ်တက်သည်။ ဝဠာ
ကားပေါ်တက်ပြီးမှ ...

"မဏိ အတော်လေးမှ စောင့်လိုက်ရရဲ့လား"

"အိပ်ရေးနှစ်ရေး ဝတယ်"



ပြောပြီး ကားကို နောက်ပြန်ဆုတ်ကာ အရှိန်ပြင်း
ပြင်း ကွေ့ယူလိုက်တာမို့ ...

"မဏိ ... ရှင် ကတိတည်ပါစေနော်"

မဏိက ဟာဟာဟု လှောင်ရယ်ရယ်က အရှိန်လျှော့
သည်။

"မဏိ ... ဒီမှာ မိတ်ဆက်ပေးမလို့၊ ကျွန်မ အချစ်ဆုံး
သူငယ်ချင်း ဂျက်စီကာတဲ့၊ ဂျက် ... ငါပြောတဲ့ မဏိ၊
မဏိစည်သူတဲ့"

မဏိက မျက်မှန်အမည်းကို နှာခေါင်းအောက်
လျှောချလိုက်ကာ နောက်ကြည့်မှန်ထဲကနေ ဂျက်ဆီ လှမ်းကြည့်
ရင်း ခေါင်းညိတ်ပြသည်။

မျက်လုံးပေါ်သွားပြီး မျက်နှာရှင်းသလို ရှိသွားတော့
မှ ဂျက် သတိထားမိသွားရလျက် အကြီးအကျယ် အော်ပစ်လိုက်
ဖို့ နှုတ်ခမ်းဟပြီးမှ လက်ဖဝါးနှစ်ဖက်နှင့် ပြန်အုပ်ထိန်းလိုက်တော့
သည်။

မျက်လုံးကလေးပြူးကာ နောက်ကြည့်မှန်ထဲမှာ ပေါ်
နေသော မဏိ မျက်နှာကို တအံ့တသြကြီးဖြင့် အံ့သြနေရှာတော့
သည်။ မဏိက ဂျက် ဖြစ်ပျက်ပုံကို သတိထားမိသွားကာ မျက်
မှောင်ကုတ်ပြီး ...

"ကျွန်တော့် မျက်နှာမှာ တစ်ခုခု ချွတ်ယွင်းသလား"

"ကိုနေမြ ... ကိုနေမြနဲ့ အရမ်းတူတယ်၊ မျက်နှာလေး
ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်အသံလေး တုန်တုန်ယင်ယင် ထွက်လာသည်

မျက်နှာလေး တစ်ကွက်တည်းပဲ အတော်က ဆင်တူနေတာမို့ ဂျက် အံ့သြမှုမှာ မချင့်မရဲတွေပါမှာ မလွဲ

မောင်နှင့်သာ အသားအရေ၊ ဆံပင်ပုံစံ၊ ကိုယ် အချိုးအဆက်၊ စကားပြောဆိုဟန် အမူအရာ၊ အသံ အားလုံး နေရင် သိပ်ကြည့်ကောင်းမှာပဲဟု ဂျက် တွေးဆတော့တ မလွဲ။

"ကိုနေမြ ဆိုတာ သက်သာ၊ အေးစေတို့နဲ့တော့ မောင် မဖြစ်နိုင်ဘူး၊ ကိုတည်မြဲရဲ့ညီမှ ဟုတ်ရဲ့လား၊ ဒါဆို တော့ လာပြန်ပြီ တစ်ယောက်၊ ဒီလောက်ပဲ တူလို့ ဗျာ"

မဏိ စိတ်ပျက်ဟန်ဖြင့် ညည်းညူကာ နှုတ်ခမ်း ပြည့်က စူသလို ရှိသွားရတော့သည်။ နှုတ်ခမ်းစူသွားဟန် မိန်းမတော့ ဆန်မသွားဘဲ အရမ်းကြည့်လို့ ကောင်းနေတာ ဝဋ္ဋာပင် မငြင်းနိုင်။ မဏိရဲ့ ဖွံ့မက်ဖွယ် ညှို့ဒြပ်တစ်မျိုးပဲ ပါရဲ့။

"ဒီလောကမှာ ကျွန်တော် တစ်ယောက်တည်း လူလုံ တာဗျ၊ ကျွန်တော်နဲ့တူတဲ့လူ မရှိစေချင်ဘူး"

သူ့ဆန္ဒကို အပြီးအစီး ဆိုလိုက်ပြီးသည့်နော မဏိက စကားဆက်မဆိုတော့ဘဲ ကားကက်ဆက်ကိုသာ ဖွင့် လိုက်တော့သည်။ ရော့ခ်သီချင်းတစ်ပုဒ်က စူးပြင်းရှတစွာ ကွဲပြိုဆင်းလာတော့သည်။



တရိပ်ရိပ် ယစ်မူးစေသော သီချင်းအေးအေးငြိမ့်ငြိမ့် လေးတွေကို စွဲလမ်းနှစ်ခြိုက်သော မောင်နှင့် ရော့ခ်သီချင်းကို နပ်ပါပါနှင့် ခပ်တိုးတိုး လိုက်ဆိုနေသော မဏိကို ဂျက် ယှဉ် ီး ချိန်ဆကြည့်နေမှာ သေချာလျက် ရှေ့ရေးကို ကြိုတွေးနေမှာ ိုလည်း ဝဋ္ဋာ သိမြင်နေရလေသည်။

၉

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ဝဏ္ဏ စာသင်နေတာကို မောင် စောင့်သောနည်းက အနည်းငယ် ရယ်စရာ ကောင်းပါသည်။

ဝဏ္ဏတို့ အတန်း၀ ကော်ရစ်ဒါမှာရပ်ကာ လီ ရောင်ဘူးကလေးနှင့် တတီတီ အသံမြည်နေတာလေးကို မော စိတ်ဝင်တစား နှိပ်နေတာကို ဝဏ္ဏ တင်မက ကျောင်းသူတချို့ စိတ်ဝင်စားနေခဲ့သည်။

"မောင် ... အဲဒီဘူးလေးက ဘာလေးလဲ"ဟု မေး တိုင်း မောင်က စီးကရက်ဘူးဟု ပြုံးစိစိကလေးချည်း ဖြေ အဖြေမှန် မပေးခဲ့တာမို့ နောက်တစ်နေ့မှာ ဝဏ္ဏ တိတ်တဆိတ် ချောင်းဖမ်းတော့ မောင် ကွိခနဲ အမိခံလိုက်ရ၏။

"Donkey Kong ဆိုတဲ့ ကစားနည်း တစ်မျိုးပေါ့၊ Game And Wathc တီဗီဂိမ်း တစ်မျိုးပေါ့၊ ဒါလေးက အသေး လေး"



ဟု ခပ်ရှက်ရှက်ရယ်ကာ မောင်က ဝန်ခံခဲ့သည်။

"အမယ်လေး ... ဒါများ ဘာလို့ မောင်က လှို့ဝှက်နေရတာလဲ"

"ဝဏ္ဏလေးကို စောင့်ရင်း ပျင်းတာနဲ့ ယူယူလာပြီး ကစားတာပါ၊ စိတ်ငြိမ်တယ်လေ၊ ကြွားပြီး စတိုင်ထုတ်တာ ထင်မှာစိုးလို့ ရှက်ပြီး ဝှက်ထားတာ"

"မောင်ဟာလေ ရှက်စရာမရှိ ကြဖန်ရှက်တယ်၊ ဝဏ္ဏ ဒါကြောင့် တွေးနေတာ၊ မောင် အဲဒီဘူးလေးက စီးကရက်ဘူးလည်းဆိုသေး၊ ဝဏ္ဏအခန်း၀မှာ ထိုင်စောင့်တိုင်း အဲဒါလေးကိုနှိပ်ပြီး တတီတီ အသံလေးတွေ ထွက်နေတာ ဆန်းတယ်မှတ်နေတာ၊ အဲဒီထဲက စီးကရက် ထုတ်တာလည်း တစ်ခါမှ မတွေ့ဘူးလေ၊ ကျွန်မကို ငေါ့ဆိုပြီး မောင်က လိမ်နေတာပေါ့လေ"

"မဟုတ်ပါဘူးကွာ၊ မောင် ခုနကပြောတဲ့အတိုင်းပါ၊ ပျင်းတာနဲ့ ပြီးတော့ ကိုကို့ စံချိန်ကို ကျော်အောင်လုပ်မလို့ ဆိုပြီး ကစားနေတာပါ၊ ကိုကိုနဲ့ မောင် ပြိုင်ကစားနေတာလေ၊ ကိုကိုက Game(A) ကို ၉၉၉ points နဲ့ စံချိန်ပြည့်ပြီး Game(B) တောင် စကိုင်နေပြီ၊ မောင်က Game(A) ကို ၇၀၀ ကျော်က မတက်သေးဘူး"

"ဝဏ္ဏကို သင်ပေးနော်၊ ဝဏ္ဏလည်း ကစားကြည့်ချင်တယ်"

"ဒါဆို လာ၊ လူရှင်းတဲ့နေရာမှာ သင်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မောင်က အဲဒီဘူးကလေးထုတ်ကာ သင်ပေးတော့သည်။ Jump ခလုတ်လေးကို နှိပ်လိုက်ရင် Mario အမည်ရတဲ့ အရုပ်ကလေး ထွက်လာတော့သည်။

အဲသည်ကနေ တစ်ဖက်မှာရှိတဲ့ Controller ခလုတ်ကလေးကိုနှိပ်ပြီး အပေါ်က Donkey Kong ဆိုတဲ့ မျောက်ကြီး ပစ်ချနေတဲ့ ခဲလုံးတွေကို ရှောင်နိုင်အောင် ရှေ့တိုး နောက်ဆုတ် အပေါ်ခုန် အမျိုးမျိုးလုပ်ပြီး တက်ရတာ ဖြစ်သည်။

ခဲလုံး မှန်သွားရင်တော့ Mario လေး တစ်ကောင် သေပြီ။ Lower Screen ကနေ Upper Screen ပေါ်ထိ အဆင့် အခဲမျိုးစုံဖြစ်တဲ့ ခဲလုံးတွေ တံတားတွေကို ရှောင်ကွင်းပြီး တက်လာ။

ပြီးရင် တစ်ဖက်မှာရှိတဲ့ Crane hook ကလေးဆီ လှမ်းချိတ်ခိုလွဲကာ Donkey Kong ရဲ့ တံကားကြီးကို ချည်နှောင်ထားတဲ့ Girder wire လေးခုကို တစ်ခုချင်း ဖြတ်နိုင်အောင် Crane hook အကူအညီနဲ့ ကြိုးစား၊ Donkey kong ပစ်ချနေတဲ့ ခဲလုံးတွေကိုလည်း လွတ်အောင်ရှောင်။ Girder wire လေးခုလုံးကို အောင်မြင်စွာ ဖြတ်နိုင်ရင် Donkey Kong ရဲ့ တံတားကြီး အပိုင်းပိုင်း ကျိုးကျကာ Donkey Kong ကြီး ပြုတ်ကျမည်။

ဒါဆို Points 20 ရမည်။ ကြားမှာ Mario လေး ခဲလုံးတွေ တံတားတွေကို ရှောင်တုန်းကလည်း Points တွေ ရထားဦးမည်။



ကစားနေတဲ့ တစ်လျှောက်မှာလည်း Points တွေ ရထားတော့ Donkey Kong ကြီး ပြုတ်ကျပြီဆို Points တွေ ရာကျော်နေပြီ။

Donkey Kong ကြီး တစ်ခါပြုတ်ကျရင် သူ ဖမ်းဆီးထားတဲ့ အဆောက်အအုံပေါ်က ကောင်မလေး လှလှလေးဆီက အသည်းနှလုံးရုပ်လေးတွေ ထွက်ကျလာကာ Mario ဆိုတဲ့ ရဲရင့်တဲ့ လက်သမားလေးကို ချစ်ချစ်သွားတယ်တဲ့။ ဇာတ်လမ်းကလေးနှင့်။

မောင်ကစားပြသွားတာတော့ ကျွမ်းကျွမ်းကျင်ကျင် နိုင်ပိုင်နိုင်နိုင်ပါပဲ။ ဝဠာ စ,ကစားတော့ မကြာခဏ Mario လေး ခဲလုံးမှန်သေကာ Game တစ်ခုမှာ Mario သုံးကောင်ပဲရတာမို့ ဝဠာရဲ့ Mario လေး သုံးကောင်က Points ၁၀ ခုလောက်နှင့်တင် ကုန်သွားတတ်သည်။

မောင်ကျတော့ Mario တစ်ကောင်တည်းနှင့်တင် Donkey Kong ကြီး ပြုတ်ကျအောင် ဖြုတ်ဖြုတ်ချသွားတော့ တစ်ခါတလေ Mario တစ်ကောင်တည်းနှင့်တင် မောင့် Points တွေက သုံးရာကျော်နေပြီ။

အဲသည်လို ကစားသွားရင်းနဲ့ ခြေချော်လက်ချော် Mario လေး Grane hook ကို ခုန်အကူးမှာ မမိဘဲ အောက်ပြုတ်ကျ သေတာလည်းရှိနှင့် Mario သုံးကောင် ကုန်ပြီဆိုရင် မောင့် Points စုစုပေါင်း ခုနစ်ရာကျော် ရနေတတ်သည်။ ဒါကို မောင် က မကျေနပ်။

www.burmeseclassic.com

www.burmeseclassic.com



"Maximum Display Score က 999 Points ကွ၊ ကိုကို က အဲဒီစံချိန် ရသွားပြီ၊ မောင် မမီသေးဘူး"

ဆိုပြီး သဲကြီးမဲကြီး ကစားနေတတ်တာ။ မောင့်ရဲ့ စိတ်ရှည်လက်ရှည် သင်ကြားပေးမှုကြောင့် ဝဠာပင် နှစ်ပတ်လောက်နှင့် ၁၀၀ Points ကျော်လာသည်။

တဖြည်းဖြည်းနှင့် ကစားနည်းအထာကို နားလည်သဘောပေါက် ကျွမ်းကျင်လာတော့ လက်ထဲက မချချင်လောက်အောင် စွဲကာ မောင်နှင့် ဝဠာတို့ရဲ့ အချိန်အတော်များများကို Donkey Kong တီဗီဂိမ်းကလေးက ဖဲ့ယူခဲ့တော့သည်။

တစ်နေရာမှာ ငြိမ်ငြိမ်ကလေးထိုင်ကာ ခေါင်းချင်းဆိုင်ရင်း ကစားခဲ့ကြသော ဝဠာနှင့် မောင်ရဲ့ ချစ်သူကာလ သက်တမ်းကလေးက ကြည်နူးသာယာဖွယ် ဖြူစင်သန့်ရှင်းစွာ မောင်နှမလို သူငယ်ချင်းလို ရှိခဲ့ကြရသည်။

သည်နေ့ မောင့် အခန်းထဲ ဝင်မိတော့ မောင့်ဗီရိုကို အမှတ်မထင် ဖွင့်ကြည့်မိရာကနေ လိမ္မော်ရောင် Donkey Kong တီဗီဂိမ်းဘူးကလေးကို တွေ့မိရပြီး ဣန္ဒြေမဆည် မထိန်းနိုင်လောက်အောင် မောင့်ကို တမ်းတဆွတ်ပျံ့သွားမိခဲ့သည်။

သည်ဘူးကလေးကလည်း ဝဠာနှင့် မောင့်အကြားမှာ အတော်လေး အရေးပါခဲ့သော အမှတ်တရကလေး ဖြစ်ခဲ့သည် မဟုတ်ပါလား။

ဘူးလေးကိုဖွင့်ကာ Jump ခလုတ်ကိုနှိပ်တော့ Mario လေး ထွက်မလာ။ Battery ကုန်နေပြီ ထင်ပါရဲ့။ ဦးတည်ရာ



Battery ရှာထည့်ခိုင်းရင်တော့ ရမည်။ Mario လေး ပြန်ပေါ်လာနိုင်မည်ပေါ့နော်။

အဲသည်လိုကွယ်၊ မောင် ပြန်ရှင်သန် ပေါ်ပေါက်လာစေအောင် တစ်ခုခု လုပ်နိုင်စွမ်းတယ်ဆိုရင် ဝဠာ့ အသက်ကိုတောင် ရင်းနှီးမြှုပ်နှံပြီး ဖန်ဆင်းဖို့ ကြိုးစားဖြစ်မှာ ထင်ပါရဲ့ မောင်။

မောင်ရယ် ... ဝဠာ့အတွက် ပြန်လည်ရှင်သန်လာခဲ့စမ်းပါ။ မောင် သေဆုံးသွားပြီ ဆိုတာကို ဝဠာ အခုထက်ထိ အိပ်မက်ဆိုးလို့ သတ်မှတ်ထားမိဆဲပါ။

ကျွန်မ ကွယ်ရာမှာ မောင် တိတ်တဆိတ် ဗိညာဉ်လွင့်မသွားသင့်ဘူးပေါ့ မောင်ရယ်။

မောင် ပြန်လာလိမ့်မယ်လို့ ကျွန်မ စိတ်ချလက်ချ ယုံကြည်ခဲ့တာမို့ မောင် တစ်ခုခု ကြိုတင်မှာကြားသွားသင့်တယ်။

မောင်ရယ် ...

မောင် သေဆုံးသွားခဲ့စဉ်က စိတ်မချမ်းမြေ့ခြင်း၊ လွမ်းဆွတ် သတိရခြင်း၊ စိတ်မချ နောက်ဆံတင်းခြင်းတွေပါဝင်ခဲ့မယ်ဆိုတော့ မောင် ဘုံဘဝတစ်ခုခုကို ကျွတ်ကျွတ်လွတ်လွတ် ရောက်ပါရဲ့လား။

မနက်ဖြန်ဆို မောင် သေဆုံးခဲ့တာ လေးလပြည့်ပြီနော်။

တစ်နေ့မှ မေ့မရနိုင်ခဲ့တာ ကျွန်မ တစ်ဦးတည်းပဲ ရှိမှာပါ မောင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကို မောင် စောင့်ကြည့်နေခဲ့တာဆိုရင် မောင်လည်း သိရမှာပေါ့။ ဦးတည်တောင် အနည်းငယ် ရိပ်မိနိုင်တာပဲ မောင်ရယ်။

❧ ၉ ❧



အရုပ်ဘူးလေးကို ကိုင်ထားပြီး နှုတ်ခမ်းကလေးကော့ပျံ့နေတာကို ရှေ့ကမှန်ထဲ လှမ်းကြည့်ကာ တည်မြဲ ကြည်နူးနေသလို ခံစားနေရတာကို မဆန်းစစ် မတွေးတောမိအောင်ပင် ရှိနေရတော့သည်။

နေကလေးနှင့် စတင်ပတ်သက်တုန်းက ခါးခါးသီးသီးငြင်းဆန် မလိုလားခဲ့သော မိန်းကလေး။ သူမ ပတ်ဝန်းကျင် အသိုက်အဝန်းရဲ့ စရိုက်အကျင့်နှင့် သူမမှာ မိဘမရှိဆိုတဲ့ အချက်က ဒန်နီရယ်လ် ခံစားချက် မကုန်သေးသော တည်မြဲ အတွက် အင်မတန် သံသယထား မလိုလားဖွယ် ဖြစ်ခဲ့သည်။

ဒန်နီရယ်လ်ကို စတွေ့စဉ်က အခြေအနေနှင့် ကွက်တိတုညီနေသည် မဟုတ်လား။

တည်မြဲအဖို့ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်အဖြစ်နှင့် လက်တွေ့ကြုံကြိုက် ခံစားထားခဲ့ရသည်မို့ ထိုမိန်းကလေးကို နေကလေးနှင့် ဘယ်လိုမှ သဘောမတူရဲလောက်သော နာကြည်းခံစားမှုတွေ ရှိခဲ့သည်။

ဂျက်စီကာရဲ့အိမ်မှာ သူမကို သွားခေါ်တော့ ဖြူပဆတ်ဆတ် မထီတရီနှင့် မာနချင်းပြိုင် အန်တုနေသော ထိုမိန်းကလေးကို မုန်းတီးစိတ်တောင် ဝင်ခဲ့ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီရယ်လ်ထက်တောင် ပို၍ကြောက်စရာကောင်းဦးမည်ဟုပင် အတွေးဝင်ခဲ့ရတာ။

အခု လေးလအတောအတွင်းမှာ သူမ စိတ်သဘောထား အရင်းအမှန်လေးတွေ၊ အကျင့်စရိုက်လေးတွေ၊ ဖြူစင်ရိုးသားတာလေးတွေကို လေ့လာစမ်းသပ်နိုင်ခဲ့ပြီး မယုံနိုင်လောက်အောင် ဆက်ဆံရေး ပြောင်းလဲပြေလည်လာခဲ့သည်။

ပကတိအပြစ်ကင်းတဲ့ ချစ်ခြင်းသက်သက်နဲ့ နေဇာလေးကို သူမ ချစ်ရှာခဲ့တယ်ဆိုတာကို လက်ခံယုံကြည်ပေးနိုင်ရုံက ထင်ထားသည်ထက် ပိုမိုစောစီးနေလျက် သူမကို စွပ်စွဲသံသယထားရှိခဲ့မိတာတွေကို အားနာသနားလာမိတော့သည်။

သံသယအလွှာ အကာမှ မပါတော့ဘဲ ကြည်လင်အေးနှလုံးသားအခံမှာ သူမကို ခင်မင်တွယ်တာသော သံယောဇဉ်ရေးတရိပ်ရိပ် ထင်လာခဲ့တာကို တည်မြဲ မတားဆီးဖြစ်တော့။

ညီလေးနှင့် ပတ်သက်သော ထိုမိန်းကလေးသည် တည်မြဲအတွက် ညီမလေးတစ်ယောက် အနေအထားနှင့် ပိုမိုလှသန့်မှာပါ။

"ဦးတည် ... ကျွန်မကို ခေါ်တယ်ဆို"

အခန်းဝမှာ ဆံပင်အရှည်ကြီး တွဲခိုကျနေသော မျက်နှာကလေးက ငုံ့စောင်းစောင်း ပေါ်လာသည်။

ဆယ့်ကိုးနှစ်ဆိုတော့ ကလေးသာသာလေးပဲ ရှိဦးမှာပါ။ သည်ပစ္စည်းကလေးကို သူမလေး နှစ်ခြိုက်မက်မောပါ။



သည်နေ့ နိုင်ငံခြား ဧည့်သည်တစ်ယောက် လက်ဆောင်ပေးသွားသော ပစ္စည်းကလေးကို ဖွင့်ကြည့်မိတော့ တိမ်ဝဋ္ဌာကို ချက်ချင်း သတိရခဲ့သည်။

ခွေးအရုပ်ကလေး၊ battery နှင့်။ လက်ခုပ်တီးလိုက်လျှင် ဟောင်သည်။ ပြီးလျှင် အမြီးလေးနန့်ပြီး ပြေးလာရော။ ဖြူဖြူဆွတ်ဆွတ်၊ မျက်လုံးပြာပြာ၊ လျှာတစ်လစ်ကလေးနှင့် သိပ်ချစ်စရာကောင်းတာမို့ တိမ်ဝဋ္ဌာ သဘောကျမှာပဲဟု တွေးတောမိကာ ရုံးမှာတောင် မပေးဖြစ်သေးဘဲ အိမ်ရောက်မှ အေးအေးဆေးဆေး ခေါ်ပေးပြီး သူမလေး သဘောကျ ကျေနပ်မည့် မျက်နှာလေးကို အရသာခံ စောင့်ကြည့်မည်ဟု ကြံစည်ခဲ့တာ။

အခန်းထဲ ဝင်လာတော့ မျက်နှာကလေး နုမပ်နေသလောက် ဝတ်စားထားခဲ့ပုံက အဘွားအိုလေးပုံစံ ပေါက်နေသဖြင့် စိတ်ဓာတ်တောင် အနည်းငယ် လျော့ကျသွားရသည်။

ခါးတိုပွပွ ရင်းဖုံးအင်္ကျီလက်စကက အဝါနုနုကလေးက သူ့ ကိုယ်ခန္ဓာမှာ အချိုးမကျဘဲ ပွရောင်းရောင်းနှင့်။ ကလေးတစ်ယောက် မတော်တရော်နှင့် သူ့အမေအင်္ကျီ ကောက်စွပ်ထားသလိုပဲ။

သို့ပေမဲ့ သူမ မျက်နှာလေးနှင့်တော့ ကြည့်ကောင်းနေတာပြန်ပါပဲ။

လေးလဆိုတဲ့ ကာလအတွင်းမှာ ပထမဆုံးအနေနဲ့ သူမကို စေ့စေ့ကြည့်မိခြင်း ဖြစ်သည်။

အပြစ်ကင်းတဲ့ အဖြူထည်ရုပ်ရည်ကလေး။

www.burmeseclassic.com

www.burmeseclassic.com



တည်မြဲ ပြုံးလိုက်ကာ ချေးရုပ်ကလေးကို သူမထံ လှမ်းပေးလိုက်သည်။ မျက်လုံးဝိုင်းကလေးနှင့် နှုတ်ခမ်းကလေး အနည်းငယ်ဟကာ ...

"ကျွန်မ အတွက်လား ဦးတည်"

ဒါဟာ မိန်းကလေးတစ်ယောက်၏ ပျော်ရွှင်ကြည်နူး မှု၊ ကလေးဆန်မှုကို တည်မြဲ ပထမဆုံး စောင့်ကြည့် မြင်တွေ့ ခြင်း ဖြစ်ပါသည်။ မျက်နှာကြည်ကြည်လှဲ့လှဲ့လေးက ကလေးဆန် စွာ မြူးသွက်သွားတာကို မဖုံးဖိနိုင်အောင် ပေါ်လွင်သည်။ မျက်လုံးတစ်စုံက အရောင်လက်သွားပြီးမှ နှုတ်ခမ်းအိအိလေး တဖြည်းဖြည်းချင်း ကွေးညွှတ်လာတာ။ မျက်လုံးထဲက အရည်ကြည် လေးက ကခုန်လှုပ်ရှားနေသလို တဖျပ်ဖျပ် ရွှန်းလဲ့လာတာ။

"ကျေးဇူးပါပဲ ဦးတည်၊ ကျွန်မ အရုပ်လေးတွေကို အရမ်း ချစ်တာ"

"ဦးတည် ကစားပြမယ်"

တည်မြဲ ကစားပြတော့ ချေးကလေး ဟောင်တာ ပြီးတော့ အမြီးလေးနန့်ပြီး ပြေးလာတာကို တဟယ်ဟယ်နှင့် အံ့သြပျော်ရွှင်စွာ ရယ်မောနေသော တိမ်ဝဠာကို ကြည့်ကာ တည်မြဲပင် ရွှင်မြူးလာရတော့သည်။

"ချစ်စရာလေးနော်၊ လှုပ်ကလေးက တစ်လစ်လေး၊ သိပ် ချစ်ဖို့ကောင်းတာပဲ၊ ကျွန်မ ချစ်လိုက်တာ"

ဝဠာ့ အတွက် ခွန်အားတချို့ကို ဦးတည်က သည် လုပ်ရုပ်ကလေးနှင့် ဖြည့်ဆည်းပေးလိုက်တာပါပဲ။ ဝဠာ့ ဘဝမှာ အထီးမကျန်တော့ဘူးနော်။ အစ်ကိုကြီး တစ်ယောက်လို အအ



ရာရာမှာ ရှေ့ဆောင်ဖေးမသွားမည့် လက်တစ်ဖက်ကို ဝဠာ အားကိုးခိုတွဲလို့ ရပြီနော်။ ဝဠာ့ကို နားမလည် အထင်သေးတဲ့ သယတွေနဲ့၊ လက်မခံလိုတဲ့၊ မပြေလည်တဲ့ အခြေအနေတွေက သေးလဆိုတဲ့ ကာလအတွင်းမှာ ဦးတည် လက်နဲ့ ဖယ်ရှားခဲ့ပြီ နော်။

အရုပ်ကလေးပေးပြီး ကလေးတစ်ယောက်လို ဝဠာ ပျော်ရွှင်မိတာကို ထိုင်ကြည့်နေခဲ့တဲ့ ဦးတည်ဟာ ဝဠာ့ ဘဝမှာ အောင်ပြီးရင် ဒုတိယ အရေးပါတဲ့ လူတစ်ဦး ဖြစ်လာမှာပါနော်။ ဝဠာ့ရဲ့ ကိုးစားချစ်ခင်ခြင်းများကို အဲသည် အခြေအနေလေးနဲ့ ဦးတည်က ဆွဲယူသိမ်းငင်လိုက်နိုင်တာ ဖြစ်သည်။

"ဦးတည်ကို ကျွန်မ တစ်ခုခု ပြန်ပေးချင်တယ်၊ ဦးတည် ဘာလိုချင်လဲဟင်"

မဖြစ်ညစ်ကျယ် ပုံစံကလေးနှင့် သူမကပဲ တည်မြဲ ကို တစ်ခုခု ပြန်ပေးချင်နေပုံကြောင့် တည်မြဲ ရယ်မောချင်လျက် သူမရဲ့ ဆန္ဒလေးကို ဖြည့်ဆည်းပေးလိုစိတ်နှင့် တည်မြဲ တစ်ခု တောင်းဆိုဖို့ စဉ်းစားလိုက်သည်။ သည်နေရာမှာ တန်ဖိုးဆို တာက အရေးမပါ။

မေတ္တာနှင့် ခင်တွယ်ခြင်းသာ အပြည့်အဝ ပါဝင် ရမည်။ သူမဘက်ကလည်း ပေးနိုင်တဲ့ အခြေအနေမှာ ရှိရ မည်။

တည်မြဲခေါင်းထဲ ဖျတ်ခနဲ ဝင်လာတာက ခြောက် နှစ်တဲ့ ထမင်းစားပွဲကြီး အကြီးကြီးမှာ တစ်ယောက်တစ်ခွဲစီ နေကြသော အခြေအနေ။ နေကလေး ရှိတုန်းကတော့ ထမင်း

www.burmeseclassic.com

www.burmeseclassic.com



လက်ဆုံစားကာ တစ်ဦးရဲ့ တစ်နေ့တာ အတွေ့အကြုံ သတင်း အဦးအဖျားတွေကို နှစ်ယောက်တည်းနှင့် လုယက် ရယ်မောစိုပြည်လှစွာ။ တိမ်ဝဋ္ဋာ ကိစ္စ ဝင်လာတော့မှ အဲသည် ထမင်းဝိုင်းမှာ တင်းမာသော တိတ်ဆိတ်ခြင်းတွေ စတင် လွှမ်းမိုးလာခဲ့တာ နေကလေး ထွက်ခွာသွားတဲ့ အထိပါ အဲသည် စိုပြည်မှုကလေးကို နေကလေး မရှိချိန်မှာ တိမ်ဝဋ္ဋာ နှင့် ပြန်လည်ရယူနိုင်ရင် မကောင်းဘူးလား။

ထမင်းစားပွဲမှာ အထီးကျန် ခြောက်အက်နေတာ တည်မြဲ အင်မတန် မုန်းသည်။ ငယ်စဉ်ကတည်းက မိဘ ညီအစ်ကိုနှစ်ယောက်တည်း ကြီးပြင်းရှင်သန်လာရတော့ အ မွန်တို့၊ သံယောဇဉ်တို့၊ နွေးထွေးမှုတို့ကို တည်မြဲ ခုံမင်မက် ခဲ့ဖူးသည်။

သို့သော် ကံကြမ္မာက ဒန်နီရယ့်လ်ကို တည်မြဲ တွင်းသို့ တွန်းပို့ကာ လှည့်စားပစ်ခဲ့တော့ အဖော်ဆိုတာ တည်မြဲ အတော်လေး ကြောက်ရွံ့မုန်းတီးခဲ့တော့သည်။

အခု ပထမဆုံး အဲသည်အဖော်ကို တောင့်တလို မိခြင်းသည် တိမ်ဝဋ္ဋာကို ယုံကြည်ခင်မင်မိသွားခြင်းကြောင့်ဆို မှားနိုင်ပါ့မလား။ မမှားဘူးကွာ။ ကိုယ့်ဘာသာ အတည်ပြု လိုက်ရင်း ...

"ကဲ ... ဦးတည် တောင်းဆိုမယ်၊ မင်း ကတိတည်ပါ နော်၊ ဦးတည် လိုအပ်တာက လက်ဆုံစားပြီး စိုပြည် ထမင်းဝိုင်းပဲ တိမ်ဝဋ္ဋာ၊ မင်းနဲ့ ဦးတည် နေ့တိုင်း မိသား ထမင်းဝိုင်းလို အတူတူ စားချင်တယ်"



အိုး ... ဝဋ္ဋာ အကြီးအကျယ် အံ့အားသင့် ထုံအ သွားတော့သည်။ ဘယ်လောက် ထူးဆန်းပျော်ရွှင်ဖွယ် ကောင်း သိက်သလဲ။ ကျွန်မ တောင့်တနေတာဟာလည်း အဲသည်အခွင့် အရေးပါပဲ ဦးတည်။ မောင် ရှိစဉ်ကတည်းက ဦးတည်ဖိတ်ခေါ် တဲ့ ထမင်းဝိုင်း တစ်ဝိုင်းကို ကျွန်မ မျှော်လင့်စိတ်ကူးယဉ်ခဲ့ဖူး တာပါ။ ဦးတည် နည်းနည်းမှ မရိပ်မိခဲ့ဘူးလား။ ဦးတည် ကျွန်မ ကို သံသယတွေ၊ မလိုလားမှုတွေ ပြခဲ့သလောက် ကျွန်မကတော့ အောင့်တစ်မျက်နှာတည်းနဲ့ ဦးတည်ကို ပြေလည်လိုခဲ့တာပါ။ သည်လို မိသားစု ထမင်းဝိုင်းလေး ရဖို့ဆိုတာကတော့ ကျွန်မ ရှက်တမ်း ဝန်ခံရရင် မျှော်လင့်တောင်မရဲတဲ့ သိပ်လှပတဲ့ အိပ် က်ကလေးတစ်ခုပါ။

မယုံနိုင်လောက်အောင် ပြောင်းလဲလာသော အခြေ အနေကို မောင် မြင်စေချင်လိုက်တာကွယ်။

"ကျွန်မ ဝမ်းမြောက်စွာ ကတိတည်ပါတယ် ဦးတည်၊ ပြီးတော့ ဦးတည်ကို ကျွန်မ ခင်တယ်"

ပြောလိုက်ပုံလေးက မျက်ကြောစင်းလေးနှင့်။ ရိုးစင်း သော ဝန်ခံပုံ တိုတောင်းကလေးပေမဲ့ တည်မြဲ လက်ခံကြည်နူး သွားမိတော့သည်။ သည်မိန်းကလေးလေး သည်လောက်တောင် တ်ယှွင်းချက်ကင်း ရိုးစင်းလှမည်ဟု ထင်တောင် မထားခဲ့ပါ။

❧ ၉ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ဝဠ္ဍာနှင့် မောင့်ကို မောင့်အစ်ကိုက အပြင်းအထန် တားမြ
သဘောမတူခဲ့ကြောင်းကို ကာလအတော်ကြာတဲ့အထိ မောင်က
ဖွင့်မပြောပြခဲ့ပါ။ ဝဠ္ဍာ့ကိုတော့ အမြဲ မှုဝေခံစားပေးတတ်ခဲ့သော
မောင်က သူ့ရဲ့ စိတ်ပင်ပန်း ကျဉ်းကျပ်နေခြင်းကိုတော့ ဝဠ္ဍာ့ကို
ဖုံ့မပေးလိုခဲ့ပါ။ ထာဝစဉ်သာ သောကကင်းခဲ့သော မောင့်မှာ
ဝဠ္ဍာနှင့် ပတ်သက်သော ဆင်းရဲကျပ်တည်းမှု၊ ခံစားမှုတွေကို
လှုပသော လက်ဆောင်ပမာ တိတ်တဆိတ် ဖက်တွယ်ထား
သည်။

ဝဠ္ဍာနှင့် ဒေါ်လေးတို့ မောင်နှင့်ပတ်သက်သော
ပဋိပက္ခ အကြီးအကျယ်ကို စာမေးပွဲဖြေခါနီးမှာ ထပ်မံ ဖြစ်ပွား
ခဲ့ခြင်းမှစ၍ မောင့်အခက်အခဲကို ဝဠ္ဍာ မြင်တွေ့နိုင်ခဲ့ခြင်းဖြစ်သည်။

"ဝဠ္ဍာ အဲဒီအိမ်မှာ ဆက်နေရင် လူသတ်မှုတော့ ဖြစ်လိမ့်
မယ် မောင်ရယ်၊ ဝဠ္ဍာ သည်းခံနိုင်ဆုံး အတိုင်းအတာထိ
နေပြီ၊ မောင့်ကိုပါ သူတို့ ပုတ်ခတ်လာတယ်၊ လူပုံစံ



မင်းသားလို ပေါ်ကြော့နဲ့တဲ့၊ ဝဠ္ဍာ့ကို အတည်ကြံတာ
မဟုတ်ဘဲ အပျော်တွဲနေတာကို ဝဠ္ဍာက ဘဝင်မြင့်နေ
တယ်တဲ့ ...

"မောင် ကန်တော့နော်၊ သူတို့ပြောတာက မောင်
က လိုတာယူသွားပြီး ပစ်ထားခဲ့တော့မှ မျက်ရည်စက်လက်
နဲ့ ကျန်ခဲ့မှာ မြင်နေတယ် ဘာညာပေါ့ကွာ၊ ကျွန်မကို
ဒီနှစ်ပြီးရင် ကျောင်းဆက်မထားနိုင်တော့ဘူး ဆိုပြီး သူတို့
လိုချင်တဲ့ အကွက်ကို နင်းယူတယ်လေ၊ အကြောင်းပြချက်
က ကျောင်းတက်တာဆိုပြီး ရည်းစားနဲ့ အလေလိုက်နေတဲ့
မိန်းမကို သူတို့ အမိုက်ခံပြီး မထောက်ပံ့နိုင်တော့ဘူးတဲ့ ...

"ကျွန်မ အခုမှ ဒုတိယနှစ်ပဲ ရှိသေးတာ၊ တစ်ဝက်
တစ်ပျက်နဲ့ ပညာရေး ရပ်စဲမခံချင်ဘူးမောင် ...

"သူတို့ အောက်တန်းအကျဆုံးက ကျွန်မ စာမကျက်
နိုင်အောင် နှောင့်ယှက်နေတာပဲ၊ ကျွန်မ စာမေးပွဲကျရင်
သူတို့ အကြောင်းပြကောင်းမယ်လေ၊ ကျွန်မကို ကျောင်း
ဆက်မထားနိုင်တော့ဘူးပေါ့ ...

"ကျွန်မ စာအုပ်တချို့ ခဏခဏ ပျောက်တယ်၊
စာကျက်နေရင် ကိုအောင်သိုက်က ကက်ဆက် အကျယ်ကြီး
ဖွင့်ပြီး သီချင်းနားထောင်တယ်၊ အို ... အစုံပါပဲ၊ ကျွန်မ
စိတ်ပေါက်ကွဲတဲ့နေ့နဲ့ကြုံရင် လူသတ်မှု မဖြစ်နိုင်ဘူးလို့
ပြောနိုင်မလား မောင် ...

"ကျွန်မ တစ်စက်ကလေးမှ အရှုံးပေးချင်တာ မဟုတ်
ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မောင့်မျက်နှာ နီရဲနာကျင်စွာနှင့် အကြီးအကျယ် စိတ်ခံစားမှု ပြင်းထန်နေခဲ့ရှာသည်။ ဝဍ္ဎာ့ကို စေ့စေ့ကြည့်ပြီး ဆုံးဖြတ်ချက်ချဖို့ ကြိုးစားနေတာ စွန့်စားခြင်းသတ္တိအပြင် စွန့်လွှတ်ခြင်းတွေပါ ပါခဲ့မှာ။

"ဝဍ္ဎာလေး ဒီလိုလုပ်လေ၊ စာမေးပွဲကို ပြီးအောင်ဖြေ နည်းနည်း သည်းခံထိန်းချုပ်ထားပါ၊ မောင် အစီအစဉ်ရေး လုပ်မယ်၊ ဒီအတောအတွင်း ဘာမှမဖြစ်စေဖို့ မောင့်ကို ကတိပေးနော်၊ ဝဍ္ဎာ မာနကို မောင်နဲ့ ခဏဖြေထား၊ ရှေ့ ရေးအတွက် မောင် ဦးဆောင်ပြီး ဝဍ္ဎာနဲ့ မောင့်အတွက် ကမ္ဘာသစ်ကလေး တည်နိုင်ဖို့ မောင် စွန့်စားပစ်မယ် ဝဍ္ဎာ့စာမေးပွဲ နောက်ဆုံးနေ့မှာ ဝဍ္ဎာလေးကို မောင် နိုးပြေးမယ်"

"ဘာရယ် မောင်၊ မောင့် အစ်ကို၊ကို မောင် ဖွင့်မပြောထား ဘူးလား၊ သူတို့ကတော့ ဝဍ္ဎာ ထွက်သွားရင် ထတော် ကခုန်နေမှာပါ၊ သူတို့လက်ထဲကနေတော့ မောင်နိုးပြေး စရာ မလိုဘူး၊ မောင့်အစ်ကိုက သဘောမတူလို့များလား"

ဟန်မဆောင်တတ်သော၊ အလွန်နူးညံ့ ရိုးသားသော ထာဝစဉ် သောကကင်းခဲ့သော မောင်၊ ဝဍ္ဎာနှင့် မျက်လုံးချင်း ကြည့်တော့ ဘာမှ ဖုံးကွယ်မလျှို့ဝှက်နိုင်အောင် ပျက်ယွင်းနေ တော့သည်။

"ဟိုဒင်းလေ ... ဖြစ်နိုင်ရင် မောင့်ဝဍ္ဎာလေးကို တခမ်း သိက္ခာ ကျစေတဲ့ နိုးပြေးတာမျိုးကို မလုပ်ချင်ပါဘူး၊ အဲ လိုလုပ်ဖို့ ကြံစည်မိတာကို မောင် စိတ်မကောင်းဘူး



ဘာ၊ ဝဍ္ဎာ့ကို တင့်တင့်တယ်တယ် ခြင့်ခြင့်မားမား လက် ပ်ယူဖို့ မောင် အမြဲ စိတ်ကူးယဉ်ခဲ့တာ ဝဍ္ဎာ ယုံပါနော်...

"မောင် ဖုံးမထားချင်တော့ဘူး၊ ဝန်ခံပါမယ်၊ ဝဍ္ဎာ ခံချင် မဖြစ်နဲ့နော်၊ စိတ်မကောင်းလည်း မဖြစ်နဲ့၊ မာန မှုလည်း မောင့်ကိုခွဲဖို့ မကြိုးစားပါနဲ့ ဝဍ္ဎာလေး၊ မောင် ဝဍ္ဎာလေးကို ဘယ်လောက်ချစ်တယ်ဆိုတာ ဝဍ္ဎာ အသိဆုံး ပါ၊ ကိုကိုက မောင်နဲ့ ဝဍ္ဎာ့ကို သဘောမတူဘူး ဝဍ္ဎာ၊ ခါးခါးသီးသီး တားမြစ်နေတယ်၊ သူ ရအောင်ခွဲပစ်မယ်တဲ့၊ ဒါကြောင့် မောင် နိုးပြေးဖို့ ကြံစည်မိတာ"

"ဝဍ္ဎာ့ကို မောင် အမှန်အတိုင်း ဖြေနော်၊ မောင် အမှန် အတိုင်းဖြေမှ မောင်ခေါ်တဲ့နောက်ကို ကျွန်မ လိုက်မယ်၊ ကျွန်မကို မောင် ဘာမှ မလျှို့ဝှက်ရဘူးနော်၊ မောင့်အစ်ကို က ကျွန်မကို သဘောမတူတာ ဘယ်အချက်ကြောင့်လဲ၊ ကျွန်မ အဲဒါ သိချင်တယ်"

မောင်သည် သနားကြင်နာဖွယ် ကောင်းလောက် အောင် အဖြေရခက်ခဲ နာကျင်နေခဲ့ပါသည်။ မောင့်မျက်လုံးများ၊ မောင့်နှုတ်ခမ်းဖျားနှင့် မောင့်ရင်တွင်းမှာ ဆို့ကျင်မှုတွေ ရှိနေမှာ လွဲ။ အကြာကြီး တိတ်ဆိတ်ကာ မောင် ကြေကွဲပြိုအက်နေခဲ့ သည်မှာ ဝဍ္ဎာ့ အတွက် အလွန်စိတ်ထိခိုက်ဖွယ် ကောင်းလှသည်။

မောင့်ကို ဖွင့်မပြောဖြစ်ခဲ့ပေမဲ့ ဝဍ္ဎာ ဘဝထဲ မောင် တင်ချဉ်းနင်း ဝင်ရောက်လာသောနေ့မှစ၍ ဝဍ္ဎာ ဘဝလေးလုံးခြုံ ကွယ်စရာ ရခဲ့တယ်။ မောင်နဲ့ ခွဲရမှာကို အင်မတန်ပင် စိုးထိတ် ခဲ့သူပါကွယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ခွဲလို့ မဖြစ်တာ သေချာပါတယ်။ မောင်မ မပါဝင်တော့ရင် ဝဠာ့ဘဝလေး ဒေါ်လေးတို့ အသိုက်အဝန်းထဲ မှာ တစ်စစီ ကြေမွပျက်စီးသွားတော့မှာပါ။

မောင့်ကို အပြည့်အဝ အားကိုးစိတ်ချနေမိစဉ်မှာ မထင်မှတ်သောထောင့်မှ မောင့်အစ်ကိုရဲ့ ဟန့်တားမှု ပေါ်ပေါက် လာခဲ့တာ ဆိုးရွားရက်စက်လှတဲ့ ကံကြမ္မာပါပဲ။ မောင့်လက်ကို လွတ်ထွက်မသွားအောင် တင်းတင်းဆုပ်ကိုင် ဖိညှစ်ထားရင်း မောင့်မျက်နှာကို မော့ကြည့်ကာ မောင့်အစ်ကို ဘာကြောင့် သဘောမတူသလဲ ဆိုတာကို ပေါက်ကွဲစွာ တွေးတောနေမိသည်။

"မောင်တို့ လက်ထပ်ပြီးရင်တော့ သူ လက်ခံအောင် မောင်တို့ ကြိုးစားယူရတာပေါ့ ဝဠာလေးနော်၊ မောင်ရို့ လိမ္မာရင် ကိုကိုနဲ့ ပြန်ပြေလည်မှာပါ"

"မောင်ကလည်း ကျွန်မ လိုချင်တာ ဒီအဖြေမှ မဟုတ်ဘဲ ဝဠာ့ကို မောင့်အစ်ကိုက ဘာပြစ်ချက် ဖွဲ့ချက်နဲ့ သဘော မတူတာလဲ၊ ခါးခါးသီးသီး တားမြစ်နေတာလဲ၊ အဲဒါကို ကျွန်မ သိချင်တာ၊ ကျွန်မ ဆင်းရဲလို့လား၊ ကျွန်မရဲ့ မှန်းတိုးအထင်သေးလို့လား၊ အကြောင်းတစ်ခုခု ရှိရမှာပေါ့"

"မောင် လိမ်ပြောတတ်ရင် သိပ်ကောင်းမှာပဲကွာ၊ ကျွတ်_ မောင် စိတ်ထိခိုက်လိုက်တာ"

မောင် နာကျင်စွာ ညည်းညူရှာတာကို ဝဠာ မကြားလိုက် ရက်ပါ။ မောင့်ဒူးခေါင်းကလေးကို လက်ညှိုးနဲ့ ကုတ်ခြစ်ကာ ဘာအကြောင်းနဲ့မှ မောင့်ကို မခွဲခွာဖို့၊ ဝဠာ့ မာနအားလုံး မောင့် ဖိနပ်အောက်သို့ ချပေးထားဖို့ ဝဠာ ဆုံးဖြတ်နေခဲ့သည်။



"မောင် လိမ်ပြောရင် ကျွန်မ မုန်းလိုက်မှာပေါ့၊ မောင် အမှန်အတိုင်းပြောမှ မောင့်အစ်ကို သဘောထား အမှန်ကို ကျွန်မ သိမှာ၊ ဒီတော့မှ ကျွန်မ ဆုံးဖြတ်လို့ ရမှာပေါ့"

"ဝဠာ့ ဆုံးဖြတ်ချက်မှာ မာနခံပြင်းမှုတွေ မပါစေရဘူးလို့ ကတိပေးကွာ၊ မောင့်ကို ဝဠာလေး စွန့်ခွာလိုက်မှာ မောင် စိုးရိမ်တယ်"

"ကတိပေးတယ်ကွာ၊ မောင် အမှန်အတိုင်းသာ ပြော၊ ဘယ်သောက်ကြီးပဲ ဝဠာ့ မာနတွေကို ထိခိုက်နေပါစေ၊ အဲဒီ မာနကိုပစ်ပြီး မောင့်ကို လက်တွဲမယ်၊ ကတိ ... ကတိ"

"ဘာပဲဖြစ်ဖြစ် ဝဠာ့ကို ကိုကို တစ်နေ့ ယုံကြည်လက်ခံ လာမှာပါ၊ ဝဠာ့ စိတ်ရင်းမှန်ကလေးကို သူ မသိသေးလို့ ပါ၊ ဝဠာ့ရဲ့ ပတ်ဝန်းကျင် အသိုက်အဝန်းကိုပဲ ကိုကို စုံစမ်းတာ၊ အဲဒီတော့ ဝဠာ့ ဒေါ်လေးတို့ရဲ့ စရိုက်အနေ အထားတွေကို သိရတော့ ဝဠာ့ကိုပါ သူတို့နဲ့ ရောနှောပြီး ဒီပုတ်ထဲက ဒီပဲ,ပဲ ဆိုတာမျိုးနဲ့ လက်မခံနိုင် ဖြစ်နေတာ၊ ဟိုဒင်းလေ မောင့် စည်းစိမ်တွေကို မက်မောလို့ မောင့်ကို ချစ်တာလို့ စွပ်စွဲနေတာ၊ ကိုကို အရမ်းမှားနေပါတယ်၊ ဝဠာလေးက ခွင့်လွှတ်ပေးနော်၊ အချိန်တန်လာရင် သူ သွေးအေးလာရင် အမှန်တရားကို သူ မြင်နိုင်လာမှာပါ၊ မောင်တို့ အချိန်ယူပြီး ကြိုးစားကြမယ်လေ ...

"လောလောဆယ် သူ သဘောမတူနိုင်တုန်း ဝဠာ့ ဘက်ကလည်း အခြေအနေ ဆိုးရွားနေတော့ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



သဘောတူလာတဲ့အထိ အချိန်မဆွဲတော့ဘဲ ခိုးပြေးဖို့ မောင် စီစဉ်တာပါ၊ ဝဠာလေး သဘောပေါက်ရဲ့လား"

ဝဠာ နာနာကျင်ကျင်တော့ ခံပြင်းအောင့်သက်သွား ခဲ့ပါသည်။

ဒေါ်လေးတို့ အရိပ်မည်းတွေနဲ့ စက်ကွင်းမလွှတ် ရာမှာ နိုလှုံနေရတဲ့ ဝဠာကို ပြုစုစင်မှာပါလို့ မောင် အစ်ကို ဘယ်လက်ခံပါ့မလဲလေ။ မောင့်လို ဝဠာကို အပြည့်အဝ နားလည် ရင်းနှီးခဲ့သူမှ မဟုတ်ဘဲ။ သူ့ အထင်သေး သံသယတွေ ထား မှာပေါ့။

ဝဠာ တစ်ခါမှ မတွေးတောခဲ့ဘူးတဲ့ မောင့်စည်း ချမ်းသာကို မက်မောလို့ မောင့်ကို ချစ်ခဲ့တာဆိုတဲ့ စွပ်စွဲချက် တော့ ဝဠာ့ အတွက် အပြင်းထန်ဆုံးသော စော်ကားခံရခြင်း ဖြ ပါသည်။

သို့ပေမဲ့ မောင့်ကို ကတိထားခဲ့တာကြောင့်ရ ဝဠာ ကိုယ်တိုင်က မောင့်ကို ဘယ်လိုမှ မခွဲခွာရက်တာကြော ရယ်ဖြင့် ဝဠာ့ကို ယုံကြည်တန်ဖိုးထားလွန်းရှာသော၊ ဝဠာ့ အတွက် တစ်ဦးတည်းသာရှိသော မောင့်ကို ရဲရဲဝံ့ဝံ့ လက်တွဲ ဝဠာ ဆုံးဖြတ်ထားခဲ့ပါသည်။

✤ ၉ ✤



ဦးတည်နှင့် ထမင်းတစ်ဝိုင်းတည်း စားကြခြင်းဖြင့် အံ့သြစရာကောင်းသော ရင်းနှီးနားလည်မှုတွေ ပိုလာခဲ့သည်။

"ကိုကိုလေး ရှိတုန်းလို ပျော်စရာကောင်းလာတယ်"

ဟု ချိုးကျူး ပျော်ရွှင်နေခဲ့သည်။

ဝဠာနှင့် ဦးတည် ကြားမှာ မဏိနှင့် ပတ်သက်လာ င် ဦးတည် အပြင်းအပြ သဝန်တို မနှစ်မြို့ပုံပြပြီး စကားလုံး အမာတွေ ပြေတတ် တားဆီးတတ်တာကလွဲလျှင် အရာအားလုံး သည် လုပပြေပြစ်လာခဲ့သည်။

ဦးတည် မဏိနှင့် ဝဠာ့ကို အလွန်သဝန်တို မလို သားတတ်ပုံက စဉ်းစားလို့ မရနိုင်အောင်ပါပဲ။ မဏိ စရိုက်နှင့် အချိုးကို ကြည့်မရတာ တစ်ချက်တည်းနှင့်တော့ မဖြစ်နိုင်။

မဏိနှင့် ဝဠာ စကားပြောနေပြီ ဆိုတာနှင့် မျက် ဆောက်နီနီဖြင့် စိတ်တွေတိုနေတတ်တာက ဝဠာနှင့်မဏိ ရင်းနှီး င်တွယ်သွားမှာကို လုံးဝ စိုးရွံ့မလိုလားဟန်ပဲ ဖြစ်သည်။

ဦးတည် မဏိကို ငြူစူနေပုံက ရယ်စရာလည်း ကောင်းသည်။ ဝဠာ့ကို မဏိနှင့် ရှင်းရှင်းနေဖို့ ခုံးမရတာက

www.burmeseclassic.com

www.burmeseclassic.com



လည်း မကြာခဏ။ မဏိနှင့် ပတ်သက်လျှင် ဦးတည် ဂနာမငြိမ် တတ်တာကိုက ဝဠာ့ အဖို့တော့ ရယ်စရာပါပဲ။

ဝဠာ့ရဲ့ ခံစားမှုနှလုံးသားတွေကို မောင်တစ်ဦးတည်း သာ ပိုင်ဆိုင်ဆွဲနုတ် ယူငင်ခဲ့တယ်ဆိုတာ ဦးတည် မခံစား၊ မလည်တတ်လို့ပါ။

မောင် ယူသွားလို့ ဟာကျန်ခဲ့တဲ့ ကွက်လပ်နေရာ မှာ မောင့်ကလွဲလို့ ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဝင်ရောက် အစားထိုးလို့ မရနိုင်ပါဘူး ဦးတည်။

အဆုံးစွန်ထိ ပြောရရင် ဦးတည်တောင် နေရာ ယူလို့ မရနိုင်လောက်အောင်ပါပဲ။ အဲသည်လောက် အထိပါပဲ

"မင်း ထမင်းဟင်း ချက်တတ်သလား တိမ်ဝဠာ"

ထမင်းစားနေရင်းမှ ဦးတည်က ရုတ်တရက် လှမ်း မေးလိုက်တာမို့ ဝဠာ အနည်းငယ် ရှက်သွားပါသည်။

ဒေါ်လေးတို့နှင့် နေခဲ့စဉ်က မသိတတ်သေး အရွယ်မှာ သူတို့ခိုင်းသမျှ လုပ်ခဲ့ရတာမို့ ထမင်းချက် ဟင်းချက် ကလေးလက်ရာလောက်တော့ ဖြစ်မြောက်ခဲ့တာပေါ့။ သိတတ် အရွယ်ကစပြီး သူတို့ ဘာခိုင်းခိုင်း အသားအနာခံပြီးတော့ ငြင်းတာ။

"ကျွန်မ ဒီအလုပ်တွေလုပ်ဖို့ လူဖြစ်လာတာ မဟုတ် ဖေဖေတို့ မေမေတို့ ကျွန်မကို ထားခဲ့တာ ဒါတွေလုပ် ဒေါ်လေးတို့ကျွန် အဖြစ်ခံဖို့ မဟုတ်ဘူး၊ ကျွန်မ စိတ်တိုင်းကျ ပညာတတ်အောင် သင်ရမယ်၊ ဒေါ်လေး ကျွန်မကို မွေးစားခဲ့တာ ထမင်းဟင်းချက်ကျွေးဖို့ မဟုတ်



ဘူးလား၊ ကျွန်မကို စာတတ်အောင် သင်ပေးဖို့ မဟုတ်ဘူး လား၊ ကျွန်မကို အခိုင်းအစေလို သဘောထားရင်တော့ ဒေါ်လေးတို့ တရားလွန်တယ်"

ဟု မာနကြီးကြီး၊ ထည်ထည်ဝါဝါ ညစ်ကျယ်ကျယ် သံလေးဖြင့် ဒေါ်လေးတို့ ဆွေ့ဆွေ့ခုန်နေအောင် အတိုက် ခံ ပြုထားခဲ့ပြီး ဘာအလုပ်မှ မလုပ်ကိုင်ခဲ့တော့တာ သည်အထိ ဆိုပါတော့ ထမင်းချက်နည်း၊ ဟင်းချက်နည်းတွေ မေ့ကုန်ပြီ ပေါ့။ သည်တော့ မချက်တတ်ဘူးဆိုတဲ့ အဖြေထဲမှာပဲ စာရင်းဝင် တာပေါ့။

ဝဠာ အနည်းငယ် ရှက်ပြုံးသော နှုတ်ခမ်းလေး ...

"ကျွန်မ အချက်အပြုတ် သင်ရမလား ဦးတည်"

ဣန္ဒြေကြီးသော ဦးတည် တဟက်ဟက် ရယ်မော သတော့သည်။ ဝဠာ့ကို ခပ်ပြုံးပြုံးကြည့်ရင်း ...

"မင်းအဖြေက ပါးနပ်လိမ္မာသားပဲ၊ မချက်တတ်ဘူးလို့ ဖြေရမှာ မင်း ရှက်တယ် ထင်တယ်၊ ဟုတ်လား"

ကလေးမကလေးတစ်ယောက်ကို ကျီစယ်ချစ်စနိုး သလို ဦးတည်နှင့် မျက်နှာခိုကာ ရှက်စပြုလာသည့် ဝဠာတို့ ထမင်းဝိုင်းလေးက ထင်ထားတာထက် တစ်စတစ်စ စိုပြည် ခဲ့သည်နော်။

"ကျွန်မ ငယ်ငယ်က ချက်တတ်ပါတယ် ဦးတည်"

"ကြီးလာတော့ မေ့သွားတာပေါ့၊ ဟုတ်တယ်၊ ဖြစ်နိုင်ချေ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ဦးတည် နောက်နေတယ်ဆိုတာ သေချာလာရတာမို့ ဝဠ္ဇာ ဦးတည်ဘက်သို့ ဆံပင်ရှည်ကြီးများ ကွယ်ချပစ်လိုက်တော့သည်။

အိုး ... ဦးတည်ရဲ့ တဟင်းဟင်း ရယ်မောနေသံလေး က ဆန်းကြယ်လှပါလား။

ဆံပင်ရှည်ကြီးတွေ ပြိုဆင်းအုပ်ဆိုင်းကျလာတော့ မျက်နှာလေးကွယ်သွားတာကို တည်မြဲ ရယ်မောရင်းက ငေးမော မိသွားသည်။ သည်ကလေးမ ပြုမူလိုက်ပုံလေးက တည်မြဲထံမှ တစ်စုံတစ်ရာ နုတ်ယူသွားတော့မလို ရှိသွားတယ် ထင်ပါရဲ့။ မိန်းကလေးတစ်ယောက်ရဲ့ အပြင်ကင်းစွာ ရှက်သွေးဖြာသွားပုံကို တည်မြဲ ပထမဆုံး အနီးကပ် မြင်တွေ့လိုက်ရခြင်းလေ။ (ဒယ်ဒီ ရယ်လ် တုန်းကတော့ ဘယ်တုန်းကမှ မရှက်တတ်ဘူးခဲ့ပါ။)

ထူးဆန်းသည်။ သည်နေ့ တိမ်ဝဠ္ဇာလေး လုပ်လိုက် သော အပြုအမူလေးက တည်မြဲနှင့် သူမ ကြားသို့ တစ်စုံတစ်ရာ ထည့်သွင်းနိုင်ခဲ့သလိုလို။

“ကျွန်မ ဒေါ်လုံးဆီမှာ သင်တန်း တက်လိုက်ပါမယ် ဦးတည်၊ ကျွန်မ လက်ရာကို ဦးတည် တစ်နေ့ စားရမယ် လို့ လောင်းရဲတယ်”

ဝဠ္ဇာ အရှက်ပြေ ရယ်သွမ်းသွေးလိုက်ကာ ဦးတည် ဘက်ကို ကွယ်ချထားလိုက်သော ဆံပင်ရှည်ကြီးတွေ ပြန်လည် သိမ်းယူလိုက်သည်။

“ကောင်းပြီ၊ ဦးတည် တစ်ခုခု ဆုချပါ့မယ်”



ဦးတည်က စောစီးစွာ ထမင်းဝိုင်းကို လက်စသိမ်း လိုက်လေသည်။ ဝဠ္ဇာ အတော်လေး အံ့ဩသွားတာကတော့ ဦးတည်ရဲ့ မျက်နှာထားပါပဲ။

နူးညံ့ရိုဝေသလောက် တစ်စုံတစ်ခုကို ဖုံးကွယ်ဖို့ ကြိုးစားလေ့ရှိသော မျက်ဝန်းတွေ။ ပိုသေချာတာက မဏိနှင့် ဝဠ္ဇာကို သဝန်တို ငြူစူတဲ့အခါတိုင်း ဦးတည် ဆီမှာ ဖြစ်ပေါ်လာ လေ့ရှိသော မျက်ဝန်းတွေ။

ဝဠ္ဇာ တိတ်ဆိတ်သွားရသည်။ သို့သော် ဦးတည်ကို ဘယ်လိုအထင်မျိုးနှင့်မှ သံသယ မသွင်းရက်။

ဝဠ္ဇာ ထမင်းလက်စသတ်လိုက်စဉ်မှာ ဘေစင်မှာ လက်ဆေးပြီး ပြန်လာသော ဦးတည်က ရေခဲသေတ္တာထဲမှ ပန်းသီး တစ်လုံး ဆွဲထုတ်ရင်း ...

“နေကလေးလည်း မင်းလို အလောင်းအစားတစ်ခု လုပ် ထားဖူးတယ် သိလား တိမ်ဝဠ္ဇာ၊ ကိုကို့ကို ကျွန်တော့် လက်ရာ ချက်ကျွေးဦးမယ်တဲ့၊ ဒါပေမဲ့ ဒီနေ့အထိ အဲဒီ အလောင်းအစားကို သူ အကောင်အထည် မဖော်ဖြစ်ဘူး”

ဝဠ္ဇာ မျက်ရည်စက်ကလေး ထမင်းပန်းကန်ထဲ ကျဆင်း ဝင်ရောက်သွားခဲ့ပါသည်။

❧ ၉ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ထိုနေ့မှစ၍ ဝဥ္စာ ရုံးအားရက်တွေကို အသုံးချသောနည်းသည် ဒေါ်လုံးထံမှာ ထမင်းဟင်းချက် သင်တန်းတက်သော နည်းဖြစ်ခဲ့တော့သည်။

ဦးတည်က "ဖြစ်ရဲ့လား၊ တိုးတက်ရဲ့လား၊ ဒီနှစ်အတွင်း စားရမှာပါနော်" ဘာညာနှင့် တစ်နေ့တစ်မျိုး ထမင်းဝိုင်းမှာ ကလိနေတာမို့ ဝဥ္စာ ကြိုးစားပမ်းစား ချက်ပြုတ်လေ့လာ သင်ကြားနေရလေသည်။

"တစ်လအတွင်း ကျွန်မလက်ရာ ဦးတည် စားရမှာပါ စိတ်ချ"

ဟု လေကျယ်ထားသော ဝဥ္စာက တစ်လမပြည့်ခင် တစ်ပတ်အလိုလောက်မှာ ကြက်သားကို တရုတ်နည်း၊ မြန်မာနည်း နှစ်မျိုးဖြင့် ချက်တတ်နေပြီမို့ အတော်လေး ဘဝင်မြင့်နေခဲ့သည်။

ဦးတည်ကို လျှို့ထားကာ တစ်လပြည့်သော နေ့မှာမှ ဘွားခနဲ ထချက်ပြလိုက်မည်ဟု အားခဲထားသည်။ လက်မထ



လေးထောင်ကာ "ဒီနေ့ချက်တဲ့ လက်ရာအားလုံး ပိုင်ရှင်ဟာ ကျွန်မပဲ"ဟု ဆိုလိုက်လျှင် ဦးတည် အံ့သြသွားမှာ။

"ဖြတ်နိုင်ရင် ဝဥ္စာက ဦးတည်ကို ဟင်းအဆန်းလေးနဲ့တောင် အစွမ်းပြချင်တာ သိလား ဒေါ်လုံး"

ဒေါ်လုံးက သဘောတကျ ရယ်မောနေသည်။ စသင်ပေးတုန်းက အားကြိုးမာန်တက် စိတ်ဝင်တစားနှင့် ...

"ဟင်းချက်တာ အဲဒီလောက်လွယ်မှန်း ကျွန်မ စောစော မသိတာ ညံ့လိုက်တာနော်၊ ကျွန်မက ဒီထက် အများကြီး ပိုခက်တဲ့အဆင့်အထိ မှန်းထားတယ်၊ မနက်ဖြန် ကျွန်မ ချက်ကြည့်မယ်"

ဆိုပြီး ချက်ချင်း ထချက်တော့ ကြက်သားကို ရေမဆေးမိဘဲ ချက်မိသွားတာ၊ ဝက်သားမှာ ပဲငံပြာရည်များပြီး မည်းချိတ်သွားတာတွေ ဖြစ်ကုန်တော့မှ ဟီးခနဲ ရယ်ချကာ ...

"ရှက်စရာကြီး ဒေါ်လုံးရယ်၊ လွှင့်ပစ်လိုက်နော်၊ ဒေါ်လုံးတို့ မစားပါနဲ့၊ ဦးတည် မသိပါစေနဲ့နော်"

ဟု ဆိုကာ ဟင်းချက်ခြင်းအလုပ်ကို အထင်မသေးရဲတော့။

ဒါတောင် ပေါင်းအိုးနှင့် ဝက်နံရိုးပေါင်းနည်းကို သူမ မသင်ရသေး။

"မမဝဥ္စာရေ ဖုန်းလာနေတယ်"

"ဘယ်သူလဲ၊ ဦးတည်များလား မသိ"

ဝဥ္စာ အိမ်ရှေ့ဘက် အပြေးအလွှား ထွက်လာခဲ့သည်။

"ဟယ်လို ဦးတည်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... သေလိုက်စမ်းပါတော့၊ ခင်ဗျား စကားထဲ ဦးတည်ဆိုတာ မပါဘဲပြောတတ်ရင် လိုချင်တာပေးမယ်ဗျာ"

ကြွပ်ဆတ်ဆတ် လေသံကြောင့် မဏိဆိုတာ ချ... ချင်း သိပြီး ဝဋ္ဌာ ပြုံးချင်လာမိတော့သည်။

အဲသည် မဏိဟာလေ ခြံချင်း အဲသည်လော... ကပ်နေတာတောင် ဖုန်းချည်း အမြဲဆက်နေတာပဲ။ ဝဋ္ဌာကလည်... ဖုန်းသံကြားတိုင်း ခပ်ဝေးဝေးက လူတချို့လောက်သာ ထင်တ... ကာ အနီးဆုံးမှ မဏိကို ဘယ်တော့မှ မမြင်တတ်။

"ဆောရီးပါနော်၊ မဏိ ဘယ်မှ မသွားဘူးလား"

"အချိန်တွေ တန်ဖိုးရှိတယ်ဗျ၊ ခု ကျွန်တော် အခန်းအော... ပြီး အကြံထုတ်နေတာ"

"လိမ္မာလာပြီ၊ လိမ္မာလာပြီ၊ ဘာတွေ အကြံထုတ်နေတာလဲ"

"မိန်းကလေးတစ်ယောက်ကို အညှံခံတော့မလို့ဗျာ"

"ဘာရယ်၊ ဘာဖြစ်လို့ အညှံခံမှာလဲ မဏိရဲ့"

"ကျွန်တော် အစက ကြွေးကြော်ထားတာ ရှိတယ်၊ မိ... ကလေးတွေဆိုက ဘယ်တော့မှ ဘယ်အရာမှ မတောင်း... လို့၊ ကျွန်တော် အထင်မကြီးတဲ့ မိန်းမတွေထဲမှာ ဘယ်တော... အညှံမခံဘူး၊ သူတို့က တောင်းလာရင်တောင် ကျွန်တော်... စဉ်းစားပြီးမှ အခွင့်အရေးပေးမှာလို့ ...

ဒါပေမဲ့ ခုအချိန်မှာ အဲဒါတွေကို ကျွန်တော် ... သိမ်းရတော့မယ်ဗျ၊ ကျွန်တော် မိန်းကလေးတစ်ယော... ဆီက တောင်းစရာတစ်ခု ရှိလာလို့ အညှံခံရတော့မယ်... ပြောတာ၊ ရှင်းရဲ့လား"



"ရှင်းတယ်၊ ရှင်းတယ်၊ အဲဒီ ထုတ်နေတဲ့ အကြံရော ထွက်လာပြီလား"

ဝဋ္ဌာ ခပ်ပြုံးပြုံးပဲ စကားဆက်နေမိသည်။ မဏိ ...လိုနေတဲ့ အဓိပ္ပာယ်ကို သဘောပေါက်သွားတာမို့ စကားဆက် ...မိတာ မှန်ရဲ့လားဟု ကိုယ့်ကိုယ်ကိုယ် ပြန်စမ်းစစ်နေမိသည်။ ...အည်သာဆိုရင်တော့ ...

"မိုက်မဲလိုက်တာ၊ ရည်းစားစကားပြောဖို့ အစပျိုးနေတဲ့ ကောင်ကလေးတစ်ယောက်ကို စကားလက်ဆုံ ကျနေအောင် မင်း လမ်းဖွင့်ပေးနေတာလား"

ဟု ဆူပူနေမှာမလွဲ။

"ခက်တာက ကျွန်တော့် တစ်သက်မှာ ဘယ်သူ့ကိုမှ မကြောက်ခဲ့ဖူးဘဲ သူ့ကိုကျတော့ ကြောက်နေတယ်ဗျ၊ ဆန်းတယ်နော်၊ သူ့ကို ကြောက်တယ်ဆိုတာက လက်သီး ချင်း ယှဉ်ထိုးဖို့၊ ရောခ် အပြင်းစား ပြိုင်ဆိုဖို့ ပြိုင်ဘက် ကို ကြောက်တာမျိုး မဟုတ်ဘဲ တစ်မျိုးလေးကွာ၊ မြတ်နိုး စိတ်နဲ့ ကြောက်တာမျိုး၊ ခင်ဗျား နားလည်ရဲ့လား"

"ကျွန်မရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ ငါးမိနစ် လျော့သွားပြီ မဏိရေ၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

"ဟာကွာ ... ကျွန်တော့် စကားတွေထက် တန်ဖိုးရှိတဲ့ ခင်ဗျားအချိန်တွေက ဘာတွေ ပြုစုနေတဲ့ အချိန်မို့လဲ"

"ဟင်း ဟင်း ... ရှင် မရယ်နဲ့နော်၊ ကျွန်မ ဟင်းချက်...င် နေတယ် မဏိ၊ ဟင်းဆန်းဆန်းလေး ဘာ...း ရှင် စားဖူးအောင်တာရှိရင် ကျွန်မကို အကြံလေး ...ပါဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဆန်းတယ်၊ ဆန်းတယ်၊ ပျော်တော်ရယ်ရတာပဲ"

မဏိက ရေရွတ်နေကာ ဝဠာ မခံချင်အော ရယ်သံဆိုးတစ်မျိုးဖြင့် နှောင့်ယှက်နေတော့သည်။ သူ့စ ပါးနပ်စွာ ရှောင်တိမ်းလိုက်နိုင်သော ဝဠာကို သူ ခံပြင်းသွားပုံ

"ကဲ ... ကျွန်တော် အကြံပေးရရင် ကျွန်တော် ဟင်း တစ်မျိုး ပြောပြမယ်၊ ကျွန်တော် နေ့တိုင်း စားနေ အဲဒီဟင်းမပါရင် ကျွန်တော် ထမင်းမစားတတ်အော ကြိုက်တာ၊ အမေ မလုပ်အားရင် ကျွန်တော့်ဘာသာ စားတယ်ဆိုရင် ခင်ဗျား ယုံရဲ့လား၊ ကျွန်တော် ဟင်း တတ်ပါတယ်"

ဝဠာ အနည်းငယ် စိတ်ဝင်စားသွားကာ ...

"ပြောပါဦး၊ ကျွန်မ စိတ်ဝင်စားလာပြီ"

"ခရမ်းချဉ်သီး အစာသွပ်"

"မဏိ ရှင် နောက်နေတာလား"

"ရော် ..."

မဏိ စိတ်တိုသွားဟန်ဖြင့် အသံတိတ်သွားတော့

"ကျွန်တော် ကံမကောင်းတာက ခင်ဗျား ကျွန်တော် အထင်ကြီးပုံမရတာဘဲ၊ အနည်းဆုံး ကျွန်တော် ပြော စကားတွေကို ခင်ဗျား အလေးအနက်ထားပေးသင့်တာ

"မဟုတ်ဘူး မဏိ၊ ရှင် ပြောတာကို ကျွန်မ အလေးအ မထားတာ မဟုတ်ဘူး၊ ကဲ ... ရှင် ဘာနဲ့ သက်သေ သလဲ၊ ကျွန်မ ရှင့် စကားအားလုံးကို စိတ်ဝင်တစား ထောင်ခဲ့တာချည်းပဲ၊ ရှင် ပြောတဲ့ ခရမ်းချဉ်သီး အစာ



ဟင်းဆိုတာ ကျွန်မ တစ်ခါမှ မစားဖူးတော့ ရှင် နောက်နေတာမှတ်တယ်လေ၊ အဲဒါနဲ့ ရှင် ကံမကောင်းတာနဲ့ ဘာမှ မဆိုင်ဘူး"

"ဆိုင်တယ်၊ ခုနက ကျွန်တော့်ဘဝမှာ အကြီးကျယ်ဆုံး ပြောင်းလဲမှုဖြစ်တဲ့ မိန်းကလေးတစ်ယောက်ကို အညှဲ့ခံမဲ့ ကိစ္စကို ခင်ဗျား စကားဖြတ်ချပစ်တယ်၊ ကျွန်တော် အလေးအနက်ထားတဲ့ ကိစ္စတစ်ခုကို ခင်ဗျားက ဟင်းချက်နေတဲ့ အချိန်လောက်တောင် အကုန်မခံနိုင်အောင် တန်ဖိုးနှိုင်းပြတယ် ...

ဒီအရင်တွေက ရှိပါသေးတယ်၊ ကျွန်တော်က ခင်ဗျား ကြည့်ဖို့ ဂရုတစိုက် ငှားလာတတ်တဲ့ အခွေတွေကို ခင်ဗျားက ခြံထဲဆင်းယူဖို့တောင် ဝန်လေးနေတတ်တယ်၊ ကျွန်တော် ဖုန်းဆက်တိုင်း ဖုန်းချဖို့ချည်း ပြောနေတယ်၊ ဒါတွေဟာ ကျွန်တော် ကံမကောင်းတဲ့ အကြောင်းရင်းတွေပေါ့၊ ဒါတောင် ရှိသေးတယ်"

"မဏိ ... ရှင် အများကြီး စုထားပြီး တစ်ခါတည်း ဖွင့်ချတော့တာကိုး၊ အဲဒါတွေ ခဏထားပြီး တစ်ဆိတ်လောက် ကျွန်မကို ခရမ်းချဉ်သီး အစာသွတ်ဟင်းချက်နည်းသင်ပေးပါလားဟင်"

"အဲဒီလောက် အထင်ကြီးဖော်ရရင် တော်ပါပြီ၊ ကဲ ... ကျွန်တော် ပြောပြတဲ့ အဆင့်တွေကို မှတ်ထားပြီး ခင်ဗျားဘာသာ လုပ်မှာလား၊ ကျွန်တော် လုပ်ပြရမှာလား"

"မဏိ လာလုပ်ပြရင် ပိုအဆင်ပြေမယ်နော်၊ လာမလား"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... အိမ်ပေါက်ဝက ထွက်ကြို"

"အောင်မယ်"

ဝဠာ အသံကျယ်ကလေးဖြင့် ရယ်မောကာ ဖုန်း
လိုက်သည်။

"ဒေါ်လေးရေ ဟင်းဆန်းတစ်မျိုး ရပြီ၊ ခရမ်းချဉ်သီး
အစာသွတ်တဲ့"

အိမ်နောက်ဘက်သို့ ပြန်ပြေးပြီး ဒေါ်လုံးကို သတင်း
ပို့လိုက်သည်။ ဒေါ်လုံးက စိတ်အားထက်သန်နေသော ဝဠာ
သဘောကျ ရယ်ပြုံးနေတော့သည်။

ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သော မဏိက သူ
ထုံးစံတွေအတိုင်း ဝဠာပင် သွားမကြိုရသေးဘဲ လျင်မြန်
ရောက်လာကာ သူ့အိမ်သူ့ရာနှယ် မီးဖိုဆောင်အထိ တန်းမတ်
ဝင်လာခဲ့တော့သည်။

သူ့ကြည့်ရတာ ဘယ်အချိန်ကတည်းက လာ
နေမှန်း မသိပေ။

"လာ မဏိ၊ ဘာတွေ လိုမှန်းတော့ မသိဘူး"

"အဆင်သင့်မရှိမှာစိုးလို့ ကျွန်တော့် ရိက္ခာထဲက ခွဲ
ပါတယ်၊ စိတ်မပူပါနဲ့"

အမွှေးလေးမှလွဲ၍ ဒေါ်လုံးနှင့်တကွ မဏိကို တစ်
မှ မမြင်ဖူးသေးသော အလုပ်သမားလေးတွေ အံ့အားသင့်ထူးဆန်း
ကာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သူ့ကို ဝိုင်းကြည့်ကြ
မို့...



"တိမ်ဝဠာ ခင်ဗျား ကျွန်တော့်ကို ကူညီချင်တယ်ဆိုရင် သူတို့ မျက်လုံးတွေကို သိမ်းထားခိုင်းပါ၊ အဲဒီလို ကျွန်တော့်ကို ဝိုင်းကြည့်တာ ကျွန်တော် သဘောမကျဘူးဗျ"

ဝဠာ့အနား တိုးကပ်ကာ ခပ်တိုးတိုးဖြင့် သူ့မကျေနပ်ချက်ကို ဖွင့်ဟလေသည်။ ဝဠာ ရယ်ချင်လှစွာ ...

"ရှင် ချောလို့နေမှာပေါ့"

"သွားစမ်းပါ၊ ကြောင် မဟုတ်ဘူးနော်၊ ခင်ဗျား လာပတ်လို့မရဘူး၊ သက်သာ အေးစေတို့နဲ့ အမျိုးတော်တဲ့ နေမြဲနဲ့တူလို့ ဝိုင်းကြည့်နေတယ်ဆိုတာ ကျွန်တော် ရိပ်မိထားပြီးသားပါ"

ဝဠာ အသံထွက် ရယ်မောမိတော့သည်။ ဒေါ်လုံးတို့အနားသွားကာ သူ့ကို သိပ်မကြည့်ဖို့ သတိပေးရသည်။ အမွှေးလေးကတော့ သူနှင့် ဝေးရာသို့ တစ်ယောက်စီ ခေါ်ပြီး သူ့ရဲ့ ဆက်ဆံရေး ညံ့ဖျင်းမှုတွေကို အတင်းချနေတော့သည်။

လက်ဝါးတခါခါနှင့် ...

"ရုပ်ကလေးသာ ကိုကိုလေးနဲ့ ကွက်တူနေတာ၊ ကျန်တာ ဘာမှမတူဘူး၊ ကိုကိုလေးလို သဘောကောင်းတဲ့ သီးလေး မဟုတ်ဘူး ဒေါ်လုံးရဲ့၊ အရာရာကို ဘုကျမဲ့ ဘောင်ကြီးထဲက နေ လိုက်ကြည့်နေတဲ့လူ၊ လူမှုရေးကလည်း ညံ့ပါ"

ခပ်တိုးတိုး ဆိုနေတော့သည်။ မဏိကတော့ သူယူလာတဲ့ ပစ္စည်းတွေကို တစ်ခုချင်း ထုတ်နေသည်။

"နေစမ်းပါဦး၊ ဒီလောက် ကျွန်တော်နဲ့တူတဲ့ လူတစ်ယောက်ကို ကျွန်တော် စိတ်ဝင်စားဖို့ ကောင်းကောင်း အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



ရှိရမှာပေါ့၊ သူ အခု ဘယ်မှာ နေလဲဟင်၊ ကျွန်တော် သွားကြည့်မလို့"

ဝဋ္ဌာ့ကို ခပ်ပြင်းပြင်း တွန်းလိုက်သလို ယိုင်သွားစေပြီး ဝဋ္ဌာ့ အပြုံးများကို တဒင်္ဂ ဖယ်ရှား လွှင့်ပစ်နိုင်သော စကားပါပဲ။ ဝဋ္ဌာ ခေါင်းကို ငုံ့ချပစ်ကာ ...

"ကျွန်မ မဏိကို ပြန်စွပ်စွဲရင် ရတယ်နော်၊ ရှင် အဲဒီလောက် စိတ်ဝင်စားမှု နည်းထားမှန်း ကျွန်မ တကယ်မသိတာ မဏိ၊ မောင် ဆုံးသွားပြီဆိုတာကို သိထားဖို့ ကောင်းတယ်၊ ဒါမှမဟုတ် စုံစမ်းထားသင့်တာပေါ့"

"မောင်ဆိုတာက ..."

မဏိက အနည်းငယ် စိုးရွံ့နာကျင်သံဖြင့် မဝံ့မရဲ မေးသည်။ ဝဋ္ဌာ ရက်ရက်စက်စက်ပြုံးကာ ...

"ကျွန်မရဲ့ မောင်ပေါ့၊ မဏိနဲ့ သိပ်တူတဲ့ ကိုနေမြဲသာပေါ့"

မဏိ လုံးဝ တိတ်ဆိတ်သွားတော့သည်။ အတော်လေးကြာအောင် မဏိပုံစံက စကားမပြောနိုင်လောက်အောင် တစ်ယောက်ယောက်က ဖိစီးပိတ်ဆို့ထားခြင်း ခံရသလို ဖြစ်နေခဲ့သည်မှာ အင်မတန် သနားစရာ ကောင်းနေခဲ့သည်။

သည်လို စကားပြောရင်မှာပြီး ဆက်ဆံရေး ညံ့ဖျင်းဆိုးရွားတဲ့ လူငယ်လေးတစ်ယောက်မှာ အဲသည်လောက် သနားဖို့ကောင်းလောက်အောင် နာကျင်ပြိုကွဲတတ်တဲ့ နှလုံးသား ရှိနေမှန်း ဦးတည် နားလည်မပေးနိုင်ဘူး မဟုတ်လား။

"သိပ်ရိုင်းတဲ့ကောင်"

လို့ မှန်းမှန်းတီးတီး ရှုတ်ချနေဦးမှာပဲလား ဦးတည်။



ဝဋ္ဌာ မပြုံးရက်တော့ပါ။ သူ ချစ်ရေးဆိုလာတော့မည်ဆိုတာကို ကြိုသလိုက်ရခြင်းကြောင့် သူ့ အချစ်တွေကို ပြန်ရုပ်သိမ်းဖို့ မောင်နှင့် ပိတ်ပင် တားပစ်လိုက်တဲ့ ဝဋ္ဌာ့ရဲ့ ပိရိပါးနပ်သလောက် ရက်စက်လှတဲ့ ပရိယာယ်ကတင် မဏိကို လှောင်ပြုံးဖို့ မလိုတော့လောက်အောင် မဏိအတွက် အပြည့်အဝ နာကျင်သွားစေခဲ့ပြီးပြီ။

"ကျွန်မ စိတ်မကောင်းဘူး မဏိ၊ ရှင့်အတွက် ဝမ်းနည်းပါတယ်"

မဏိက သတိပြန်ဝင်လာဟန်ဖြင့် ခပ်ကြောင်ကြောင် တစ်ချက်ကြည့်ကာ ...

"ခင်ဗျား ဘာကို ဆိုလိုတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"အင်းလေ၊ မဏိ အညွှန်ခံလိုတဲ့ မိန်းမတစ်ယောက်ဟာ အကယ်၍ ကျွန်မ ဖြစ်နေခဲ့ရင် ဝမ်းနည်းပါတယ်ဆိုတဲ့ အကြောင်းပါ"

မဏိက ခေါင်းကို ပြင်းပြင်းထန်ထန် ခါချပစ်နေသည်။

"ခင်ဗျား ဝေးဝေးမှာ နေစမ်းပါ၊ ဒါမှမဟုတ် ကျွန်တော် ထွက်သွားရမလား"

မဏိအသံ မဟုတ်သလို တစ်မျိုးကြီး အက်ကွဲကွဲနှင့်မို့ ဝဋ္ဌာ အံ့သြစွာ မော့ကြည့်လိုက်သည်။ အို ... ဘုရားရေ ... မဏိ ... မဏိ မျက်ဝန်းများ နီရဲကာ မျက်ရည်တောင် စွန်းနေပါလား။ ဝဋ္ဌာ မဏိကို သနားသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“မဏိ ပြန်ချင်ပြန်တော့နော်၊ ကျွန်မ စိတ်မကောင်းဘူး နောက်မှ ဟင်းချက်ကြတာပေါ့”

“ကျွန်တော် ကတိတည်ခြင်းအားဖြင့် ခင်ဗျားရဲ့ အထင်ကြီးမှုကို ရအောင် ယူလိုက်ပါရစေဦး၊ ဒါပေမဲ့ ကျေးဇူးပြုပြီး ခင်ဗျား ဘာစကားမှ ကျွန်တော့်ကို မပြောပါနဲ့၊ တိတ်တိတ်ကလေးပဲ ကျွန်တော့်အလုပ်ကို စောင့်ကြည့်ပါ”

မဏိ အသံက ဘာကြောင့်များ သည်လောက်တောင် လှိုက်လှဲနေပါလိမ့်။ အိုး ... အတော်ထူးတဲ့ ငါပါလား၊ မဏိလို ထူးခြားတဲ့ လူမျိုးလေးတွေအတွက် ရှားပါးသော မိန်းကလေးတစ်ဦးကို ချစ်မြတ်နိုးစွာ ချစ်ရေးဆိုဖို့ အခွင့်အရေးလေးတောင် မရလိုက်ဘဲ ငြင်းဆန်ခြင်း ခံလိုက်ရတာ ဘယ်လောက်များ နာကျင်လှိုက်လှဲဖို့ ကောင်းသလဲဆိုတာ ဝဏ္ဏ မဖေးမ၊ မတွက်ဆ ပေးတတ်ပါလားနော်။

“ကျွန်တော် အထင်ကြီးတဲ့ မိန်းကလေး မမွေးသေးဘူး ဆိုတာကို ခင်ဗျားကို တွေ့မှ ရုပ်သိမ်းရတော့တယ်”

“ကျွန်တော် အထင်ကြီးတာ ယောကျ်ားတွေထဲမှာ ရွှေ အဆိုတော် ဖော်ဝင်းထွန်း၊ မိန်းကလေးထဲမှာ ခင်ဗျားပဲ”

ဆိုတဲ့ စကားလေးတွေ ဆိုခဲ့ဖူးသော မဏိမှာ ဝဏ္ဏ တစ်ဦးတည်းသာ သူ အထင်ကြီးမြတ်နိုးတဲ့ မိန်းကလေးဆိုတော့ အဲဒီမိန်းကလေးက ဝမ်းနည်းကြောင်း ပြောဆိုတာ ခံရတဲ့အခါ ဘယ်တော့မှ ပြန်မရနိုင်တော့မဲ့၊ ဆုံးရှုံးသွားတဲ့ သူ့ရဲ့ မျှော်လင့် ချက်အတွက် မဏိလေး သူမတူအောင် ခံစားရဦးမှာပါ။



မဏိက အသက်ရှူသံပြင်းပြင်း၊ မျက်နှာနီရဲရဲဖြင့် သူ့အလုပ်ကို ဇယ်စက်သလို လုပ်သွားနေသည်ကို ဝဏ္ဏ အသံ တိတ် လိုက်ကြည့်နေမိသည်။

ခရမ်းချဉ်သီး လတ်လတ်တွေကို ရွေး၍ ခေါင်းပိုင်းမှ ဓားဖြင့် လှီးပစ်ပြီး အစေ့တွေကို ကော်ထုတ်ပစ်သည်။

အဲဒါပြီးတော့ သူ ယူလာတဲ့ ဆိတ်သားစဉ်းကော လုပ်ပြီးသားတွေကို ဆား၊ ကြက်သွန်၊ ငရုတ်သီး၊ မဆလာ၊ မုန့်ကြွပ်မှုန့် ရောနှောလျက် ထောင်းကာ ကြော်နေတော့သည်။

မဏိ စကား လုံးဝမပြောတာမို့ ဝဏ္ဏ မနေတတ် မထိုင်တတ်ဖြစ်ကာ အားနာနေမိသည်။

ဝဏ္ဏ မကောင်းဘူး၊ တကယ်ဆို သည်ဟင်းချက် သင့်တဲ့ အချိန်ကလေးကို ပျော်ရွှင်ရယ်မောစွာ ကုန်ဆုံးလိုက်လျှင် ဘယ်လောက်ကောင်းမလဲ ...

ငြင်းတာက အချိန်အခါကြည့်ပြီး ငြင်းသင့်တာပေါ့ကွာ။ ဝဏ္ဏ မှားသွားတယ်နော်။

အသားကြော်တွေ ကြော်ပြီးတော့ ခရမ်းချဉ်သီးထဲသို့ အဲသည် အသားကြော်တွေကို တယုတယ သွတ်သွင်းနေသည်။

ကျွမ်းကျင် လက်မှန်းသိသာစွာ မဏိ လက်တွေက ညင်သာသလောက် လျင်မြန်နေသည်။ ဝဏ္ဏ အနည်းငယ် အရဲစွန့်ကာ ...

“မဏိ ရှင် စိတ်ဆိုးသွားလား”

မဏိ မကြားချင်ယောင်ဆောင်နေပါသည်။ ဝဏ္ဏ စိတ်တိုစ ပြုလာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မဏိ ... မဏိ ... မဏိ"

"မနောင့်ယှက်နဲ့"

တိုတောင်းပြတ်သားစွာ မဏိက အမိန့်ပေးသည်။ ဝဋ္ဋာ မျက်နှာချိုသွေးကာ ...

"မဏိရယ် ... ပြေလည်စမ်းပါ၊ ကျွန်မတို့ သိပ်ခင်တဲ့ သူငယ်ချင်းနှစ်ယောက် ဖြစ်ကြရအောင်၊ ကျွန်မ အမှန် အတိုင်း ပြောတာကို ရှင် စိတ်ဆိုးဖို့ မကောင်းဘူး၊ ရှင် ဟင်းချက်တဲ့ပုံစံက စိတ်ကောက်နေတဲ့ မိန်းမကြီးနဲ့ တူ လိုက်တာ"

မဏိ နှုတ်ခမ်း တင်းတင့်စေ့ကာ ...

"ကျွန်တော် ခံစားရတာကို ခင်ဗျား လှောင်တတ်တယ်၊ တောက် ... အမှန်က ခင်ဗျားကို ချစ်ဖို့မကောင်းဘူးဗျ၊ သိပ်မုန်းဖို့ ကောင်းရမှာ"

"မုန်းမသွားပါနဲ့၊ ရှင့် လက်ထဲက ခရမ်းချဉ်သီးကြီး ပေါက်ကွဲထွက်သွားဦးမယ်"

မဏိက ဝဋ္ဋာ ဟာသကို မရယ်ဘဲ ဖွင့်ထားသော ခရမ်းချဉ်သီး အပိုင်းတွေကို ပြန်ဖုံးနေသည်။

ခိုင်မြဲစေဖို့အတွက် နှီးစငယ်လေးများဖြင့် အထက် အောက် ထိုး၍ ပေးနေပုံက အံ့သြစရာလေး။

"ရယ်စရာကောင်းတယ်နော်၊ ရှင့် ခရမ်းချဉ်သီး အစားသွတ် ချက်နည်းက"

"ရယ်စမ်းပါ၊ ခင်ဗျား သေအောင် ရယ်လိုက်"



မဏိက ရန်စကားဆိုရင်း ခရမ်းချဉ်သီးများကို ထမင်းပန်းကန်တစ်ခုထဲ စီထည့်နေသည်။ ပြီးတော့ ...

"အိုးကျယ်ကျယ်တစ်လုံး လိုတယ်"

ဟု ဝဋ္ဋာကို လှမ်းပြောတာကြောင့် ဝဋ္ဋာ အိုးသွား ယူပေးလိုက်သည်။

"ရှင့်ဟင်းက လက်ဝင်သလောက် လွယ်သားပဲ၊ ဦးတည် ကြိုက်တယ်ဆိုရင်တော့ ကျွန်မ စမ်းချက်ကြည့်ဖို့ ကြိုးစား ရမှာပဲ"

"ဒီဟင်းက ခင်ဗျားရဲ့ ဦးတည် စားဖို့တဲ့လား၊ ဒါဆို ကျွန်တော် လုပ်ပြီးသားတွေအားလုံး နောက်ဖေးကို လွှင့် ပစ်ရလိမ့်မယ်၊ ခင်ဗျား စားဖို့ ကျွန်တော် ဟာသင်ပေးတာ ဗျ"

မဏိ စိတ်ပုပ်စွာ အော်ဟစ်နေပြန်တာမို့ ဒေါ်လုံး တို့ပင် မီးဖိုခန်းဝကနေ လာချောင်းကြည့်ကာ မကျေနပ်ချင်တော့။ သူတို့ သခင် ဦးတည်ကို စော်ကားနေတဲ့ ကိစ္စပဲ။ ဘယ်သည်းခံ ချင်ပါ့မလဲ။

"မဏိ ... ရှင် သိပ်ရိုင်းပါလား၊ သူ့အိမ်လာပြီး သူ့ကို စော်ကားဖို့တော့ မကောင်းဘူး"

"ဘယ်ကလာ၊ ကျွန်တော် ခင်ဗျားဆီလာတာ၊ မှားတယ်နော်၊ ခင်ဗျား ဦးတည်ကို ဘယ်တုန်းကမှ ကြည့်ရခဲ့တာ မဟုတ် ဘူး၊ အခု ခင်ဗျား ကျွန်တော့်ကို ငြင်းတဲ့ကိစ္စမှာ သူ့ ပယောဂ အများကြီးပါတယ်၊ နေမြဲ သေပြီး ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားပေးရင် ရလျက်သားနဲ့ လုံးဝ ငြင်းပစ်တာ၊ နေမြဲ နေရာမှာ ဝင်မဲ့ လူဟာ တည်မြဲပဲ ဖြစ်ရမယ်ဆိုတာ ကျွန်တော် သိလိုက်ပြီးသားပါ၊ စတွေ့ကတည်းက မောင်နှမ မဟုတ်နိုင်ဘူးဆိုတာ သံသယရှိထားတာပဲ၊ အခုမှ အားလုံး ရှင်းသွားတယ်”

“မဏိ ... ရှင် ပြန်တော့”

ဝဥ္စာ မျက်နှာ ရဲရဲနီကာ ဒေါသထွက်လာရတော့သည်။

“ပြန်ပါ့မယ်၊ ကျန်နေတာလေး ပြောပြပါရစေဦး၊ သေသွားတဲ့ ညီရဲ့ မိန်းကလေးကို တစ်အိမ်တည်း ခေါ်တင်ထားတဲ့ တည်မြဲ အကြံ သိပ်ပိုင်တယ်ဆိုတာ ကျွန်တော် ချီးကျူး လိုက်ပါတယ်၊ သွားမယ်၊ တာ့တာပဲ”

တာ့တာဟူသော စကားနှင့်အတူ ခုနက လုပ်နှင့်ပြီးသား အိုးကျယ်ကျယ်တွင် ပန်းကန်လုံးတစ်လုံး ခံ၍ ခရမ်းချဉ်သီးမန်းကန်တည့်ပြီး ဖုံးအုပ်ထားပြီးသား ရေနွေးငွေ့ဖြင့် ခရမ်းချဉ်သီးလေးတွေကို သွင်းပေးဖို့ လုပ်ပြီးမှ လက်ပြန်ရုပ်သိမ်းကာ_

“ခင်ဗျား အမုန်းကိုတော့ မခံချင်သေးဘူး၊ အဲဒီ ခရမ်းချဉ်သီးတွေကို နူးအောင်ပေါင်းပြီးရင် စားလို့ရပြီ”

ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့သည်။

မဏိ အတိအလင်း ဖွင့်ဖွဲ့သွားသော စကားကြောင့် ဝဥ္စာ အရှက်ကြီး ရှက်ကာ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဖုံးကွယ် မှောက်ချပစ်လိုက်မိတော့သည်။



မောင်နဲ့ လုံးဝ ဆန့်ကျင်ဘက်ပါပဲလား မဏိရယ်။ ရှင် သည်လောက် သွေးဆူလွယ်တတ်၊ ဖွင့်ဖွဲ့တတ်မှန်း ကျွန်မ ခုမှ သိရတယ်။

❦ ၉ ❦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

အမွေးလေးရဲ့ လက်ချက်ပဲလို့ ဝဥ္စာ ထင်လိုက်သည်။ မဏီ ... ကားသွားတဲ့ စကားလုံးတွေ တစ်ခွန်းမကျန်အောင် ပြောပြလို ... ရသည်။

ညဘက်မှာဦးတည် အကြီးအကျယ် ပေါက်ကွဲ... သည်။ ဝဥ္စာ အခေါ်လွှတ်ကာ ...

"ဒီကောင်က ဘာကြောင့် ဒီလို ပြောရတာလဲ၊ သူ... ဒီလိုပြောခွင့် ဘာရှိလို့လဲ၊ ဟင် ... တိမ်ဝဥ္စာ၊ အိမ်... ရာရောက် လာရန်စသွားတဲ့ကိစ္စကို မင်း ဘယ်လို ပြော... မလဲ"

အံတင်းတင်းကြိတ်ကာ မျက်နှာနီနီနှင့် အော်ဟစ်... သော ဦးတည်ရဲ့ ဒေါသကို ဝဥ္စာ တစ်ခါတည်း တွေ့ဖူးပါသ...

"ကျွန်မကို ဦးတည် ကြိုက်သလို အပြစ်ပေးပါ ဦး... ကျွန်မ ဆတ်ဆော့လိုက်မိတာပါ၊ ကျွန်မ စေတနာနဲ့ ... လိုက်တဲ့ ကိစ္စတစ်ခုဟာ ဓေဒနာ ဖြစ်သွားပါတယ်"



"တောက် ... မင်းကို ငါ အတန်တန် သတိပေးဖူးပါတယ်ကွာ၊ ဒီကောင့်နဲ့ ဆက်ဆံရေးကို ငါ သဘောမကျမှန်း သိလျက်နဲ့ မင်း ရအောင် ပေါင်းသင်းတယ်၊ နေကလေးနဲ့ တူတာကိုပဲ မင်းက အကြောင်းပြခဲ့တယ် ...

ငါ ဒီကောင့်ကို လက်သီးနဲ့ ဆွဲထိုးပစ်ချင်တယ်ကွာ၊ တောက်"

"ဦးတည် ကျွန်မ ကတိပေးပါတယ်၊ မ...ကို ကျွန်မ လုံးဝ မဆက်ဆံတော့ဘူး၊ မောင်နဲ့တူတဲ့ သူ့မျက်နှာကို ကျွန်မ ဥပေက္ခာ ပြုလိုက်ပါ့မယ်"

"အဲဒါဆိုရင် ပြဿနာက ရှင်းသွားရောလား တိမ်ဝဥ္စာ၊ ငါ အစော်ကားခံလိုက်ရတဲ့ ကိစ္စကို ဘာနဲ့ ဖြေသိမ့်ရမလဲ၊ မင်းကို ငါ အိမ်ပေါ်ကို ခေါ်တင်တာ သူ ပြောသလို မဟုတ်ဘူးကွ၊ အဲဒီအချက်ကို ဒီကောင်နဲ့ ငါ ရှင်းရမယ်၊ ငါ့ရဲ့ ဖြူစင်မှုတွေကို ဒီကောင် ရမ်းသန်းပြီး အရောင်ဆိုးသွားတာ၊ ဒီကောင့်အတွက် သည်းခံနိုင်စွမ်း ငါ့မှာ မရှိဘူး"

"ကျွန်မ စိတ်ညစ်လာပြီ ဦးတည်ရာ၊ ကျွန်မကို ဦးတည် လုံးဝ ခွင့်မလွှတ်နိုင်ဘူးလား၊ ကျွန်မ ဘဝမှာ တစ်ကြိမ်တည်း မှားလိုက်မိတဲ့ အမှားပါ"

ဝဥ္စာ မျက်ရည်ကျပြန်တော့ ဦးတည် ငြိမ်သက်သွားပြန်သည်။

"မင်း သွားနိုင်ပြီ တိမ်ဝဥ္စာ၊ ဦးတည် မင်းကို ခွင့်လွှတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝဠ္ဇာနှင့် ဦးတည် ရင်ဆိုင်ကြဦးမှာကို စိုးရွံ့မှုပင်ကာ ဝဠ္ဇာ နှောင်တအကြီးအကျယ် ရနေမိတော့သည်။

အမှန်ဆို သည်လောက် စကားပြောဘုကျသော မဏီနှင့် ခင်မင်အောင် ပေါင်းသင်းခဲ့ဖို့ မကောင်းဘူး၊ ပိသာလေး ဘေးပစ်သလို တစ်ဖက်လူ နာနာကြည်းကြည်း ခံပြင်းရခက်အောင် စကားလုံးပြင်းရှသော မဏီနှင့် စကားပြိုင်ပြောဖို့ မကောင်းဘူး။ အထူးသဖြင့် ဦးတည်ရဲ့ လူယုံတော်တွေ ရှေ့မှာ မပြောသင့်ဘူး။

အမွှေးလေးက ဝဠ္ဇာ့ကို မုန်းလို့ ပြန်တိုင်တာ မဟုတ်ဘဲ။ သူ မခံချင်စိတ်ကလေးကြောင့်၊ မဏီကို မုန်းတီးစိတ် ကြောင့် ဦးတည်ကို သိအောင် ပြောပြလိုက်တာမျိုးပဲဖြစ်သည်။

သို့ပေမဲ့ မဏီ အိမ်လာဖြစ်အောင် ဖိတ်ခေါ်လိုက် သော ဝဠ္ဇာ့မှာ တာဝန်အများကြီး ရှိတာပေါ့။

ဆင်ခြင်ရကောင်းမှန်း မသိသည့် ဦးနှောက်လေးဖြင့် အမွှေးလေးက မဖုံးမကွယ် ကွက်ကွက်ကွင်းကွင်းကြီး ပြောလိုက် တာဆိုတော့ ဦးတည် သိပ်ရှက်သွားရှာမှာပဲ။

"နေမြဲ နေရာမှာ ဝင်မဲ့သူဟာ တည်မြဲပဲ ဖြစ်ရမယ်လို့ ပြောတယ် ကိုကိုကြီး၊ ပြီးတော့ သေသွားတဲ့ ညီရဲ့ မိန်း ကလေးကို တစ်အိမ်တည်း ခေါ်တင်ထားတဲ့ တည်မြဲအကြဲ သိပ်ပိုင်တယ်လို့လည်း ပြောတယ်၊ အဲဒါ မဏီက၊ ကျွန်မ ဆို ဒေါသထွက်လို့ သူ့ခေါင်းကို ရိုက်တောင်ခွဲပစ်ချင်တယ်"

အမွှေးလေး စကားကြောင့် တည်မြဲ ရှက်စိတ်ဒေါသ မွန်ထူသွားကာ ဘာ ... ဟု အော်မိပြီး အစအဆုံး ပြန်ပြောနေ မိသည်။



အလျင်ကဆို အိမ်တွင်းရေးတွေ စပ်စုခွင့်မရှိသော အလုပ်သမားတွေ အားလုံးရှေ့မှာ အိမ်တွင်းရေးရဲ့ အဓိကသော့ ချက်တစ်ခု ဖွင့်ပြခြင်း ခံလိုက်ရသလို၊ ပြီးတော့ တည်မြဲ အရှက် နဲ့ သိက္ခာ လုံးဝ ပြိုကွဲကျဆင်းခံလိုက်ရသလို။ အဲသည်ပြဿနာ ဖြစ်ပွားခဲ့တာ တိမ်ဝဠ္ဇာ အပြစ်မကင်း။ သူမကိုက သည် မဏီ ဆိုတဲ့ ကောင်ကို အရေးပေးလွန်းနေခဲ့တာ။

နေမြဲ နေရာမှာ ဝင်မဲ့သူက တည်မြဲပဲ ဖြစ်ရမယ် တဲ့။

ဘယ်လောက် အံ့သြဖို့ကောင်းလိုက်တဲ့ စကားလဲ။ သည်ကောင် မဏီ ဘာလို့ အဲသည်လို စွပ်စွဲရတာလဲ။ သူ စွပ်စွဲ ရအောင် တည်မြဲနှင့် တိမ်ဝဠ္ဇာတို့ရဲ့ အနေအထိုင် ဆက်ဆံရေးက ဘယ်လို မရိုးမသားတွေ ရှိခဲ့လို့လဲ။

သေသွားတဲ့ ညီရဲ့ မိန်းမကို တစ်အိမ်တည်း ခေါ် တင်ထားတဲ့ တည်မြဲအကြံ သိပ်ပိုင်တယ်တဲ့။

ဒါ သိပ်ကိုစော်ကားတဲ့ စကားပဲ။ တည်မြဲရဲ့ စိတ် ထားကို သည်ကောင်က ထွင်းဖောက်သိနိုင်လို့လား။

ဘယ်လောက် စက်ဆုပ်ဖို့ ကောင်းလိုက်သလဲ။

အစဉ်အမြဲ နူးညံ့ သိမ်မွေ့စွာ အေးအေးဆေးဆေး နေခဲ့သော တည်မြဲအတွက် သည်လောက် ဒေါသထွက် ပေါက်ကွဲ မှုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးခဲ့။

မဏီကို အစိတ်စိတ် အမြွာမြွာ ခြေမွပစ်ချင်နေမိ သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်သီးကျစ်ကျစ် ဆုပ်ထားမိလျက် တိမ်ဝဏ္ဏာ ရှေ့မှာ မပေါက်ကွဲမိစေဖို့ အများကြီး ထိန်းချုပ်လိုက်ရသည်။

တိမ်ဝဏ္ဏာ ရှေ့မှာ ပေါက်ကွဲထွက်သွားခဲ့လျှင် ဘာ... ဖြစ်လာနိုင်မည်လဲ။

အုံ့ညစရာ ဆံပင်ရှည်ကြီးများ ကြားမှ တောင်းပန်... လျှို့မှုများနှင့် တည်မြဲကို အားနာကြင်နာရိပ်စွန်းသော မျက်... ကလေး။ တည်မြဲ သိပ်ရှက်သွားမယ်လို့ သူမလေး ယူဆလိုက်... မှာပဲ။

အတိအလင်း စွပ်စွဲစော်ကားခဲ့တဲ့ လူမှုရေးပြဿ... တစ်ခု မဟုတ်လား။ တည်မြဲနဲ့ တိမ်ဝဏ္ဏာကို ပေါင်းယှက် ... လိုက်တာ။

အဲသည် စကားကို ကြားလိုက်ရစဉ်ကရော တိမ်ဝဏ္ဏာ ဘယ်လိုနေမှာပါလိမ့်။ သူမလေးလည်း သိပ်ရှက်ရွံ့သွားရှာမှာ... တည်မြဲနဲ့ တိမ်ဝဏ္ဏာ ကြားက ဆက်ဆံရေးမှာ တစ်ခုခု ဝင်ရော... လာနိုင်မလား။

ထူးဆန်းလှစွာ တည်မြဲ ရင်ထဲ ပူနွေးလှုပ်ရှား... ခဲ့တော့သည်။ ဒေါသစိတ်ကြောင့်လား၊ ရှက်စိတ်ကြောင့်လား... ခံရခက်မှုကြောင့်လား မသေချာ။

သေချာတာကတော့ တိမ်ဝဏ္ဏာ မျက်နှာလေး... မမှုမပျောက်နိုင်လောက်အောင် မြင်ယောင် သနားနေမိသည်။

သူမရဲ့ မျက်ရည်ဟာ တည်မြဲကို အနည်းနဲ့အ... တော့ ကိုင်လှုပ်နိုင်စွမ်း ရှိတာပဲ။ သူမလည်း အနေရခက် ... မှာပဲ။



အထူးသဖြင့် မဏီဆိုတဲ့ကောင်က ရယ်မောလို့... ...ောင်နေဦးမည်။ သည်ကောင့်ကို ... သည်ကောင့်ကို အဲသည် ...အား ပြန်ရုပ်သိမ်းခိုင်းရမည်။ လုံးဝ ပြန်ရုပ်သိမ်းခိုင်းစေရမည်။

စိတ်ကူးထဲမှာ မဏီဆိုတဲ့ ကောင်ရဲ့ မေးရိုးကို ...က်သီးနှင့် အချက်နှစ်ဆယ်လောက် ခပ်ပြင်းပြင်း ထိုးချနေမိ...ည်။

တည်ငြိမ်အေးမြနေတဲ့ အခြေအနေတစ်ခုကို လှုပ်...ပူနွေးစေအောင် လာနှောင့်ယှက်သွားတဲ့ကောင်။

— ၆ —

www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝဠာကို ရုံးခန်းမှာ ချပေးခဲ့ပြီး လိုအပ်တာတွေ ညွှန်ကြားပြသပေးပြီးနောက် တည်မြဲ ပြန်ထွက်ဖို့ပြင်တော့ ...

"ဦးတည် မဏိကို သွားတွေ့မှာလား"

ဟု စိုးရိမ်တကြီးလေး မေးနေသော တိမ်ဝဠာ၏ နှစ်သိမ့် အပြုံးတစ်ချက် ပြုံးကာ ခေါင်းညိတ်လိုက်သည်။ ငွေ မျက်နှာကလေး ဖြူသွားကာ ...

"ဦးတည် မသွားရင်ကောင်းမယ်၊ မဏိက ခပ်ရိုင်းရိုင်းနဲ့ ဦးတည်ကို တစ်ခုခု ရန်ပြုလိုက်မှာ ကျွန်မ စိုးရိမ်တယ်"

"ဦးတည် မသွားရင် ဒီကောင် ပိုပြီး ရောင့်တက်လာမှာ ပေါ့၊ အိမ်တိုင်ရာရောက် လာရန်စသွားတဲ့ ကိစ္စကို ဦးတည် ဘက်က ငြိမ်ခံမနေကြောင်း ပြရမှာပေါ့၊ ဦးတည် ငြိမ်ခံ နေလိုက်ရင် ဟုတ်လို့ ငြိမ်ခံနေတာလို့၊ ဒါမှမဟုတ် သူ့ ကို ကြောက်လို့ ဆိုတာမျိုး သူ ယူဆပြီး ပိုရဲတင်း စော် ကားလာနိုင်မယ်၊ ဒီကိစ္စမှာ ဦးတည် လူကြီးလူကောင်း မဆန်နိုင်ဘူး ဝဠာ၊ လူငယ်တစ်ယောက်လို ဖြေရှင်းရလိ မယ်"

"ကျွန်မလည်း လိုက်ချင်တယ်"



"မင်းကိစ္စမှ မပါဘဲ တိမ်ဝဠာ၊ ဦးတည် ဒီလိုမှ မဖြေရှင်း ရင် တနုံ့နုံ့နဲ့ ခံရခက်နေလိမ့်မယ်"

"ဦးတည်တို့ ရန်ပွဲဖြစ်ဦးမှာလား"

"ဒါတော့ ပြောလို့ ဘယ်ရမလဲ၊ ဒီကောင့်အပေါ်မှာ တည် တယ်၊ ဦးတည်ကတော့ ဒီကောင့်ကို စပြီး မထိုးပါဘူး ဦးတည် တစ်သက်မှာ တစ်ခါမှ ရန်မဖြစ်ခဲ့ဖူးဘူး၊ ရန်ဖြစ် ရလောက်အောင်စော်ကားခံရတဲ့ ပြဿနာမျိုးလည်း မပေါ် ပေါက်ခဲ့ဖူးဘူး"

"ကျွန်မကြောင့် ... ကျွန်မကြောင့်"

"စိတ်အေးအေးထားစမ်းပါ တိမ်ဝဠာ"

တည်မြဲ လှည့်ထွက်လာခဲ့သည်။

ညက တစ်ညလုံး အိပ်မရတာမို့ ခေါင်းထဲ မူးနောက် ကျိန်းရှနေသည်။ ဒီကောင့်ကို ဥပက္ခာပြုနိုင်တဲ့ လူကြီးလူကောင်း စိတ် မွေးလိုက်ရင် ပြေလည်သွားမှာ ဖြစ်ပေမဲ့ ဒီကောင့်ကို ရင်ဆိုင်ဖို့ တိုက်တွန်းနေခဲ့သည်။

ဆတ်ဆတ်ထိမခံ ဖြစ်နေတယ်ဆိုတာ ဒါမျိုးခံစား ချက်လား မသိနိုင်။ စော်ကားသွားမှုကို လုံးဝ သည်းမခံနိုင်အောင် စိတ်ကြွ တင်းမာနေခဲ့မိသည်။

သူ ပြောသွားတဲ့ စကားကို တစ်ချိန်လုံး ကြားယောင် နေကာ ခံပြင်းစိတ်တို့သာ ကြီးစိုးနေခဲ့တာမို့ ဒီကောင်နဲ့ ရင်ဆိုင် ဖြေရှင်းရမှ ခံစားမှုသက်သာနိုင်မှာ။

ကံကောင်းတာလား ကံဆိုးတာလား မသိနိုင်ဘဲ မဏိကို ခြံထဲမှာ အဆင်သင့် တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်းမှာ ချိတ်ဆွဲထားသော သဲအိတ်ကို ထိုးနေသော မဏိက အကျီဗလာနှင့် ...

ဆူဖြိုးသန်မာသော ကြွက်သားတောင့်တင်းတွေနှင့် ဗလကြီး ဖြစ်နေသော မဏိကို စိတ်ကူးထဲကလို အလွယ်တကူ လက်သီးနှင့် မထိုးနိုင်မှာ သေချာသွားသည်။

တည်မြဲက ကွန်ကရစ်လမ်းအတိုင်း ကားကို မောင်းဝင်လိုက်ပြီး မဏိနှင့် မလှမ်းမကမ်းမှာ ရပ်ကာ ကားပေါ်မှ ဆင်းလိုက်သော် မှုန်ကုပ်တင်းမာသော မဏိက လှမ်းကြည့်နေသည်။ တည်မြဲ သူ့ထံ လျှောက်သွားလိုက်ပြီး ...

"မင်းနဲ့ ဆွေးနွေးစရာရှိတယ်"

မဏိက မနီးမဝေး မထိတရှိနှင့် ဟက်ခနဲ ရယ်ချကာ ...

"တိမ်ဝဋ္ဌာ တိုင်လိုက်လို့ လာဆုံးမတာလား၊ ခင်ဗျားဘက်က ဝင်ဆုံးမမဲ့ ဖေဖေလည်း မရှိဘူး၊ ရုံးသွားတယ်၊ မေမေလည်း ဒီနေ့မှ ကိစ္စရှိလို့ အစောကြီး ထွက်သွားတယ်၊ ဒီတော့ အိမ်မှာ ကျွန်တော် တစ်ယောက်တည်း၊ ဖြစ်ရဲ့လား အဲဒီအခြေအနေနဲ့"

"ပိုကောင်းတာပေါ့၊ တို့လူငယ်ချင်းကိစ္စပဲ"

"အိုကေ ... တချို့ ကျွန်တော့်ရန်သူတွေက ဖေဖေ သို့မဟုတ် မေမေနဲ့ တိုင်ပြီး ပြဿနာကို ဖြေရှင်းကြတာဗျ၊ ကျွန်တော်နဲ့ တိုက်ရိုက် ဘယ်တော့မှ မဖြေရှင်းကြတတ်ဘူး၊ ကျွန်တော် လက်မြန်တတ်တာကို ကြောက်လို့"

"မင်းက ခြိမ်းခြောက်နေတာလား"



"သွားစမ်းပါ၊ မဏိမှာ အဲဒီ မိန်းမစိတ် လုံးဝ မရှိဘူး၊ ကဲ ... အိမ်ပေါ်တက်မလား ကိုတည်မြဲ"

"ရတယ်၊ ခြံထဲမှာပဲ ထိုင်ကြတာပေါ့၊ ငါတို့ တိုတိုနဲ့ လိုရင်းပဲ ဆွေးနွေးကြအောင်၊ မနေ့က မင်း အိမ်တိုင်ရာရောက်လာစော်ကားသွားတဲ့ကိစ္စ၊ တိမ်ဝဋ္ဌာနဲ့ ငါ့ကို စွပ်စွဲသွားတဲ့ကိစ္စ၊ အဲဒီကိစ္စကို မင်း ပြန်ရုပ်သိမ်းလိုက်ပါ၊ နေကလေး နေရာကိုဝင်မဲ့ သူဟာ တည်မြဲဆိုတဲ့ စကားရယ်၊ တိမ်ဝဋ္ဌာကို အိမ်ပေါ်ခေါ်တင်ထားတာ အကြံပိုင်တယ်ဆိုပြီး စော်ကားတဲ့ စကားရယ်"

"ကျွန်တော့် စိတ်ထဲမှာ ထင်ထားတဲ့ ကိစ္စကို ဖွင့်ပြောခဲ့တာပဲ၊ ကျွန်တော် မှန်တယ်လို့ ထင်တဲ့ကိစ္စကို ကျွန်တော် ဘယ်တော့မှ မရုပ်သိမ်းတတ်ဘူးဗျ၊ တိမ်ဝဋ္ဌာ ကျွန်တော့်ကို ငြင်းတာ ဒီအချက် ကြောင့်ပဲ ဖြစ်ရမှာပေါ့၊ ဟုတ်တယ် မဟုတ်လား"

တောင်းခနဲ ဒေါသထွက်လာသဖြင့် တင်းနေအောင် ဆုပ်ထားသော လက်သီးကို ဘောင်းဘီအိတ်ထဲ ထိုးသွင်းကာ ထားမိသည်။ ဒီကောင် ဒီလောက် စကားပြောရင့်ပုံနဲ့ ထိုးပွဲတော့ ဖြစ်တော့မယ်နဲ့ တူတယ်။

လုံးဝ လိမ္မာပါးနပ်ခြင်း မရှိတဲ့ကောင် ...

"ကျွန်တော့်ဘဝမှာ အမျှော်လင့်ဆုံးအရာကို တွေ့တာ ဘယ်လောက်တော့ ငါမှ မကြာသေးဘူး၊ မနေ့ကမှ အဲဒီ မျှော်လင့်ချက်တွေက ဖြိုခွင်းတာ ခံလိုက်ရတယ်၊ အဲဒီ မျှော်လင့်ချက်က မဟုတ်တိမ်ဝဋ္ဌာအချစ်လေ၊ ဒါပေမဲ့ သူက

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းပါတယ်ဆိုပြီး ကျွန်တော်တောင် ဖွင့်မပြောရသေး ခင် ငြင်းချပစ်လိုက်တာဗျ၊ သူ့ ဒီလို ရဲရဲဝံ့ဝံ့ ငြင်းနိုင်အောင် ဘာက်ဂရောင်းဒ် ခိုင်ခိုင်မာမာ ရှိနေတာကိုး၊ အဲဒါက ခင်ဗျားပဲ"

"ဟာ"

တည့်မြဲ ခပ်ပြင်းပြင်း ရေရွတ်လိုက်ကာ မဏိကို ဆွဲထိုးမိတော့မလို ဖြစ်သွားသည်။ ချက်ချင်းပဲ ပြန်လည့်ထိန်းချုပ် ရုပ်သိမ်းကာ တောက်ပြင်းပြင်းခေါက်လိုက်မိသည်။

"မင်း စကားပြော ဆင်ခြင်စမ်း၊ ငါ ဒီတစ်ခါဆို သည်းခံ တော့မှာ မဟုတ်ဘူး"

"ဟား ... ကျွန်တော်က ခင်ဗျားထက်တောင် လက်မြန်ပါ သေးတယ်၊ ခင်ဗျား ခြံထဲ ဝင်လာကတည်းက ခင်ဗျားကို ဆွဲထိုးပစ်ချင်နေတဲ့ကောင်၊ ဒါပေမဲ့ တိမ်ဝဋ္ဋာ ကိုရှိ ကျွန်တော် သည်းခံဆွေးနွေးနေတာ၊ ခင်ဗျား မှတ်ထားပါ တိမ်ဝဋ္ဋာနဲ့ ပတ်သက်ပြီးတော့ ခင်ဗျားဟာ ကျွန်တော့် ရန်သူပဲ၊ ခင်ဗျားကို ဒဏ်ရာရအောင် ကျွန်တော် ထိုးလိုက် ရင် တိမ်ဝဋ္ဋာက ကျွန်တော့်ကို အမုန်းကြီးမုန်းသွားမှာ ဒါကြောင့် ကျွန်တော့် လက်တွေကို ကိုယ့်ဘာသာ ပြန်ချုပ် ထားတယ်၊ ဒီအချိန်မှာ ခင်ဗျား ထိုးသွားရင်တော့ ကျွန်တော် ခံလိုက်မယ်၊ ကျွန်တော် တိမ်ဝဋ္ဋာကို အသေ လောက် ချစ်တာဗျ၊ ဒါပေမဲ့ ကျွန်တော် ကံမကောင်းတာ တိမ်ဝဋ္ဋာ အထင်တကြီးနဲ့ အားကိုးချင်နေတာက ကျွန်တော် ဘယ်လိုမှ ဖြစ်မလာနိုင်ဘူး၊ ခင်ဗျားပဲ ဖြစ်လာမှာ"



"မင်း တော်တော့"

တည့်မြဲ ရင်ထဲ ပူနွေးစွာ တုန်လှုပ်လာကာ အော်ဟစ် လိုက်မိသည်။ တဒိတ်ဒိတ် ခုန်လာသော နားထင်စပ်မှ သွေးခုန် ခြင်းများ၊ ဘယ်ဘက်ရင်ဆုံဆီမှ သွေးခုန်ခြင်းများဟာ အိပ်ရေးပျက် တာ၊ ဒေါသထွက်တာလောက်နှင့်တော့ ဒီလောက် မပြင်းထန်နိုင်။ စိတ်လှုပ်ရှားခြင်း ကြီးလာတာပဲဖြစ်မည်။ တောက် ... ဆိုးရွားလှပါ လား။

မဏိကို ထိုးနှက်ဆုံးမလိုစိတ်၊ ဖြေရှင်းတားမြစ်လို စိတ်များကို ဖုံးလွှမ်း အုပ်မိုးလိုသော စိတ်တို့သည် အံ့ဩစရာ ကောင်းလှသော စိတ်လှုပ်ရှားခြင်းတို့ ဖြစ်နေခဲ့သည်။ အတော် လေး ထူးဆန်းပါလား။

ဒီပြဿနာရဲ့ အဆုံးသတ်ဟာ ဘယ်ကို ဦးတည်နေပါ လိမ့်။

"မင်း မှားနေတယ် မဏိ၊ တိမ်ဝဋ္ဋာဟာ မင်းအတွက် မဟုတ်သလို ငါ့အတွက်လည်း မဟုတ်ဘူး၊ သူဟာ အမြဲတမ်း နေကလေးဆိုတဲ့ ငါ့ညီအတွက်ပဲ ဖြစ်ရမယ်၊ သူဟာ ငါ့ညီမလေးပဲ၊ ငါတို့ လုံးဝဖြူစင်သန့်ရှင်းတယ်၊ သူလည်း ဖြူစင်တယ်၊ မင်း ဒီလိုစွပ်စွဲနေဖို့ မကောင်း ဘူး"

"ဟား ဟား ... ဟာသပဲ၊ ကျွန်တော် စောင့်ကြည့်လိုက်ပါ မယ်၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ ဖြူစင်တယ်၊ ဖြူစင်တယ် လို့ အော်ဟစ်နေကြပြီး ရင်ထဲက ဆန့်ကျင်ဘက် ဖြစ်နေ တတ်တာ၊ ခင်ဗျားတို့ ဖြူစင်တယ်ဆိုရင် ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



ပိုတောင် ကျေနပ်တာပေါ့၊ တိမ်ဝဋ္ဋာကို ကြိုးစားလို့ ရစား ပေါ့၊ ခက်တာက တိမ်ဝဋ္ဋာက ဦးတည်ဆိုတာကို ပါးစပ် များမှာ အမြဲကိုးကွယ်နေတာက သံသယဝင်စရာပဲ၊ ကျွန်တော်တောင် မပြောရသေးခင် တားမြစ်ပိတ်ပင်လိုက် တာပဲကြည့်"

"တောက် ... မင်းနဲ့ ဆက်ဆွေးနွေးလို့ မကောင်းတော့ဘူး ထင်တယ်၊ မင်း စော်ကားမှုတွေကို မင်း မရုပ်သိမ်းဘူးပေါ့"

"စော်ကားတာမှ မဟုတ်ဘဲဗျ၊ ခင်ဗျား စေ့စေ့ပြန်တွေးကြည့် ပါ၊ ရေးရေးတော့ ပေါ်မှာပေါ့၊ ကျွန်တော် ရင်အကွဲခံပြီး ခင်ဗျားသိအောင် ပြောပြတာကို ခင်ဗျား ကျေးဇူးတောင် တင်ဦး"

တည်မြဲ မြက်ခင်းပြင်ကို ခြေနှင့် အပြင်းအထန် ခတ်ပစ်လိုက်ပြီး စိတ်တိုစွာ လှည့်ထွက်လာခဲ့တော့သည်။ ကားကို ခပ်ပြင်းပြင်း ဆုတ်အထွက်မှာ ရူးရူးဝါးဝါး အော်ပစ်လိုက်သော မဏိ အသံ နာကျင်ကျင်နှင့် သဲအိတ်ကို ဝုန်းခနဲ ထိုးချပစ်လိုက် သံကို ကြားလိုက်ရသည်။

မဏိရဲ့ ပေါက်ကွဲမှုပါပဲ။ တည်မြဲ ပေါက်ကွဲဖို့ အတွက်တော့ အလွန်ညင်သာသည်နှင့်အမျှ ပြင်းထန်သော အားတစ် မျိုးက ဆွဲသပ်သိမ်းခေါ်သွားခဲ့သည်။

ရုံးခန်းမပြန်တော့ဘဲ ခြံထဲကို မောင်းဝင်ကာ ကိုယ့် အခန်းထဲ ကိုယ် ကမူးရှူးထိုးဝင်သည်။ နေကလေး၏ ဓာတ်ပုံကို ကြည့်ကာ ...

"ကိုကို မှားပြီ"



ဟု ခပ်တိုးတိုး ဝန်ခံလိုက်သံ တိုးတိုးက တည်မြဲ ပေါက်ကွဲမှု အဆုံးသတ်သာ ဖြစ်နေခဲ့တော့သည်။

မဏိ ... မဏိ ... တည်မြဲရဲ့ နှလုံးသား တံခါးများ ကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်ပြသွားခဲ့သည်။ ဖြူစင်ခဲ့သမျှ နှလုံးသား ကို အရောင်ပူပူတွေ ဆိုးသွားခဲ့သည်။

နေကလေးနဲ့ တူလွန်းတဲ့ မျက်နှာကလေးဖြင့် နာကျင် စွာ တည်မြဲကို ကြည့်ကာ ချက်ကျလက်ကျ စွပ်စွဲပြခဲ့တာ နေကလေး ကိုယ်စားလိုပဲ။

တိမ်ဝဋ္ဋာ အထင်တကြီးနဲ့ အားကိုး ချစ်ခင်နေတာက ကျွန်တော် ဘယ်လိုမှ မဖြစ်လာနိုင်ဘူး။ ခင်ဗျားပဲ ဖြစ်မှာတဲ့။

ကိုကို့ကို ခွင့်လွှတ်ပါ နေကလေး။ တိမ်ဝဋ္ဋာကို အိမ်ပေါ် ခေါ်တင်ခဲ့တာ အဲဒီလိုဖြစ်လာဖို့ လုံးဝ မရည်ရွယ်ဘူး။ မင်း ယုံယုံကြည်ကြည် အပ်နှံသွားတဲ့ တိမ်ဝဋ္ဋာကလေးကို ကိုကို သန့်သန့်စင်စင် လေ့လာခဲ့တာပါ။ ကိုကို စီစဉ်သမျှ မှားယွင်းကုန် ပြီလား မသိနိုင်တော့ဘူးကွာ။

ကိုကို့စီမံချက်တွေ အကြံအစည်တွေက စိတ်ကူးယဉ် ဆန်လွန်းခဲ့ပြီလား မသိနိုင်တော့ဘူး။

ဘာပဲဖြစ်ဖြစ် မင်း စိတ်ချထားပါ။ တိမ်ဝဋ္ဋာဟာ မင်းအတွက်သာ ထာဝရ ဖြစ်စေရမယ်။ ကိုကို့အတွက် ဘယ်တော့မှ မဖြစ်လာစေရဘူး။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

မဏီ ပြဿနာကြောင့် တည်မြဲနှင့် တိမ်ဝဋ္ဋာ အနီးဆုံးလည်း နီး… သလို အဝေးဆုံးလည်း ဝေးကွာသွားခဲ့တော့သည်။ သေချာတာတ… ကတော့ တည်မြဲ အတုန်လှုပ်ဆုံးသော အသိတရားတစ်ခု… ရလိုက်ခြင်းပါပဲ။

အလျင်က မုန်းတီးအထင်သေး သံသယထားခဲ့သော… မိန်းကလေးတစ်ယောက်ကို တစ်စထက်တစ်စ နားလည်လာ… ယုံကြည်လာတဲ့အခါ အထင်သေးခဲ့မိတာတွေအတွက် အား… သနားမိခြင်းကနေ မြတ်နိုး အထင်ကြီးမိစိတ်တွေ အမြစ်တွ… ရစ်နှောင်လာခဲ့ပုံက လူမသိ သူမသိစေလောက်အောင် (ကိုယ်တိ… မသိနိုင်ခြင်း၊ ဒါမှမဟုတ် မသိစိတ်ကို အတင်းဖုံးကွယ်ဟန်ဆော… ခြင်းလည်း ဖြစ်နိုင်ခဲ့မည်) တိတ်ဆိတ် ညင်သာလွန်းနေခဲ့သည်…

တိမ်ဝဋ္ဋာလေးနှင့် ထိပ်တိုက် ရင်ဆိုင်ကြုံတွေ့… အခိုက်တွေမှာ မဏီ စကားလုံးပြင်းပြင်းတွေက နှလုံးသား… ကျဲပြန့်မွှေနှောက်ကာ ကယောက်ကယက် ဖြစ်ကုန်ပြီး တည်… မှ မရတတ်တော့ချေ။



အဲဒါ ဆိုးတာပဲ။ နေကလေးသာရှိရင် ပြင်းပြင်း… ခါးခါး စွပ်စွဲလိုက်မဲ့ဖြင့်ခြင်း။

တည်မြဲ ဦးနှောက်ထဲ စိမ့်ဝင် ထိုးဖောက်လာသော… မိန်းကလေးသည် ညီလေး၏ အသက်ထက်ဆုံး ချစ်သူလေးဟူ… သော ဆင်ခြင်မှုတွေက ခိုင်မာသော မြတ်နိုးစိတ်တို့ ယိုစီးလာခြင်း… ကို ကာရံပွံ့ပိုး မထားနိုင်ချေ။

တောက် … မဏီဆိုတဲ့ကောင် သက်သက် ကြိုဟ်ဝင်… မွှေသွားတာ။ ခြံထဲ ဆင်းလျှင် သည်ကောင့် မျက်လုံးတွေနှင့်… ဆုံရမှာ စိုးရိမ်နေတတ်တော့သည်။

တိမ်ဝဋ္ဋာနှင့် ကျပြန်တော့လည်း တည်မြဲ မြတ်နိုး… သော အရာတွေဖြစ်သည့် ပိုးသားဆံပင်နက်ဖြာရှည်တွေ၊ မျက်… …န်းနက်နက် တောက်ပပတွေ၊ နှုတ်ခမ်း မထူမပါး ရဲရဲလေး၊ …ည်တိုင်ရှင်းရှင်းကလေး၊ ပေါ်လွင်သော လည်ပင်း ဟိုဟိုက်… …ကျီခါးတို ပွပွကလေးတွေ၊ ထဘီတိုတိုအောက်မှ ခြေသလုံး… …ျာမွတ်ကလေးတွေ၊ မဟာဆန်သော ဣန္ဒြေသိက္ခာတွေ၊ ရိုးသား… …ပြစ်ကင်းတဲ့ ကလေးဆန်ခြင်းတွေ။ ဒါတွေအားလုံးက …ည်မြဲအာရုံတွေထဲ လှပစွာ ဝင်ရောက်ငြိတွယ်နေခဲ့သည်။

ဟာကွာ … သည်လောက် ထူးဆန်းသာယာဖွယ်… …ာင်းတဲ့ ခံစားချက်မျိုး နေကလေးရဲ့ ချစ်သူ တိမ်ဝဋ္ဋာအပေါ်… … မထားသင့်ဘူး။

ကိုယ်က လူကြီးပဲ။ ထိန်းနိုင်ရမည်။ တိမ်ဝဋ္ဋာဟာ… …ီမလေးပဲ။ မောင်နှမသုံးယောက် ရှိတယ်လို့ သဘောထားလိုက်။ …ိမ်ဝဋ္ဋာလေးက အငယ်ဆုံး ညီမလေး။

www.burmeseclassic.com

www.burmeseclassic.com



တည်မြဲရဲ့ ဖေးမ ယုယမှုတို့က သန့်စင် ရိုးသား [illegible] မည်။ မြတ်နိုးမိသည်ဆိုရင်တောင် ညီမလေးကို မြတ်နိုး [illegible] အစ်ကိုတစ်ယောက်ရဲ့ စင်ကြယ်မှုသာ ဖြစ်ရမည်။

သို့သော် အဲသည်အတွေးတို့က ဘယ်လော [illegible] ကြာရှည်ခိုင်ခံ့နိုင်ပါ့မလဲ။ တိမ်ဝဠာလေး အနားသို့ ရောက် [illegible] တိုင်း မြတ်နိုးစိတ်တို့က တားဆီးမရ။ တည်မြဲကို ဒုက္ခအပေး [illegible] စေဆုံးကတော့ ရှန်ပူရနံ့ အမြဲသင်းပျံ့နေတတ်တဲ့ သူမ [illegible] တံကောက်ခွက်အထိ ဖြာကျနေတဲ့ ဆံပင်နက်နက်တွေပဲ။ [illegible] မောင်းတဲ့အခါ ပိုဆိုးသည်။

လေတိုးတော့ အဲသည် ဆံပင်ကြီးတွေက ဝဲလွင့် [illegible] ရှားကာ ဆံစကလေးတွေက တည်မြဲ ပခုံးတစ်ဝိုက်၊ ရင်ဘတ် [illegible] အထိ လာရောက်ငြိတွယ် ကျီစယ်နေတတ်သည်။

ဒုတိယ ဒုက္ခကတော့ သူမရဲ့ နှုတ်ခမ်းသား [illegible] ဖောင်းကလေး။

စကားပြောတိုင်း မျက်နက်ကလေးဝင့်လျက် [illegible] ခမ်းဖောင်းကြွကလေး လှုပ်ရှားနေပုံက တည်မြဲ မျက်နှာလွှဲထား [illegible] တောင် အရိပ်ထင်နေမြဲ။ အဲဒါ သူမရဲ့ ထူးခြားသော ညို့ [illegible] တွေ။ အလျင်က ဒါတွေကို တည်မြဲ သတိမထားမိခဲ့။

နေကလေးရဲ့ ပိုင်ဆိုင်မှုဆိုတဲ့ အသိစိတ်က [illegible] ရောက်ရောက် ရှိနေခဲ့တာပဲ။ သတိထားမိခဲ့လျှင်တောင် မသိ [illegible] တွင်းလောက်မှာပဲ ရှိနေနိုင်မည်။

မဏီနှင့် ပြဿနာတက်ပြီးတော့မှ အဲသည် တည် [illegible] ရဲ့ မသိစိတ် တံခါးတွေပါ ပြိုကွဲပွင့်ဟကုန်တော့တာ။ တိမ် [illegible]



[illegible] င် ပက်သက်သမျှသော ဆက်ဆံရေးတွေမှာ မြတ်နိုးမှု ဆိုတာ [illegible] ပါဝင်လို့ မရတော့။

ရနိုင်သမျှ အသိစိတ်က ဖုံးကွယ်ကာကွယ်မိသော် [illegible] သည်း မလွယ်ကူတော့။

တောက် ... အဲဒါကိုက ဘယ်လောက် စိတ်တိုစရာ [illegible] ကောင်းလိုက်သလဲ ...

မဏီ ပြဿနာနောက်ပိုင်း တိမ်ဝဠာက သူ့အပြစ် [illegible] ခံယူပုံဖြင့် တည်မြဲကို မျက်နှာလုပ် အရိပ်ကြည့်လာတတ်တော့ [illegible] ဆိုးသည်။ အထူးသဖြင့် တည်မြဲ ဗီဒီယို ကြည့်နေတတ်ချိန်တွေ [illegible] လှမ်းမကမ်းမှ ကြမ်းပြင်ပေါ် ဆံပင်ကြီးများပါ ပုံခွေကျလျက် [illegible] င်ကာ တည်မြဲ လက်ဆောင် ခွေးရုပ်ကလေးနှင့် ကစားနေတတ် [illegible] သာ တိမ်ဝဠာသည် မြတ်နိုးဖို့အကောင်းဆုံးသော ကလေးမကလေး [illegible] နေတော့လေသည်။

"ဦးတည် လုပ်တာနဲ့ ကျွန်မတော့ သူငယ်ပြန်ပါပြီ"

ဟုလည်း ချွဲနွဲ့ကလေးနှင့် ဆိုတတ်သေးသည်။

"ကျွန်မ မဏီနဲ့ မခေါ်တော့ဘူး၊ သိလား ဦးတည်"

ဟု မျက်ခုံးကလေးပင့်ကာ ဆိုလိုက်လျှင် တည်မြဲရဲ့ [illegible] သော နှလုံးသားကို တူးဖော်လိုက်သလို ရှိတတ်သွားသည်။

"ဦးတည်"

သူမအကြောင်း တွေးတောနေချိန်မို့ သူမ အသံ [illegible] လိုက်တော့ တည်မြဲ တုန်ခနဲ ဖြစ်သွားကာ လှည့်ကြည့် [illegible] သည်။ ဆံပင်ရှည် နက်နက်တွေကြားမှ မျက်နှာကလေးက [illegible] နီးစရာကောင်းလိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



"ပြော ... တိမ်ဝင္ဇာ"

ခေါင်းတစ်ချက် ဆတ်ပြရင်း ဆိုလိုက်တော့ တည်မြ ဘေးမှာ ဝင်ထိုင်လိုက်ကာ ဆံပင်ကြီးတွေကို မနိုင်မနင်းဖြ အနောက်သို့ ပစ်ရင်း ...

"ဦးတည်ကို တစ်ခုခွင့်တောင်းစရာရှိလို့၊ ရလား"

"ရတာပေါ့၊ ဦးတည် ပေးရမှာပေါ့"

"ဟိုဒင်း၊ ကျွန်မ ရုံးကနေ ခွင့်နှစ်ရက်လောက် ယူ တာပါ"

"ဘာဖြစ်လို့လဲ၊ ဦးတည် သိခွင့်ရှိမလား"

"ဟုတ်ကဲ့၊ ဂျက်တို့ ထိုင်းကို သွားတော့မှာ ဦးတည် အဲဒါ သူ သွားခါနီး၊ နှစ်ရက်လောက် ကျွန်မကို သူ့ အတူ ရှိစေချင်လို့တဲ့၊ အတင်းခေါ်နေတာနဲ့၊ သူလည်း ဦးတည်ကို လာပြောလိမ့်မယ်"

"သြော် ... ဂျက်စီကာက သွားတော့မှာလား၊ ဘယ်နေ့"

"ဖိန်းနွှဲခါ၊ ဒါကြောင့် သူနဲ့ နှစ်ညအတူ အိပ်စေချင်နေ ကျွန်မ မရှိရင် ဦးတည် ပင်ပန်းမှာစိုးလို့ ကျွန်မ ငြင်း သေးတယ်၊ မရတာနဲ့ ဦးတည်ကို ခွင့်တောင်းကြည့်

ခွင့်တောင်းပုံကလေးကိုက တည်မြ ခေါင်းညိတ် သား ဖြစ်စေလောက်အောင် အပြစ်ကင်းချစ်စဖွယ် ချိုသာနေ တာ။ ကာလကြာရှည်သည်နှင့်အမျှ သည်မိန်းကလေးရဲ့ နူးညံ့လွှမ်းတာကလေးက တစ်စထက်တစ်စ ပေါ်လွင်လာ နေကလေး တစ်ရှူးထိုး စွဲမက်မြတ်နိုးခဲ့တာလည်း အဲဒီအရည်အ လေးတွေကြောင့်ပဲ နေမှာပဲဟု တွေးတောလာမိရင်းက ကိုယ်



လည်း အဲဒီအရည်အသွေးတွေကို မြတ်နိုးလာမိတာ တားဆီးမရ နိုင်တော့။

"သွားလေ၊ တိမ်ဝင္ဇာ သွားရမှာပေါ့၊ ဦးတည် ခွင့်ပြုပါတယ်"

ဒုက္ခပါပဲ၊ ဒီမိန်းကလေး မျက်လုံးတွေက စကား ပြောတဲ့ အမျိုးအစားထဲကပါလား။

အရည်တလက်လက်နှင့် အဲဒီ မျက်လုံးထဲက တစ်စုံ တစ်ခု ဖိတ်စဉ် လျှံကျလာတော့မဲ့အတိုင်း။ ပြီးတော့ အဲဒီမျက် ရည်တွေထဲမှာ စကားတစ်ခွန်းလောက်ကတော့ ပျော်စီမ့်ဝင်နေမြဲ။

ခုလိုအချိန်မျိုးမှာ တည်မြအတွက် သူမ မျက်လုံးက အဆုံးအဖြတ် စီရင်ချက်တစ်ခု ဖြစ်နေတော့သည်။

သူမက စကားပြောရင် မျက်လုံးချင်းဆုံပြီး ပြော တတ်တဲ့ အကျင့်ရှိပုံနှင့်တော့ တည်မြ ဒုက္ခရောက်တော့မှာပဲ။ ဘာလို့ မင်း မျက်လုံးက ဒီလောက် ထူးခြားနေသလဲ တိမ်ဝင္ဇာ။

"ကျေးဇူးပါပဲ ဦးတည်၊ ကျွန်မ ဒီညနေကတည်းက သွား လိုက်မယ်နော်"

တည်မြ ခေါင်းအညိတ်ကို စောင့်ကြည့်ပြီးမှ ထွက်ခွာ သွားသော တိမ်ဝင္ဇာရဲ့ ကျောဘက်က ဆံပင်နက်ပြောင်ပြောင်တွေ ထဲမှာ တည်မြဆီက တစ်ခုခု ချိတ်ခိုပါသွားသလို ရှိသည်။

အင်း ... မင်း မရှိတဲ့ နှစ်ရက်ကို ငါ ရင်ဆိုင်ဖြတ် သန်းကြည့်ရဦးမှာပေါ့ တိမ်ဝင္ဇာလေး။

❦ ၉ ❦

www.burmeseclassic.com

www.burmeseclassic.com



ဂျက်တို့ အိမ်ရောက်တော့ မောင့်ကို သတိမရဘဲ မနေနိုင်။ ဂျက်တို့ တိုက်ခန်းကလေးကလည်း ဝဋ္ဋာ့ဘဝမှာ အကြီးအကျယ် အထိရောက်ဆုံးသော အစိတ်အပိုင်းကလေးပဲ မဟုတ်လား။ မောင်နှင့် ပတ်သက်သော အမှတ်ရစရာတွေများစွာ ဒီအခန်းကလေးထဲမှာ ဖြစ်ပွားခဲ့သည်နော်။

မောင် သေဆုံးပြီဆိုသော သတင်းကို ဒီအခန်းကလေးထဲမှာ ရင်ဆိုင်တွေ့ကြုံရပြီး၊ လောင်မြိုက် ဆွေးမြည့်ခဲ့ရတာတွေ၊ စတဲ့ အနိဋ္ဌာရုံတွေ ရှိခဲ့သလို မောင်နှင့် နှစ်ဦးဘဝကလေး စခဲ့သော နေရာကလေးသည်လည်း ဒီအိမ်ကလေးပင် ဖြစ်ခဲ့သည်။

မောင်နှင့် ဝဋ္ဋာတို့ ခိုးပြေးလာတော့ ဂျက်တို့အိမ်မှာပဲ ပုန်းအောင်းနေခဲ့သည်။

ဂျက် ဒယ်ဒီနှင့် မာမီက ဝဋ္ဋာ့ကို သမီးအရင်းလို ချစ်ခင်နေတာအပြင် ချစ်သူဘဝတုန်းက မောင်နှင့် ဝဋ္ဋာ့က ဂျက်အိမ်မှာပဲ မကြာခဏ ဆုံတွေ့နေကျမို့ မောင့်ကိုပါ ခင်မင်နေတာကြောင့် အရာရာ အဆင်ပြေ ချောမွေ့ခဲ့ရသည်။

ထာဝစဉ် အစ်ကိုကြီးရဲ့ ရင်ငွေ့မှီလျက် ရှင်သန်ကြီးပြင်းခဲ့သူမို့ မောင်က အပြင်အလုပ်ရှာဖို့ထက် သူ အားကိုး



တကြီး ရှိတတ်လွန်းသော သူ့ကိုကို ပြေလည် လက်ခံဖို့ကိုသာ ပိုကြိုးစားခဲ့၏။

“အလုပ်မရှာတာ လက်ကြောမတင်းချင်လို့ လုံးဝမဟုတ်ဘူး ဝဋ္ဋာလေး၊ မောင်ရတဲ့ အလုပ်ကလေးနဲ့ ဝဋ္ဋာ့ဘဝလေးကို ဘယ်လိုမှ တည်ဆောက်ပေးနိုင်မှာ မဟုတ်ဘူး၊ ဝဋ္ဋာလေး ဆင်းရဲမယ်၊ ကျောင်းဆက်တက်ဖို့ အခက်အခဲတွေရှိမယ်၊ ဝဋ္ဋာ့အ[illegible] လက်ထဲက ဆွဲခေါ်ထုတ်ခဲ့ပြီးမှ မောင့်လက်ထဲမှာ [illegible]ဆင်းရဲနေရမှာကို မောင် မလိုလားဘူး၊ သူတို့ထက် အများကြီးသာအောင်၊ ဝဋ္ဋာလေး လက်မထောင်နိုင်အောင် ကိုကို ပြန်လက်ခံဖို့ ကြိုးစားနေတာပါ၊ လက်မခံတောင်မှ အလုပ်ကောင်းကောင်း ရှာနိုင်မယ်ကွာ၊ အဲဒီအတွက်ပါ”

ဟု ဆိုပြီး ဝဋ္ဋာတို့ ရုံးတက်လက်မှတ်ထိုး၊ မင်္ဂလာဆွမ်းလေးဘာလေး ဘာညာကျွေးပြီး သူ့ကိုကို ခွဲမရအောင် ခိုင်မြဲသွားပြီးတဲ့ နောက်မှာ မောင်က သူ့အစ်ကို အိမ်ကို ပြန်ဝင်ထွက်နေခဲ့သည်။ အံ့သြစရာ အကောင်းဆုံး တစ်ချက်က မောင်က ဝဋ္ဋာ့ကို သူ့အစ်ကိုနဲ့ ပေးတွေ့ဖို့ မကြိုးစားခဲ့ခြင်းပါပဲ။

အဲဒီကတည်းက ဝဋ္ဋာ သဘောပေါက်နေခဲ့ပါသည်။ မောင့် အစ်ကိုက ဝဋ္ဋာ့ကို လုံးဝ သဘောမတူ၊ အသိအမှတ်မပြု ဥပေက္ခာ ပြုထားခြင်းပဲ။

“ကိုကိုနဲ့ ညှိလို့မရဘူး ဖြစ်နေတယ်ကွာ၊ ကိုကိုက တစ်ယူသန် စွဲနေတာခက်တယ်”

အပြင်က ပြန်လာတိုင်း မျက်နှာညိုကာ ညည်းညူတတ်ရှာတဲ့ မောင့်ကို ဝဋ္ဋာ စိတ်အနှောင့်အယှက် မပေးလို။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မောင် စိတ်အေးအေးထား၊ ဝဋ္ဌာ အလုပ်လုပ်မယ်"

"ဟာ ..."

မောင့်ခန္ဓာ ခပ်ယိုင်ယိုင်ပင် လည်သွားကာ ဝဋ္ဌာ့ကို တုန်လှုပ်ဖွယ်အကောင်းဆုံး အရာတစ်ခုကို ကြည့်သူတစ်ယောက်၏ မျက်လုံးမျိုးဖြင့် မှင်တက်စွာ ငေးကြည့်ရင်း ...

"ဝဋ္ဌာ ဘယ်လိုပြောလိုက်တာလဲ၊ [illegible] အလုပ်လုပ်မယ် ဟုတ်လား၊ မောင် တည်ဆောက်ပေးမဲ့ ဘ[illegible] အဲဒီလို ဘဝမျိုးလို့ ဝဋ္ဌာ ယူဆတာလား၊ မင်း အဲဒီလို ပြော[illegible] တာ မောင့်ကို အထိဆုံးပဲ"

ခေါင်းလေးတခါခါဖြင့် မောင် ထိခိုက်သွားရှာတာမို့ ဝဋ္ဌာ နောင်တအကြီးအကျယ် ရနေခဲ့သည်။

"ဝဋ္ဌာ အဲဒီလိုဆိုလိုတာ လုံးဝ မဟုတ်ဘူး၊ ယုံ မောင်ရယ် ဒါပေမဲ့ အဲဒီစကားပြောလိုက်လို့ မှားသွားတာကတော့ သေချာတယ်၊ မောင် စိတ်ပင်ပန်းနေလို့ ဝဋ္ဌာ မကြည့်ရက်လို့ ပြောမိသွားတာ"

"မောင် ဆုံးဖြတ်သမျှ ဝဋ္ဌာ့ဘဝလေး လှပစေဖို့ချည်းပါပဲ ကိုကိုနဲ့ အပေးအယူတစ်ခု ရှိတယ်၊ တည့်သွားရင် မောင် အလုပ်ရမှာ၊ အဲဒီအခါ ဝဋ္ဌာလေးလည်း ကိုကိုနဲ့ [illegible] လည်အောင် ကြိုးစားခွင့်ရှိလာလိမ့်မယ်၊ ဒါပေမဲ့ မောင်တို့ တစ်ခုခုတော့ အနစ်နာခံရလိမ့်မယ်"

"ဘာအပေးအယူလဲဟင်၊ ဝဋ္ဌာ သိခွင့်မရှိဘူးလား"



"ဆောရီးပဲ ဝဋ္ဌာလေးရယ်၊ အလုပ်ကိစ္စရဲ့ ထိပ်တန်းလျှို့ ဝှက်ချက်ဖြစ်နေလို့ မောင့်မှာ ပြောခွင့်မရှိဘူး၊ စိတ်မဆိုးနဲ့နော်"

"ရပါတယ် မောင်ရယ်၊ ဘာဖြစ်ဖြစ် မောင့် အလုပ်ရဖို့က အရေးကြီးတာပါ"

အဲသည်နောက်ပိုင်း နှစ်လနီးပါးလောက် မောင် ခြေချင်းလိမ်နေအောင် အလုပ်များနေခဲ့သည်။

မနက်မိုးလင်းကထွက်၊ ညနေမိုးချုပ်လောက်မှ ပြန်ရောက်လာတတ်တော့ မောင် အလုပ်ရနေပြီလို့တောင် ဝဋ္ဌာ မှတ်ထားခဲ့တာ။ မောင့်မျက်နှာကို မှန်လို အရိပ်ကြည့်ကာ မောင် ပျော်ရွှင်ဖို့ပဲ ဦးတည်ချင်သူမို့ ဘာမှ စစ်ဆေးစပ်စုမပြခဲ့ဘဲ အလိုက်သင့် ဖြစ်နေခဲ့သည်။

မောင့်ရဲ့ နောက်ဆုံးရက်မတိုင်မီ ရက်များကတော့ ခြောက်သွေ့တိတ်ဆိတ်သည်နှင့်အမျှ မောင့် အချစ်များနှင့် ယုယမှုများကြောင့် ဘာကိုမှ နိမိတ်မဖတ်မိ၊ မရိပ်မိလောက်အောင် ဝဋ္ဌာ ယစ်မူးသာယာနေခဲ့မိသည်။

မောင့်အပြုအမူများက ခုမှ ပြန်တွေးကြည့်လျှင် သူ့ရဲ့ နောက်ဆုံးအချိန် ဆိုတာကို ကြိုသိနေသလို အစွမ်းကုန် အလိုလိုက် ကြင်နာပေးသွားမှန်း သိသာလာရသည်။

မောင် ခရီးထွက်တော့မယ်လို့ မပြောမီ နှစ်ရက် အလိုလောက်မှာ မောင် သူ့ကိုကိုဆီမှာ အချိန်မဖြုန်းတော့ဘဲ ဝဋ္ဌာနှင့်သာ အချိန်တွေ ကုန်လွန်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝဋ္ဌာ့ကို အရိပ်ကြည့်ကာ ဈေးအတူလိုက်ဝယ်ပေး အပြင်ထွက်လည်ပတ်၊ ကလေးတစ်ယောက်လို ဝဋ္ဌာ့ကို ပြုစုအငယ် လိုက်၊ ထမင်းခွံ့၊ ရေမိုးချိုး၊ သနပ်ခါး လိမ်းပေး စတာတွေကို အဖေကြီးတစ်ယောက်လို ပုံစံမျိုးဖြင့် အစွမ်းကုန် ကြိုးပြနေတာကို အဲသည်တုန်းက သံသယဝင်တတ်ခဲ့ပြီး ...

"မောင် ဘာဖြစ်နေသလဲဟင်"

ဟု အတင်းမေးပစ်ခဲ့မိရင် ဘယ်လောက် ကောင်း လိုက်မလဲနော်။ ညဘက် ဝဋ္ဌာ အိပ်စက်နေပြီအထင်နှင့် ဝဋ္ဌာ့နှုတ် လေး၊ ဆံစလေးတွေကို တိတ်တဆိတ်နမ်းရင်း မျက်ရည်ကျတော် သော မောင့်ကို ဝဋ္ဌာ အံ့ဩနေခဲ့သည်။

သို့သော် အဖြေကို ဘာမှ မကြာသော ကာလမှာ သိခွင့်ရခဲ့သည်။ အဲဒါကတော့ မောင့်ကိုကိုနှင့် မောင် အဆင်မချော် ကြောင်းနှင့် မောင် မိုးကုတ်ဘက်သို့ ခရီးထွက်ရတော့မည့်အကြောင်း ပဲ ဖြစ်လေသည်။

"မောင် မရှိရင် ဝဋ္ဌာလေး နေတတ်ပါ့မလား"

မောင်က ပူပန်စွာ မေးနေတာမို့ ဝဋ္ဌာလေး အနည်း ငယ် ရယ်မောနိုင်အောင် ကြိုးစားလျက် ...

"နေတတ်အောင် ကြိုးစားရမှာပေါ့"

သို့သော် ဝဋ္ဌာ ဘယ်လိုမှ မနေတတ်မှာ သေချာပြီ မောင် စိတ်ချလက်ချ ခရီးထွက်နိုင်အောင်၊ နောက်ဆံမတင်း အောင် ပြောသော စကားသာဖြစ်သည်။ မောင်က မျက်နှာညှိုး သွားပြီး ...



"မောင် အမြဲတမ်း မရှိရင်လည်း ဝဋ္ဌာလေးက အမြဲတမ်း နေတတ်အောင် ကြိုးစားမယ်ပေါ့၊ မောင့်ကို သတိရလွမ်း ဆွတ်မနေဘူးပေါ့"

"အို ... မောင်ရယ်၊ ရှင့်မှာ ဒီထက်ကတ်သတ်တဲ့ စကား မျိုး မရှိတော့ဘူးလား၊ ကျွန်မ မနေတတ်ဘူးလို့ ဖြေရင် မောင် စိတ်မဖြောင့်မှာစိုးလို့ သင့်တော်မဲ့ အဖြေကို ပေးတာကို"

ရင်ထဲက ဝမ်းနည်းအားငယ်မှုကို မောင် မသိအောင် ဖုံးအုပ်ကာကွယ်ထားရခြင်းကို မောင် နည်းနည်းမှ မရိပ်မိဘူးတဲ့ လား။ ရင်ထဲနဲ့ ဆန့်ကျင်ပြီး ပြုံးနေတဲ့ နှုတ်ခမ်းရအောင် မောင် ကပင် သင်ကြားပေးသွားခဲ့တာပါ။

မောင် ထွက်သွားတဲ့နေ့က ကိုသက်နိုင် မောင့်ကို လာခေါ်တော့ ...

"ကျွန်မလည်း လိုက်ပို့ချင်တယ်"

ဟု ပူဆာခဲ့တော့ မောင့် မျက်နှာလေးက ငိုမလို မှောင်ညို့သွားလိုက်တာလေ။ မောင် ငိုချလိုက်မလားဟုပင် ဝဋ္ဌာ စိုးထိတ်နေခဲ့သည်။ သို့သော် မောင် မငိုခဲ့ပါ။ ဝဋ္ဌာ့ ခေါင်းလေးကို ပွတ်သပ်နှစ်သိမ့်ကာ ...

"ဆိုင်ကယ်နဲ့ တစ်ခါတည်း တက်မှာ ဝဋ္ဌာလေးရဲ့၊ လိုက်ပို့စရာ မလိုဘူးလေ၊ ဝဋ္ဌာလေး လိမ်လိမ်မာမာနေနော်၊ မောင့်ကို အမြဲသတိရနေ"

မောင် ကျောခိုင်းထွက်သွားတော့ မောင့်ကျောပြင် ကလေးကို ငေးကြည့်ကာ ဝဋ္ဌာ ကျန်ရစ်သည်။ ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာနိုင်တော့အောင် ကျောခိုင်းသွားမည် ဆိုတာ အဲသည်တုန်းက ဘယ်မျှော်လင့်ခဲ့မလဲ။ မောင် ပြန်လာမည်ဟုပင် ယုံကြည်အားတင်းနေနိုင်ခဲ့သည်။

မောင်ရေ ... ကျွန်မ အမြဲသတိရလွမ်းဆွတ်နေစေအောင် မောင် စီမံသွားခဲ့တာနော်။ ကျိန်စာတစ်ခုလို မောင့်ကို ကျွန်မ စွဲလမ်းတမ်းတနေမိတော့တာ။

❧ ၉ ❧



ပထမဆုံး တွေ့ရသော တည်မြဲ ဒုက္ခက ဘာအလုပ်မှ ဖြောင့်ဖြောင့် စိတ်မဝင်စားနိုင်ခြင်းပါပဲ။ အာရုံအားလုံးက တိမ်ဝဠာဆီသို့သာ ဦးတည်နေခဲ့သည်။

အလုပ်မှာ အယောင်ယောင်အမှားမှား အထိးကျန်နေတာတင် မဟုတ်။ တစ်သက်လုံး နေထိုင်လာခဲ့ဖူးသော အိမ်ကြီးကပင် တိမ်ဝဠာကို အဆုံးစွန် သတိရခြင်းများဆီသို့ တွန်းပို့နေခဲ့သည်။ သခင်မဲ့နေတဲ့ ခွေးရုပ်ကလေး။ လက်ခုပ်သံ နုနုကလေးကို ကြားယောင်သည်။

ပြီးတော့ ရှားပါးတွေ့ခဲလှတဲ့ တံကောက်ခွက်ထိပ်ဖြာထူနက်မှောင်နေတဲ့ ဆံပင်ကြီးများ၊ ခါးတိုပွပွ အင်္ကျီလေးတွေ၊ ဆန်းကြယ်တဲ့ မျက်ဝန်းတွေ၊ ဖောင်းကြွနှုတ်ခမ်းကလေး။ ကျွတ် ... သေတော့မှာပဲကွာ။ ဘယ်လိုမှကို ချုပ်ထိန်းမရတဲ့ အဆုံးစိတ်ကို အစွမ်းကုန် လွှတ်ပေးလိုက်ကာ အမြဲတမ်း သတိရနေစေတော့သည်။

အကြီးမားဆုံး ဒုက္ခကတော့ ထမင်းစားပွဲမှာ ထမင်းစားတဲ့အချိန် ဟင်းဦးချထည့်ပေးတဲ့ လက်သွယ်သွယ် ဖြူဖြူကလေး။ ရောက်တတ်ရာရာ စကားလေး တစ်ခွန်းစ နှစ်ခွန်းစကို ရယ်မောပြောဆိုတတ်လာဟန်ကလေး။

www.burmeseclassic.com

www.burmeseclassic.com



"ဦးတည် ကြိုက်တတ်တာလေးတွေ ပြောပြထားဦးနော်

ကျွန်မ ဟင်းချက်တတ်ရင် ချက်ကျွေးလို့ရအောင်"

ပြုံးစိစိကလေးနှင့် အလောင်းအစား လုပ်ထားခဲ့တာ တွေ၊ လုံးဝ ပျင်းရိဖွယ် မရှိဘဲ စိုပြည်သာယာသည့် ထမင်းဝိုင်း ကလေး ဖြစ်ခဲ့တာမို့ အထီးကျန်ခြင်းက ပိုမို သိသာစေတာပဲ။ နှစ်ရက်ဆိုသောကာလဟာ တည်မြဲအတွက် သည်လောက်ကြီးကျယ် ထိရောက်နေတာ ဘယ်လောက် တုန်လှုပ်ဖို့ ကောင်းလိုက်သလဲ။

အရေးထဲ မဏီဆိုတဲ့ ကောင်က တိမ်ဝဠာကို မတွေ့တာမို့ ဖုန်းဆက်မေးသေးသည်။ တည်မြဲက ကံဆိုးစွာ ဖုန်းကိုင်မိလျက်သား ဖြစ်ခဲ့ရသည်။

"တိမ်ဝဠာ ရှိလား"

မဏီမှန်း မသိသေးခင် ယောကျာ်းသံဖြစ်၍ တိမ်ဝဠာ ကို မေးခြင်းခံလိုက်ရတာမို့ ထောင်းခနဲ စိတ်တိုသွားရသည်။

"မရှိဘူးကွ"

ဖုန်းချပစ်ဖို့ ပြင်ဆဲ ...

"ဩော် ... ကိုတည်မြဲ ထင်တယ်၊ ကျွန်တော် မဏီပါဗျာ တိမ်ဝဠာ ဘယ်သွားလဲ၊ မတွေ့လို့ မေးကြည့်တာပါ"

"အပြင်သွားတယ်ကွာ"

ခပ်ပြတ်ပြတ်ပြောပြီး ဖုန်းချပစ်လိုက်သည်။ ရင်ထဲ သတိရလွှမ်းစိတ်က အရာအားလုံး ကြေမွနေသလို ရှိသည်။

ချစ်သူကို သတိရလွမ်းဆွတ်နေရင် အမှတ်တရ တစ်ခုခု လုပ်လေ့ရှိကြသည်ဟု တည်မြဲ ကြားဖူးနားဝ ရှိနေခဲ့တာ မို့ တိမ်ဝဠာအတွက် ဘာလုပ်ရင် ကောင်းမလဲ စဉ်းစားနေခဲ့မိ၏။



နောက်တော့ ခြံထဲ ဆင်းပြီး အိုးအသစ်ကလေး တစ်လုံးနှင့် ပန်းပင်ကလေးတစ်ပင် ခွဲစိုက်နေမိသည်။ အင်မတန် ပြုစုရင်ပြီး အပြစ်ကင်းတဲ့ နှင်းဆီဖြူမျိုးလေ။

အဲဒါက တိမ်ဝဠာ့အပေါ်မှာ ဘယ်လို အစွန်းအထင်း မှ မထားတတ်တော့ဘူးဆိုတာကို လုပ်ဆောင်လိုက်မိတာပဲ။

တကယ်ဆို ပန်းစိုက်တဲ့အလုပ်ဟာ သိပ်ကို နူးညံ့ မိန်းမဆန်လွန်းသည်ဟု နားလည်သိရှိနေခဲ့လျက် ဖြစ်အောင် စိုက်ခဲ့၏။

မင်းနဲ့ နှစ်ရက် ခွဲလိုက်ရတဲ့ အထိမ်းအမှတ်ပေါ့ တိမ်ဝဠာ။

အဲသည် နှစ်ရက်က ပို့ဆောင်ပေးလိုက်တဲ့ အသိ စိတ်ကတော့ ကိုယ့်ရဲ့ဘေးမှာ မင်း မရှိရင် မနေတတ်တော့မဲ့ လူတစ်ယောက်ဟာ သူ့ညီကလေးအတွက် ဆင်ခြင်တဲ့တရား များစွာဖြင့် မင်းကို ရှောင်ခြင်းအားဖြင့် မင်းမရှိရင် နေတတ်လာ အောင် ကြိုးစားလေ့ကျင့်ဖို့ ဆုံးဖြတ်လိုက်မိခြင်းပါပဲ။

မင်းနဲ့ ရင်းနှီးခင်တွယ်နေလို့ မဖြစ်တော့ဘူး တိမ်ဝဠာ။

❧ ၉ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၇)

သည်နေ့ ကားစမောင်းမည့် နေ့မို့ တုန်ချည့်ချည့်ဖြင့် ရင်ခုန်မှု ရသည့်အထဲ အနောက်က ကားတစ်စီးက ကျော်ဖြင့်မတက်ဘဲ ဟွန်းစွတ်တီးနေတာမို့ ဝင္ဇာ တောက်ခေါက်ပစ်လိုက်သည်။

စိတ်က ပြန်ကြမ်းတမ်းချင်လာပြီ။ ကြမ်းမှာပေါ့။ ဦးတည် လုပ်တာ ဟုတ်မှ မဟုတ်ဘဲ။

ဂျက်တို့အိမ်က ပြန်လာကတည်းက ဦးတည် ဆက်ဆံရေးက ပြန်လည်အေးစက်သွားခဲ့သည်။ အပိုအလိုမရှိ ဆက်ဆံရေး ကာ ရှောင်နေသလိုမျိုးတောင် ဖြစ်နေတာကြောင့် ဝင္ဇာ နားလည်ပေး ခက်နေခဲ့သည်။

ဂျက်နှင့် နှစ်ည သွားအိပ်ပြီး အလုပ်တွေ ပစ်ထား လို့များ ဦးတည်က မကျေနပ်တာလား တွေးကာ ဝင္ဇာ အလုပ်ကို ဂရုစိုက်ခဲ့သည်။ သို့သော် အကြောင်းထူးမလာ။

ဦးတည် ရှောင်နေတာ ပိုသိသာလာသည်။ ဦးတည် က ဒွေးနံ့ပါတ် ပါပလေကာတစ်စီး ဆွဲချလာကာ ...



"မင်း ကားမောင်းတတ်ပြီဆိုတော့ ကိုယ့်ကားကိုယ် မောင်း ပေတော့ကွာ"

ဟု ဆိုသည်။ ဝင္ဇာ အံ့အားသင့်သွားစွာဖြင့် ...

"ဘာဖြစ်လို့လဲ ဦးတည်၊ ကျွန်မတို့ နေသားကျနေပြီ မဟုတ်လား၊ ဦးတည်ပဲ အရေးအကြောင်းကျ ကားမောင်း ရမှာဆို၊ ကျွန်မကို အဲဒီလို ကားပေးပြီး ကိုယ့်ကားကိုယ် မောင်း လုပ်ခိုင်းမယ်ဆိုတာသာ ကြိုသိရင် ကားမောင်းသင် ခဲ့မှာ မဟုတ်ဘူး၊ သိလား"

"စိတ်မဆိုးစမ်းပါနဲ့ကွာ၊ ကိုယ့်ကား ကိုယ်မောင်းရမှာ စိတ်ချမ်းသာပါတယ်၊ ကိုယ့်ကိစ္စကိုယ် လုပ်နိုင်တာပေါ့၊ နို့မို့ မင်း သွားချင်တာရှိရင် ဦးတည်ကား အားတဲ့အထိ စောင့်ရတာဆိုတော့ အလုပ်မဖြစ်ဘူးလေ"

"ဘာပဲဖြစ်ဖြစ် ဒီကား ကျွန်မ လက်ခံနိုင်မှာ မဟုတ် ဘူး"

"ဘာကြောင့်လဲ"

"ကျွန်မ ဝင်ငွေက ကားတစ်စီး ဝယ်နိုင်လောက်စရာ မရှိ သေးလို့ပေါ့၊ ဒီကားကို ဦးတည် ကျွန်မ နာမည်နဲ့ ဝယ် လာတာ မဟုတ်လား"

"မဟုတ်ဘူးလေ၊ မင်း ဒီအချိန်ရောက်လာမှ ဒါတွေ မတွက်ပါနဲ့တော့ကွာ၊ ကိုယ် ဝယ်ပေးရမဲ့ တာဝန်ရှိတယ်၊ ကိုယ့်ရဲ့ အတွင်းရေးမှူး တစ်ယောက်အနေနဲ့ရော ကိုယ့် လက်ဆောင်ကို မင်း လက်ခံသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ လက်ဆောင်လို့ အမည်တပ်ရလောက်အောင် မသေးငယ်ဘူး ဦးတည်၊ ကျွန်မ လိပ်ပြာမသန့်လို့ လက်မခံပါရစေနဲ့"

"မင်း ယူကို ယူရမယ်"

"လုံးဝ ငြင်းတယ်"

"ဟာကွာ"

ဦးတည် အကျပ်ရိုက်သွားတာကို ဝဥ္ဇာ မျက်လုံးကလေး မေ့းစင်းကာ စိုက်ကြည့်နေလိုက်သည်။

ကောင်းတယ်။ ဦးတည် သည်လောက်တော့ စိတ်အနှောင့်အယှက် ဖြစ်ဦးပေါ့။ ကိုယ့်ကိုယ်ကိုယ် ဦးတည်လို့ ပြောနေရာကနေ ကိုယ်ဆိုတဲ့ သူစိမ်း အသုံးအနှုန်း ပြောင်းသုံးတာကို ကျွန်မ အနှောင့်အယှက် ဖြစ်ရသလိုပေါ့။

"ကဲ ... ဒီလိုလုပ်၊ မင်း အရစ်ကျ ပြန်ဆပ်ချင် ဆပ်ကွာ၊ ဟုတ်လား၊ ဒါ နောက်ဆုံး လိုက်လျောခြင်းပဲ၊ ဒါကို ငြင်းရင် မင်းနဲ့ ကိုယ်နဲ့ ကြားမှာ အကြီးအကျယ် ပဋိပက္ခတွေ ဝင်လာနိုင်ပါတယ်"

အဲသည်လို ခြိမ်းခြောက်ခဲ့တာမို့ နောက်ဆုံး သဘောတူလိုက်ကာ ဝဥ္ဇာ အရစ်ကျ အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ရလေသည်။

"တီမ်ဝဥ္ဇာ"

ဟော ... ခုနက ဟွန်းသံကျယ်နှင့် နှောင့်ယှက်နေသော ကားက လက်စသတ်တော့ မဏိ ကားကိုး။



ဝဥ္ဇာ နှုတ်ခမ်းစေ့ခါ ကားကို အရှိန်မြှင့်လိုက်သည်။ ရှေ့တည့်တည့်ကို အာရုံစိုက်ခြင်းဖြင့် မဏိကို ဥပေက္ခာပြုထားလိုက်သည်။

"ပြိုင်မောင်းမလား"

ကားချင်းယှဉ်ကာ ဘယ်တုန်းက ပြဿနာ မဖြစ်ခဲ့ဖူးသလို စကားလာဆိုနေတာမို့ ဝဥ္ဇာ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ချနိုင်အောင် ကြိုးစားရသည်။ ဦးတည်ကို ကတိပေးထားမိတဲ့အတွက် ကတိတစ်ခု တည်ချင်သည်။ သို့သော် မောင့်လို မျက်နှာလေးကို တွေ့နေရလျက်နှင့် စကားမပြော မနေးမောရဘူးဆိုရင် ဘယ်လောက်များ နာကျင်ဖို့ ကောင်းလိုက်မလဲနော်။

ဝဥ္ဇာ့ကားက မီးနီကို ကျော်ဖြတ်မိသွားပြီးမှ ဘရိတ်ဆွဲသံ ကျယ်လောင်စွာ ထွက်လာကာ နောက်ပြန်ဆုတ်သည်။ မဏိ ခေါင်းပြူထုတ်ရင်း ...

"ဘာတွေ စဉ်းစားတွေဝေနေရတာလဲ၊ ဒုက္ခများတော့မှာပဲ"

"ရှင့်အပူလား"

ဝဥ္ဇာ မဏိဘက်သို့ မျက်နှာတော့ လှည့်လိုက်ပြီး မျက်လုံးက မဏိဆီ မရောက်စေဘဲ ခပ်လွှဲလွှဲထားကာ လှမ်းရန်ထောင်လိုက်သည်။ မီးက မစိမ်းနိုင်သေးတာမို့ မျက်နှာကို ရှေ့တည့်တည့်ထားရင်း မဏိ အလွယ်တကူ လက်လျှော့မသွားရင် ဘာလုပ်ရပါ့မလဲဟု တွေးတောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဝဋ္ဌာ ... ခင်ဗျား ကျွန်တော့်ရဲ့ အရွှံ့ကို ကိုယ်ချင်းစာတတ်ရင် အနည်းဆုံးတော့ စကားပြောခွင့် ပေးသင့်တယ် အင်းလျားဘက်ကို မောင်းသွားနော်"

"မမောင်းရင် ..."

"မမောင်းရင် သိပ်ရက်စက်တဲ့ မိန်းမတစ်ယောက် လှလှပပလေး နှောင့်ယှက်ရလိမ့်မယ်၊ ဥပမာကွာ ခင်ဗျား ရုံးခန်းထိ လိုက်လာမှာမျိုး"

"ရှင် သိပ်ရိုင်းပါလား"

"မဏိတို့လောကမှာ ဒါအယဉ်ကျေးဆုံးပဲ၊ ခင်ဗျား Gentleman ကြီးနဲ့တော့ လာယှဉ်လို့ မရနိုင်ဘူး ဟုတ်ရဲ့လား"

"မဏိ ရှင် စကားကြည့်ပြော"

"ကြည့်ပြောနေတယ်၊ မီးစိမ်းနေတဲ့အတွက် ကျေးဇူး တစ်ဆိတ် အင်းလျားဘက်ကို မောင်းပါ"

"လူဆိုး၊ ပြန်ပေးသမား"

ဝဋ္ဌာ စိတ်တိုစွာ စွပ်စွဲလိုက်တော့ မဏိ ခေါင်း လှန်ကာ ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ သို့သော် မောလိုက်တာမျိုးနှင့်လည်း တူမလာဘဲ နာကြည်းစွာ ညည်း လိုက်တာနှင့် တူနေတော့သည်။ နောက်ဆုံးမှာတော့ ဝဋ္ဌာရဲ့ က အင်းလျားဘက်သို့သာ ဦးတည်နှင့်ပြီး ဖြစ်သွားရသည်။

မဏိ မျက်နှာပဟာ မောင်နှင့် တူနေသမျှ ဆုံးဖြတ်ချက်တွေ မှားယွင်းနေဦးမှာ သေချာပါသည်။



အင်းလျားကန်စပ်နားမှာ ကားကို ဆောင့်ရပ်ပြီး ဝဋ္ဌာ ကားနောက်ပိုင်းကို ဝင်ကျူးတော့မလို ကြမ်းတမ်းစွာ ကပ်လာသော မဏိကားကို ထိတ်လန့်တကြား ကြည့်ကာ ကျိန်ဆဲပစ်မိသည်။ ကားပေါ်က မဆင်းဘဲ မဏိ ဆင်းအလာကို စောင့်ကြည့်နေလိုက်သည်။

မဏိက ကားပေါ်မှ ဆင်းလာကာ မီးခိုးရောင် သက္ကလတ်အပါးစား ဘောင်းဘီခပ်ပွပွရဲ့ ဘေးအိတ်နှစ်ဖက်ထဲ လက်ထည့်ကာ မှုန်ကုပ်ကုပ် မျက်နှာထားနှင့် ကားပေါ်မှ ဝဋ္ဌာ ကို စိမ်းနေအောင် ကြည့်လျက် လျှောက်လာသည်။

ကားဘေးရောက်တော့ ကိုယ်ကို ကိုင်းချကာ ...

"ဒီလောက် စိမ်းကားသွားလိမ့်မယ်လို့ မျှော်လင့်မထားတာ အမှန်ပဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလဲ၊ ခင်ဗျားကို ချစ်ရေး ဆိုဖူးခဲ့သလား၊ ခင်ဗျားရဲ့ ဂုဏ်သိက္ခာကို ထိခိုက်စေမဲ့ အပြုအမူမျိုးကို ပြုမူခဲ့ဖူးသလား၊ ကျွန်တော့်ကို တကယ် မခင်ချင်တော့ဘူးလားဗျာ"

မဏိရဲ့ မှုန်ကုပ်ကုပ် မျက်နှာနှင့် စူးလက်သော မျက်ဝန်းတွေက တဖြည်းဖြည်း လျော့ရဲပျော့ကျလာကာ မှုန်မှိုင်းစ ပြုလာတော့သည်။ နီပြေပြေသမ်းတဲ့ နှုတ်ခမ်းကလေးက မောင် နှင့် တူလှပါလား။ ဘုရားရေ ... ဝဋ္ဌာ မပြစ်မှားမိစေနဲ့နော်။ မဏိ နှုတ်ခမ်းက နာကျင်မှုတို့ စွန်းထင်းနေသည်။ မဏိ မျက်ဝန်းတွေက နီရဲနေသည်။ မောင့်လိုတော့ နူးညံ့သိမ်မွေ့မနေပါ။

"ကျွန်မ ပြောဖူးတယ်လေ၊ ဖြူစင်တဲ့ သူငယ်ချင်းတွေအဖြစ် ကျွန်မတို့ ခင်ကြစို့လို့၊ ဒါပေမဲ့ ဒီနေ့ မဏိ ပြုမူလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်က သူငယ်ချင်းတစ်ယောက်နဲ့ မတူဘူး၊ မိန်းကလေး တစ်ယောက်ကို အနိုင်ကျင့် ခြိမ်းခြောက်တဲ့ လူဆိုး တူတယ်၊ အဲဒါကို ကျွန်မ စိတ်ခုတယ်"

ဝဏ္ဏာ မဏိရဲ့ နှုတ်ခမ်းထောင့်စွန်း နေရာလေး စိုက်ကြည့်ပြီး ပြောသည်။

"တိမ်ဝဏ္ဏာ အဲလို ယူဆလိုက်တဲ့အတွက် ကျွန်တော် စိတ်မကောင်းဘူး၊ ဆောရီးပဲ၊ ကျွန်တော့်ဘက်က လုပ်နိုင် အခွင့်အရေးက အဲဒီ ချွေးချယ်မှုပဲ ရှိတယ်လေ၊ ခင်ဗျား ကျွန်တော့်ကို ရှောင်နေတယ်၊ ကျွန်တော် တောင်း အခွင့်အရေးကို ခင်ဗျား အလွယ်တကူပေးမှာမှ မဟုတ်တာ ကျွန်တော့်လို လုံးဝ ရှုံးနိမ့်ထားတဲ့ လူတစ်ယောက်အတွက် ဒီလောက်တော့ တောင်းဆိုရလိမ့်မယ်လေ၊ ကျွန်တော် ခင်ဗျားနဲ့ စကားအရမ်းပြောချင်နေတာ"

"ကဲပါ ... ကျွန်မတို့ အချိန်မဖြုန်းကြစို့နဲ့၊ ကိုးနာရီ ကျွန်မ ရုံးတက်ရမယ်၊ ခု ရှစ်နာရီဆယ့်ငါး၊ ဆယ့် မိနစ်လောက် စကားပြောခွင့် ရမယ်လေ၊ မဏိ ပြော တော့"

"ပြောရမယ်၊ ခင်ဗျားက အဲလို ထိုင်ပြီး ကျွန်တော် ဒီလို ခပ်ကိုင်းကိုင်းပုံစံနဲ့လေ၊ အဲဒီလိုလား၊ ခင်ဗျား ဆင်းဖို့ စိတ်ကူးလေး မရှိဘူးလား"

"ကျွတ် ... မဏိဟာလေ၊ ကျွန်မတို့ ချစ်သူတွေမှ မ တာ၊ ပြီးစလွယ်ပဲ ပြောကြစို့လေ၊ ဘာလို့ အတူတွဲ မလဲ"



"ဟာသပဲ၊ ခင်ဗျား ဒီတစ်ချက် ညံ့သွားပြီ၊ ခုပုံစံမှ ချစ်သူတွေပုံစံ ပေါက်နေတာ၊ စိတ်ကောက်နေတဲ့ မိန်းကလေးကို ချော့နေတဲ့ ချစ်သူက ကျွန်တော့်ပုံစံ ဖြစ်သွားရော"

"လဲသေလိုက်ပါလား"

မဏိ မချိတရိ ရယ်မောနေသည်။

"ဆင်းလိုက်ပါဗျာ၊ ခင်ဗျားနဲ့ တစ်ပေအကွာမှာ ရပ်ပြီး ကျွန်တော် စကားပြောမယ်"

ဝဏ္ဏာ သက်ပြင်းတစ်ချက်ချကာ ဆင်းလိုက်သည်။ ထူးတော့ပါဘူးလေ။ ကားတံခါးမှာ မှီရပ်ပြီးချိန်မှာ မဏိက နောက် တ်သွားသည်။ ထို့နောက် စကားပြောဖို့ နှုတ်ခမ်းပြင်လိုက်စဉ်...

"မဏိ ... ဆယ့်ငါးမိနစ်ပြည့်ပြီ"

"အား ... ကောင်းပြီ တိမ်ဝဏ္ဏာ၊ ကျွန်တော်တို့ အရင်အခြေအနေ ပြန်ရသွားပြီလို့ ကျွန်တော် ယုံလိုက်ပြီ"

မဏိက အနည်းငယ် ခပ်ရွှင်ရွှင်ဖြင့် ဒူးကလေး ကာ ယိမ်းနွဲ့ပြလိုက်လေသည်။

ဝဏ္ဏာ ပေါ့ပါးစွာ ရယ်မောလိုက်မိပြီး ဦးတည်အတွက် တိကို ပိပိပြင်ပြင် ချိုးချပစ်လိုက်တော့သည်။ ဦးတည်ကို ခံလိုက်မယ်လေ။ ပြီးတော့ မဏိနဲ့ ခင်မင်ခြင်းကို မတားဆီး ခွင့်တောင်းလိုက်တော့မယ်။

အတိုက်အခံ ပြုရရင်လည်း ပြုရပါစေ။ မဏိကို မထားရက်ဘူးလေ။ ပိုသေချာတာက ဘယ်တော့မှ ချစ်သူလို မလာနိုင်မဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ အရှုံးတွေကို ဝဏ္ဏာ ရက်စက်စက် ဥပေက္ခာ မပြုရက်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကျွန်တော် စပြောမယ်၊ ပြောမယ် ဆိုတာကလည်း တောင်းပန်ချင်တာပါ၊ ဖြစ်ခဲ့တာတွေ အားလုံးအတွက် ကျွန်တော် တောင်းပန်ပါတယ်၊ တိမ်ဝဋ္ဌာကို ချစ်နေတဲ့ အချစ်ကတော့ ပြန်ရုပ်သိမ်းလို့ မရနိုင်တော့တာ သေချာတယ်၊ အဲဒီနေ့တုန်းက ဖွင့်တောင်မပြောရသေးခင် တားဆီးငြင်းဆိုလိုက်တာ ခံရတော့ ကျွန်တော် သိပ်ရှက်သွားခဲ့ရတယ်၊ ဒါကြောင့် ရှက်ရမ်းရမ်းမိသွားတာလို့ နားလည်ပေးနော် ဟုတ်လား၊ ကျွန်တော့် ရင်ထဲက အချစ်တွေကိုတော့ အမြဲတမ်း ကြွေးကြော်နေမိမှာပဲ၊ ဒါကိုတော့ မတားဆီးပါနဲ့၊ ခင်ဗျားဆီက ဘယ်တော့မှ မရနိုင်တော့ဘူးဆိုတာကို ကြိုသိနေတဲ့ အဖြေအတွက်လည်း စိတ်ချထားပါ၊ ကျွန်တော် ဘယ်တော့မှ မတောင်းပါဘူး၊ ဘယ့်နှယ်လဲ၊ ကျွန်တော် လိမ္မာရဲ့လား၊ အထင်ကြီးစရာ တစ်ကွက်တလေလောက် မရနိုင်ဘူးလား"

တဟက်ဟက် (နာကျင်စွာ) ရယ်မောပြီး ညိုဝေသော မျက်လုံးများဖြင့် နမြောစုံမက်စွာ ကြည့်နေသော မဏိကို ဝဋ္ဌာ အားတင်းပြုံးပြဖို့ ကြိုးစားမိသည်။

မိန်းကလေး ရှားပါးတဲ့ မဏိအတွက် အရှုံးကို နှစ်သိမ့်ပေးဖို့ ပြုံးပြရမယ်လေ။ သို့ပေမဲ့ ဟန်ဆောင်ဖို့ ကြိုးစားတာမို့ပဲလားမသိ။ နှုတ်ခမ်းဆီသို့ ထင်သလောက် အင်အားရှိတဲ့ အပြုံးမျိုး တက်မလာခဲ့ပါ။ ဝဋ္ဌာ အပြုံးခပ်မဲ့မဲ့ ဖြစ်သွားမှာ ကိုယ့် ဘာသာ ခံစားကြည့်လို့ ရနေသည်။



"မဏိကို ကျွန်မ ဘယ်တုန်းကမှ အထင်မသေးခဲ့ဖူးဘူး ထင်တယ်၊ မဏိ ဆက်ဆံရေးညံ့တာ၊ စကားပြော မှားတာ တွေကို ရှုတ်ချဖူးတာလောက်ပဲ ရှိခဲ့မှာပါ၊ အဲဒါ အလွန်ဆုံးပါပဲ၊ ကျွန်မ တွေ့ဖူးသမျှထဲမှာ အထူးခြားဆုံး ဖြစ်နေခဲ့တဲ့ မဏိကို ကျွန်မ မြင်ကတည်းက သံယောဇဉ် ရှိခဲ့တာပါ၊ မောင်နဲ့ တူနေတဲ့ အချက်ကြောင့်လည်း ပါတာပေါ့လေ၊ ကျွန်မ ဝန်ခံပါတယ်"

"တစ်ဆိတ် ကျေးဇူးပြုပြီး ကျွန်မလို့ မပြောပါနဲ့လား၊ ကျွန်တော့်အတွက် အဲဒါကြီးက သိပ်ထောင့်တာပဲ၊ နားထဲမှာ"

"စိတ်မဆိုးနဲ့နော်၊ ကျွန်မ ဦးတည်ကိုတောင် ကျွန်မနဲ့ပဲ သုံးတာ၊ တစ်သက်လုံး သုံးလာတာဆိုတော့ အကျင့်ပါနေပြီလေ၊ မောင် ရှိတုန်းကတောင် မောင် အမြဲလိုက်ထောက်ပေးနေရတာတောင် စိတ်လွှတ်သွားတဲ့ အမှတ်တမဲ့ အချိန်မျိုးမှာ ကျွန်မလို့ပဲ မောင့်ကို သုံးတာ၊ ဟင်း ဟင်း"

မောင့်ကို သတိရစိတ်နဲ့ ဝဋ္ဌာ လွမ်းဆွတ်စွာ ရယ်မောပစ်လိုက်သော အသံထက်ပင် နာကျင်လှစွာ မဏိ ရယ်သံက ခပ်အက်အက် ထွက်ပေါ်လာခဲ့လေသည်။ အဲဒီနောက် မဏိက ခါးတစ်ချက်ညွတ်ကာ ...

"ဆယ့်ငါးမိနစ် အတိပဲနော်၊ ခွင့်ပြုတဲ့အတွက် ကျေးဇူးပါပဲ၊ တိမ်ဝဋ္ဌာ သွားလိုရာ သွားနိုင်ပါပြီ"

မဏိ ပြောပုံကြောင့် ဒီကနေ့အဖို့ ပထမဆုံး အကြိမ် ခင်မင်စိတ် ကြီးသွားရလေတော့သည်။ ကားပေါ် ကိုယ်စီ

www.burmeseclassic.com

www.burmeseclassic.com



တက်ကာ တစ်ယောက်ကိုတစ်ယောက် နားအလည်ဆုံး ဖြစ်သွားလေ၏။

ပြေလည်ကြစို့ မဏိရေ … တကယ်တမ်းကျတော့ ကျွန်မလည်း ရှင့်ကို မခေါ်မပြော ဥပေက္ခာ ပြုရက်နိုင်လောက်အောင် နလုံးသား မမာကျောနိုင်သေးဘူး။ ဘာလို့ဆို ရှင်ဟာ မောင်နဲ့ တူနေခဲ့တယ် မဟုတ်လား။ အဲသည် အချက်က သေသည်အထိ ကျွန်မကို ရူးနှမ်းနေစေတော့မှာ။

၈



"တောက်"

ရိုပ်မိဖို့တော့ ကောင်းတယ် တိမ်ဝဠာ။ တကယ်တမ်း မင်းကို ဘယ်လိုမှ စိတ်ချလက်ချ လွှတ်မပေးရက်တဲ့ ကြောင့်ကြပူပင်စိတ်နဲ့ မင်းရဲ့ ကားနောက် မလှမ်းမကမ်းက ငါ ပါလာတာကို သာ ပတ်ဝန်းကျင် စူးစမ်းအာရုံခံမှု ကောင်းကောင်းနဲ့ မင်းမြင်ခဲ့ရင် မဏိနဲ့ စကားပြောဖို့ မကြိုးစားမှာ သေချာပါတယ်။ ဒါက ငါ့တွက်ကိန်း။ မှားရင်လည်း မှားနိုင်မယ်လေ။ မဏိဆိုတာနဲ့ မင်း လှုပ်လှုပ်ရှားရှား ရှိနေတတ်တာ။

မင်းကိုက … မင်းကိုက မဏိကို နေကလေးဆိုပြီး မသိစိတ်နဲ့ စွဲလမ်းနေတာပါ။ ငါ သဝန်တိုတာ အပြစ်လားကွာ။

နေကလေးနဲ့ ပတ်သက်ရင် ငါ့မှာ ပူပန်ခွင့် အပြည့်အဝရှိရမယ် မဟုတ်ဘူးလား။

ငါ မြတ်နိုးတဲ့ အရာကလေးကို သူများ ဦးသွားမှာ နှမြောစိုးရိမ်စိတ်နဲ့ မနာလိုဝန်တို ဖြစ်မိတယ်ဆိုရင်ကော၊ အဲသည် လောက်ကလေးတောင် ငါ့မှာ ခံစားခွင့် မရှိနိုင်ဘူးလား ချစ်သူမိန်းကလေးရယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးမိသည်မှအပ ဘာမှ မမျှော်ကိုးတဲ့ (မျှော်ကိုးခွင့်လည်း လုံးဝ ရှိမလာနိုင်တဲ့) လူတစ်ယောက်ရဲ့ ရင်ထဲကို မင်းဝင်ကြည့်လှည့်စမ်းပါ တိမ်ဝဋ္ဌာ။

မင်း ဦးတည်ကို အနည်းဆုံးတော့ အားနာစာနာချင်သွားမှာပါ။ မင်း မမြင်ဆေရအောင် သိမ်းဝှက် ဖုံးကွယ်ထားရတဲ့ ရင်ခွင်တစ်ခုရဲ့ လှုံခြုံမှုဟာ ဘယ်လောက်အထိ တာရှည်နိုင်ပါ့မလဲ။

တတ်နိုင်သမျှ သက်တမ်းရှည်နိုင်အောင်တော့ ငါကြိုးစားတာပဲ။

မင်းနဲ့ မဏိ ပတ်သက်နေသမျှ ငါ ကာကွယ်ထိန်းသိမ်းနိုင်မှု သက်တမ်းကလေး မကြာရှည်နိုင်မှာ ကြိုမြင်နေလေရဲ့။

မင်း ဆင်ခြင်နားလည်တတ်ရင် သိပ်ကောင်းမယ် တိမ်ဝဋ္ဌာ။

"ဦးတည် ကျွန်မကို ခေါ်တယ်ဆို"

ထုံးစံအတိုင်း ဆံပင်ရှည်ကြီးက သူမရဲ့ ဝိသေသတစ်ခုအဖြစ် ဝဲကျလျက် အခန်းဝမှာ ခေါင်းကလေး စောင်းငဲ့ပေါ်လာ၏။

တစ်နေ့လုံး ရုံးခန်းမှာ ခေါ်ပြော ဆူပစ်ချင်စိတ်တွေကို ထိန်းသိမ်းကာ အိမ်ရောက်တဲ့အထိ ပျိုးယူ သယ်ဆောင်လာခဲ့တာမို့ သူမကို အမြင်မှာ တည်မြဲ ပြန်လည် စိတ်တိုလာရတော့၏။

ခပ်စိမ်းစိမ်း နေပါတော့မယ်ဆိုခါမှ မပတ်သက်ဘဲမနေနိုင်။



မဏိနှင့် သူမ တွဲယှဉ်လျက်တွေ့တိုင်း နေကလေးကိုယ်စား သဝန်တို မုလိုလားမှုတွေ ဖြစ်လာတတ်တာက လိုအပ်တာထက်များ ပိုနေနိုင်မလား မသိ။

တည်မြဲရဲ့ ခံစားချက်က ဖြစ်သင့်တာထက် ပမာဏပိုများနေတာတော့ အမှန်ပဲ။

ဘယ်လောက်များ ဆိုးရွားခက်ခဲ လိုက်သလဲကွာ။ သည်မိန်းကလေးကို မြတ်နိုးသွားမိခြင်းက တည်မြဲအတွက် အဆိုးရွားဆုံးသော အမှားတစ်ခုပါပဲ။

ကိုယ့်ဒဏ် ကိုယ်ပြန်ခတ်သလို ဖြစ်နေတော့တာ၊ နေကလေးအပေါ် မတရားတောင်းဆိုခဲ့မိလို့များလား။ သိပ်ချစ်ကြတဲ့ ကလေးနှစ်ဦးကို တည်မြဲက ကိုယ်ခံစားခဲ့ရဖူးတဲ့ ဒဏ်ရာအစွဲနဲ့ သံသယများစွာဖြင့် ခွဲခွာပစ်ခဲ့မိသည်။

အမှားဆုံးက တိမ်ဝဋ္ဌာကို လျှော့တွက်ခြင်းနဲ့ တည်မြဲကတော့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး အပိုင်တွက်ခဲ့မိခြင်းပါပဲ။ တိမ်ဝဋ္ဌာဟာ သည်လောက် မြတ်နိုးတန်ဖိုးထားစရာ ကောင်းနေလိမ့်မယ်လို့ မတွက်ခဲ့ဖူးသလို၊ တည်မြဲအဖို့ တိမ်ဝဋ္ဌာကို ဘယ်လိုနည်းနှင့်မှ မြတ်နိုးတွယ်တာနိုင်စရာ မရှိဟု တစ်ထစ်ချ ယုံကြည်ချက်နှင့် တိမ်ဝဋ္ဌာကို လေ့လာစမ်းသပ်ဖို့ နေကလေးနှင့် သဘောတူနိုင်လောက်တဲ့ အရည်အချင်းမျိုး၊ တိမ်ဝဋ္ဌာဆီမှ ရှာဖွေဆန်းစစ်ဖို့ တည်မြဲ စီစဉ်ခေါ်ယူခဲ့မိတာ။

အားလုံးဟာ တည်မြဲကိုယ်တိုင် ဖန်ဆင်း အတွက်ချခဲ့တာပဲဖြစ်သည်။ အဲသည်အကွက်ရဲ့ ရလဒ်ဟာ အမှားအယွင်းတစ်ခုဆိုလည်း အဲသည်အမှားကို ဘယ်သူမှ ခံစားရမှာ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



တည်မြဲတစ်ဦးသာ ရရှိခံစားရမှာဖြစ်သည်။ အဲသည် အမှားဆိုတာကလည်း ဘာများ ဖြစ်နိုင်ဦးမလဲ။ တိမ်ဝဋ္ဌာကို မြတ်နိုးနှစ်လိုသွားခြင်းပဲပေါ့။

သည်လိုဆိုရင် အဲသည်အမှားရဲ့ ရလဒ်ဖြစ်တဲ့ မြတ်နိုးမိသည်မှအပ တည်မြဲ ဘာမှ မရနိုင်တော့ဘူးပေါ့။

"ဦးတည်"

ထာဝစဉ် တစ်ခုခုကို ဖုံးကွယ်ရိပ် လွှမ်းနေတတ်သော ဦးတည် မျက်လုံးများက ဝဋ္ဌာ့ဆီမှာ အတော်လေး ကြာရှည်နေသဖြင့် ဝဋ္ဌာ တစ်ချက် သတိပေး လှမ်းခေါ်လိုက်၏။

ဦးတည် တစ်ချက် လှုပ်ရှားသွားကာ ...

"ထိုင်ဦး တိမ်ဝဋ္ဌာ၊ မင်းကို ပြောစရာရှိတယ်"

ဝဋ္ဌာ ဆက်တီနိုကလေးပေါ် ထိုင်ချလိုက်စဉ် ဦးတည်က ဝဋ္ဌာ့ကို လက်ညှိုးထိုးကာ ပေါက်ကွဲချင်သော အသံတစ်ခုဖြင့် ...

"မင်း ကတိ လုံးဝမတည်ဘူး"

"ဟင် ... ဦးတည် ဘာပြောလိုက်တာလဲ၊ ဪ ... မဏီနဲ့ ကျွန်မကို ဦးတည် မြင်လိုက်သလား"

"မင်း ချက်ချင်း သဘောပေါက်လိုက်ပုံက မင်း အာရုံထဲမှာ မဏီဆိုတဲ့ကောင် အမြဲဝင်နေတယ် ထင်တယ်၊ ဟုတ်ရဲ့လား"

"မဟုတ်ဘူး ဦးတည်၊ ဦးတည်ကို ကျွန်မ ကတိဖျက်လိုက်မိတာတော့ သေချာပါတယ်၊ ဒါပေမဲ့"



"မင်းက ကတိတစ်ခုကို လွယ်လွယ်ပေးပြီး လွယ်လွယ် ဖျက်နေကျလား"

"ဦးတည် ရန်မစနဲ့နော်၊ ကျွန်မ ပြောတာကို နားထောင်ပေးပါဦး၊ ဦးတည် မဏီကို ဘာကြောင့် ဒီလောက် မလိုလားနေသလဲဆိုတာ ကျွန်မ စဉ်းစားလို့မရဘူး"

တည်မြဲ ကျောမလုံဖြစ်သွားရသော စိတ်နှင့် နှုတ်ဆိတ်သွားရလေသည်။

တိမ်ဝဋ္ဌာဆိုတဲ့ မိန်းကလေးကလည်း အကင်းပါးထက်မြက်လှပါလား။

တစ်ခုခုဆို သူမ လွယ်ကူစွာ အထာပေါက် ထွင်းဖောက်မြင်နှင့်ပြီးပြီ။

ခုလည်း မဏီနှင့် အပြင်းအထန် သဝန်တိုနေတတ်သော တည်မြဲရဲ့ ရင်တွင်းကို သူမ အကဲခတ်နေပြီလား။ သို့သော် တည်မြဲ အတတ်နိုင်ဆုံး ဟန်ဆောင်ပြုံးပြရင်း ...

"မင်း နေကလေးရဲ့ ဖနီးဆိုတာ မေ့မထားနဲ့လေ"

"ဦးတည် သတိပေးတာတောင် နောက်ကျနေပြီ"

"ဒါဆို မဏီနဲ့ ကိစ္စကို မင်း မဆင်ခြင်သင့်ဘူးလား"

"ဆင်ခြင်တယ်ဆိုတဲ့ စကားကို ဦးတည် ဘာပေတံနဲ့ တိုင်းပြီး ပြောတာလဲ၊ ကျွန်မ သဘောမပေါက်ဘူး၊ မဏီကို ကျွန်မ သူငယ်ချင်းလိုတောင် ခင်ခွင့်မရှိတော့ဘူးလား၊ မဏီအပေါ် ကျွန်မ အရှမ်းရိုးသားတာ ကျွန်မတစ်ယောက်ပဲ သိပါတယ်၊ ကျွန်မ ဆင်ခြင်တာကိုလည်း ကျွန်မပဲ

www.burmeseclassic.com

www.burmeseclassic.com



သိတာပဲပေါ့ ဦးတည်၊ ကျွန်မကို ဒီအခွင့်အရေးလေးတော့ ပေးပါ"

"ဒီအခွင့်အရေးလေး ပေးရမယ်"

တည်မြဲ ခပ်ယောင်ယောင် ရေရွတ်မိလျက် တိမ်ဝဋ္ဌာ မျက်နှာကို ငေးမောနေမိသည်။

ငါ ချစ်တဲ့ မိန်းကလေးကို တခြားကောင် တစ်ကောင်နဲ့ တွဲသွားတွဲလာ ခင်မင်ဆက်ဆံဖို့ ငါက အခွင့်အရေး ပေးရမယ်။

"လုံးဝ မဖြစ်နိုင်ဘူး၊ ဟိုတစ်လောက မင်းပဲ မဏိနဲ့ လုံးဝ မဆက်ဆံတော့ဘူးဆို၊ နေကလေးနဲ့ တူတဲ့ ဒီကောင် မျက်နှာကို ဥပေက္ခာပြုလိုက်ပါမယ်ဆို၊ မင်းပဲ ကတိပေးခဲ့ တာ မဟုတ်လား"

"အဲဒီအတိုင်းသာ ထောက်ပြကြစတမ်းဆိုရင် ဦးတည်လည်း ကတိပျက်ခဲ့တာပဲ၊ ဦးတည်ပဲ ပဋိပက္ခ မဖြစ်စတမ်း၊ ဒီ ဒီအိမ်မှာ ဦးတည်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်းမို့ ပြေလည်ဖို့ ဘာညာ ပြောခဲ့ပြီး ဦးတည်ဘက်က စပြီး ဖြောင်းသွား တာပဲ၊ ဂျက်တို့အိမ်က ကျွန်မ ပြန်လာကတည်းက ဦးတည် ကျွန်မကို ရှောင်နေတယ်၊ ခင်ခင်မင်မင် မဆက်ဆံ ဘူး၊ စိမ်းတယ်"

အဲဒါ မင်းကို မြတ်နိုးခဲ့တဲ့ ငါ့စိတ်တွေကို ချုပ်ထိန်းသိမ်းနေတာ တိမ်ဝဋ္ဌာ။ မင်း ဘာသိနိုင်မှာမို့လဲ။ အဲသည်လို ရှောင်နေမိတဲ့အတွက် ငါကော သက်သာမယ် ထင်သလား



"အဲဒီ အတွက် ... မင်းက မဏိနဲ့ ပြန်ခေါ်တယ် ဆိုပါ တော့"

"ကျွန်မတို့ ကလေးပိစိလေးတွေ ဖြစ်မှန်းမသိ ဖြစ်နေပြီ ဦးတည်"

ဝဋ္ဌာ မျက်နှာကလေး ပြုံးစိစိ ဖြစ်လာရတော့သည်။ ဦးတည်ဟာလေ တစ်ခါတစ်ရံ လူကြီးလူကောင်းဆန်လွန်းသမျှ ခုလို အခါမျိုးမှာ ရယ်ချင်စရာကောင်းလောက်အောင် ကလေးဆန် နေပြန်သည်။

"မင်းနဲ့ ပေါင်းမှ ဖြစ်တာ"

ဆံပင်ရှည်ကြီးတွေနှင့် ပါးစပ်ကို ကွယ်ကာ တိမ်ဝဋ္ဌာ လေး ရယ်မောချလိုက်ပုံကို တည်မြဲ မျက်နှာလွှဲပစ်လိုက်ရလေ သည်။

ခက်ကုန်တော့မှာပဲ။ နှုတ်ထွက်ပွင့်အန် ဖိတ်ကျကုန် တော့မှာပဲ။ သည်သူငယ်မလေး ဟန်ပန်မူရာတွေနဲ့တော့။

နေကလေးနဲ့ သဘောတူနိုင်လောက်တဲ့ အရည် အချင်းတွေ တိမ်ဝဋ္ဌာဆီမှာ တည်မြဲ တွေ့နေရပြီ။ နေကလေးရဲ့ စည်းစိမ် ဂုဏ်ဒြပ်တွေကို သူမလေး မမက်မောတာကိုလည်း တည်မြဲ လက်ခံသဘောပေါက်လာရပြီ။

စိတ်ထားဖြူစင် ရိုးသားတာလေးတွေကပါ တည်မြဲ မြတ်နိုးသွားရလောက်အောင် ပြည့်ဝနေခဲ့ပြီဆိုတော့ တည်မြဲဘက် မှ ကတိတည်ရတော့မည်။

"နေကလေး မရှိတာ ဘယ်နှလရှိပြီလဲ တိမ်ဝဋ္ဌာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါးလနဲ့ တစ်ပတ်ပြည့်ပြီးသွားပြီ ဦးတည်၊ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးလေ၊ မင်းကို ဦးတည် နောက်ဆုံး သတိပေးချင်တယ်၊ မဏိနဲ့ အနေအထိုင် လျှော့ပါ၊ ဦးတည် လုံးဝ သဘောမတူဘူး"

"ကျွန်မတို့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီ ဦးတည်"

"ဟာ ... ဒါဆို ငါ ပြောခဲ့သမျှဟာ အလကားပေါ့၊ မင်းက ငါ့ဆန္ဒတွေကို သိချင်းတစ်ပုဒ်လောက်တောင် အလေးအနက် မထားနိုင်ဘူးပေါ့၊ ဒီလိုလား"

ဝဠာ ခေါင်းလေး ခါယမ်းလျက် စိတ်ပျက်လက်ပျက် ဖြစ်သွားရတော့သည်။

"ဦးတည်က ကျွန်မရဲ့ အခက်အခဲကိုမှ ထည့်မတွက်ဘူး ဘဲ၊ မဏိက သာမန် ယောကျ်ားတစ်ယောက် မဟုတ်ဘူး ဦးတည်၊ မိုက်တီမိုက်ကန်းနဲ့ အတင်း တစ်ဖွတ်ထိုး လိုက် ခေါ်တာ၊ ကျွန်မ ရှောင်လို့ကိုမရတာ၊ ပြီးတော့ သူ ရိုးသားပါ့မယ်လို့လည်း ကတိပေးထားလို့ ကျွန်မ ခေါ်ရတာ ပါ၊ ကလေးတွေလည်း မဟုတ်ဘူးလေ၊ ဦးတည် အဲဒီကိစ္စ ကို လျစ်လျူရှုထားလိုက်နိုင်ရင် သိပ်ကို အဆင်ပြေမှာ"

"မဖြစ်သင့်တာတွေ ဖြစ်မလာဖို့ ဦးတည် ဆုံးမနေတာ တွေကို မင်း တစ်နေ့တော့ နားလည်လာမှာပါ"

မဏိနှင့် ဘာကြောင့် သည်လောက် အပြင်းအထန် ဦးတည် တားမြစ်ပိတ်ပင်နေရသလဲ ဆိုတာ ဝဠာ အစွမ်းကုန် ကြိုးစားပေမဲ့ နားမလည်နိုင်တော့တာမို့ နှုတ်ဆိတ်ထားလိုက်တာ



အကောင်းဆုံးဖြစ်တော့မှာ။ ဝဠာ အကဲခတ်လို့ ရသလောက်တော့ ဦးတည်လေး လှုံ့လှုံ့ဖွက်ဖွက် နိုင်လိုက်တာ။

နောက်ဆုံးကျတော့ အဲသည်ကိစ္စကို ညှိလို့မရကြ တော့ဘဲ အကျိတ်အခဲလေးတွေ ကိုယ်စီကိုယ်ငှနှင့် အဆုံးသတ် လိုက်ရလေသည်။

❧ ၆ ❧

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

အဲသည် အကျိုတ်အခဲကိုယ်စီကို ပေါက်ကွဲမှုသို့ ပို့ဆောင်ပေးလိုက်သော ကာလတစ်ခုသည် ဘာမှ မကြာခင်မှာ ကျရောက်လာခဲ့လေသည်။

ထိုနေ့က ဦးတည် အလုပ်စောစီးစွာ ဆင်းကာ နှုတ်ဆက်ပွဲတစ်ခုသို့ တက်ရောက်ဖို့ သွားတာမို့ ရုံးဆင်းချိန်မှာ ဝဏ္ဏာ တစ်ဦးတည်း ကိုယ့်ကားလေးနှင့် ပြန်ဖို့ စီစဉ်ခဲ့သည်။ ဝဏ္ဏာ ကားပေါ် တက်လိုက်စဉ် ...

"ကားကြုံစီးခွင့်ပေးမလား"

ကားပြတင်းကနေ ကိုင်းခနဲ ပေါ်လာသော မဏီကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာမို့ ဝဏ္ဏာ အံ့ဩသွားရလေသည်။

"ဟင် ... မဏီ၊ ရှင် ဘယ်ကလှည့်လာတာလဲ"

ဦးတည်သာ ရှိရင်တော့ သဝန်တိုဦးမှာ အသေအချာပဲဖြစ်သည်။ အဲသည် မဏီလေး တစ်ယောက်ကလည်း ရုံကို ရဲတင်းကာ ...



"ခင်ဗျားနဲ့ မလှမ်းမကမ်းမှာ ကျွန်တော် အမြဲရှိနေတယ်ဆိုပါတော့၊ ခင်ဗျား ရုံးခန်းရဲ့ မျက်နှာချင်းဆိုင်က ကျွန်တော့် သူငယ်ချင်းဆိုင် ရှိနေတော့ ..."

ပြောရင်းကနေ မဏီက ပြုံးစိစိ လုပ်နေလေသည်။ ဝဏ္ဏာ မဏီကို မျက်စောင်းထိုးလိုက်ရင်း ...

"ရှင့်တစ်ကိုယ်လုံး ဉာဏ်ချည်းပဲ၊ အဓိပ္ပာယ်မရှိတဲ့ အလုပ်တွေ"

"အမြင်ချင်း မတူနိုင်ဘူးလေ၊ သည်အလုပ်က ကျွန်တော့်အတွက်တော့ ထင်ထားတာထက် အများကြီး ပိုအဓိပ္ပာယ်ရှိနေတယ်၊ အဲဒီကိစ္စ မေ့လိုက်ကြပါစို့၊ ခင်ဗျား ဟိုဘက်ရွှေ့လိုက်လေ၊ ကျွန်တော် မောင်းမယ်၊ ဒီနေ့အထိ ဘယ်မိန်းကလေးမှ ကျွန်တော့်ကို ကားမောင်းပို့ပေးခွင့် မရသေးဘူး မဟုတ်လား"

"ကြီးကျယ်လိုက်တာ၊ ရှင့် အလေ့အထဟာ ဒီနေ့တော့ ပျက်ပြီမှတ်၊ ကျွန်မ ကားမောင်းပို့ပေးမယ် ... ကဲ"

"ဟာ ... ကျွန်တော် မိန်းကလေး မောင်းတဲ့ကား လုံးဝ မစီးဘူး"

"ဒါဆိုလည်း ကျွန်မရဲ့ ကားကြုံ လာမစီးနဲ့ပေါ့"

"ကဲလေ ... ခင်ဗျားကိုတော့ ခြွင်းချက်ပေးရမှာပေါ့၊ ဒါပေမဲ့ ခင်ဗျား တစ်ခုတော့ လိုက်လျောရမယ်နော်"

မဏီက ပြောပြောဆိုဆို ကားပေါ် တက်ထိုင်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"စားသောက်ဆိုင် တစ်ခုခုကို မောင်းပို့ကွာ၊ ကျွန်တော် ခုထက်ထိ မနက်စာ မစားရသေးဘူး"

ငြင်းဆန်လိုက်ရမည့်အစား ဝဍ္ဎာ တအံ့တသြ ဖြစ်သွားရရင်း ...

"ရှင်က ဘာအလုပ်တွေ များနေလို့ မနက်စာ မစားရသေးတာတုံး"

"ခင်ဗျားကို စောင့်ကြည့်ရတဲ့အလုပ်လေ"

"သွားပြီ၊ ရှင်တော့ ကိုယ့်သေတွင်း ကိုယ်တူးနေပြီ"

ဝဍ္ဎာ ရယ်မောကာဆိုလိုက်ရင်း ကားစတင်မောင်းထွက်လိုက်သည်။

မဏိက ဝဍ္ဎာ့ရဲ့ ရှေ့ဘက် ဆွဲယူပုံချထားသော ဆံပင်ကြီးတွေဆီ တစ်ချက်ကြည့်ပြီး ခေါင်းလေးဆတ်ကာ ...

"ခင်ဗျား မောင်တော့ ခင်ဗျားကို အတော်ချစ်မှာပဲ၊ ဆုံးသွားပြီ ဆိုတော့ ဝေဒနာတွေ တစ်ပွေ့တစ်ပိုက်နဲ့ နေမဲ့အစား လူသစ်လေး ဘာလေးရှာဖို့ စိတ်ကူးပါလား ကွာ၊ သူနဲ့ ရုပ်ချင်းဆင်တဲ့သူဖြစ်ဖြစ်"

"ကားပေါ်က တွန်းချပစ်ခံ့မှာနော်၊ သူငယ်ချင်းစကားပဲ ပြော"

နှုတ်ခမ်းတင်းတင်းစေ့ကာ ဝဍ္ဎာ ပြောလိုက်တော့ ပခုံးလေး တွန့်ကာ မဏိ ငြိမ်သက်သွားလေသည်။

"ဘယ်ကို မောင်းရမှာလဲ"

"မြကန်သာကို မောင်းလေ၊ ဖိုးစိန်လမ်းထဲမှာ၊ သိရဲ့လား"

"အထင်မသေးနဲ့"



မဏိက လေတချွန်ချွန်နှင့် ငြိမ်ဆိတ်စွာ ပါလာသည်။

ဝဍ္ဎာ ဘယ်လိုမှ မထင်မှတ်ထားသော ဖြစ်ရပ်သည် မြကန်သာ စားသောက်ဆိုင်အတွင်းမှာ ဖြစ်ပွားခဲ့တာ ဖြစ်သည်။

ဝဍ္ဎာတို့ နေရာယူလိုက်သော ဝိုင်းနှင့် မလှမ်းမကမ်း ဝိုင်းမှာ သူ့ညီသည်များနှင့်အတူ ရှိနေရာမှ ဝဍ္ဎာတို့ကို စူးရဲစွာ စိုက်ကြည့်နေသော ဦးတည်ကို အမြင်မှာ ဝဍ္ဎာအတွက် အရာရာ နောက်ကျနေခဲ့ပြီး ဖြစ်လေသည်။

ဘယ်လောက်များ တိုက်ဆိုင်လိုက်သလဲ။

ဝဍ္ဎာ ဦးတည် သည်ကို လာလိမ့်မည်လို လုံးဝ မျှော်လင့်မထားခဲ့တာ။

ဦးတည် မျက်လုံးတွေရဲ့ အင်အားတွေကြောင့် ဝဍ္ဎာ နောင်တအကြီးအကျယ်ရကာ ပြန်လှည့်ပြေးချင်စိတ် ပေါက်လာရသည်။ မဏိကတော့ မြင်ပုံမရ။ သူ စားချင်တာတွေကို မှာကြားနေသည်။

ဦးတည် လာရောက်ဆူပစ်လိုက်ရင်တောင် ဝဍ္ဎာ ခံနိုင်စွမ်းရှိမှာ။

ခုတော့ မျက်ဝန်းတွေက နာကျင်သူတစ်ယောက်ရဲ့ အပြင်းအထန် စွပ်စွဲနေသလို အရိပ်တွေနှင့်။

ညီသည်တွေနဲ့ စကားပြော မပျက်ပေမဲ့ ဦးတည်ရဲ့ မျက်လုံးတွေက တုန်လှုပ်သိမ်ငယ်ဖွယ် ကောင်းလှအောင်ကို ခေထီတာရီနှင့် တင်းမာရိပ်တွေ စွန်းကျံနေခဲ့သည်။

ဦးတည်တော့ ကောင်းကောင်းကြီး အထင်လွဲသွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဝဠာ့ ဖြေရှင်းချက်တွေကိုလည်း ဦးတည် ဘယ်လိုမှ ယုံကြည်မှာ မဟုတ်တော့။

ဦးတည် သည်လောက် မလိုလားဖြစ်နေတဲ့ မဏိနဲ့မှ နှစ်ယောက်တည်းတွဲကာ စားသောက်ဆိုင် တစ်ခုအတွင်းသို့ ဝင်ရောက်လာခဲ့မိတဲ့ဖြစ်ခြင်း။

မဏိက မှာကြားပြီးမှ ဝဠာ့ဘက် လှည့်လာသည်။ စိတ်မာတ်ပျက်ယွင်းချည့်နဲ့နေသော ဝဠာ့ကို မြင်တော့ ...

"တိမ်ဝဠာ၊ ဘာဖြစ်နေတာလဲ"

"ဦးတည် ဟိုဘက်စားပွဲမှာ မဏိ"

"ဪ ... သွားနှုတ်ဆက်လိုက်ဦးလေ၊ ကျွန်တော် လိုက်ခဲ့ရဦးမလား"

"အမယ်လေး ... မလုပ်လိုက်နဲ့၊ ကျွန်မ ကြောက်တယ် ဦးတည် အရမ်းစိတ်ဆိုးနေမှာ"

"ဘာဆိုင်လဲ၊ ရိုးသားတဲ့ကိစ္စပဲ၊ ဘာကြောက်စရာရှိလဲ တွေ့လျက်နဲ့ နှုတ်မဆက်တာမှ ပိုပြီး မလုံရာကျမှာ ထ,ထ ကျွန်တော်ပါ လိုက်နှုတ်ဆက်မယ်၊ လာလေ"

မဏိ ပြောတာလည်း ဟုတ်နေတာပဲ။ တကယ်ဆို မဏိတောင် ခုလို သန့်သန့်တွေးပြီး နှုတ်ဆက်ရဲသေးတာ ဝဠာ က ဘာမနှုတ်ဆက်ရဲစရာ ရှိလဲ။

သူငယ်ချင်းချင်းနဲ့ရော စားသောက်ဆိုင်မလာရဘူးလားနော်။

သတ္တိရှိစမ်းပါ ဝဠာ။ ကိုယ့်ဘက်က လုံးဝ တည်ငြိမ်ဣန္ဒြေရှိနေစေရမယ်။



မဏိ ရပ်လိုက်တာမို့ ဝဠာ လိုက်ထလိုက်သည်။ အိုး ... ဒုက ဘာလို့ တုန်လာရတာလဲ။

ဒုက္ခပါပဲ။ ဝဠာ ဦးတည်ကို တွေ့စလောက်ကလို တောင် ရဲရဲရင့်ရင့် ရင်မဆိုင်ရဲတော့ပါလား။

ဘယ်လိုမာနမျိုးမှလဲ ဦးတည်အပေါ် မထားနိုင်တော့ပါ။ ငါးလကျော် ခြောက်လဆိုတဲ့ ကာလအတွင်းမှာ ဝဠာ့ဘက်က အကြီးအကျယ်ဆုံးသော ပြောင်းလဲသိမ်မွေ့သွားခြင်းပါပဲ။

"ဟာ ... လာလေ၊ တွန့်လှချေလား၊ ဒီလောက်တောင် ကြောက်ရသလား"

မဏိရဲ့ ခနဲ့စကားက ဝဠာ့ကို အနည်းငယ် မာန်တင်းသွားစေကာ ဦးတည်တို့ စားပွဲဘက် ခြေဦးလှည့်လိုက်လေသည်။

ဦးတည်တို့ စားပွဲသို့ အလျင်ဆုံး ရောက်ရှိသွားသော မဏိက စတင်၍ ...

"ဟယ်လို ... ကိုတည်မြဲသာ၊ ညနေစာ လာစားတာ ထင်တယ်၊ ကျွန်တော် တိမ်ဝဠာနဲ့"

"ဟုတ်ပြီ ... ဟုတ်ပြီ"

မဏိ စကားကို အဆုံးမခံဘဲ ဦးတည်က လက်ဖဲ့ ယမ်းတားမြစ်ပိတ်ပင်လိုက်ကာ ကြောင်တောင် အံ့သြစွာ အကဲခတ်နေကြသော ညှေ့်သည်တွေဘက် လှည့်ပြီး ...

"တစ်ဆိတ် ... ကျွန်တော့်ကို ခွင့်လွှတ်ပါ ခင်ဗျာ။ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခု ပေါ်လာလို့ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ခုလို ဖြစ်ရတဲ့အတွက် ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ အခွင့်အရေး ရှိသေးရင် မနက်ဖြန် ထပ်တွေ့ကြသေးတာပေါ့”

ခပ်သွက်သွက် ပြောချကာ ဝဏ္ဏ လက်ကို တင်းတင်း လာဆွဲရင်း ...

“မင်း အခုချက်ချင်း လိုက်ခဲ့ပါ”

“ဟာ ... ကိုတည်မြဲသာ၊ ဒီလို မလုပ်နဲ့လေ၊ ကျွန်တော် ရှင်းပြပါ့မယ်”

မဏိအသံက အလောတကြီး ထွက်ပေါ်လာသော်လည်း ဦးတည်က ဂရုမစိုက်ဘဲ ပိုင်နိုင်စွာ ဝဏ္ဏကို ဆွဲခေါ်လာခဲ့သည်။

ဝဏ္ဏ ခပ်သွက်သွက် ပါလာရရင်း မဏိရဲ့ ခပ်ပြင်းပြင်း တောက်ခေါက်သံ၊ ခပ်တိုးတိုး မှတ်ချက်ချ ကျန်ရစ်သော ပရိသတ်တချို့ကြောင့် ရှက်စိတ်မွန်ထူကာ ဦးတည်ကို စိတ်တိုလာရလေသည်။

လုပ်နေပုံက သမီးတစ်ယောက်ကို ဆုံးမတော့မဲ့ ဖအေကြီး ကျနေတာပဲ၊ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်။ နီရဲနေသော ဦးတည်ရဲ့ ပါးပြင်ကို ဘေးတိုက် မော့ကြည့်ရင်း ဝဏ္ဏ နှုတ်ခမ်းတင်းတင်း ကိုက်ထားမိတော့သည်။

ဦးတည် အဲသည်လောက် ဟန်မဆောင်နိုင်လောက်အောင် ပေါက်ကွဲပစ်လိုက်တာ လုံးဝ မကောင်းဘူးနော်။ ဝဏ္ဏ လုံးဝ နားမလည်နိုင်ဘူး။

ဘာကြောင့်များ သည်လောက် သဝန်တိုနေရတာလဲ ဦးတည်ရယ်။



ဦးတည်ကို ဘယ်လို သံသယမျိုးမှတော့ မထားရက်ပါဘူး။ လူကြီးလူကောင်းတစ်ယောက်ရဲ့ သိက္ခာတရားကို ဝဏ္ဏအတွက်လေးနဲ့ ဘာလို့ အရောင်စွန်းစေခဲ့တာလဲ ဦးတည်။

တကယ်တမ်း ပြောရရင် ဦးတည်နဲ့ ဝဏ္ဏက ဘယ်လောက်များ ကြီးမားစွာ ပတ်သက်နေလို့လဲ။ ဦးတည် ဥပေက္ခာပြုရင်လည်း ရနိုင်လျက်သားနဲ့။

“မင်းကား မင်းမောင်းလာခဲ့၊ အိမ်ကို တန်းမောင်း”

ဝဏ္ဏ ကားလေးဆီရောက်မှ ဆုပ်ကိုင်လာသော လက်ကို ဖြုတ်ကာ ကျောခိုင်းလှည့်ထွက်လျက် သူ့ကားစီ ထွက်သွားသော ဦးတည်ကို ကြည့်ပြီး ဝဏ္ဏထံမှာ ခံပြင်းနာကျင်မှုတွေ အုံစုလာခဲ့ရသည်။

ဦးတည်ရဲ့ အရိပ်မှာ ခိုလှုံနေရတဲ့ မိန်းကလေးတစ်ယောက်မို့ ဦးတည် ထင်သလို ချုပ်ချယ်တင်းကျပ်နိုင်တယ်လို့ ယူဆထားသလား ဦးတည်။

မောင့်ရဲ့ မိန်းမအဖြစ် အသိအမှတ် မပြုနိုင်တောင် ခြောက်နီးပါး အတူ တစ်အိမ်တည်း နေထိုင်လာခဲ့တဲ့ သံယောဇဉ်လေးကိုတော့ ငဲ့ညှာဖို့ ကောင်းတာပေါ့။

ဦးတည် ပေါက်ကွဲတတ်သလို ကျွန်မလည်း ပေါက်ကွဲတတ်တယ်နော်။

၉

www.burmeseclassic.com

www.burmeseclassic.com



ပူလောင်ပြင်းပြသော နှမြောဝန်တိုစိတ်တို့ဖြင့် သူမကို စိတ်ရှိလက်ရှိ သိမ်းကျုံးဖက်မွေ့ပစ်လိုက်သော စိတ်ရိုင်းတို့သည် တည်မြဲခန့်ညားအနံ့ စီးဆင်းကာ ပေါက်ကွဲဖိတ်အန်လုလုပဲဖြစ်၏။ သည်လောက် အတန်တန် တားမြစ် ဆုံးမနေလျက်နဲ့ မဏီဆိုတဲ့ကောင်နှင့် ချစ်သွားရက်လေခြင်း။

ဘယ်လောက်များ ဆိုးရွားလိုက်တဲ့ မှားယွင်းမှုလဲ။

"မင်းကို ငါ"

ချစ်တယ်။ မင်းကို ငါ မြတ်နိုးလို့ သဝန်တိုမိတယ် တိမ်ဝဥ္စာ။ မင်းမို့ လုပ်ရက်လိုက်တာ။

သူမရဲ့ ပခုံးနှစ်ဖက်ကို ဆွဲကိုင်ဖိညှစ်ပစ်လိုက်ဖို့ လက်နှစ်ဖက်ကို မြောက်တက်လာရပြီးမှ ထိန်းသိမ်းမျိုချလိုက်ရသော စကားလုံး တချို့နှင့်အတူ ပြေလျော့ ကျဆင်းသွားရလေသည်။

တိမ်ဝဥ္စာက မျက်လုံးနက်နက်တွေ အရောင်တဖျပ်ဖျပ် တောက်ကာ ရူးရူးစွာ မော့ကြည့်ရင်း အမိပွာယ်ကောက်လွဲသွားပုံဖြင့် ...



"ဦးတည်က ရိုက်မလို့ပေါ့လေ၊ ကျွန်မကို ရိုက်ပစ်ချင်တယ်ပေါ့၊ ရိုက်လိုက်လေ ဦးတည်၊ ဦးတည် အရိပ်အောက်မှာ ခိုလှုံနေတဲ့ မိန်းမတစ်ယောက်အတွက် ဦးတည် သဘောကျ အပြစ်ပေးနိုင်ပါတယ်၊ မဏီနဲ့ တွဲလိုက်တာက ကမ္ဘာပေါ်မှာ လူသတ်မှုထက် ကြီးလေးတဲ့ အပြစ်တစ်ခုလို့ ဦးတည် ယူဆချင်လည်း မမှားနိုင်ဘူး"

"တော်စမ်း ... တိမ်ဝဥ္စာ၊ မင်း ဆက်မပြောနဲ့"

မျက်နှာကလေး မော့ခံထားကာ တွေ့စကလို ပြန်လည် တင်းမာလာသော တိမ်ဝဥ္စာကလည်း အလျှော့ပေးမည့်ပုံမဟုတ်။ ပေါက်ကွဲဖို့ စိုင်းပြင်းနေသည့်ပုံ။

"မင်း သစ္စာမရှိတာကို မင်း ဝန်ခံစမ်းပါ တိမ်ဝဥ္စာ၊ ငါ့အပြစ် ဘာမှ မရှိဘူး၊ ငါ မင်းကို မတရား စွပ်စွဲမိသလား၊ မင်းကို တစ်ဖက်သတ် အနိုင်ယူပြောနေသလား၊ ငါ့မျက်စိရှေ့မှာ တပ်အပ် ..."

"အဲဒါ မဟုတ်ဘူး၊ ဦးတည်ကို ကျွန်မ ရှင်းပြချင်တယ်၊ ဒါပေမဲ့ ရှင်းပြခွင့် ဦးတည် ပေးခဲ့သလား၊ မဏီကို ကျွန်မ ..."

"မင်း နေကလေး အပေါ်မှာ သစ္စာမရှိပါဘူး၊ မဏီကို နေကလေးနဲ့ တူတယ်ဆိုတဲ့ တစ်ချက်နဲ့ မင်း သာယာမှု ရှာနေတာ၊ စိတ်ဖြေနေတာ"

"မဟုတ်ဘူး"

ဝဥ္စာ ရူးရူးစွာ အော်ဟစ်ပစ်လိုက်သည်။

"ဦးတည် အဲဒီလို မပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာပေါ်မှာ ကျွန်မ မောင့်အပေါ်ထားတဲ့ သစ္စာတရားနဲ့ ချစ်ခြင်းတို့ကို ဘယ်သူ တစ်ဦးတလေမှ မတွက်ဆနိုင်သလို ဘယ်သူမှလည်း မျှဝေခွဲယူလို့ မရနိုင်ဘူး သိလား။

အဲဒါ ကျွန်မ တစ်ဦးတည်းသာသိတဲ့ ကျွန်မရဲ့ သစ္စာတရားပဲ။ ဦးတည် ဘယ်လိုမှ မသိနိုင်ပါဘူး။ ကျွန်မကို မဏီနှင့် ပတ်သက်ပြီး မစွပ်စွဲစမ်းပါနဲ့ ဦးတည်။ ခါးသီးလွန်းလို့ပါ။

"ငါ အရာရာမှာ လိုက်ပိတ်ပင်တားမြစ်နေတာ မဖြစ်သင့်တဲ့ အမှားတွေ မင်း ကျူးလွန်ကုန်မှာစိုးလို့၊ မင်း နောင်တရနေမှာစိုးလို့၊ နေကလေး ... နေကလေး"

ရုတ်တရက် လွတ်ထွက်ပေါက်ကွဲသွားသော စိတ်အစဉ်ကို ချက်ချင်း ပြန်လည်ထိန်းချုပ်နိုင်သော်လည်း ကြည်လင်တဲ့ စီးကြောင်းနှစ်ခု အရှိန်ပြင်းစွာ စီးဆင်းလိမ့်စဉ်လာတဲ့ တိမ်ဝဋ္ဋာ မျက်ဝန်းကို ငေးမောမိသောအခါ တည်မြဲ စိတ်မှ လောင်မြိုက်မှုအားလုံး ဟုတ်ခနဲ ငြိမ်ကျ တိတ်ဆိတ်သွားရလေသည်။

တိမ်ဝဋ္ဋာလေး ငိုကြွေးနေပုံက နာနာကြည်းကြည်းရှိလိုက်တာ၊ ယိုင်နွဲ့နေသော ခန္ဓာကိုယ်လေးကို ထွေးပွေ့ကြင်နာချင်လှသည်။

မှားကုန်ပြီလား။ တည်မြဲရဲ့ စိတ်ကူးယဉ်ဆန်လွန်းတဲ့ စီမံမှုတွေက ဖရိုဖရဲနှင့် မှားယွင်းကုန်ပြီတဲ့လား။ ခွန်အားအပြည့်ပါသော တိမ်ဝဋ္ဋာ မျက်ဝန်းတွေက တည်မြဲထံမှ လျှို့ဝှက်ချက်များကို တစ်စချင်း ဆွဲနုတ်ထုတ်ယူဖို့ အဆင်သင့် ရှိနေတော့၏။



တည်မြဲ သူမ၏ မျက်ဝန်းတွေကို ရင်မဆိုင်ရဲတာမို့ ကျောခိုင်းပစ်လိုက်စဉ်မှာ ကျောမလုံနေသာ ခံစားချက်တို့နှင့်အတူ လျှို့ဝှက်ချက် တံခါးတို့ ညင်သာစွာ ပွင့်သွားတော့လေသည်။

အမှန်ကတော့ အဲသည် ဖြစ်ရပ်တွေဟာ ဒန်နီရယ့်လ်အစွဲအလမ်းကနေ ဖြစ်တည်ပေါ်ပေါက်လာခဲ့ရတာပါ။ အထီးနာခဲ့ရသူမို့ ဘာကိုမှ ဆင်ခြင်နိုင်စွမ်းမရှိဘဲ ချစ်သူလေးနှစ်ယောက်ကို ကိုယ့်စိတ်ကြိုက် ဖန်တီးပုံသွင်းပစ်ခဲ့တာရဲ့ ရလဒ်က ကိုယ့်ဆီမှာသာ ပြင်းစွာ ကျရောက်ခဲ့ရလေသည်။

မင်းကို မြတ်နိုးသွားမိသည်မှအပ ဘာတစ်ခုမှ မစော်ကားခဲ့တဲ့ ဦးတည်ကို မင်း မရွတ်ချလိုက်စမ်းပါနဲ့ မိန်းကလေးရယ်။ လူမယုံတတ်တော့တဲ့ အစွဲအလမ်း တစ်ခုကို ဘဝနဲ့ရင်းပြီး ရရှိခဲ့တာမို့ ဦးတည်ရဲ့ စိတ်ကူးတွေဟာ အဓိပ္ပာယ်မရှိရာ၊ ရွတ်ချချင်စရာ ရောက်သွားမယ်ဆိုရင်လည်း ခွင့်လွှတ်ပေးပါ။

ဦးတည် ကိုင်တွယ်ခဲ့တဲ့ ဓာတ်ကို ဦးတည် မနိုင်တော့တာ၊ မင်းကို ချစ်မိသွားခြင်းကြောင့်ပါပဲ။ ဆက်လက်ပြီး ဦးတည် ခံနိုင်ရည် မရှိတော့ပါဘူးလေ။ မင်းကို ဦးတည် ဖွင့်ပြောမိသွားလိမ့်မယ်။

စိတ်ကူးယဉ် သိပ်ဆန်သွားမဲ့ ဦးတည်ရဲ့ လှည့်ကွက်ဖန်တီးချက်တွေကိုလည်း မင်း ခံစား စာနာပေးစမ်းပါ။ ဦးတည်ရဲ့ ချွတ်ယွင်းချက်တွေကို မင်း မုန်းတီးဖို့ မကြိုးစားလိုက်ပါနဲ့ကွယ်။

ဦးတည် ဖန်တီးခဲ့တဲ့ ဓာတ်လမ်းတစ်ခုမှာ မင်းနှင့်နေကလေး အထီးနာခဲ့သလို ဦးတည်လည်း ရက်ရက်စက်စက်နာကျင်ခဲ့ရတာပဲ တိမ်ဝဋ္ဋာ။

www.burmeseclassic.com

www.burmeseclassic.com



အရာရာအတွက် ဦးတည်ကို နားလည်ပေးဖို့ မင်း ကြိုးစားပါ။

"မင်းကို ဖွင့်ပြောရတော့မယ် တိမ်ဝဠာ၊ အချိန်မတန်သေးပေမဲ့ မဏိ ဝင်လာတဲ့အတွက် အချိန်တွေ အများကြီး ပိုစောသွားရတယ် ဆိုပါတော့၊ မင်း လေးလေးနက်နက် နားထောင်ပါ၊ ပြီးရင် ဦးတည်ကို နားလည်ပေးပါ၊ ဦးတည်ကို ဖေးမစာနာပေးပါ၊ ပြီးတော့ ခွင့်လွှတ်ပေးပါ၊ ဦးတည် လုပ်ခဲ့တဲ့ လုပ်ရပ်ကို ခုထက်ထိ ဦးတည် မဝေခွဲတတ်ပေမဲ့ မင်းက မှားတယ်လို့ မဆုံးဖြတ်လိုက်ပါနဲ့၊ ဦးတည် ချွတ်ယွင်းချက် တစ်ခုကြောင့်ပါလို့ မင်း ငဲ့ညှာပေးပါ"

"ဦးတည် ဘာတွေ ပြောနေတာလဲ၊ ကျွန်မ နားမလည်ဘူး"

"မင်း မျက်ရည်တွေ သုတ်ပစ်လိုက်ပါ တိမ်ဝဠာ၊ ဦးတည် ပြောပြမဲ့ ဦးတည်ရဲ့ လျှို့ဝှက်ချက်တစ်ခုကို ဦးတည် မင်းရှေ့မှာ ဖွင့်ချပြတော့မယ်၊ မင်းအတွက် သိပ်တုန်လှုပ်အံ့သြစရာ ကောင်းနေလိမ့်မယ်၊ ပြီးတော့ ဦးတည်ကို မုန်းချင်မုန်းနိုင်လိမ့်မယ်၊ ဒါကြောင့် ဦးတည် ကြိုပြီးတောင်းပန်ထားချင်တာက အရာရာ ဖြစ်ခဲ့သမျှအတွက် ဦးတည်ကို ခွင့်လွှတ်ပေးပါ၊ ဦးတည်ရဲ့ ချွတ်ယွင်းချက်တွေကြောင့်ပါ၊ အဲဒီချွတ်ယွင်းချက်တွေဟာ ဒန်နီရယ်လ်ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ပယောဂအပြည့်အဝကြောင့် ဖြစ်ပေါ်လာခဲ့ရတာပါ တိမ်ဝဠာ"



ရုတ်တရက် ပေါက်ကွဲသွားခဲ့ရာမှ ဖြစ်ပျက်လာသော အခြေအနေကို ဝဠာ အံ့အားသင့် ကြောင်ငေးစွာဖြင့် ဦးတည်ကို ငေးမောနေမိလေသည်။

ဝဠာ ထာဝစဉ် မြင်တွေ့ခဲ့ရတဲ့ ဦးတည်ရဲ့ လျှို့ဝှက်ခြင်းကို ငေးမောနေမိလေသည်။

ဝဠာ ထာဝစဉ် မြင်တွေ့ခဲ့ရတဲ့ ဦးတည်ရဲ့ လျှို့ဝှက်ခြင်းကို ဝဠာ မမျှော်လင့်ဘဲ သိရှိရတော့မည် ဆိုပါတော့။

ဦးတည်ကတော့ ခုနက ပေါက်ကွဲခြင်းနှင့် ဘာမှမဆိုင်စွာ ဆွေးမြည့်နာကြည်းရိပ်တချို့ဖြင့် ဒန်နီရယ်လ်ဆိုသော မိန်းမတစ်ယောက်နှင့် ဦးတည်ရဲ့ ဇာတ်လမ်းကို စတင်ပြောပြနေခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပါပဲ တိမ်ဝင္ဘာ၊ မင်း ဦးတည်ဘက်က ရပ်တည်ခံစားပေးနိုင်ရဲ့လား၊ ဘဝအစိတ်အပိုင်း အတော်များများ အဲဒီ ဒန်နီရယ်လ်ကြောင့် ပျက်သုဉ်းခဲ့ရတယ်၊ မိန်းမတစ်ယောက်ရဲ့ လှည့်ဖြားမှုအောက်မှာ စည်းစိမ်ဥစ္စာတချို့ပြိုကွဲပျက်စီးကုန်ရတယ်၊ စင်ကြယ်တဲ့ အချစ်တွေနဲ့ သိက္ခာဂုဏ်ဖြေတွေ၊ နာမည်ဂုဏ်ဒြပ်တွေ ထိခိုက်အရောင်ရွှန်းခဲ့ရတယ်၊ တော်ရုံလူတွေအတွက် ဆိုရင်တော့ ဘဝပျက်ခဲ့ပြီပေါ့လေ၊ ဦးတည်အတွက်တော့ လူတွေကို မယုံရဲတဲ့ အစွဲအလမ်းတစ်ခု အရာနစ်နစ် ကျန်ခဲ့တယ်၊ အထူးသဖြင့် မိန်းမနဲ့ ပတ်သက်လာရင် ဦးတည် အတော်ကြီး တစ်ယူသန်စွဲသွားတယ်၊ ကျိန်စာသင့်သလိုပေါ့၊ မိန်းမဆို ဘယ်မိန်းမမှ ယုံလို့မရတော့တာ၊ မင်း နားလည်ရဲ့လား၊ ဦးတည်ဘက်က ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးက အတော်ကြီးတယ်လေကွာ၊ အဲဒီလို အချိန်မျိုးမှာ နေကလေးနဲ့ မင်းကိုပေါ်ပေါက်လာခဲ့ရတာပဲ ...

မင်း စဉ်းစားကြည့်၊ မင်းဘက်က မနာလိုက်နဲ့ဦး ဦးတည်ဘက်က ခဏတွေးပေး၊ မင်းကို ဦးတည် ဘယ်လိုလုပ်



ယုံကြည်လက်ခံရဲမလဲ၊ နေကလေး အရူးအမူး ဖြစ်နေလေ ဦးတည် သဘောမတူနိုင်လေပဲ၊ ဦးတည်လို နေကလေး ဖြစ်သွားမှာ ဦးတည် သိပ်စိုးရိမ်တယ်လေ ...

နောက်ပြီး မင်း ပတ်ဝန်းကျင်ကို လေ့လာစုံစမ်းကြည့်တော့ ဦးတည် သဘောကျနိုင်စရာ တစ်ကွက်မှ မရှိဘူး၊ မင်း စိတ်မဆိုးနဲ့ဦး၊ ခဲမှန်ဖူးတဲ့ စာသူငယ်တစ်ယောက်လို ဘာကိုမှ ဦးတည် စွမ်းရည်မရှိနိုင်တော့ဘဲ သံသယနဲ့ မယုံကြည်မှုတွေနဲ့မဲ လူတွေကို ကြည့်တတ်ခဲ့တာပဲ တိမ်ဝင္ဘာ၊ ဆင်ခြင်တွေးခေါ်ဖို့ ဦးတည် မကြိုးစားနိုင်ဘူး၊ ဦးတည်ရဲ့ စွဲလမ်းချက်ကြီးနဲ့ပဲ တစ်ယူသန် ဖြစ်နေခဲ့တာ ...

မင်းနဲ့ နေကလေးကို မရ,ရအောင် ခွဲပစ်ဖို့ကို ဦးတည်ဆီမှာ ဆန္ဒရှိတယ် တိမ်ဝင္ဘာ၊ အဲဒီအချိန်မှာ နေကလေးက ဦးတည်ကို ဆန့်ကျင်ပြီး မင်းကို ခိုးပြေးသွားခဲ့တယ်၊ အဲဒီတုန်းက ဦးတည် အတော်ကြီးခံစားခဲ့ရသေးတယ်၊ ကယောင်ချောက်ချားနဲ့ နေကလေးကို စိတ်မချနိုင်ခဲ့တာတွေ၊ မင်းကို လက်မခံနိုင် သဘောမတူနိုင်တာတွေနဲ့ ဦးတည် ဘယ်လိုမှ ခံနိုင်ရည် မရှိခဲ့ဘူး၊ မင်းအကြောင်း အထူးသဖြင့် မင်းရဲ့ စိတ်နေစိတ်ထားကို ဘာတစ်ခုမှ မသိရှိနိုင်ဘဲ မင်းနဲ့ နေကလေး လက်ထပ်လိုက်ပြီဆိုတော့ ဦးတည် အတော်တုန်လှုပ်ခဲ့တာ ...

ဘာမှ မကြာပါဘူး၊ မင်းနဲ့ လက်ထပ်ပြီး နေကလေး ဦးတည်နဲ့ အဆက်အသွယ် ပြန်လုပ်လာတော့လည်း မင်းကို ကွာရှင်းပစ်ဖို့ ဦးတည် နားသွင်းခဲ့တယ်၊ မင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒန်နီရယ်လ်လို မိန်းကလေး မဖြစ်နိုင်ဘူးလို့ ဦးတည် ဘယ်လို လက်ခံနိုင်မလဲ၊ ဒါကြောင့် ဒန်နီရယ်လ်နဲ့ နှိုင်းယှဉ်ပြီး နေကလေးရဲ့ စည်းစိမ်ဥစ္စာတွေကို မင်း မက်မောပြီး နေကလေးကို လက်ထပ်ခဲ့တာလို့ ဦးတည် စွပ်စွဲခဲ့တယ်၊ အဲဒီအတွက် ဦးတည်ကို ခွင့်လွှတ်ပါ တိမ်ဝဋ္ဋာ ...

နေကလေးကတော့ မင်းကို နည်းနည်းလေးမှ အထိမခံပါဘူး၊ မင်း ရိုးသားဖြူစင်တယ်ဆိုတာကို သူ အကြွင်းမဲ့ ယုံကြည်သလို ဦးတည်ကိုလည်း ယုံစေချင်တယ်၊ ယုံဖို့လည်း သူ အမျိုးမျိုး ကြိုးစားပြခဲ့ရှာပါတယ်၊ ဒါပေမဲ့ သူ့ကြိုးစားချက်ဟာ ဦးတည်ရဲ့ ဘဝမှာ အထိနာပြီးမှ ရခဲ့တဲ့ စွဲလမ်းချက်ကို ဘယ်လိုမှ မချေဖျက်နိုင်ဘူး၊ ဦးတည်ကလည်း ပြင်းပြင်းထန်ထန် တင်းမာနေခဲ့တယ် ...

နေကလေးနဲ့ မင်း ကွဲကွာသွားဖို့ပဲ ဦးတည် ကြိုးစားနေတယ်၊ မင်းကို ဆက်ပေါင်းနေရင် အမွေဖြတ်ပစ်လိုက်တော့မယ်လို့ ခြိမ်းခြောက်တော့လည်း နေကလေးမမှုဘူး၊ သူ အမွေမမက်ဘူးတဲ့၊ မင်းနဲ့ သူ ဘဝတစ်ခု ထူထောင်နိုင်ဖို့အတွက် သူ့ကို အလုပ်တစ်ခုခု ရှာပေးဖို့ပဲ တောင်းဆိုတယ် ...

အဲဒီမှာ ဦးတည် စဉ်းစားရင်းနဲ့ စိတ်ကူးတစ်ခု ပေါ်လာခဲ့တာပါပဲ၊ နေကလေးကတော့ ဦးတည်ရဲ့ ဒန်နီရယ်လ် အစွဲအလမ်းကြောင့် ဖြစ်လာတဲ့ အဲဒီစိတ်ကူးထဲ စိတ်ကူးယဉ်ဆန်လွန်းတယ်လို့ အပြင်းအထန် ရှုတ်ချခဲ့တယ်၊ ပထမပိုင်းမှာ သူ လုံးဝသဘောမတူခဲ့ဘူး၊ ဦးတည်



နဲ့ အတော်ကလေး အတိုက်အခံဖြစ်ပြီးတော့ ဦးတည်နဲ့ သူ့ကြားမှ အပေးအယူတစ်ခု ဖြစ်ထွန်းလာခဲ့တယ် ...

သူ လက်လျှော့လိုက်တာက မင်းကို ငဲ့ပြီး အလုပ်ရဖို့ အများကြီးပါတယ် တိမ်ဝဋ္ဋာရယ်၊ ဦးတည် စီစဉ်ဖန်တီးခဲ့တဲ့ အဲဒီဇာတ်ဟာ ဦးတည်ပေါ်မှာပဲ လုံးဝ မူတည်ပါတယ်၊ နေကလေးနဲ့ မဆိုင်ပါဘူး တိမ်ဝဋ္ဋာ၊ ဦးတည် ပြောမဲ့အချက်ကို မင်း သေချာ အာရုံစိုက်ပြီး နားထောင်ပါ ...

ဦးတည်ကို နားလည်ပေးနိုင်အောင်လည်း ကြိုးစားထားပါ၊ ပြန်ပြောရရင် ဦးတည်နဲ့ နေကလေး လုပ်ခဲ့တဲ့ အပေးအယူကိုစွကနေစပြီး ပြောရလိမ့်မယ်၊ မင်း နှလုံးသားနဲ့ နားထောင်ပေးပါ တိမ်ဝဋ္ဋာ"

ဝဋ္ဋာ လိုက်မမီတော့အောင် လျှို့ဝှက်လွန်းခဲ့သော ဦးတည်ရဲ့ ပြောစကားတွေကို မီအောင် နားထောင်ရင်း မောင့်ကို လွမ်းဆွတ်တသမိခြင်းများဖြင့် ဦးတည့် အသံလေးထဲမှာ ဝဋ္ဋာ နစ်မျောပါဝင်သွားခဲ့တော့သည်။

ဘယ်လိုလဲ မောင်ရယ် ... မောင် ဝဋ္ဋာ့အတွက် ဘာတွေများ အနစ်နာခံသွားခဲ့ပြန်ပြီလဲ။

❧ ® ❧

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးက နှစ်ကိုယ့်တစ်စိတ် ရင်းနှီးချစ်ကြည်ခဲ့သော ညီအစ်ကိုနှစ်ယောက်သည် တိမ်ဝဋ္ဌာနှင့် ပတ်သက်ပြီး ပဋိပက္ခ ဖြစ်ပွားခဲ့ရသည်။

ထာဝစဉ် သိုးကလေးလို နူးညံ့အပြစ်ကင်းကာ တည်မြဲ လက်ပေါ်မှာ ကြီးပြင်းရှင်သန်လာခဲ့သော နေကလေးထ ထိုမိန်းကလေးနှင့် ပတ်သက်လျှင် ဆတ်ဆတ်ထိမခံ ရှိလာတတ် တာကို တည်မြဲ အအံ့သြဆုံးနှင့် အခံပြင်းဆုံး ဖြစ်ခဲ့သည်။

"ဒီမိန်းကလေးရဲ့ မာယာတွေအောက်မှာ မင်း ရုန်းမထွက် နိုင်တော့ဘူး နေကလေး၊ ဒန်နီရယ်လ်တုန်းက ငါ ခံလိုက် ရတာထက် အဆပေါင်းများစွာ မင်း ခံရတော့မယ်လို့ ငါ ကြိုမြင်နေတယ်ကွ၊ ဆင်းရဲပြီး အခြေအမြစ် မရှိတဲ့ မိန်းကလေးတစ်ယောက်၊ မိဘမရှိ တစ်ကောင်ကြွက် မိန်း ကလေးတစ်ယောက်ဟာ မင်းကို ဘာကြောင့် လက် ထပ်သလဲဆိုတာ မင်း ဦးနှောက်သုံးပြီး တွေးတော ဆင်ခြင်ကြည့်စမ်း၊ တိမ်ဝဋ္ဌာရဲ့ အခြေအနေတွေဟာ ဒန်နီ ရယ်လ်လို မင်းရဲ့ စည်းစိမ်ဥစ္စာတွေကို အပိုင်ဖြတ်



အကြံအစည် သူ့မှာ မရှိဘူးလို့ မင်း တစ်ထစ်ချ ယုံထား ရဲသလား ...

အံ့သြနေတယ် နေကလေး၊ မင်း ပုံစံက ပြုစားခံထား ရသလို မှိုင်းမိနေပြီ"

"ကိုကို အဲဒီလောက် ပြောစရာမလိုဘူးလို့ ကျွန်တော် ထင်တယ်၊ ကျွန်တော် စည်းစိမ်ဥစ္စာတွေကို ကျွန်တော် မမက်မောသလို တိမ်ဝဋ္ဌာကလည်း လုံးဝ ဂရုစိုက်ခဲ့တာ မဟုတ်ပါဘူး၊ ကျွန်တော် ဘယ်လောက် ချမ်းသာသလဲ ဆိုတာ သူ မသိပါဘူး၊ စိတ်လည်း မဝင်စားပါဘူး၊ ကျွန်တော် သူ့ကို လိုက်ခဲ့စဉ်ကတည်းက သူနဲ့ တန်းတူ အဆင့်အတန်းပုံစံလောက်နဲ့ ဝင်ခဲ့တာပါ ...

ထားပါလေ၊ ကိုကို့ကို ဒါတွေ ရှင်းပြခဲ့တာလည်း အခေါက်ပေါင်း မရေတွက်နိုင်တော့ဘူး ...

ဒီတော့ ကိုကို ကျွန်တော့်ကို အမွေဖြတ်ပစ်လိုက်ပါ၊ ကိုကို့သဘောကျ လုပ်နိုင်တယ်၊ ကိုကိုမှ တိမ်ဝဋ္ဌာကို သဘောမတူနိုင်တာ ကျွန်တော် ဘာတတ်နိုင်တော့မလဲ ...

ကျွန်တော် တစ်ခုပဲ တောင်းဆိုပါရစေ၊ တိမ်ဝဋ္ဌာနဲ့ ကျွန်တော်ပိုင် ဘဝသစ်တစ်ခု တည်ဆောက်နိုင်ဖို့အတွက်ပဲ၊ ကျွန်တော့်ကို အလုပ်တစ်ခုခု ရှာပေးပါ"

"မင်း ကိုကို့ကို ခြေစုံကန်ထွက်ပြီပေါ့ ဟုတ်လား၊ ကိုကို့ စေတနာကို မင်း နားမလည်ဘူး၊ ကိုကို့ ခံစားချက်တွေကို မင်း မျှဝေခံစားမပေးဘူး၊ မင်း တစ်ကိုယ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆန်တယ်၊ တစ်သက်လုံးက ချစ်ခင်လာခဲ့တဲ့ ငါ့တို့ညီအစ်ကို နှစ်ယောက်ရဲ့ ဘဝလေးကို မင်းက မိန်းမတစ်ယောက် အတွက်နဲ့ ဖြိုခွင်းပစ်ရက်တယ်”

“ကျွန်တော် ကိုကို့ကို ချစ်ပါတယ်၊ ကိုကို့စေတနာကိုလည်း နားလည်တယ်၊ ကိုကို့စကားကိုလည်း နားထောင်ချင်ပါတယ်၊ ဒါပေမဲ့ ဝဠာလေးကို ကျွန်တော် ဘယ်တော့မှ ခွဲမသွားရက်ဘူး၊ သူ့ဘဝလေးကို ကျွန်တော် လှပအောင် ပျိုးထောင်ပေးချင်တယ်၊ သူ့ကို ကျွန်တော် အရမ်းချစ်တယ်၊ ကိုကိုနဲ့ ကျွန်တော့်ကြားမှ အဲဒီတစ်ချက်ပဲ စွမ်းဆောင်ချင်တာမျိုးပါ၊ ကျွန်တော့်ကို အလုပ်တစ်ခုခုပဲ ရှာပေးပါ၊ ကျွန်တော်နဲ့ ဝဠာ ဘဝသစ်တစ်ခု တည်ပြီး ကိုကို သဘောတူလာနိုင်အထိ ကျွန်တော်တို့ စောင့်မှာပါ”

“ငါ စဉ်းစားရသလောက်တော့ မင်းနဲ့ ငါ့ကြားမှာ ချေစပ်နိုင်ဖို့ နည်းလမ်းတစ်ခုပဲ ရှိတော့တယ်၊ အဲဒါက အပေးအယူ လုပ်ကြဖို့ပဲ၊ ငါ့မှာ မင်း တစ်ယောက်တည်း ရှိတာ နေကလေး၊ မင်းကို ငါ စိတ်ချလက်ချ လွှတ်မထားရက်ဘူး၊ တိမ်ဝဠာဆိုတဲ့ မိန်းမကိုလည်း မယုံကြည်နိုင်ဘူး၊ မင်းဘက်က တိမ်ဝဠာ ကိစ္စနဲ့ အလျှော့မပေးဘူး ဆိုတော့ ကိုကို့မှာ လုပ်နိုင်တာ တစ်ခုပဲ ရှိတော့တယ်၊ အဲဒီ အကြံအစည်ကိုတော့ မင်း လိုက်နာရလိမ့်မယ်၊ ဒါ ကိုကို့ဘက်က နောက်ဆုံး လိုက်လျောခြင်းပဲ”

“ကိုကို စိတ်တိုင်းကျအောင်တော့ အတတ်နိုင်ဆုံး ကျွန်တော် ကြိုးစားမှာပါ”



“မင်းကို ဘယ်လိုမှ တားမရတော့ ကိုကိုပဲ အလျှော့ပေးရတာပေါ့လေ၊ မင်းတောင်းတဲ့ အလုပ်ကို ကိုကို ရှာပေးမယ်၊ အဲဒါအပြင် မင်းနဲ့ တိမ်ဝဠာတို့ကို ကိုကို လက်ခံသဘောတူနိုင်အောင် ကြိုးစားပေးမယ်၊ အဲဒီအတွက် မင်းဘက်ကလည်း ပေးဆပ်ရမှာတွေ ရှိတယ်၊ မင်း မငြင်းမဆန် လိုက်နာရမယ်၊ ကတိတည်ရမယ်၊ ဒါဆိုရင် တစ်နှစ်အတွင်းမှာ မင်းနဲ့ တိမ်ဝဠာကို ကိုကို သဘောတူ လက်ခံမယ်၊ တိမ်ဝဠာကို မင်း အိမ်ပေါ်ခေါ်တင်နိုင်ပြီ၊ မင်း အမွေအားလုံးလည်း ကိုကို လွှဲပေးလိုက်မယ်၊ ဒါပေမဲ့ အဲဒီကိစ္စတွေကို မင်း လုံးဝ လျှို့ဝှက်ထားရလိမ့်မယ် ...

“တစ်နှစ်အချိန်ယူတယ် ဆိုတာကလည်း မင်းရဲ့ တိမ်ဝဠာကို ကိုကို ကိုယ်တိုင် စမ်းသပ်လေ့လာချင်လို့ သူ့ရဲ့ စိတ်နေသဘောထားအမှန်ကို ပကတိအတိုင်း မြင်တွေ့လက်ခံ ယုံကြည်ဖို့ဆိုတာ အဲဒီလောက် အချိန်လိုတယ်လေ၊ အဲဒီအချိန်မှာ မင်းက အလုပ် သွားလုပ်နေရမယ်၊ တိမ်ဝဠာ နားမှာ မင်း မရှိစေရဘူး၊ နိုင်ငံခြားကုမ္ပဏီတစ်ခုနဲ့ ကိုကို ဆက်သွယ်ပေးမယ်၊ မင်း အဲဒီမှာ သွားနေရမယ်၊ အဲဒီကိစ္စတွေကို လုံးဝ လျှို့ဝှက်ထားရမယ်၊ မင်းနဲ့ ငါက လွှဲလို့ ဘယ်သူမှ မသိစေရဘူး”

“တိမ်ဝဠာကော”

“အဲဒါ အရေးအကြီးဆုံးအချက်ပဲ၊ သူ့ကို ထိပ်တန်းလျှို့ဝှက်ထားရမှာ၊ မင်း နိုင်ငံခြားသွားတဲ့ ကိစ္စကို သူ လုံးဝ မသိစေဘဲ ခရီးတစ်ခုခုပြီး မင်း ထွက်သွားရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲမှာ နိုင်ငံခြားကိစ္စတွေ လုံးဝ မပေါက်ကြားရအောင် တိတ်တဆိတ် လုပ်ရမယ်၊ မင်း ခရီးထွက်သွားပြီဆိုရင် မင်း ကိစ္စ ပြီးပြီ၊ နောက်ပိုင်းဇာတ်ကို ငါ ဆက်ကိုင်မယ် ...

ဥပမာကွာ မင်းရဲ့ခရီးကို မိုးကုတ်ဖြစ်ဖြစ် ပြထားလိုက်၊ ဆိုင်ကယ်နဲ့သွား၊ လမ်းမှာ ဆိုင်ကယ်မှောက်ပြီး သေတယ်ဆိုတဲ့ သတင်းကို လူတစ်ယောက်နဲ့ လွှတ်ပြီး တိမ်ဝဋ္ဌာဆီ ပို့မယ်၊ မင်းရဲ့ဇာတ် လုံးဝပျောက်သွားစေရမယ် ...

မင်း မရှိတော့ဘူးဆိုမှ မင်းအပေါ် သူ့ ပရိယာယ်ဟန်ဆောင်မှု ရှိမရှိ အကဲခတ်လို့ရမှာကိုး၊ မင်း ဆုံးသွားပြီဆိုတဲ့ အချက်နဲ့ သူ့ကို ငါ့အိမ်ကို ခေါ်ယူမယ်၊ သူ့ရဲ့စိတ်ထားအမှန်ကို လေ့လာဆန်းစစ်မယ်၊ မင်း သူ့ကို စိတ်ချယုံကြည်တယ်ဆိုရင်”

“ဟာ ... လုံးဝ မဖြစ်နိုင်ဘူး၊ လုံးဝ အဓိပ္ပာယ် မရှိပါဘူး ကိုကို၊ စိတ်ကူးယဉ်ဆန်လွန်းတယ်၊ မဒန်နီရယ်လ် အစွဲကြီးနဲ့ ကိုကို ရှုးကြောင်ကြောင် ဇာတ်လမ်းတွေ မထွင်ချင်စမ်းပါနဲ့ဗျာ၊ ကျွန်တော် သေသွားပြီလို့ သူ့ကို မပြောရက်ဘူး၊ သူ ရူးသွားနိုင်တယ်၊ သူ အရမ်းခံစားရမှာ၊ ကျွန်တော် သူ့ကို မလိမ်ရက်ဘူး၊ အဲဒီ အကြံအစည်ကို လုံးဝသဘော မတူဘူးဗျာ”

နေကလေး ခါးခါးသီးသီး ငြင်းဆန်နေခဲ့သည့်ကြားက တည်မြဲ ရအောင် သိမ်းသွင်းယူခဲ့လေသည်။



“မင်း သေချာစဉ်းစားပါ နေကလေး၊ မင်းအပေါ် သူ ဘယ်လောက် သစ္စာရှိနိုင်သလဲ ဆိုတာ မင်း မသိချင်ဘူးလား၊ မစမ်းသပ်ချင်ဘူးလား၊ တိမ်ဝဋ္ဌာကို ကိုကို သဘောတူလက်ခံနိုင်ဖို့အတွက် ဒီတစ်နည်းနဲ့ပဲ စမ်းသပ်နိုင်မှာလေ နေကလေး ...

“မင်း နိုင်ငံခြားမှာ အလုပ်သွားလုပ်နေချိန်မှာ သူ့အနားမှာ မင်း မရှိနိုင်မဲ့အတူ ကိုကို့ဆန္ဒကို သဘောတူပေးပါ၊ မင်း ပေးရမှာက သူ့ကို တစ်နှစ်အတွင်း ဘာသတင်းမှ ဘာအဆက်အသွယ်မှ မပေးဖို့ပဲ၊ မင်းဆီက ကိုကို ဘာမှ ကြီးကြီးမားမား တောင်းဆိုနေတာ မဟုတ်ဘူး၊ အဲဒါလေး တစ်ချက်ပါ၊ ဒါကလည်း မင်းကို ဖြူစင်ရိုးသားပြီး တကယ့်သစ္စာနဲ့ ချစ်နိုင်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် တိမ်ဝဋ္ဌာကို ကိုကို သဘောတူ ယုံကြည်နိုင်ပြီး လက်ခံလာနိုင်ဖို့ပါ၊ မင်းအတွက်ပါပဲ နေကလေး၊ တစ်နှစ်တည်း မင်း သူ့ကို မင်း သူ့ကို ခွဲထားရမှာပါ ...

မင်း သေသွားပြီဆိုတဲ့ သတင်းနဲ့ လုပ်ဇာတ်ကို ကိုကို့ဘာသာ ဖန်တီးမှာပါ၊ မင်းပယောဂ မင်းအပြစ် ဘာမှ မပါစေရဘူး ...

အချိန်ကျတာနဲ့ ကိုကို သူ့ကို ဖွင့်ဝန်ခံပြီး ဇာတ်အားလုံးကို ရှင်းပေးမှာပါ၊ ဒါကလည်း သူ့ရဲ့ စိတ်ထားအမှန်ကို သိဖို့ ဖန်တီးရတဲ့ကိစ္စပဲ ...

သူ တကယ် ရိုးသားမှန်ကန်ရင် အားလုံး အဆင်ပြေရမဲ့ကိစ္စပါ၊ မင်း စဉ်းစားပါ နေကလေး ...

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ဆန္ဒက အဲဒါတစ်ခုတည်းပါ၊ ကိုကို စိတ်ကျေနပ်အောင် မင်း ဒီအပေးအယူကို လိုက်လျောပါ၊ မင်းရဲ့ တိမ်ဝဠာကို မင်း ယုံကြည်စိတ်ချတယ်ဆိုရင်ပေါ့"

❧ ၆ ❧



ဘုရားရေ၊ ဦးတည် ... ဦးတည် ပြောနေတာတွေဟာ အမှန်ပဲလား၊ မောင် ... မောင် သေဆုံးသွားပြီဆိုတဲ့ သတင်းဟာ...

တုန်လှုပ်အံ့ဩကာ ကြက်သီးတဖြန်းဖြန်း ထလောက်သော ထိုသတင်းက ဝဠာ တစ်ကိုယ်လုံးကို သိမ်းကျုံးရစ်နှောင်ကာ ထုံအ,မွှန်းကျပ်လာစေတော့သည်။

ဦးတည်ကို တစ်ခါမှ မမြင်ဘူးခဲ့သော လူတစ်ယောက်လို ဇဝေဇဝါ ကြည့်ရင်း အာခေါင်ခြစ်ကာ ရူးရူးဝါးဝါး အော်ပစ်လိုက်လိုသော ပေါက်ကွဲမှုတို့ကို အပြင်းအထန် ဖိနှိပ်ချုပ်နှိမ်နေရသည်။

"မောင် တကယ် မသေသေဘူးပေါ့"

ခပ်အက်အက်နှင့် အဝေးကြီးကလာသော အသံဆိုးတစ်ခုလို မမှတ်မိနိုင်သော ထိုအသံသည် ဝဠာ နှုတ်ခမ်းထဲမှ ထွက်လာပါလားဟု အံ့ဩစွာ သိရှိရလေသည်။

ရုတ်ခြည်း ဆို့သွားသလို ထုံအ,အကြီး ဖြစ်နေခဲ့သည်မှာ ဘယ်လောက် ကြာမြင့်ခဲ့သည်မသိ။ သတိလက်လွတ် မိတ်ယောက်ယက်ခတ်သွားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အံ့သြလွန်းတာ၊ မယုံကြည်နိုင်လွန်းတာ၊ ဝမ်းသာပျော်ရွှင်လွန်းတာ၊ ဝမ်းနည်း နာကျင်လွန်းတာ စတဲ့ ပြင်းထန်တာနှင့်အမျှ အားကောင်းသန်မာလှသော ခံစားချက်တို့က ဝဋ္ဋာ့လည်ချောင်းသွေးများ ဖောက်ချ ယိုစိမ့်လာစေတော့မတတ် တိုက်ခိုက်လှည့်ပတ်နေတော့သည်။

ဝဋ္ဋာ့ကိုယ်ဝဋ္ဋာ သတိလစ်သွားမလားတောင် စိုးရိမ်နေခဲ့မိသည်။

"အမှန်ပါပဲ တိမ်ဝဋ္ဋာ၊ နေကလေးက အပြင်းအထန် ငြင်းခဲ့ပါသေးတယ်၊ စိတ်ကူးယဉ် သိပ်ဆန်လွန်းတဲ့ ဇာတ်လမ်းထဲမှာ သူ အလိုတူ အလိုပါ ဝင်မပါချင်ဘူးတဲ့၊ ဝဋ္ဋာ့ကိုလည်း မလိမ်ရက်ဖူးတဲ့ ...

ဖြစ်သမျှ အားလုံးဟာ ဦးတည်ရဲ့ ကြိုးကိုင်မှုတွေပါပဲ၊ ဦးတည် လှည့်ကွက်တွေနဲ့ ဖန်တီးခဲ့တာပါ တိမ်ဝဋ္ဋာ ...

ဒါကြောင့် မင်းကို လိမ်မိတဲ့ ဦးတည်ကို နားလည်ပေးဖို့ တောင်းပန်ချင်တာပါ ...

နေကလေးဟာ အတော်ကြီးကြာမှ သူ့မှာ ရွေးစရာလမ်း မရှိတော့တာနဲ့ ဒီအပေးအယူကို လက်ခံလိုက်တာပါ ...

မင်းကိုလည်း သူ အပြည့်အဝ ယုံကြည်တယ်လေ၊ မင်း မသိအောင် လျှို့ဝှက်ထားပြီး နိုင်ငံခြားသွားဖို့ ကိစ္စတွေကို ဦးတည်နဲ့ တိတ်တဆိတ် လုပ်ခဲ့တာပါ ...

ပြီးတော့ မိုးကုတ်သွားမယ်လို့ သတင်းလွှင့်ပြီး ဦးတည်ရဲ့ လူဖြစ်တဲ့ သက်နိုင်နဲ့ အတွက်ပြပြီး အဲဒီနေ့ကပဲ နိုင်ငံခြား ထွက်သွားခဲ့တာပါ၊ ဂျပန်ကိုပါ ...



နောက်ပိုင်းကိစ္စတွေဟာ ဦးတည် စိတ်ကြိုက် ဖန်တီးခဲ့တဲ့ ဇာတ်လမ်းပါပဲ တိမ်ဝဋ္ဋာ ...

မင်း သတိထားမိမလား မသိဘူး၊ နိုင်ငံခြားစာတွေကို မင်း မဖောက်မိစေဖို့ ဦးတည် တင်းတင်းကျပ်ကျပ် သတိပေးခဲ့တာလေ၊ အဲဒါ နေကလေးဆီကလာတဲ့ စာတွေပါ ...

နေကလေးနဲ့ ဦးတည် အဆက်အသွယ် ရှိပေမဲ့ မင်း ဘာမှ မသိစေရအောင် ဦးတည် ပိရိခဲ့ပါတယ် ...

မင်းက နေကလေး ဆုံးပြီလို့ပဲ လုံးဝ ထင်ခဲ့တာမဟုတ်လား၊ မင်းရဲ့ စိတ်ထားအမှန်လေးတွေ၊ နေကလေးကို မင်း သိပ်ချစ်တာတွေ၊ ဦးတည် သဘောကျလည်းခံခဲ့တဲ့ အကြောင်းတွေလည်း နေကလေးကို ဦးတည် စာရေးအသိပေးထားခဲ့ပြီးသားပါ၊ မင်းနဲ့ နေကလေးကို ဦးတည် သဘောတူပါတယ် တိမ်ဝဋ္ဋာ ...

အဲဒါ ဦးတည် ဖန်တီးခဲ့တဲ့ လုပ်ဇာတ်ထဲက ရလဒ်ပါပဲ"

ဖြစ်ရလေ မောင်ရယ်၊ ကျွန်မ ... ကျွန်မ ဘာပြောရမှန်းတောင် မသိတော့ဘူးနော်။

"ဒီကိစ္စတွေကို ဦးတည်ရယ်၊ နေကလေးရယ်၊ သက်နိုင်ရယ်ကလွဲပြီး ဘယ်သူ့မှ မသိခဲ့ကြဘူး၊ မင်းက နေကလေး ဆုံးပါးခဲ့တဲ့နေရာကို လိုက်ကြည့်ချင်တယ်လို့ တောင်းဆိုခဲ့တုန်းက မင်းရဲ့ ပါးနပ်မှုကို ဦးတည် သတိထားခဲ့တယ်၊ အလွယ်တကူနဲ့ မင်း လက်ခံယုံကြည်မှာ မဟုတ်လို့

www.burmeseclassic.com

www.burmeseclassic.com



သိတာနဲ့ ဦးတည်ကိုယ်တိုင် စီမံသကြိုဟ်ခဲ့တယ်လို့ ပြောခဲ့တာ မှတ်မိလား ...

မင်း လက်မခံချင်လည်း ရှုံးရုံပဲရှိမှာပဲလို့ အပြတ်ပြောပစ်ခဲ့တာလေ ...

အသုဘအခမ်းအနားတွေ ဘာတွေ မလုပ်ပော့မင်း မကျေမနပ် ဖြစ်နေခဲ့တယ် ...

ဦးတည်က ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုတွေကို မလိုလားဘူး ဘာညာနဲ့ ယုတ္တိရှိအောင် လိမ်ခဲ့ရတယ်၊ အဲဒီတုန်းက ဦးတည်ရဲ့ ဇာတ်ကို ဦးတည် နိုင်အောင် ထိန်းနိုင်ခဲ့ပါတယ် ...

နေကလေး သေပြီလို့ မင်း တစ်ထစ်ချ ယုံကြည်သွားခဲ့တယ်၊ နောက်ပိုင်းလည်း ဇာတ်လမ်းက ခပ်မှန်မှန်သွားနေခဲ့တာပဲ၊ ငါ စမ်းသပ်လှေလာသမျှ တွေ့ရသလောက်ကတော့ မင်း ဘာကိုမှ မမက်မောတတ်တာရယ်၊ ရိုးသားဖြူစင်တာရယ်၊ နေကလေးအပေါ်မှာ သစ္စာစစ်နဲ့ ချစ်မြတ်နိုးတာတွေရယ်ကို တဖြည်းဖြည်းနဲ့ လက်ခံယုံကြည်လာမိတယ် ...

မင်းကို အထင်မသေးရဲတော့ဘူး၊ နောက်တော့မင်းကို ညီမလေးတစ်ယောက်လို သံယောဇဉ် ရှိလာတယ်ဆိုပါတော့၊ ဦးတည် ထင်ထာထက်စောပြီး မင်းအပေါ်ယုံကြည်ခင်တွယ်သွားမိတာတော့ အမှန်ပဲ ...

ဒါပေမဲ့ ဒီလျှို့ဝှက်ချက်ကို ဒီလောက် မြန်မြန်ကြီးဖွင့်ပြောလိုက်မိလိမ့်မယ်လို့ မထင်ခဲ့ဘူး ...



မဏိ ဝင်လာကတည်းက ဦးတည်ရဲ့ ဇာတ်ကို ဦးတည် မနိုင်ချင်တော့ဘူး ...

မင်း မဏိကို ချစ်သွားမှာ သိပ်စိုးရိမ်နေခဲ့တယ် ...

မင်း မှားယွင်းသွားမှာရော၊ နေကလေး ဒုက္ခရောက်မှာကိုပါ တွေးမိရင်း ဦးတည် အကျပ်အတည်း တွေ့လာတော့တာပါပဲ ...

ဒီနေ့တော့ မင်းနဲ့မဏိ နှစ်ယောက်တည်း စားသောက်ဆိုင်ကိုလာတဲ့ အဆင့်တောင် ရောက်နေပြီဆိုပြီး သိပ်တုန်လှုပ်သွားမိတယ် ...

ဦးတည် ဖွင့်မပြောနိုင်ခင် မင်းနဲ့ မဏိ လွန်ကုန်မှာစိုးတာကြောင့် မမျှော်လင့်ဘဲ ခုလို ဖွင့်ပြောပြလိုက်ရတာတိမ်ဝဠာ ...

မင်း အလွယ်တကူ လက်မခံနိုင်သေးဘဲ အံ့သြတုန်လှုပ်နေတယ် ဆိုရင် ဦးတည် လုပ်ရပ်အတွက် ခွင့်လွှတ်ပါ"

တကယ်တမ်းမှာ သည်လို ပေါက်ကွဲပွင့်ထွက်သွားမိတာဟာ နေကလေးကြောင့် သက်သက်ဆိုတာအပြင် မင်းကို မြတ်နိုးမိသွားတဲ့ ဦးတည်ရဲ့ ဇာတ်ကို ဦးတည် ဘယ်လိုမှ ဆက်မကရဲတော့လို့ပါ မိန်းကလေးရယ်။

မင်းကို နေကလေး လက်ထဲ အမြန်ဆုံး ပြန်အပ်လိုက်မှ ဦးတည် အမှားတစ်ခု ထပ်မကျူးလွန်နိုင်မှာ ဦးတည် ကိုယ်ကို အပြစ်ပေးရာရောက်မှာ။ လူကြီးလူကောင်း ပီသနိုင်မှာ။ အဆိုအားလုံး အယိုအယွင်း မရှိဘဲ အဆင်ပြေသွားနိုင်မှာ။

www.burmeseclassic.com

www.burmeseclassic.com



မင်းကို မြတ်နိုးမိသွားခြင်းဟာ ငါ့ရဲ့ အဆိုးရွားဆုံးသော နူးညံ့လှပတဲ့ အမှားတစ်ခုပါပဲ တိမ်ဝဋ္ဋာကလေး။

အဲသည်အမှားအတွက် ငါ လှဖစွာ ကျဆုံးရဦးတော့မှာ။

"မင်း ဦးတည်ကို ဘယ်လို ယူဆလိုက်သလဲ၊ တိမ်ဝဋ္ဋာ၊ ဦးတည်ကို နားလည်ပေးနိုင်ရဲ့လား၊ ဒါမှမဟုတ် မင်းနဲ့ နေကလေးနဲ့ ခွဲထားပြီး လုပ်ဇာတ်ဖန်တီးခဲ့တဲ့ ဦးတည်ကို မင်း မုန်းသွားသလား"

"ကျွန်မ အိပ်မက်ထဲ ရောက်နေသလိုပဲ ဦးတည်၊ ကျွန်မ ဘာကိုမှ ဝေဖန်နိုင်စွမ်း မရှိသေးဘူး၊ ကျွန် ... မ ... ကျွန်မ မောင်နဲ့ တွေ့ချင်တယ်၊ မောင် မသေဘူးဆိုတာကို မောင်ကို စေ့စေ့ကြည့်ပြီး ရဲရဲဝံ့ဝံ့ ယုံကြည်ချင်တယ် ဦးတည်၊ အဲဒါမှ အဖြစ်အပျက်ကို ကျွန်မ လက်ခံနိုင်မှာ၊ နို့မို့ဆို ကျွန်မ ရူးသွားနိုင်တယ်၊ ရူးသွားလိမ့်မယ်"

ဝဋ္ဋာ မျက်နှာကို လက်ဝါးနှစ်ဖက်ပေါ် မှောက်ချ နှစ်မြှုပ်လိုက်ကာ သွက်သွက်ခါအောင် ငိုကြွေးချလိုက်တော့သည်။

မောင်ရေ ... ကျွန်မ ယုံပါရစေနော်။

ကျိန်စာတွေထဲကနေ လွတ်မြောက်ပါရစေနော်။ မောင် ပြန်လာခဲ့ပါနော်။

ကျွန်မ လေထဲမှာ ပေါ့ပါးစွာ မျောလွင့်နေသလို ပျော်ပါးပါရစေ။

မောင်နဲ့အတူ မျောလွင့်ပါရစေနော်။

❧ ❀ ❧



## အခန်း(၁၉)

မောင့်ရဲ့ မျက်နှာရိပ်ကဲတို့ကို အလွတ်မဖတ်နိုင်တဲ့အတွက် ခြောက်လနီးပါး မောင် ဆုံးခဲ့ပြီဆိုတဲ့ သတင်းဆိုးကို ယုံမှတ်စွဲလမ်းပြီး ကျိန်စာသင့်ခဲ့ရသော ဝဋ္ဋာ့အတွက် ဝဋ်ဆင်းရဲက ဘယ်လောက်များ နာကျင်ဖို့ ကောင်းလိုက်သလဲ။

သည်လောကကြီးမှာ မောင် မရှိတော့ဘူးဆိုတဲ့ အားကိုးတွယ်ရာမဲ့ အထီးကျန် ခံစားချက်မျိုး ဝဋ္ဋာ့ ရင်ထဲ ထိုးနှက်သွင်းပေးခဲ့သော ဦးတည်ရဲ့ စမ်းသပ်ချက်က တဆိတ် ပြင်းထန်ရက်စက်လွန်းရာ မကျဘူးလား ဦးတည်။

အဲသည်လောက် ရင်းနှီးမြှုပ်နှံပြီးမှ ရတဲ့ ဦးတည်ရဲ့ သဘောတူ လက်ခံချက်ကို ကျွန်မက ဘဝနဲ့ပုံပြီး တန်ဖိုးထားရမယ်လားဟင်။

တစ်ဖက်သတ်ဆန်လွန်းခဲ့တဲ့ ဦးတည်ရဲ့ စိတ္တဇဆန်ဆန် အစွဲအလမ်းကို ကျွန်မ ကူဖေးမျှဝေ ခံစားပေးလိုစိတ်သာ ရှိမနေခဲ့ရင် ဦးတည်နဲ့ကျွန်မ တောက်ခနဲ ပြတ်တောက်သွားမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးတည် တီထွင်ဖန်ဆင်းခဲ့တဲ့ ဓာတ်လမ်းဟာ ကျွန်မရဲ့ သိက္ခာနဲ့ တန်ဖိုးကို အပြင်းထန်ဆုံး ရိုက်ချိုးဖျက်ဆီးရာ ရောက်ခဲ့တယ်ဆိုတာ ဦးတည် တွေးမိရဲ့လား။

ယောကျ်ားတစ်ယောက်ရဲ့ စည်းစိမ်ချမ်းသာ ဂုဏ်ဒြပ်တွေကို မက်မောလိုလားလို့ အဲသည် ယောကျ်ားကို အမိဖမ်းလှည့်ဖျားခဲ့တဲ့ ဒန်နီရယ်လ်လို မိန်းမမျိုးနဲ့ တစ်တန်းစားတည်းထားပြီး မောင်သာ သေဆုံးသွားခဲ့ရင် ကျွန်မ ဘယ်လို တောင်းဆိုခြေလှမ်းမယ်ဆိုတာကို စောင့်ကြည့်စမ်းသပ်လိုစိတ်၊ ကျွန်မ ရိုးသားဖြူစင် ရှိမရှိ လေ့လာဆန်းစစ်လိုစိတ်နဲ့ အကွက်ကျကျ ပိရိသေသပ်စွာ ဓာတ်လမ်းထွင်ခဲ့တဲ့ ဦးတည်ဟာ အရူးလိုပဲ။

ကျွန်မ အဲသည်လို နင်နင်သီးသီး စွပ်စွဲချင်တာ ဦးတည်။

ဒါပေမဲ့ နောက်ဆုံးတော့ ကျွန်မ ဘယ်လိုမှ ဥပေက္ခာ မပြုရက်တဲ့ မောင့်မျက်နှာကြောင့်ရယ်၊ ခြောက်လနီးပါ ကာလအတွင်း တွယ်နှောင်ခဲ့ရတဲ့ သံယောဇဉ်ကြောင့်ရယ်၊ အစီမှာယ်မဲ့တဲ့ စိတ်ကူးယဉ် ဓာတ်လမ်းထွင်ခဲ့တဲ့ လူဟာ ဦးတည် ဖြစ်နေတာကြောင့်ရယ်နဲ့ပဲ ကျွန်မရဲ့ မာနနဲ့ ဂုဏ်သိက္ခာ ခံပြင်းမှုတို့ကို အဓေးဆုံးကို လျှင့်ပစ်ပို့ဆောင်စေပြီး သည်းခံလိုစိတ် မွေးလိုက်မိတာ။

မောင်ဟာ ဝဠာ ဘဝလေးထဲက ထွက်ခွာမသွားခင် လျှို့ဝှက်မျိုသိပ်ခြင်းဆိုတဲ့ ဝေဒနာကို ဘယ်လောက်များ အပြင်းအပြ ခံစားသွားရရှာမလဲ။



"မောင် သေပြီဆိုတဲ့ မကြာခင် ဝဠာ ကြားရတော့မဲ့ သတင်းဟာ အမှန်မဟုတ်ဘူး ဝဠာလေး"

လို့ မောင် ဖွင့်ပြောချင်ခဲ့ရှာမှာပဲ။ ဝဠာ လူးလှိမ့်နေအောင် ခံစားရမှာကို မောင် ကြိုမြင်နေခဲ့မှာပဲ။ မောင် အကြီးအကျယ် စိတ်ပင်ပန်းကျပ်တည်း ထိခိုက်ခဲ့ရှာမှာနော်။

ဝဠာ့ ဘဝကလေး လှပကောင်း စားစေလိုတဲ့ စိတ်၊ အစ်ကို့ကို ချစ်ခင်ဆန္ဒဖြည့်ပေးလိုတဲ့စိတ်နဲ့ သည်အစီပွာယ် မရှိလှတဲ့ ဓာတ်လမ်းတစ်ခုထဲ မောင် မျောပါဝင်ခဲ့ရရှာတာ။ ခရီးထွက်တော့မယ်လို့ မပြောမီ ကာလလေးတွေတုန်းက ညဘက်တွေမှာ တိတ်တဆိတ် မျက်ရည်ကျတတ်ခဲ့တဲ့ မောင့်ရဲ့ အခက်အခဲဟာ အတော်လေး ကြီးမားခဲ့ရှာမှာပဲနော်။

ခွဲခွာနေခဲ့ရတဲ့ ကာလတွေထဲမှာလည်း မောင် ဝဠာ့ကို ဘယ်လောက်များ လွမ်းဆွတ်တမ်းတလိုက်မလဲ။

ဝဠာနဲ့ တစ်ရက်ကလေးတောင် မခွဲခဲ့ဖူးတဲ့ မောင်။

လနဲ့ချီပြီး ခွဲခွာခဲ့ရတဲ့အပြင် အဆက်အသွယ်လေးတောင် လုပ်ခွင့်မရှိခဲ့တဲ့အတွက် မောင် အတော်ကြီး ပြိုကွဲကြေမွခဲ့ရှာမှာပဲနော် ...

ကျွန်မ သတိရလိုက်တာ မောင်ရယ်။ ဂျပန်နိုင်ငံရဲ့ မြို့တစ်မြို့ထဲက ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်နေတဲ့ မောင်ဟာ အခုအချိန်မှာ ဝဠာ့ကိုလည်း သတိရနေမလားပဲ။

နောက်ပြီး မောင် မသေဘူးဆိုတာကို အိပ်မက်တစ်ခုလို ပြန်ရလိုက်တဲ့ ဝမ်းသာပျော်ရွှင်မှုနဲ့ မောင့်ကို ဝဠာ စောင့်နေတယ်ဆိုတာ မောင် သိနိုင်ဦးပါမလား။

www.burmeseclassic.com

www.burmeseclassic.com



မောင် ပြန်လာခဲ့ပါတော့ကွယ်။

ဘယ်တော့မှ မသေဆုံးနိုင်တော့မဲ့ ရှင်သန်ခြင်းတွေ သယ်ဆောင်လာခဲ့ပြီး ကျွန်မ ရင်ခွင်ဆီ ဝင်ရောက်လာခဲ့ပါတော့နော်။

"တိမ်ဝဋ္ဋာ"

တိုးသက်သော လေသံက ဝဋ္ဋာ့အတွေးများကို ညင်သာစွာ ဖြတ်တောက် ပေးလိုက်တာမို့ ဝဋ္ဋာ ဆိုဖာပေါ်မှာ ထိုင်နေရာကနေ ဖျတ်ခနဲ ထရပ်လိုက်ကာ ဦးတည်ကို မော့ကြည့်လိုက်မိသည်။

အို ... ဘယ်လောက် အံ့သြစရာ ကောင်းလိုက်သလဲ။

ဦးတည်ရဲ့ မျက်ဝန်းတွေက ထူးဆန်းလှသော အရိပ်တချို့နှင့် နူးညံ့သလောက် ရီဝေလှသည်။

ဦးတည် စိတ်မကောင်း ဖြစ်နေသလားဟင်။ ကျွန်မကို အားနာမျက်နှာပူနေတယ်လား။

ကျွန်မက ဖြစ်ခဲ့သမျှအတွက် မေ့ဖျောက်နိုင်တယ်ဆိုရင် ဦးတည် ကျေနပ်နော်။

ကျွန်မအပေါ် ဦးတည် အမြင်ကြည်လင်လက်ခံလာနိုင်တာကပဲ ကျွန်မအတွက် မောင်နဲ့ခွဲလိုက်ရတဲ့ အရှုံးထဲက အမြတ်ပဲပေါ့။

"ဦးတည်ကို ကျေနပ်ရဲ့လား၊ အမှန်အတိုင်းနော်"

တည်မြဲက တိမ်ဝဋ္ဋာ့ မျက်နှာလေးကို နူးမြောဖွယ်စွာ ငုံ့ကြည့်မေးရင်း ပိုးသားတွေလို နက်ပြောင်နေသော ဆံပင်ထူထူကို ပခုံးပေါ်ကနေ အနောက်ဘက်သို့ ဖယ်ရှားပို့ပေးလိုက်သော



ကြင်နာစိတ်တို့ကို လက်သီးကျစ်ကျစ် ဆုပ်ရင်း သိမ်းဆည်းဖက်ထားမိနေရသည်။

ဘာကြောင့်များ သည်လောက် မြတ်နိုးစရာ ကောင်းသထက်ကောင်းနေရတာလဲ မိန်းကလေးရယ်။

အဲသည် မြတ်နိုးတတ်စေမှုတို့နဲ့ ငါ့နှလုံးသားကို ဘာကြောင့်များ သည်လောက် ရိုက်ပုတ်လှုပ်နှိုးနေရသလဲ။

"ကျေနပ်ပါတယ် ဦးတည်၊ ကျွန်မဘက်က ဒီလောက်တော့ ပေးဆပ်ရမှာပေါ့၊ ဒါပေမဲ့ ကျွန်မ အခု အလိုလားဆုံးဆန္ဒက မောင်နဲ့ တွေ့ရဖို့ပဲ ဦးတည်"

"ဖုန်းနဲ့ အရင်ဆက်သွယ်ကြတာပေါ့ တိမ်ဝဋ္ဋာ၊ ဒီသတင်းကို ကြားတာနဲ့ နေကလေး သူ့ကုမ္ပဏီကနေ ချက်ချင်း နုတ်ထွက်ပြီး ပြန်လာမှာ သေချာတယ်၊ မင်း ဆန္ဒ မကြာခင်မှာ ပြည့်ဝနိုင်ပါလိမ့်မယ်"

"အစစအရာရာအတွက် ကျေးဇူးပါပဲ ဦးတည်၊ ကျွန်မ ဦးတည်ကို ခင်ပါတယ်"

ခြေဖျားလေး တစ်ချက်ထောက်ပြီး ခပ်တိုးတိုးဆိုကာ ချာခနဲ ကျောခိုင်းလှည့်ထွက်သွားသော တိမ်ဝဋ္ဋာရဲ့ နောက်ကျောမှာ ဆံပင်များက တစ်ကိုယ်လုံးကို ဖုံးအုပ် လွှမ်းခြုံထားပုံက တည်မြဲ တစ်ခါမှ မကြုံတွေ့ခဲ့ဖူးသော ခံစားချက်တစ်မျိုးနှင့်အတူ တည်မြဲထံမှ အရာအားလုံးကို သိမ်းနုတ်ခိုးယူသွားနိုင်လေသည်။

တွေ့စကလို သူမလေးကို အထင်သေး မလိုလားစိတ်တွေ ပြန်လည်မွေးမြူလို့ ရမယ်ဆိုရင် နေကလေးအတွက်၊

www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝဠာအတွက် ပြီးတော့ တည်မြဲ့ရဲ့ ဝုဏ်သိက္ခာအတွက် ဖွတ်အတင်းကို မွေးမြူဖြစ်လိမ့်မည်။

ခုတော့ အုံ့သြစရာကောင်းလှတဲ့ မသိစိတ်ရဲ့ တန်ခိုးအင်အားတွေက အသိမဲ့ ညင်သာလှသည်နှင့်အမျှ သန်စွမ်းစွာ ရစ်ပတ်ချုပ်ကိုင်ထားနေခဲ့ပြီ။

ချစ်တယ် တိမ်ဝဠာကလေး။

ချစ်တယ် ဆိုတာထက် မင်းရဲ့ ဖြူစင် အပြစ်ကင်းလှတဲ့ တန်ဖိုးလေးတွေကို မြတ်နိုးမိတာ ကလေးရယ်။

ကိုယ် ထင်မထားတဲ့ဘက်က တိတ်တခိုး ဝင်လာခဲ့တဲ့ မြတ်နိုးမိစိတ်မို့ ပြင်ဆင်ကာကွယ်ချိန် မရလိုက်သလို ရှောင်တိမ်း ထိန်းသိမ်းဖို့တောင် အခြေအနေ မရခဲ့ပါဘူး။

မင်း ကိုယ့်ဘဝထဲ ဝင်လာခဲ့ပုံက အဲသည်လောက် ဆန်းကြယ်ခဲ့တာပါ။

ခုတော့ မင်းအပေါ် ခါးသီးမလိုလားစွာ အထင်သေးခဲ့မိတဲ့ ပြစ်ဒဏ်အတွက် မင်းကို မြတ်နိုးသွားရခြင်းကို တစ်သက်လုံး လူမသိအောင် ဖုံးဝှက်သိမ်းဆည်းရတော့မှာပေါ့။

မြတ်နိုးမိသည်မှအပ ဘာခံစားချက်တို့မှ ထပ်ကိုးမလာနိုင်တော့အောင် ဦးတည် လျှို့ဝှက်ရတော့မှာပေါ့။

❧ ❀ ❧



"မဏိတို့ လုပ်လိုက်ပြန်ပြီ"

ဝဠာ မျက်မှောင်ကုတ် ရေရွတ်လိုက်ကာ အနောက်ကနေ တရကြမ်း လိုက်ချလာသော မဏိကားကို ရှောင်ကွင်းဖို့ စဉ်းစားလိုက်သည်။

အခုအချိန်မှာ မဏိနှင့် လုံးဝ မျက်နှာချင်း မဆိုင်လိုသေး။

ဝဠာ့ အတွေးအာရုံထဲ ခံစားချက်တွေထဲ စီးဆင်းလှည့်ပတ်နေသော သွေးသားတွေထဲ မြည်နေသော နှလုံးခုန်သံတွေထဲမှာ မောင် တစ်ဦးတည်းသာ ရှိနေခဲ့သည်။

ဦးတည်နှင့်တောင် မလွှဲမကင်းသာ ရင်ဆိုင်နေရတာ။

မဏိကိုဆို ဝေးရောပဲ ...

မဏိရဲ့ မျက်နှာက မောင့်ကို တမ်းတတဲ့ မချင့်မရဲစိတ်ကို ပိုမိုစေ့ဆော်ပုတ်နှိုးပေးနေမှာ။

ပြီးတော့ မတော်တဆ ဦးတည် တွေ့သွားပြီး ဝဠာနှင့် မဏိကို ထပ်မံ အထင်လွှဲမှာကိုလည်း မလိုလား။

မဏိနှင့် ဘာမှမဆိုင် မပတ်သက်တဲ့အကြောင်းကို ဦးတည်ကို အထပ်ထပ် ဝန်ခံကျိန်ဆိုထားရတာလေ။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ။ သည်လူဆိုးလေးကို ဘယ်လို ရှောင်တိမ်းရပါ့မလဲ။

"တိမ်ဝဋ္ဌာ"

ဘုရား ... သူက ဆေးချင်း ယှဉ်ကပ်လာပါရောလား။

ဝဋ္ဌာ စိတ်မရှည်နိုင်တော့ဗျာ နှုတ်ခမ်းတင်းတင်းကိုက်လျက် လှည့်ကြည့်လိုက်ရသည်။

မဏိ မျက်နှာက တောင်းပန်တိုးလျှိုးရိပ်တို့ အပြည့်အဝနှင့်။

"စကားပြောခွင့်လေး ပေးနိုင်မလား၊ ဆယ်မိနစ်လောက်"

"မရဘူး"

"ဟာ ... တင်းလှချည်လား၊ မရက်စက်နဲ့ကွာ"

"ကျွန်မ လုံးဝ မအားဘူး မဏိ၊ ကျေးဇူးပြုပြီး မနှောင့်ယှက်စမ်းပါနဲ့၊ ကိုယ့်လမ်းကိုယ် သွားစမ်းပါ"

"ကျွန်တော်နဲ့ ခင်ဗျားနဲ့ လမ်းအတူတူပဲ၊ ကျေးဇူးပြုပြီး ဆယ်မိနစ်လောက် ပေးစမ်းပါကွာ၊ ကိုယ်ချင်းစာစမ်းပါ"

ဝဋ္ဌာ ကျွတ်ခနဲ စုတ်သတ်လိုက်တော့ မဏိရဲ့ ကျွတ်သံကပါ မရှေးမနှောင်း ပေါ်လာသည်။

မဏိတော့ ပညာပြနေပြီ။

ဝဋ္ဌာ ကားဟွန်းတီးရင် သူပါလိုက်တီးကာ ဝဋ္ဌာကို အနှောင့်အယှက် ပေးနေသည်။

ဝဋ္ဌာ နောက်ဆုံးတော့ ကားရပ်လို့ရတဲ့ လမ်းဘေးတစ်နေရာမှာ ထိုးရပ်လိုက်ကာ အံကြိတ်ပြီး ...



"မဏိ ... ရှင် ကျွန်မကို ဘယ်အထိ လိုက်နှောင့်ယှက်ပေးနေမှာလဲ"

"ဘာနှောင့်ယှက်လို့လဲ၊ ဆယ်မိနစ်လေး တောင်းတဲ့ ကိစ္စကို"

"ပြောပြော၊ ဆယ်မိနစ်နဲ့ပြီးအောင် အမြန်ပြော၊ ဆယ်မိနစ်ပြည့်တာနဲ့ ကျွန်မ ကားမောင်းထွက်မယ်၊ ရှင့်ဘာသာ ပြီးပြီး မပြီးပြီး"

"စကားပြောပုံကလည်း မြန်လိုက်တာ၊ မြင်းအိုးပေါက်သလိုပဲ"

"လဲသေလိုက်၊ နှစ်မိနစ် ရှိပြီနော်၊ ကျွန်မ စိတ်တိုနေတယ် မဏိ"

"ကျွန်တော်က သိပ်ချစ်နေတယ် တိမ်ဝဋ္ဌာ၊ ခင်ဗျား ကျွန်တော့်ကို ဒီလောက် မစိမ်းစမ်းပါနဲ့ဗျာ၊ ရင်နာတယ်"

"သုံးမိနစ်"

ဝဋ္ဌာက နာရီကနေ အကြည့်မခွာဘဲ အော်လိုက်တော့ မဏိ တက်ခတ်သံ အကျယ်ကြီး ထွက်လာတော့သည်။

"ခင်ဗျား ကျွန်တော် ချစ်နေတဲ့ မိန်းကလေးမို့နော်၊ တခြားလူဆို ကျွန်တော့် လက်သီးစာနဲ့ တွေ့နေလောက်ပြီ"

"အောင်မယ် ... လေးမိနစ်"

"ဟာ ... ပြောလေ ကဲလေးပါလား"

"ငါးမိနစ်"

"လဲသေလိုက်စမ်း တိမ်ဝဋ္ဌာ၊ အဲဒါ အကောင်းဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



တင်းကျပ်နေသော ဝဋ္ဌာ ခံပြင်းမှုတိုက ရယ်မောခြင်းသို့ ကူးပြောင်းသွားရတော့သည်။

စိတ်တိုလာပုံရသော မဏီလည်း စူပုပ်နေရာမှ ပြုံးစိစိ ဖြစ်လာပြီး ...

"အဲဒီလို လုပ်စမ်းပါ၊ အမှန်အကန်လေး"

"အမြန်ပြောကွာ၊ တကယ်အချိန်မရှိလို့၊ ဦးတည် ဆူနေလိမ့်မယ်"

"မနေ့က ဘာတွေဆက်ဖြစ်ခဲ့သလဲဆိုတာ ကျွန်တော်သိချင်တယ် တိမ်ဝဋ္ဌာ၊ မနေ့က ခင်ဗျားတို့ အိမ်ဘက်ကို ကျွန်တော် ဝရန်တာကနေ မှန်ပြောင်းနဲ့ တစ်ချိန်လုံး ထိုင်ကြည့်နေခဲ့တာ၊ တစ်ခုခုဆို ကျွန်တော် ပြေးလာမလို့၊ ခင်ဗျား ငိုနေတာတွေ့တော့ ကိုတည်မြဲကို ဆွဲထိုးပစ်ချင်တာ၊ မဖြစ်နိုင်တာနဲ့ ကိုယ့်ပေါင်ကိုယ် ပြန်ထိုးမိတာ စိမ့်သွားတာပဲ"

"ကျွန်မ ဘာမှ အရှည်အဝေး မပြောချင်တော့ဘူး မဏီ၊ တစ်ခုပဲ ပြောမယ်။ ကျွန်မရဲ့ ခင်ပွန်း၊ ကျွန်မရဲ့မောင်ပေါ့လေ၊ မောင် သေဆုံးခဲ့တယ်ဆိုတဲ့ ကျွန်မ ပြောခဲ့တဲ့ စကားကို ကျွန်မ ဒီနေ့ကစပြီး ပြန်ရုပ်သိမ်းပါတယ်၊ ဒီကိစ္စဟာ ကျွန်မတို့ရဲ့ အိမ်တွင်းရေးကိစ္စတစ်ခုမို့ မဏီသိဖို့ မကြိုးစားပါနဲ့၊ ကျွန်မ လုံးဝ မပြောနိုင်ဘူး ...

မဏီ သိရမှာက ကျွန်မရဲ့မောင်ဟာ ဂျပန်မှာ သက်ရှိထင်ရှား ရှိနေပါတယ်၊ မကြာခင်မှာ သူ ဒီကို ပြန်လာတော့မှာပါ"



"ဘာ ... ဘာတွေ ပြောနေတာလဲ"

မဏီ မျက်နှာမှာ နားမလည်နိုင်ခြင်းတွေ ကြီးစိုးကာ အံ့သြတုန်လှုပ်စွာ နှာကျင်ခံခက်နေတော့သည်။ ဂနာမငြိမ် နိုင်သောကြောင့် ခါးထောက်လိုက်၊ လက်ဖဝါးတွေ ပွတ်လိုက်၊ ရပ်နေသော ခြေထောက် အနေအထားတွေ ယိုင်နဲ့ ပြင်ဆင်လိုက်သည်နှင့် မျက်နှာ အကြီးအကျယ် ပျက်နေသည်။

"ကျွန်မရဲ့ မောင်က ကျွန်မအတွက် အမြဲ ရှင်သန်နေတော့မှာ"

"ခင်ဗျား မရူးနိုင်ပါဘူးနော်၊ ကျွန်တော် ဘာမှ နားမလည်တော့ဘူး"

"ကျွန်မကို နားလည်အောင် ဘယ်တော့မှ မဏီ မကြိုးစားပါနဲ့တော့လေ၊ အဲဒါ မဏီအတွက် အကောင်းဆုံး ဖြစ်မှာပါ"

"ကိုတည်မြဲကိုရော ခင်ဗျား ဘယ်လို ဆုံးဖြတ်မလဲ တိမ်ဝဋ္ဌာ၊ ခင်ဗျားက သိဖို့ မကြိုးစားနဲ့ဆိုတဲ့ အတွင်းရေးကို ကျွန်တော် စပ်စုရင် ရိုင်းရာကျမှာစိုးလို့ မမေးရတော့ပေမဲ့ ခင်ဗျား ဒီလောက် လျှို့ဝှက်တတ်မယ်လို့ ကျွန်တော် မထင်ခဲ့မိတာအတွက်တော့ နောင်တ ရချင်တယ် ...

ခင်ဗျား ယောကျ်ား ဂျပန်မှာ ရှိနေတာကို ခင်ဗျား စောစောက ကြိုပြောထားသင့်တယ်"

ဝဋ္ဌာ ဘာမှ မကြိုးစားမိဘဲ နှုတ်ခမ်းကလေး မဲ့ကွေးသွားရသည်။ ကြာရင် ငိုမိပြန်တော့မယ် မဏီရယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်နဲ့ ကျွန်မရဲ့ ဖြစ်ပျက်ခဲ့သမျှအတွက် ဝမ်းနည်းမိတော့မယ်။ ပြီးတော့ ဦးတည်ကို အပြစ်တင်မိတော့မယ်။ တစ်ဆိတ်လောက် မဏိရယ်။ ရှေ့ဆက် ဘာမှ မပြောပါနဲ့။

နောက်ပြီး ဦးတည်နှင့် ကျွန်မကို ပုတ်ခတ်နေတဲ့ စကားတွေ မပြောပါနဲ့။

မဖြစ်သင့်တာတွေမို့ပါ။

"ခင်ဗျား ယောက်ျား တကယ်ရှိနေတယ်ဆိုတဲ့ အသိသာ ကျွန်တော် သိခဲ့ရရင် ခင်ဗျားကို ဒီလောက်ကြီးအထိ ချစ်နိုင်ဖို့ ကျွန်တော့်ကိုယ်ကိုယ် အခွင့်အရေးပေးခဲ့မှာ မဟုတ်ဘူး ...

ခုတော့ ကျွန်တော် အလူးအလဲ ကျဆုံးသွားပြီ တိမ်ဝဋ္ဋာ၊ ကျွန်တော် နာပြီ၊ ခင်ဗျားကို ချစ်မိတဲ့ ကျွန်တော့် အချစ်တွေကို အနည်းဆုံး သုံးနှစ်လောက်နဲ့ တောင် ကုဖို့မလွယ်နိုင်တော့ဘူး၊ အဲဒါ အမှန်ပဲ"

မဏိ မျက်ဝန်းများ စိုစွတ် ထိုင်းမှိုင်းလာကြသည်။ မျှော်လင့်ချက်တွေ လုံးဝ ဖြိုခွင်းထုတ်ပစ်ခံလိုက်ရသူ တစ်ယောက်ရဲ့ မျက်ဝန်းတွေလိုမျိုး။

"ကျွန်မ ဝမ်းနည်းပါတယ် မဏိ"

"ဝမ်းနည်းပါတယ်၊ ဟာ ဟာ ဟ ... ကောင်းလိုက်တဲ့ နှစ်သိမ့်စကားပါလား၊ တစ်သက် မမေ့နိုင်စရာပဲ"

"ကျွန်မ သွားပါရစေ"

ဝဋ္ဋာ ကားစက်နိုးကာ မဏိကို တစ်ချက် ကြည့်ပြီး မောင်းထွက်ခဲ့သည်။ ဒုန်းခနဲ ကားဘော်ဒီကို ပိတ်ကန်လိုက်သံ



ကြားရတာမို့ နောက်ကြည့်မှန်ကနေ ဝဋ္ဋာ လှမ်းအကြည့်မှာ ခေါင်းငိုက်စိုက်နှင့် လက်သီးတင်းတင်း ဆုပ်ထားသော မဏိကို ကြင်နာဖွယ် ကောင်းလှစွာ မြင်ရလေသည်။

ဝဋ္ဋာကို ချစ်မိတဲ့အတွက် လူတစ်ယောက် ဆင်းရဲဒုက္ခရောက်ရမယ်ဆိုရင် မောင့်ကို ချစ်မိတဲ့ သစ္စာတရားတွေအတွက် ဝဋ္ဋာ ပင်ပန်းခံစားခဲ့ရတာတွေနှင့် နှိုင်းယှဉ်ဖလှယ်ပြီး ကိုယ်ချင်းစာလိုက်ပါ့မယ်။

သို့သော် ကမ္ဘာတည်သရွေ့ ဝဋ္ဋာ မောင်တစ်ဦးတည်း ကလွဲပြီး ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ငဲ့ညှာထောက်ထားပေးမခြင်း မပြုနိုင်တာ။

ဝဋ္ဋာ ချစ်ခြင်းရဲ့ ကြီးမားတဲ့ အတ္တတွေကြောင့်ပါပဲ ကွယ်။

ဘယ်သူတွေ အပြစ်တင် ရှုတ်ချလိုက်တော့မလဲ။
ရှုတ်ချလိုက်စမ်းပါနော်။

၈

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

ပထမအကြိမ် ဖုန်းအဆက်အသွယ်မှာ နေမြဲနှင့် မတွေ့ရတာမို့ နေမြဲ ပြန်လာရင် မြန်မာပြည်ကို ပြန်ဆက်ဖို့ အကြောင်းကြားလိုက်ရသည်။

အဲသည်နေ့က တစ်နေ့လုံး ဂနာမငြိမ်နိုင် ဖြစ်နေသော တိမ်ဝဥ္စာရဲ့ စိတ်လှုပ်ရှားမှု အပြည့်အဝ လွှမ်းနေသည့် မျက်နှာကလေးက တည်မြဲထံမှာ ဘယ်တုန်းကမှ မရခဲ့ဖူးသော ရင်ခုန်မှုတစ်ခုပင် ဖြစ်တော့သည်။

ညှိခန်းထဲမှာ အတူတကွ ထိုင်ကာ ဖုန်းသံကို စောင့်စားနေကြသူ နှစ်ဦးထဲမှာ မျှော်လင့်ချက် အကြီးမားဆုံးသော မျက်နှာသွယ်လေးက ဆံပင် နက်မှောင်ကြီးများ ဘောင်ခတ် ဖွဲ့စည်းလျက် လိုအပ်တာထက် ပို၍ ဖြူရော်နေခဲ့သည်။

တိတ်ဆိတ်ခြင်းက တည်မြဲနှင့် သူမကလေးထံမှာ ကြောက်မပ်ဖွယ် ကြီးစိုးလွှမ်းမိုးကာ စိတ်လှုပ်ရှားခြင်းကြီးပြီး သူမလေး တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်လာရတာမို့ တည်မြဲ စကားစပြောဖို့ ကြိုးစားရသည်။



သို့သော် ထင်ထားသလောက် မအောင်မြင်လှဘဲ မျှော်လင့်ချက် ကုန်ဆုံးသူ၏ ခြောက်သွေ့အက်ကွဲသော အသံစိမ်းတစ်ခုသာ ထွက်ပေါ်လာခဲ့သည်။

"တိမ်ဝဥ္စာ"

အာရုံများ ဖုန်းကလေးထံမှာ ကပ်ငြိစုစည်းနေရာမှ အသံအက်အက်တစ်ခုကြောင့် ဝဥ္စာ့ကိုယ်ကလေး တုန်တောင်သွားရသည်။

အသက်ရှူဖို့တောင် မေ့တစ်ချက် လျော့တစ်ခါမို့ အနားမှာ ဦးတည် ရှိနေတာကို လုံးဝ သတိမရနိုင်ခဲ့။

ဦးတည်ကို အံ့သြလွန်းစွာ လှည့်ကြည့်မိတော့ ဝဥ္စာ့ကို ပို၍ အံ့သြတုန်လှုပ်သွားစေတာက ဦးတည်ရဲ့ မျက်ဝန်းဖျော့လေးများပဲ ဖြစ်လေသည်။

ဒုတိယ နှုတ်ခမ်းကလေး။

သေချာကြည့်မှ တင်းတင်းစေ့ထားသော နှုတ်ခမ်းထောင့်စွန်းကလေးနှစ်ဖက်မှာ အနည်းငယ် လှုပ်ခတ်နေသည်။

အို ... ဘယ်လိုအရာမျိုးကများ ဦးတည်ကို သည်လောက်မှုပျက်လှုပ်ရှားစေပါလိမ့်။

ထာဝစဉ် တည်ငြိမ်နူးညံ့သော မျက်နှာကြည်ကြည်က ဟန်ဆောင်မထားနိုင်လောက်သော နောက်ကျိခြင်းတစ်မျိုး ပျော်ဝင်နေသည်။

သြော် ... မောင့်ဆီက ဖုန်းလာမယ် ဆိုလို့လား။

ဝဥ္စာတောင် နလုံးသွေးတွေ ခြောက်ခန်းမျှော်လင့် ရင်ခုန်ခြင်းများဖြင့် မောင့်ကို စောင့်စားနေမိတာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ညီကလေးအတွက် သူ့ရဲ့ ခံစားချက်က သည်လောက်တော့ ရှိရမှာပေါ့။ မောင့်ကို ဝဥ္စာနီးနီး သူ ချစ်ရှာတာ မဟုတ်လား။ သူတို့ ညီအစ်ကို နှစ်ယောက်ရဲ့ ချစ်ခင်ခိုင်မြဲမှုက အုံ့မခန်း ရှားပါးလှတာပဲ။

အဲသည်လို စည်းလုံးချစ်ခင်ခဲ့တဲ့ ညီအစ်ကိုနှစ်ယောက်ကြားမှာ ဦးတည်ရဲ့ ချွတ်ယွင်းချက် တစ်ခုကြောင့် မဖြစ်သင့်တဲ့ ဆန်းကြယ်တဲ့ ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ရတဲ့ အတွက် သူ့အတော်ကလေး နှောင်တရ စိတ်မကောင်း ဖြစ်နေတာလည်း ပါမှာပဲ။

မောင် ပြန်လာတော့မဲ့အတွက် ဦးတည် သိပ်ကို ပျော်ရွှင်နေလို့ သည်လို ထူးခြားတဲ့ လှပ်ရှားမှုလေး ဖြစ်နေတယ်လို့ ဝဥ္စာ မှတ်ယူပါရစေနော်။

"ဦးတည်ကို မင်း အမြင်ရှင်းရဲ့လားဟင်၊ ဦးတည် အခု လိုချင်နေတဲ့ ဆန္ဒတစ်ခုဟာ မင်းရဲ့ အမြင်ကြည်လင်မှုပဲ"

ခပ်ဖွဖွ ညင်သာသော အသံကလေးက ခြောက်လစာ ခံစားခဲ့ရသမျှတွေကို တစ်စစီ ချေဖျက်တိုက်စားသွားစေကာ အံ့ဩချင်စရာ ကောင်းပေမဲ့ ဝဥ္စာ မအံ့ဩမိတော့ပေ။

ဝဥ္စာ့ဘဝမှာ မောင့် အဖြစ်အပျက် တစ်ခုကလွဲလို့ ဘယ်အရာကိုမှ မအံ့ဩနိုင်တော့တာလည်း ဖြစ်မည်။

ဦးတည်ကို ဝဥ္စာ ဘယ်လိုနှစ်သိမ့်ရမှာပါလိမ့်။

ဦးတည်လိုချင်တာဟာ ကျွန်မရဲ့ အမြင်ကြည်လင်မှု ခွင့်လွှတ်ပြေအေး နားလည်နိုင်မှုပဲဆိုရင် အဲဒါကို ကျွန်မ ပေးနိုင်ပါတယ်။



ဦးတည် စိတ်နှလုံး လုံခြုံငြိမ်းချမ်းနိုင်စေမယ်ဆိုရင် ကျွန်မရဲ့ ပေးဆပ်မှုက ထိရောက်မှာပေါ့။

"ဦးတည်ကို ကျွန်မ ..."

ဦးတည်ရဲ့ အရောင်လဲ့လာသော မျှော်လင့်ခြင်းများကို သံစဉ်ငြိမ့်ငြိမ့်ကလေးက ထိုးဖောက်ဖြိုခွင်းချလိုက်လေသည်။

ဝဥ္စာ့ရဲ့ လျှင်မြန်သွက်လက်ခြင်းများက မယုံနိုင်လောက်အောင်ပင်။

"ဟဲလို ... မောင် ... မောင်လားဟင်"

"ဝမ်းနည်းပါတယ်၊ ကျွန်တော် မဏိပါ"

"အို ..."

ဝဥ္စာ စိတ်ဓာတ်များ ရုတ်ခြည်း ဟိုးအောက်သို့ ကျဆင်းကုန်ရကာ ဖုန်းခွက်ကို ပစ်ချလိုက်ဖို့ ကြိုးစားလိုက်သည်။

သည်မဏိဟာ နည်းနည်းလေးမှ အလိုက်မသိတဲ့ ယောက်ျားလေးပဲ။

"ကျွန်မတို့ကြားမှာ ပြောစရာ ရှိသေးရဲ့လား မဏိ"

"ရှုံးထားတဲ့ လူတစ်ယောက်ဆီမှာ ပြောစရာစကားက ဘယ်တော့မှ ကုန်ဆုံးနိုင်မှာ မဟုတ်ဘူး တိမ်ဝဥ္စာ၊ ခင်ဗျားကို ကျွန်တော် အမြဲသတိရနေတယ်၊ ပြောစရာစကားက အမြဲရှိနေတယ်"

"ကျွန်မဘက်က ပြောစရာမရှိဘူး ဆိုရင်ကော"

"ခင်ဗျားလောက် ရက်စက်တဲ့ မိန်းမ လောကမှာ ရှာဖွေလို့ မရနိုင်တော့ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မောင့်ဆီက ဖုန်းစောင့်နေတယ် မဏိ၊ ကျေးဇူးပြုပြီး မနှောင့်ယှက်စမ်းပါနဲ့"

ဝဠာ ဖုန်းကို ဆောင့်ချပြီး စောင့်ကြည့်နေသော ဦးတည်ဆီ လျှောက်သွားရင်း ...

"မဏိ ပေါက်ကွဲနေပုံရတယ်"

ခပ်တိုးတိုး သတင်းပေးလိုက်သည်။

"ပေါက်ကွဲနေတယ်၊ သူက ..."

တည်မြဲ မျက်မှောင်ကြုတ် ရေရွတ်လိုက်ရင်း အောင့်သက်သွားရသည်။

တိမ်ဝဠာလေးကို ချစ်မိတဲ့အတွက် သူက ပွင့်လင်းစွာ ပေါက်ကွဲနိုင်တယ်ပေါ့။

တိမ်ဝဠာလေး သိသာအောင် ပေါက်ကွဲပြရတဲ့ အခွင့်အရေး ကောင်းစွာ ရတယ်ပေါ့။

နေကလေး မရှိတဲ့ ကာလအတောအတွင်းမှာ တိမ်ဝဠာကို မြတ်နိုးမိခဲ့သူ ပေါ်လာခဲ့တဲ့ လူနှစ်ယောက်ထဲမှာ တည်မြဲကတော့ အစစအရာရာ ရှုံးနိမ့်ကျဆုံးရတဲ့ လူတစ်ယောက်ပါပဲ။

ဒါဟာ ဘယ်သူ ဖန်တီးတဲ့ ရလာဒ်လဲကွယ်။

ဒန်နီရယ့်လ် အစွဲကြီးနဲ့ လူမယုံရောဂါဝင်ကာ မဖန်တီးသင့်သော ဇာတ်လမ်းကို ကိုယ်တိုင် ဖန်တီးပါဝင်ခဲ့ပြီးတော့ ရရှိလာတဲ့ ရလာဒ်ကို ရင်မဆိုင်ရဲလို့ ရမည်လား။

"တူ ... တူ ... တူ"



ဟော ... ဝဠာ ဒုတိယအကြိမ် မျှော်လင့်ချက်ကြီးစွာဖြင့် ဖုန်းစင်နားကို အပြေးအလွှား ရောက်ရှိသွားရကာ ဖုန်းကိုင်ဖို့ကို မဝံ့မရဲ ရင်ခုန်သွားရတော့သည်။

ဖုန်းခွက်ကလေးကို တင်းတင်းဆုပ် ဖြည်းဖြည်းချင်း မကာ ပင့်သက် မရှိုက်ရဲလောက်အောင်ပင် အမှားအယွင်း မခံနိုင်ဖြစ်နေလေသည်။

ဘုရား ... ဘုရား ... မောင် ... မောင် ...

"ဟဲလို ... ကိုကိုလား"

"အိုး ... မောင် ... မောင်လား၊ ကျွန်မလေ ... ဝဠာ"

"ဟာ ... ဝဠာလေး"

ဝဠာ တဒိတ်ဒိတ် သွေးခုန်တိုးလာရသည်။

ကာလများစွာ ပျောက်ကွယ်ခဲ့သော၊ သည်ကမ္ဘာမှာ ဝဠာအတွက် တစ်ဦးတည်းသာရှိသော၊ ချိုမြိန်ရှရသော အသံလေးဟာ ဝဠာ့ရဲ့မောင် ... မောင်နော်။

ဒါဟာ ထပ်လာသမျှ လောင်းကြေးတွေ အားလုံး ရှုံးနိမ့်သွားစေမဲ့ တကယ်ဖြစ်ပျက် သေချာနေတဲ့ အဖြစ်အပျက်နော်။

"ဝဠာလေး ... ဝဠာလေး၊ မောင် ဝမ်းသာလိုက်တာ၊ အားလုံးကို ဝဠာလေး သိတယ်ပေါ့နော်၊ ကိုကို ပြောပြလိုက်ပြီလား၊ ဟုတ်လား၊ ကိုကို ကျေနပ်ရဲ့လား၊ ဝဠာနဲ့ ကိုကိုရော အဆင်ပြေရဲ့လား၊ ဝဠာလေး နေကောင်းရဲ့လား၊ မောင်လည်း လွမ်းနေတာ ဝဠာလေးရယ်၊ မောင့်ကို ခွင့်လွှတ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အရင်ကလို မဟုတ်တော့ဘူး မောင်၊ ကျွန်မကို မောင် တွေ့ရင် အရမ်းအံ့သြမှာ၊ ဦးတည်နဲ့လည်း ပြေလည်ပါတယ်၊ မောင် ... မောင့်ကို ကျွန်မ အလိုအပ်ဆုံးဖြစ်တယ်ဆိုတာ မောင် သိရဲ့လား၊ ကျွန်မတို့ ခွဲနေခဲ့ရတာ ခြောက်လရှိပြီ"

"မောင် ချက်ချင်း နုတ်ထွက်ပြန်လာခဲ့မှာပါ ဝဥ္စာလေး၊ အိုး ... ဒီနေ့ဟာ မောင့်ဘဝမှာ အိပ်မက်တွေကို အပိုင်သိမ်းနိုင်တဲ့နေ့ပဲ၊ ပြောစရာတွေ အများကြီးရှိနေတယ် ဝဥ္စာလေး"

"ကျွန်မရောပဲ"

"မောင် မရှိတာနဲ့ ကျွန်မဆိုတာက အကျင့်ပါနေပြန်ပြီ"

ဝဥ္စာ နှစ်သိမ့်ကြည်မောစွာ ရယ်မောလိုက်ပြီး သတိတရနှင့် ဦးတည်ကို လှမ်းကြည့်လိုက်သောအခါ ဝဥ္စာရဲ့ရယ်မောခြင်းများကို တဒင်္ဂ ဆွဲဖယ်ပစ်လိုက်သော ဦးတည် မျက်နှာလေးက အံ့သြစရာကောင်းလှပါသည်။

ဦးတည် ...

ဦးတည်ဟာ မျက်ရည်ကျနေတာများ ... အို ... မဖြစ်နိုင်ပါဘူးလေ။

တကယ်တမ်း မျက်ရည်ကျနေတာက ဝဥ္စာ ကိုယ်တိုင်လည်း ဖြစ်နေတာပဲ။

ဝဥ္စာ သိပ်ဝမ်းသာတုန်လှုပ်စိတ်နဲ့ မျက်ရည်ကျနေတာနဲ့ ဦးတည်ကို ထင်ယောင်ထင်မှား ဖြစ်တာနေမှာ။

"ဝဥ္စာလေး ... ငိုနေသလား"



"ဟုတ်ကဲ့၊ ကျွန်မ အရမ်းဝမ်းသာနေတယ် မောင်၊ မောင် ဘယ်တော့ ပြန်လာမှာလဲဟင်၊ အမြန်ဆုံး ပြန်လာခဲ့တော့နော်၊ ဦးတည်နဲ့ စကားပြောလိုက်ဦးနော် မောင်"

"ဦးတည်ဆိုတာ ကိုကို့ကို ခေါ်တာလား ဝဥ္စာလေး၊ မောင် အမြန်ဆုံး ရောက်အောင် လာခဲ့မှာပါ၊ နောက်ထပ် ဖုန်းဆက်မယ်လေ၊ ပြန်မဲ့ရက် အတိအကျ သိရရင်ပေါ့၊ ဝဥ္စာလေး စိတ်ချမ်းသာအောင်နေနော်၊ မောင့်ကို အမြဲသတိရနေ"

"စိတ်ချ မောင်၊ ဦးတည်ကို ပေးလိုက်မယ်နော်၊ ဦးတည်..."

ဝဥ္စာ ဦးတည်ကို လှမ်းခေါ်ကာ ဖုန်းပေးလိုက်သည်။ တကယ်တမ်း မောင်နှင့် စကားအမျှင် ဖြတ်ချင်သေးတာတော့ မဟုတ်။

ဦးတည်လေး အထီးကျန်သလိုလေး ခြောက်သွေ့ငေးမောနေတာကို အားနာသနားသွားရလို့ပါ။

ဦးတည် လက်ထဲ ဖုန်းထည့်ပေးကာ ခပ်လှမ်းလှမ်းမှ သွားပြန်ထိုင်ရင်း အဖြစ်အပျက်တွေကို မယုံနိုင်ခြင်းကြီးစွာ ဦးတည်ကို နားလည်ရခက်စွာ၊ မောင့်ကို သတိရတမ်းတစွာနှင့် ယောက်ယက်ခတ်နေသော ရင်ကို ငြိမ်သက်စေဖို့ အတော်လေး ကြိုးစားနေရသည်။

ရင်ဖွင့်ဖို့ လူတစ်ယောက်တလေကို တောင့်တစွာ မျှော်လင့်နေမိသည်။

"နေကလေး"

www.burmeseclassic.com

www.burmeseclassic.com



တည်မြဲကတော့ နေကလေးဆီ ဖုန်းထူးရင်း စိတ်ထဲ မလုံခြုံနိုင်စွာ ကြေကွဲလာရသည်။

အရာအားလုံးဟာ ထင်မှတ်မျှော်လင့်ထားတာနဲ့ ဘာမှ မဆီဆိုင်စွာ ဆန့်ကျင်ဖြစ်ထွန်းသွားခဲ့ရသည် မဟုတ်လား။

"ကိုကို နေကောင်းရဲ့လား"

နေကလေးရဲ့ စိုးရိမ်သံက တည်မြဲကို လက်တွေ့ဘဝထဲ ပြန်လည်ဆွဲခေါ်နိုင်ခဲ့သည်။

"နေကလေး မင်း အမြန်ဆုံး ပြန်လာတော့လေကွာ၊ မင်းနဲ့ တိမ်ဝဋ္ဋာကို ကိုကို လုံးဝ သဘောတူလိုက်ပြီ၊ ကိုကို့ကို ခွင့်လွှတ်ကွာ၊ ဖြစ်ခဲ့သမျှ အတွက်ပေါ့"

"ကိုကို ကျေနပ်ရဲ့လား"

"ဒါက မင်းကို ကိုကို မေးရမဲ့ မေးခွန်းပါ နေကလေးရာ၊ မင်းနဲ့ တိမ်ဝဋ္ဋာကို အခု ကိုကို အရှမ်းအားနာနေတယ်၊ မင်းလက်ထဲ တိမ်ဝဋ္ဋာကို ပြန်အပ်လိုက်ရမှ ကိုကို စိတ်ချမ်းသာနိုင်တော့မဲ့ အခြေအနေမှာ ရောက်နေပြီ၊ မင်း တိမ်ဝဋ္ဋာလို မိန်းကလေးကိုရတာ အရှမ်းကံကောင်းပါတယ် နေကလေး၊ ဒီလောကမှာ တိမ်ဝဋ္ဋာကို မင်းအပေါ် သစ္စာရှိရှိ ချစ်မြတ်နိုးနိုင်တဲ့ မိန်းကလေးမျိုး မင်း ဘယ်လိုမှ ရှာမရနိုင်တော့ဘူး၊ သိပ်တန်ဖိုးရှိတဲ့ မိန်းကလေးပါ"

"ဟာ ... ကိုကို"

"အဲဒါ ကိုကို ဖန်တီးလိုက်တဲ့ ဇာတ်ထဲက ရလာတဲ့ အမြတ်ပဲဆိုပါတော့ နေကလေး၊ ကဲ ... ဒါပဲကွာ၊ မင်း ပြန်လာဖို့ အမြန်ဆုံး စီစဉ်တော့ ဟုတ်လား၊ ပြန်မဲ့ရက်နဲ့



မြန်မာပြည် ရောက်မဲ့နေ့ကို ဖုန်းထပ်ဆက်၊ ကိုကိုနဲ့ တိမ်ဝဋ္ဋာ လာကြိုပါ့မယ်"

"ဟုတ်ကဲ့ ကိုကို၊ ကျွန်တော် အရှမ်းကျေးဇူးတင်တယ် ကိုကို၊ ကျွန်တော် ဒီကနေ ကိုကို့ကို လှမ်းကန်တော့ပါတယ်၊ ဒါဆို ကျွန်တော် ဖုန်းချပြီ၊ ဝဋ္ဋာလေးကို နှုတ်ဆက်တယ်ဆိုတာ ပြောပေးပါ၊ သူ ငိုနေသလား ကိုကို"

"အေး ... သူ သိပ်ဝမ်းသာနေပုံပဲ၊ စိတ်ချစမ်းပါ နေကလေး၊ ဒါပဲ မဟုတ်လား"

တည်မြဲ ဖုန်းချပြီး နောက်အလှည့်မှာ ဘယ်တုန်းကတည်းက နောက်ပါးမှာ လာရပ်နေသည် မသိသော မြတ်နိုးဖွယ် ထိုမိန်းကလေးသည် ရုတ်ချည်း ဒူးထောက်ထိုင်ချလိုက်ကာ ...

"ဦးတည်ကို ကျွန်မ ပြစ်မှားစော်ကားမိခဲ့တာတွေ ရှိရင် ခွင့်လွှတ်ပါနော်၊ မောင် သိပ်ချစ်တဲ့ အစ်ကိုကြီးတစ်ယောက် အဖြစ် တစ်သက်လုံး ကျွန်မလည်း ဦးတည်ကို အစ်ကိုကြီး တစ်ယောက်လို ချစ်ခင်သွားပါ့မယ်"

ဦးချကန်တော့နေသော ထိုခေါင်းကလေးကို ဖွဖွ ညင်သာ ပွတ်သပ်ချော့မြူလိုစိတ်၊ ပြီးတော့ ပါးနှင့်အပ်ကာ မြတ်နိုးစွာ ပွေ့ပိုက်နှစ်သိမ့်လိုစိတ်များကို အံတင်းတင်းကြိတ်ကာ ထိန်းချုပ်လျက် တိမ်ဝဋ္ဋာ ဦးပြန်မမော့ခင်မှာ တည်မြဲ တိတ်ဆိတ်စွာ လှည့်ထွက်လာခဲ့မိတော့သည်။

မြတ်နိုးမိသော မိန်းကလေးကို ရင်မဆိုင်ရဲတော့ပါ။ တည်မြဲ မျက်ဝန်းထဲမှာ မျက်ရည်များ ပြည့်အိုင်လို့နေပြီလေ။ →

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တဆတ်ဆတ် တုန်လှုပ်လာသော နှုတ်ခမ်းထောင့်စွန်းကလေးတွေဟာ မခံမရပ်နိုင်တဲ့ အဆုံးမှာ နာကျင်စွာ ပွင့်ဟလျက် ...

"သိပ်မြတ်နိုးမိခဲ့တယ် တိမ်ဝဋ္ဋာလေးရယ်"

ဟု ရင်တွင်းစကား ဖိတ်စဉ် ပြိုဆင်းကျလာတော့မည်လေ။ မြတ်နိုးခဲ့တာတောင် လွှန်လွှန်းလှပြီ မိန်းကလေး။ ဖွင့်ဟဖို့ဆိုတာတော့ ဘယ်တော့မှ လက်တွေ့ဖြစ်ပေါ်မလာနိုင်မဲ့ အိပ်မက်တစ်ခုကို ထာဝရ သိမ်းဆည်း လုံခြုံသော့ခတ်လိုက်ခွင့်ပြုပါနော်။

**စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံပါစေလို့**
**မေတ္တာမွန်ဖြင့်**



**လွှမ်းထားထား**
**(ဆေးတက္ကသိုလ်)**

www.burmeseclassic.com